
www.burmeseclassic.com




www.burmeseclassic.com

# ဆားမုလင်းနှင်းမော

နှင့်

# မိန်းမလှကျွန်း အပါအဝင်ဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုနှင့်ဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန်
ပြည်ထောင်စုသားအားလုံး၏ ယောမကျွနာ တာဝန်ဖြစ်သည်
ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်
တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့
လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျော
ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မင်းသိင်္ခ

# ဆားပုလင်းနှင်းမောင်

နှင့်

# မိန်းမလှကျွန်း အပါအဝင် ဝတ္ထုတိုများ

(ပထမအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၉၉၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၂၅၇၁၆၀၂
ပထမအကြိမ်
၂၀၀၆ ခုနှစ်၊ မေလ
အုပ်ရေ – ၅၀၀ – တန်ဖိုး – ၁၇၀၀ ကျပ်
မျက်နှာဖုံးပန်းချီ – မောင်မောင်သိုက်
အတွင်းပန်းချီ – ဝင်းသိန်း
ဂရပ်ဖစ် – အောင်ကျော်မိုး
ထုတ်ဝေသူ – မောင်မောင်မြင့်အေး
(မြ–၀၄၁၀)
မျက်နှာဖုံး နှင့် – ဝင်းထွန်း (မြ–၀၄၈၃၉)
အတွင်းပုံနှိပ် အမှတ်(၁၇)၊ ရေကျော်လမ်း

ဖြန့်ချိရေး

လာဘ်မိုးငွေ စာပေ၊
အမှတ် (၁၁၁)၊ ၃၃လမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၅၁၉၊


## မာတိကာ


ဘားပုလင်းနှင်းမောင်နှင့် မိန်းမလှကျွန်း ———————— ၅
ကတ်သံကြွင်း ——————————————— ၁၃
ခနောအိမ်မှ ပွင့်ချပ်တစ်ရာ ပဒုမ္မာ ————————— ၂၀
ဘုရားပေါ်မှအဆင်းတွင် သင်ယူခဲ့ရသော
အင်္ဂလိပ်စကားတစ်ခွန်း ——————————— ၂၂
ကိုပီတာတစ်ယောက် ———————————— ၂၃
ဧပတလှ ——————————————————— ၂၄
ဗတ္တာမြားမင်းမောင် —————————————— ၂၇
မြေလျှောက်ဝိဇ္ဇာရွှေမြသာ (သို့မဟုတ်) ဘုရားပေါ်မှာ
တွေ့ခဲ့ရသော လူတစ်ယောက် ——————————— ၂၉
မွေးနေ့လက်ဆောင်မှ သေမင်း၏ သကော်တာ —— ၃၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဆားပုလင်းနှင်းမောင် နှင့် မိန်းမလှကျွန်း

**မျက်နှာကြီး သူခိုးဈေး**

တစ်နေ့သ၌ စီအိုင်ဒီ ဝင်းကြီးအတွင်းရှိ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ ရုံးခန်း၌ စုံထောက်ကြီးများအား မျက်နှာဖြူ စုံထောက်မင်းကြီးသည် မတ်တတ်ရပ်၍ တန်းစီစေပြီးနောက် ၎င်းတို့ရှေ့မှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဆူပူကြိမ်းမောင်းလျက် ရှိလေ၏။ ၎င်းတို့ဟုဆိုရသော်လည်း ၎င်းတို့အထဲတွင် ကျွန်ုပ်လည်း ပါ၏။ ကျွန်ုပ်၏ ညာဘက်တွင် လက်ဝါးဦးကိုကိုကြီးဆိုသည့် စုံထောက်လူကြီး တစ်ဦး ရှိ၏။ ကျွန်ုပ်၏ လက်ဝဲဘက်၌မူ ရွှေသွားအောင်မြင့်ဆိုသည့် စုံထောက်တစ်ဦးလည်း ရှိ၏။ ကိုအောင်မြင့်၏ လက်ဝဲဘက်၌မူ ကိုတင်ဝင်း၊ ကိုစိန်လှနှင့် ဘိလပ်ပြန် ဆရာစိန်ဆိုသော စီအိုင်ဒီ၏ ပင်တိုင် စုံထောက်များ ရှိကြလေ၏။ မစ္စတာ ကရစ်ပင်သည် လက်ကိုနောက်ပစ်၍ လျှောက်ရင်း. . . .





"မြည်းသတ္တဝါလို ထုံထိုင်းတဲ့ လူကလေးတွေ ကျွန်ုပ် မေးတာကို ပြောကြစမ်းပါ၊ (အီရိဒီယမ်)ဆိုတာ ဘာလဲ၊ အိုင်-အာရ်-အိုင်-ဒီ-အိုင်-ယူ-အမ် စာလုံး (၇) လုံး ပါတယ်၊ အဲဒါ ဘာကို ပြောတာလဲ"

မေးလေတော့၏။

ကျွန်ုပ်တို့ စုံထောက်ကြီး ခြောက်ဦးသည် တုတ်တုတ်မျှ မလှုပ် ငြိမ်၍နေကြလေ၏။ ထိုအခါ စုံထောက်မင်းကြီး မစ္စတာကရစ်ပင် မျက်နှာကြီးတစ်ခုလုံး နီမြန်းလာပြီးလျှင်. . . .

"အလကားကောင်တွေ၊ ဂျင်နရယ်နော်လစ် မရှိဘူး၊ စုံထောက်ဆိုတာ လူဆိုးကိုဖမ်းတတ်ရုံနဲ့ မပြီးသေးဘူးကွ၊ ဂျင်နရယ်နော်လစ် အများကြီးလိုတယ်၊ အေး . . . ဂျင်နရယ်နော်လစ်ကို ဗမာလို ဘယ်လိုခေါ်မလဲ"

ပြောပြန်လေ၏။

ထိုအခါ ရွှေသွားကိုအောင်မြင့်က . . . .

"ဗဟုသုတလို့ ခေါ်ပါတယ် သခင်"

ဆက်လက်စွာ ဖြေလိုက်ရာ မစ္စတာကရစ်ပင်က. . . .

"မောင်မင်း မပြောပါနဲ့၊ ကျွန်ုပ် ကောင်းကောင်းသိပါတယ်၊ ကဲ. . . မောင်မင်းပဲ ဖြေစမ်း၊ ဗဟုသုတဆိုတာ ဘာကို ပြောတာလဲ"

မစ္စတာကရစ်ပင်က ရွှေသွားအောင်မြင့်အား မေးလိုက်လေ၏။ ရွှေသွားအောင်မြင့်လည်း ငြိမ်၍သွားလေ၏။ ထိုအခါ မျက်နှာဖြူ စုံထောက်မင်းကြီးက. . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်း မသိရင် ကောင်းကောင်းမှတ်ထား၊ ဗဟု-များ
ကုန်သော၊သုတ-အကြား၊ အမြင်လို့ အဓိပ္ပာယ်ရတယ်၊ အကြ
အမြင်များခြင်းကို ဗဟုသုတများခြင်းလို့ ခေါ်တယ်၊ မောင်
မဂ်လသုတ်ကို မသင်ဖူးဘူးလား"

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့သည် ရယ်လည်း မရယ်ဝံ့၊ မရယ်ဘဲလ
မနေနိုင်သောကြောင့် အလွန်ဆိုးရွားသော ဝေဒနာတစ်ခုကို ခံစ
ကြကုန်၏။

BURMESE CLASSIC .com

ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ် အနီးသို့ ကပ်လိုက်ပြီးလျှင်....

"ကိုအောင်မြင့်တော့ ရထားအကြိတ်ခံပြီး သေဖို့ကောင်းတ
ဗျာ၊ အင်္ဂလိပ်ကြီးက သူ့ကို မင်္ဂလသုတ် မသင်ဖူးဘူးလာ
ဟိ....ဟိ...."

ဟု ပြောလိုက်လေ၏။ မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့၏ တစ်ဦး
မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင်....

"I R I D I U M ၊ အဲဒါကို မင်းတို့ မသိဘူးလား"

ဟု မေးလိုက်စဉ်ပင် ကုတ်အင်္ကျီအဟောင်းတစ်ထည်ကို ဝတ်လျက် လ
အိတ်တစ်လုံးကိုလွယ်ကာ သက္ကလတ် ဦးထုပ်တစ်လုံးကို ဆောင်း
သော လူတစ်ယောက်သည် မစ္စတာကရစ်ပင်၏ ရုံးခန်းအတွင်းသို့
လာလေ၏။ ကျွန်ုပ်တို့ရော၊ မစ္စတာကရစ်ပင်ပါ ထိုသူအပေါ်သို့ အ
ရောက်သွားလေ၏။ ထိုအခါကျမှပင် ထိုသူသည် သက္ကလပ်ဦးထု
ဟန်ပါပါ မ,လိုက်ရာ မျက်နှာကို သဲကွဲစွာ မြင်ရလေတော့၏။ ထ
မြင်ရလျှင် မစ္စတာကရစ်ပင်က....





"အိုး... ဆားပုလင်းနှင်းမောင်ပါလား၊ ရွှေဘိုဂါတ်ကို ရောက်
နေတာ တစ်နှစ်လောက်ရှိပြီပဲ"

ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်လည်း ကျွန်ုပ်တို့အား ပြုံးပြ
နှုတ်ဆက်ရင်း မစ္စတာကရစ်ပင်အား....

"တစ်နှစ် ခြောက်လ သုံးရက် ရှိပြီ"

ပြောလိုက်လေ၏။

မစ္စတာ ကရစ်ပင်သည် ဆားပုလင်းနှင်းမောင်၏ တိကျပုံကို
သဘောကျ၍ ပြုံးလိုက်ပြီးနောက်....

"ဒီမှာ ဆားပုလင်းနှင်းမောင် IRIDIUM ဆိုတာ ဘာလဲ၊
သိပါသလား"

မေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ်
စာရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျား၌တေ့ကာ မီးခြစ်ကို
ကောက်ခနဲခြစ်၍ မီးညှိရှိုက်ဖွာပြီးနောက် လွန်စွာကောင်းသော လေယူ
သိမ်းဖြင့်....

Iridium is an element with an atomic weight of 193.1. It is found in Platinum, and also in lesser quantities in some types of iron and copper ores.

In metallurgical practice it is usually combined with platinum producing an alloy of great hardness and durability, suitable for the manufacture of electrical contacts or for boring holes in policemen's heads.



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်လေ၏။ ၎င်း၏အနက် အဓိပ္ပာယ်မှာ အီရီဒီယမ်းဆို[...] ခြား ဟုတ်ရိုးလားဗျားအဏုမြူအလေးဆတစ်ရာ ကိုးဆယ့်သုံး ဒ[...] တစ်လေးတဲ့ သတ္တုတစ်မျိုးပေါ့၊ အဲဒီသတ္တုကို ပလက်တီနံ သတ္တု[...] အများစု တွေ့ရပြီး၊ သံနဲ့ ကြေးနီမှာ အနည်းအကျဉ်း တွေ့ရပါတ[...] ပလက်တီနံနဲ့ ပေါင်းစပ်လိုက်ရင် အလွန်မာကျောတဲ့ သတ္တုရော တစ်[...] ဖြစ်သွားပြီး လျှပ်စစ်ဆက်သွယ်ရာမှာ အသုံးဝင်ပါတယ်။ ဒီအပြင် ပု[...] ရဲ့ နားထင်ကို ဟိုဘက်ဒီဘက် ထုတ်ချင်းခတ်သွားနိုင်တဲ့ သတ္တုတစ်[...] ဖြစ်ပါတယ်ဟူ၍ ဖြစ်လေ၏။ (အီရီဒီယမ်သတ္တုသည် ကျည်ဆန်ထိပ်[...] လုပ်ရာ၌လည်း အသုံးဝင်ကြောင်း ဆိုလိုခြင်း ဖြစ်၏၊ ထို့အပြင် ယ[...] အခါ၌ လူဆိုးများ သေနတ်ကို တွင်တွင်ကျယ်ကျယ်ကြီး အသုံးပြုလ[...] ရှိသောကြောင့် ပုလိပ်များ သတိထားပေတော့ဟု ဆိုလိုခြင်းလည်း ဖြ[...] ၏။)

ထိုအခါ မစ္စတာကရစ်ပင်လည်း . . . .

"ဆားပုလင်းနှင့်မောင်မှာ များစွာသော အကြား အမြင်[...] တယ် လူကလေးတို့၊ သူဟာ ငယ်စဉ်က မင်္ဂလသုတ်ကို ကော[...] ကောင်းရတဲ့လူ ဖြစ်မယ်"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက 'ခစ်'ခနဲ ရယ်လိုက်သဖြင့် ကျွန်ုပ်[...] တံတောင်ဖြင့် 'တွက်' ၍ သတိပေးလိုက်ရသေးတော့၏။

မစ္စတာ ကရစ်ပင်သည် သူ၏ ကုလားထိုင်၌ ဝင်၍ ထိုင်လို[...] လေ၏။ ဆားပုလင်းနှင့်မောင်ကလည်း ကုလားထိုင်တစ်လုံးကို ဆွဲ[...] ထိုင်လိုက်လေ၏။ ကျွန်ုပ်တို့ ခြောက်ဦးမှာသာ မတ်တတ်ရပ်မြဲ ရပ်[...] ကြရလေ၏။



BURMESE CLASSIC .com



မစ္စတာကရစ်ပင်က ဆားပုလင်းနှင့်မောင်အား . . .

"ဆားပုလင်းနှင့်မောင် . . . အဲဒီသတ္တုနဲ့ ပတ်သက်ပြီး ဘာများ သိပါသေးသလဲ"

တောင်းပန်သော လေသံဖြင့် မေးလိုက်လေ၏။

"ဘာများ သိဖို့လိုလို့လဲ မစ္စတာကရစ်ပင်၊ အင်္ဂလန်မှာ အစိုးရ ပေါက်စျေး တစ်အောင်စကို ဒေါ်လာတစ်ရာ ရှိတယ်၊ အပြင်မှာ ကုန်သည်အချင်းချင်း ရောင်းနေတာ တစ်အောင်စကို ဒေါ်လာ လေးရာလောက် ရှိတယ်၊ မြန်မာပြည်က ခိုးထုတ်ပြီး အရောင်းအဝယ်လုပ်နေကြတာတော့ တစ်ပေါင်မှာ ဒေါ်လာ နှစ်ထောင်စျေးပါပဲ၊ ဒီပစ္စည်းကလည်း တခြားမှာသာ ရှားနေတာ၊ မြန်မာပြည်မှာဆိုရင် ကန့်စွန်းရွက်လောက်ပေါတဲ့ ပစ္စည်းပဲ၊ ရှမ်းပြည်နယ်ဘက်မှာရှိတဲ့ တောင်တွေမှာ အထပ်လိုက် အထပ်လိုက် အလွှာလိုက် ရှိတယ်၊ ဒါပေမဲ့ ခင်ဗျား သွားပြီး ဝယ်ရင် အောင်စဝက်တောင် ရမှာမဟုတ်ဘူး မစ္စတာကရစ်ပင်၊ ဒါက ရိုးရိုးစျေးမှာရောင်းတဲ့ ပစ္စည်းမဟုတ်ဘူး၊ မျက်နှာကြီးသူခိုးစျေးမှာ ရောင်းတာ၊ အဲဒီ မျက်နှာကြီးသူခိုးစျေးမှာ ကျုပ်တို့ဗမာတွေ တစ်ယောက်မှ မပါဘူး၊ အထက်တန်းကျတဲ့ ခင်ဗျားတို့ အင်္ဂလိပ်လူမျိုး ကုန်သည်တွေချည်းပဲ၊ သူတို့မှာ အဲဒီလို သူခိုးစျေးဖွင့်ဖို့ လိုင်စင်ရထားတယ်ဗျ၊ ဘယ်ပုလိပ်ကမှ မဖမ်းရဲဘူး၊ အဲဒီမျက်နှာဖြူ အင်္ဂလိပ်လူမျိုး လူကြီးလူကောင်း သူခိုးစျေးမှာ ခင်ဗျားတို့ အင်္ဂလိပ် ဒဏ္ဍာရီဝတ္ထုတွေမှာပါတဲ့ ယူနီကောင်းခေါ်တဲ့ ချိုပေါက်တဲ့ မြင်းရဲ့ ခွာကို ဝယ်ချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ချိုကိုဝယ်ချင်လည်း ရတယ်၊ နာမည်အကြီးဆုံး သူခိုးဈေးက သူခိုးမကြီးကတော့ မစ္စစ်အော်လေးလို့ ခေါ်တယ်၊ မစ္စတာကာရင်ပင် ဖမ်းချင်လို့လား၊ တရားရုံးမှာ လွှင့်မပစ်ပါဘူးလို့ ကတိပေးရင် ကျုပ်တာဝန်ထားလိုက်ပါ၊ လက်ထိတ်ခတ်ပြီး အီရီဒီယမ် သတ္တုတွေနဲ့အတူ မျက်နှာကြီးသူခိုးတွေကို ခင်ဗျားရုံးခန်းကို ခေါ်ခဲ့ပါမယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မစ္စတာကာရစ်ပင်က. . .

"အရမ်းလည်း မလုပ်ပါနဲ့ဦး၊ အဲဒီအထဲမှာ ပုလိပ်မင်းတွေလည်း ပါချင် ပါနေဦးမယ် ထင်တယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"ကျုပ်တို့ ပုလိပ်တွေ၊ စုံထောက်တွေ လူအထင်သေးခံနေရတာ အဲဒီအချက်ပဲဗျ၊ တကယ့်တကယ်လည်း ဖော်ထုတ်မယ်ဆိုရော ဘယ်သူမျိုးနေလို့ မလုပ်ပါနဲ့ဦး၊ ဘယ်သူနဲ့ ငြိနေလို့ ခဏ စောင့်ပါဦး ဆိုပြီး ပြေးနေတဲ့ ကျုပ်တို့ခြေလှမ်းကို ဖမ်းပြီး ဆွဲထားကြတာပဲ မဟုတ်လား၊ ဒီမှာ မစ္စတာကာရစ်ပင် ခင်ဗျားဟာ တိုင်းကြီး ပြည်ကြီးသား တစ်ယောက်ဆိုတာ ကျုပ်အနေနဲ့ ယုံကြည်ပါတယ်၊ ဥပဒေစာအုပ် နှစ်မျိုးမထားပါနဲ့၊ ဥပဒေစာအုပ် တစ်မျိုးတည်းနဲ့ အလုပ်လုပ်စေချင်ပါတယ်၊ ကျုပ်တို့ဆင်းရဲသားတွေကျတော့ ဥပဒေတစ်မျိုး မလုပ်ပါနဲ့၊ ကျုပ်တို့မှာလည်း ဘာမဟုတ်တဲ့ အမှုကလေးတွေနဲ့ အချိန်ကုန်နေတာကြာပါပြီ၊ ဦးနှောက်ကောင်းပါတယ်ဆိုတဲ့ ခင်ဗျားတို့ အင်္ဂလိပ်လူမျိုး မျက်နှာကြီးသူခိုးတွေနဲ့ ကျုပ်နဲ့ ယှဉ်ပြိုင်ဖို့ အခွင့်အရေး-





ပေးစမ်းပါ၊ မြန်မာလူမျိုး ဆားပုလင်းနှင်းမောင် ဆိုတာ အင်္ဂလိပ်လူမျိုးတရားခံတွေကို ဖြည်းစမ်းခွင့်ပေးလိုက်စမ်းပါဗျာ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မစ္စတာကာရစ်ပင်က. . .

"ကျုပ် တောင်းပန်ပါတယ် ဆားပုလင်းနှင်းမောင်၊ အရမ်းမလုပ်ပါနဲ့၊ အဲဒီ သူခိုးဈေးမှာ ဘုရင်ခံကတော်ကြီးတောင် ပါချင် ပါနေဦးမယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် မစ္စတာကာရစ်ပင်၏ မျက်နှာကို မခိုးမခန့် ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်လိုက်ပြီးနောက်

"ခင်ဗျားလည်း သနားဖို့ သိပ်ကောင်းတာပဲ၊ ဥပဒေ မျက်နှာနဲ့ ခင်ဗျားရဲ့ ရာထူးမျက်နှာကို ယှဉ်ပြလိုက်တဲ့အခါမှာ ဥပဒေမျက်နှာကို ကျောခိုင်းလိုက်ပြီပဲ၊ ခင်ဗျားဟာ ဥပဒေဘက်တော်သား Law Man မဟုတ်တော့ဘူး"

ဟု အားမနာတမ်း ဝေဖန်ပြောဆိုပြီးနောက် လှောင်ပြောင်သည့်အလားရယ်မောလိုက်လေတော့၏။

ဆားပုလင်းနှင်းမောင်၏ လှောင်ပြောင်သော ရယ်သံသည် စီအိုင်ဒီရုံး နံရံများတွင်စွဲထင်၍ အနှစ် အရာ အထောင် တိုင်အောင် မပျောက်ပျက်ဘဲ တည်တံ့သွားသည်ဟုလည်း ကျွန်ုပ်၏ စိတ်ထဲ၌ ခံစားလိုက်ရလေတော့၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

◆ ◆ ◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ဆားပုလင်းနှင်းမောင် ရွှေဘိုဂါတ်မှ ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်း

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ကျွန်ုပ်၏ မိတ်ဆွေစုံထောက်ကြီး ဆားပုလင်းနှင်းမောင်အား ရန်ကုန် ရဲမင်းကြီး အမိန့်ဖြင့် ရွှေဘိုဂါတ်မှ အင်းစိန် စီအိုင်ဒီသို့ ပြောင်းရွှေ့ ခေါ်ယူလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် စီအိုင်ဒီသို့ ပြောင်းရွှေ့လိုက်သည် ဆိုသော်လည်း ရုံးသို့ မလာဘဲ ၎င်း၏အိမ်၌သာ နေလေတော့၏။ ၎င်း၏ လခကိုပင် ကျွန်ုပ်နှင့် လက်ဝါးဦးကိုကိုကြီးက တစ်လှည့်စီထုတ်၍ ၎င်းထံ ပို့ပေးရလေ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီသို့ ပြောင်းရွှေ့ပြီး တတိယမြောက်သော ဆားပုလင်းနှင်းမောင်၏ လစာကို ထုတ်ယူပြီးနောက် ၎င်းနေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းဆီသို့ ထွက်ခဲ့လေ၏။ ၎င်းအိမ်သို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်သည် တရုတ်လူမျိုးများ စာရေးရာတွင် အသုံးပြုသော ဝါးစုတ်တံကလေး တစ်ချောင်းဖြင့် တရုတ်မင်တောင့်ကို ဖျော်ထားသော ကျောက်မင်ခွက်တွင် ထိုစုတ်တံလေးကို မကြာခဏ နှစ်ကာ စာရွက်ရှည်ကြီး တစ်ခု၌ တရုတ်စာများ ရေးသားနေသည်ကို တွေ့ရလေ၏။

၎င်း၏အနီး ထိုင်ခုံ၌လည်း တရုတ်ဘိန်းစားတစ်ဦးဟု ယူဆရသော ပိန်ညှော်ညှော် တရုတ်တစ်ယောက်သည် ခြေထောက်ကို ခုံပေါ်တွင် တင်၍ ဒူးကိုထောင်ကာ ထိုင်နေလေ၏။





ထိုတရုတ်ဘိန်းစားမှာ လွန်စွာသွားခေါသူ ဖြစ်၏။ သူ၏ သွားများသည် (၄၅) ဒီဂရီခန့် အပြင်သို့ ခေါ၍ထွက်နေ၏။ ထိုခေါထွက်နေသော ရွှေသွားလေးချောင်း အပါအဝင် ၎င်းပါးစပ်အတွင်းရှိ သုံးပုံနှစ်ပုံခန့်သော သွားတို့သည် ရွှေသွားများသာ ဖြစ်၏။

ထိုတရုတ်ဘိန်းစားက ဆားပုလင်းနှင်းမောင် ရေးသော တရုတ်စာများကို ဖတ်ကြည့်ပြီးလျှင် . . .

"ဒီမှာ ကိုနှင်းမောင်၊ ဒီလောက်ဆိုရင် တော်လောက်ပြီ၊ နောက်ထပ် ဆက်ပြီးသင်ရင် ခင်ဗျားကတော့ တရုတ် ပိဋကတ်အိုးကွဲ ဖြစ်တော့မှာပဲ"

ဟု ပြောဆိုရယ်မောလိုက်လေ၏။

ထိုသို့ ရယ်မောလိုက်သောအခါ၌ သူ၏ ရွှေသွားများသည် လျှပ်စီးလက်သကဲ့သို့ ဝင်းခနဲ ဖြစ်သွားသည်ကို ကျွန်ုပ် ကောင်းစွာ သတိထားမိလိုက်လေ၏။

ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်၏အိမ်သို့ မရောက်သည်မှာ နှစ်လခန့်ရှိပြီ ဖြစ်၏။ ကျွန်ုပ် မရောက်သော အချိန်အတောအတွင်း၌ပင် ဆားပုလင်းနှင်းမောင်၏ အိမ်သည်လည်း အပြောင်းအလဲကြီး ပြောင်းလဲနေသည်ကို တွေ့ရလေတော့၏။

အိမ်ပေါ်တွင် ဘူးသီး ငါးပေါင်းကြော်နှင့် တူသော တရုတ်စာလုံးကြီးများ ရေးဆွဲထား၏။ ရှေးဟောင်း တရုတ်အဘိုးကြီးများ၏ ပုံများကိုလည်း ချိတ်ဆွဲထား၏။ ဘုရားစင်၌လည်း တရုတ်စာလုံးများ ပါသော စက္ကူအနီများ ကပ်ထား၏။ လျှပ်စစ်မီးလုံးတွင်လည်း တရုတ်စာလုံးပါသော မီးပုံးကြီးစွပ်၍ ထား၏။ တရုတ်ကြွေပန်းအိုး အမြောက်



www.burmeseclassic.com

www.burmeseclassic.com



အမြားကိုလည်း တွေ့ရ၏။ ခေါင်းရင်းဘက်တွင် ဝါးပင်များ၊ ငှက်ရုပ်၊ ကျားရုပ်များ၊ မြူခိုးဝေနေသော တောင်မြင့်မြင့် များပါသည့် တရုတ်ပန်းချီကားများကိုလည်း အချိုးကျကျ ချိတ်ဆွဲထား၏။

ထိုအနီးတစ်ဝိုက်၌မူ အောက်ဖော်ပြပါပုံနှင့် တရုတ်အမွှေးတိုင်ခွက်ကြီး တစ်ခွက်ကို တွေ့ရလေ၏။ စိမ်းရွှေရွှေ အနံ့ထွက်သော တရုတ်အမွှေးတိုင်တစ်ချောင်း ထွန်းညှိထားလေ၏။



ယင်ရန်ဘလောက်ပုံ

ကျွန်ုပ်သည် အခန်းအတွင်းသို့ ဝင်လိုက်လေ၏။ ကျွန်ုပ်ကို မြင်လျှင် ဆားပုလင်းနှင်းမောင်က. . . .

"အိုင်ပီပါလား၊ ထိုင်ဗျာ"

ဟုပြောလိုက်လေ၏။

ထို့နောက် တရုတ်ပြည်မှပါသော ကြွေရေနွေးကရားအိုးကလေးမှ ရေနွေးကြမ်းကို တရုတ်ကြွေပန်းကန် အသေးစားကလေး၌ ငှဲ့ပြီးလျှင် ကျွန်ုပ်အား သောက်ရန် ပေးလိုက်လေ၏။

ထိုအချိန်မှာပင် စီအိုင်ဒီမှ ကျွန်ုပ်တို့ မိတ်ဆွေ လတ်ဝါး ဦးကိုကိုကြီးပါ ရောက်ရှိလာလေ၏။





ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်အား တစ်လှည့်၊ ၎င်း၏နံဘေးမှ တရုတ်ဘိန်းစားအား တစ်လှည့်၊ နံရံပေါ်မှ တရုတ်စာများ၊ တရုတ်ပန်းချီကားများနှင့် တရုတ်အသုံးဆောင်ပစ္စည်းများကို တစ်လှည့် ကြည့်ရှုကာ. . . .

"ဘယ်လိုလဲ ကိုနှင်းမောင်၊ ခင်ဗျား အိမ်ကိုလာရတာ တရုတ်ဘုံကျောင်းထဲ ရောက်နေသလိုပါပဲလား"

ဟု ပြောဆိုရယ်မောရင်း ခုံလွတ်တစ်ခု၌ ထိုင်လေ၏။ ဆားပုလင်းနှင်းမောင်သည် ဦးကိုကိုကြီးအတွက် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့ပေးလိုက်ပြီးနောက်. . . .

"အလွန်အင်မတန် ရှေးကျပြီး အလွန်အင်မတန်မှလည်း အစဉ်အလာနဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်တဲ့ စိနရှင်တိုင်းသား တရုတ်လူမျိုးများရဲ့ ရှေးဟောင်းယဉ်ကျေးမှု ဘာသာစကားကို စနစ်တကျ လေ့လာနေတာဗျ၊ ခင်ဗျားတို့ နှစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီက ရွှေသွား တဝင်းဝင်းနဲ့ ပုဂ္ဂိုလ်ကတော့ မောင်ဘွန်ဟောင်းလို့ ခေါ်ပါတယ်၊ ဘိန်းရှူတာကလွဲပြီး အပြစ်မဲ့တဲ့လူသားတစ်ဦးပေါ့ဗျာ၊ ဘွန်ဟောင်းရေ ဟောဒီလူဝကြီးက. . . . . ."

ဟု ဆားပုလင်းနှင်းမောင်က စလိုက်သည့်အချိန်၌ပင် ဘွန်ဟောင်း ဆိုသူက. . . .

"စီအိုင်ဒီက လက်ဝါးဦးကိုကိုကြီးပါဗျာ၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ (၂၄) ရက်ဟာ သူ့ရဲ့ လေးဆယ့်နှစ်နှစ်မြောက် မွေးနေ့ပေါ့၊ ငယ်စဉ်က ခရစ်ယာန်သာသနာပြုကျောင်းမှာ နေဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



စီအိုင်ဒီမှာ လုပ်သက်ဆယ့်ခြောက်နှစ် ရှိပြီ၊ သူဘေးက မိတ်ဆွေကတော့ အိုင်ပီ ဦးအောင်သင်းပါ၊ အမှုထမ်းကောင်း လက်မှတ်တွေ အများကြီးရထားတဲ့ ပုဂ္ဂိုလ်ပေါ့၊ အခု လာမယ့် ဇွန်လ (၂၅) ရက်ဟာ သူ့ရဲ့ သုံးဆယ့်ကိုးနှစ်မြောက် မွေးနေ့ပေါ့၊ သူ့မိန်းမက မတင်တင်တဲ့၊ ရန်ကုန်ကနေ ဆယ့်ခုနစ်မိုင်လောက်ဝေးတဲ့ လေးထောင့်ကန် ဆိုတဲ့ ဘူတာနောက် ရွာကလေးကပါ"

ဟု ဝင်၍ ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက်ကို မီးညှိရှိုက်ဖွာ၍ မီးခိုးများကို မှုတ်ထုတ်ရင်း ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့၏ အံ့အားသင့်နေသော မျက်နှာများကို အရသာခံလျက် ကြည့်ရှုနေပြီးနောက်. . . .

"မောင်ဒီဘွန်ပိုဟောင်းကို စီအိုင်ဒီမှာ ခန့်ရရင် ဘယ်လောက်ကောင်းမလဲဗျာ၊ နေရာတကာ သူသိနေတာပဲ၊ သိရင်လည်း နှိုက်နှိုက်ချွတ်ချွတ် အသေးစိတ်ကို သိတယ်ဗျ"

ဟု ပြောလိုက်လေ၏။

ဦးကိုကိုကြီးသည် ရေနွေးကြမ်းကို မော့ပြီးနောက် ဆားပုလင်းနှင်းမောင်အား. . . .

"ဘယ်လိုလဲ အိုင်ဆေးရဲ့၊ ခင်ဗျားက ဘယ်လိုတနေ ဘယ်လိုတရုတ်ဖြစ်သွား ရပြန်တုံး"

ဟု မေးလိုက်လေ၏။ ထိုအခါ ဘွန်ပိုဟောင်းက. . . .





"ဒီလိုပါ ဦးကိုကိုကြီးရယ်၊ တရုတ်နဲ့ မြန်မာဟာ သွေးစိမ်းပြင်ပြင်တွေမှ မဟုတ်ပဲ၊ ဒါကြောင့် မြန်မာစကားမှာ ဆွေမျိုးပေါက်ဖော်တဲ့၊ဘာပဲဖြစ်ဖြစ်လေ ခင်ရာဆွေမျိုးဆိုတဲ့ ရှေးစကားလည်း ရှိသားပဲဗျာ၊ အဲဒီတော့ ဦးကိုကိုကြီးတို့၊ ဦးအောင်သင်းတို့နဲ့ ကျုပ်နဲ့ ခင်တယ် မဟုတ်လားဗျာ၊ အဲဒီတော့ ဆွေမျိုးလို့ပြောရင် မှားနိုင်ပါ့မလား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက. . . .

"ကောင်းပါပြီ ထောင်ကဲ"

ဟု ငေါ့တော့တော့ ဖြေလိုက်လေ၏။

ကျွန်ုပ်ကမူ ဆားပုလင်းနှင်းမောင် ရေးနေသော တရုတ်စာများကို ကြည့်၍. . . .

"ဘာတွေ ရေးနေတာလဲ"

ဟု မေးလိုက်လေ၏။

"တရုတ်ပြည်က ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်း ရှောင်ဝှားဆီကို လက်ဆောင်အဖြစ် ပို့ပေးမလို့၊ ရှေးဟောင်း တရုတ်ဗေဒင်နည်းနဲ့တွက်ပြီး ဟောစာတမ်းတစ်စောင် ရေးနေတာဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။

"အိုင်ဆေး. . . . ခင်ဗျားပြောတဲ့ ရှေးဟောင်းတရုတ်ဗေဒင်နည်း ဆိုတာက ကျားရုပ်တွေ၊ မျောက်ရုပ်တွေ၊ ကြွက်ရုပ်တွေ ပါတဲ့ ဗေဒင်ကို ပြောတာလား"

ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဦးကိုကိုကြီး၊ ခင်ဗျား ပြောတာက တရုတ်ဆယ့်နှစ်ရာသီ ဗေဒင်လိုဟာမျိုးကို ပြောတာ၊ အကောင် ဆယ့်နှစ်ကောင် ပါတယ်လေ၊ မွေးသက္ကရာဇ် တွေနဲ့ ဘယ်အကောင်ရဲ့နှစ်မှာ မွေးတယ်၊ဘယ်အကောင်ရဲ့ နှစ်ကျရင် ကောင်းစားမယ် ဆိုတာမျိုးကို ပြောတာ၊ ဥပမာဗျာ. . . အိုင်ပီ ဦးအောင့်သင်း ဆိုပါတော့၊ သူဟာ ယုန်နှစ်မှာ မွေးထားတယ်၊ ယုန်ကလည်း ငါးမျိုးတောင် ရှိတယ်ဗျ၊ ရေယုန်၊ မီးယုန်၊ မြေကြီးယုန်၊ သစ်သားယုန်၊ သတ္တုယုန်ရယ်လို့ ရှိသေးတာဗျ၊ အိုင်ပီဟာ မြေယုန်နှစ်မှာ မွေး ထားတာ၊ ပြီးတော့ ရှေးဟောင်းတရုတ်လူမျိုးလို့ နားလည်ကြတယ်၊ ဒါကြောင့် ယုန်နှစ်မှာ မွေးဖွားတဲ့ လူတွေဟာ အေးအေးချမ်းချမ်း နေလေ့ရှိတယ်၊ ပြီးတော့ လကို လူမျိုးတစ်မျိုးနဲ့ တစ်မျိုး မြင်ပုံ၊ သိပုံချင်း မတူကြဘူးလေဗျာ၊ ဥရောပတိုက်ဘက်မှာဆိုရင် ကလေးငယ်က လကို မော့ကြည့်ပြီး ဘာလဲ အမေလို့ မေးရင် သူ့အမေက 'ချိစ်ဘောလ်' (ဒိန်ခဲလုံးကလေးပါကွယ်) လို့ ဖြေလေ့ရှိတယ်၊ ကျုပ်တို့ မြန်မာလူမျိုးကျတော့ ဆန်ဖွပ်နေ တဲ့အဘိုးအိုနဲ့ ယုန်ကလေးလို့ လကိုကြည့်ပြီး ပြောပြန်တယ်၊ ဒါပေမဲ့ ရှေးဟောင်း တရုတ်လူမျိုးတွေကတော့ ကျောက်ဆောင်ဘေးမှာ သစ်ပင်တစ်ပင် ရှိတယ်၊ အဲဒီသစ်ပင်ဟာ ငုပင်ဖြစ်တယ်၊ ငုပင်ကနေ သီးတဲ့အသီးတွေဟာ မသေဆေး ဖြစ်တယ်၊ အဲဒါကို ယုန်ကလေးတစ်ကောင်က ခူးနေတဲ့ပုံကို လထဲမှာကြည့်ရင် တွေ့နိုင်တယ်လို့ ပြောလေ့ရှိတယ်ဗျ၊ ဒါကြောင့် ယုန်နှစ်မှာ မွေးတဲ့လူတွေဟာ အသက်ရှည်





တာ များတယ်၊ ယခုနှစ်ကတော့ ကျားနှစ်ဗျ၊ ယုန်နှစ်သမား အဖို့ မထူးခြားဘူး၊နောက်နှစ်ဆိုရင်တော့ အိုင်ပီဦးအောင်သင်း ရာထူးတက်လိမ့်မယ်လို့ တရုတ်ဗေဒင်အရ ဆိုနိုင်တယ်ဗျ"

ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက. . .

"ကိုနှင်းမောင်ကတော့ဗျာ ဘာကိုပဲ လေ့လာ လေ့လာ တယ်စနစ်ကျတာပဲ၊ ထယ်လည်း အတတ်ပြန်တာပဲ၊ အခု ခင်ဗျား ပြောတဲ့ ဟောစာတမ်းက အဲဒီဟာမျိုး မဟုတ်ဘူးလား"

ဟု မေးလိုက်လေ၏။

"မဟုတ်ဘူး ဦးကိုကိုကြီး၊ ကျုပ် အခု ရေးနေတဲ့ ဟောစာတမ်းက 'ရီကျင်း' ခေါ်တဲ့ တရုတ်ကဗ်စမ်းဗေဒင် ဟောစာတမ်းဗျ၊ ကဗ်စမ်းဆိုပေမယ့် အတော့်ကို မှန်သဗျ၊ ဟောဟိုခေါင်းရင်းမှာ ချိတ်ထားတဲ့စက်ဝိုင်းကို တွေ့တယ်မဟုတ်လား၊ အဲဒါဟာ (Classic of Changes) လို့ ခေါ်တဲ့ တရုတ်အတွေးအခေါ်မှာ အဓိကကျတဲ့ Yin if Yang ယန်စက်ဝိုင်းပဲဗျ၊ အဖိုနဲ့ အမ၊ အလင်းနဲ့ အမှောင်၊အကောင်းနဲ့အဆိုး၊အနိမ့်နဲ့အမြင့် ပတ်သက်ဆက်နွယ်နေပုံ သဘောတရားပဲဗျ၊ ဒါကို ပြောမယ်ဆိုရင်တော့ တစ်သက်လုံးထိုင်ပြီး ပြောတောင် ကုန်ဖို့မရှိပါဘူးဗျာ၊ ဒါပေမဲ့ လွယ်လွယ်ပြောရ်ိုးရိုး;တာ့ အဖြူဟာ အကောင်း၊ အနက်ဟာ အဆိုးပေါ့ဗျာ၊ အဖြူဟာ ဣန္ဒြေ၊ အနက်ဟာ အနိဋ္ဌပေါ့ဗျာ၊ အဲဒီနှစ်ခုဟာလည်း မတူတော့ မတူဘူး၊ ဒါပေမဲ့ တသီးတခြားလည်း မဟုတ်ဘူး၊ မတူ မခြားပေါ့ဗျာ၊ ကောင်းပါတယ် ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြူဘက်မှာ အနက်စက်ကလေး ပါနေတယ် မဟုတ်လား၊ အဲဒီလိုပဲ ဆိုးပါတယ်ဆိုတဲ့ အနက်ခြမ်းမှာ အဖြူစက်ကလေး ပါနေတယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့ ဖမ်းခဲ့တဲ့ လူဆိုးကြီးတွေမှာ သာမန်လူတွေနဲ့ မတူတဲ့ ကြင်နာသနားတတ်တဲ့ နှလုံးသားတွေ ရှိနေတာကို တွေ့ရတာပေါ့ဗျာ၊ 'မမင်းဖြူမှန်မှန်ပြော' အမှုတုန်းက ဖမ်းခဲ့ရတဲ့ လူဆိုးကြီးကိုမိုးသီးကို မှတ်မိကြမှာပေါ့၊ သူ့ရဲ့ ကြင်နာတတ်တဲ့ နှလုံးသားကို အသိအမှတ် မပြုလို့ ရမလားဗျာ၊ အဲဒါဟာ အနက်ခြမ်းက အဖြူစက်ကလေးရဲ့ သဘောတရားပဲဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက

"အဲဒီသဘောတရားနဲ့ ခင်ဗျား ပြောနေတဲ့ ဇေဒင်ပညာနဲ့ဟာ ဘယ်လို ဆက်စပ်နေသလဲ"

ဟု မေးလိုက်လေ၏။

"ဇေဒင်ပညာနဲ့တင် ဆက်စပ်တာ မဟုတ်ဘူးဗျ၊ အရာရာနဲ့တင် ဆက်စပ်နေတာ၊ ဇေဒင်သဘောနဲ့ ပြောရရင်လည်း အင်မတန်ကောင်းပါတယ်ဆိုတဲ့ ကြာသပတေး ထူလဒသာကြီး အတွင်းမှာကို အင်မတန်ဆိုးတဲ့ ရာဟု၊ အင်္ဂါ၊ စနေ စတဲ့ အန္တရဒသာတွေဝင်ပြီး စားနေတာကို ဇေဒင်ပညာလိုက်စားသူတိုင်း လက်ခံကြပါတယ်၊ ကျုပ်ငြင်းချင်တာက ဒါမဟုတ်ဘူး၊ အဲ့ဒီစက်ဝိုင်းကြီး ဘေးနားမှာ အမျိုးမတူတဲ့ တုတ်ချောင်းကလေး ရှစ်မျိုးရှိသေးတယ်ဗျ၊ အဲဒါကို 'ပတ်ကွိုင်' လို့ ခေါ်တယ်၊ အဲဒီရှစ်မျိုးဟာ ဇေဒင်သဘောနဲ့ယူရင် ဂြိုဟ်ရှစ်ခွင်ပဲ၊





မိသားစု သဘောနဲ့ယူရင် မိသားစုတစ်စုပဲ၊ ပိုပြီး ရှင်းအောင်ပြမယ်"

ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် အောက်ပါအတိုင်း ရေးခြစ်၍ပြလေတော့၏။

အဖ

အငယ်ဆုံးသမီး

ဒုတိယသမီး

အကြီးဆုံးသား

အကြီးဆုံးသမီး

ဒုတိယသား

အငယ်ဆုံးသား

မိခင်

ကျွန်ုပ်သည် ကိုနှင်းမောင် ရှင်းပြသောပုံများကို ကူးယူ ရေးမှတ်ထားလိုက်လေ၏။ ဆားပုလင်းနှင်းမောင်က ဆေးလိပ်ပြာကို ခြွေရင်း. . . .

"အဲဒီရှစ်မျိုးဟာ မိသားစုပရိယာယ် ရှစ်မျိုးဖြစ်သလို ကောင်းကင်၊ ရေကန်၊ မြေကြီး၊ လေ၊ မီး စတဲ့ သြကာသလောကပရိယာယ် ရှစ်မျိုးလည်း ဖြစ်တယ်ဗျ၊ တက်ကြွခြင်း၊ ပျော်ရွှင်ခြင်း၊ သိမ်မွေ့ခြင်း စတဲ့ ကိုယ်အမူအရာ၊ စိတ်အမူအရာ ရှစ်မျိုးလည်း ဖြစ်တယ်ဗျ၊ အဲဒါကိုမှ နှစ်ပေါင်းလေးထောင်



www.burmeseclassic.com


www.burmeseclassic.com



ကျော်လောက်က တရုတ်ဘုရင် 'ရှောင်'နဲ့ သူ့သားတော်က ရှစ်လီပွားလိုက်တော့ ခြောက်ဆယ့်လေးမျိုး ဖြစ်သွားတယ်၊ ဟောဒီ စက်ဝိုင်းကိုကြည့်. . . "

ဟု ဆိုကာ စက်ဝိုင်းတစ်ခုကို ထုတ်၍ ပြပြန်၏။

ဦးကိုကိုကြီးသည် ထိုစက်ဝိုင်းကို ကြည့်ပြီးနောက်. . . .



သင်္ကေတ ခြောက်ဆယ့်လေးမျိုးပုံဘလောက်

"ပဲပင်ပေါက်တွေကို ကြည့်ရသလိုပါပဲဗျာ၊ မျက် စိကို နောက်နေတာပဲ"

ဟု ပြောဆိုရယ်မောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ရွှေသွားတပြောင်ပြောင်နှင့် ဘွန်ဟောင်းဘက်သို့ လှည့်ကာ. . . .

"ခင်ဗျားက ကိုနှင်းမောင်ကို လာပြီးသင်ပေးနေတဲ့ ဆရာပေါ့ နော်"

ဟု မေးလိုက်ရာ ထိုတရုတ် ဘွန်ဟောင်းက. . . .

လာဘ်မိုးရွာစေ



"တောက်တီး တောက်တဲ့ဗျာ၊ ဘယ် ကလာ ကျုပ်က သူ့ဆရာဖြစ်ရမှာတုံး၊ တရုတ်စကားတော့ သူ့ထက်ပိုပြီး သွက်သွက်လက်လက် ပြောတတ်ချင် ပြောတတ်မှာပေါ့၊ ကျန်တဲ့ တရုတ်ယဉ်ကျေးမှုတွေတော့ သူ့လောက် ကျုပ် မသိဘူးဗျ၊ သူက တရုတ်ဗေဒင်ရော၊ တရုတ်ဆေး ဆရာရော၊ ဒဏ္ဍာရီတွေရော အကုန်လုံး ကျုပ်ထက် ပိုသိပါတယ်"

ဟု ပြောလေတော့၏။

ထို့နောက် ကျွန်ုပ်တို့အား ဆားပုလင်းနှင်းမောင်က တရုတ်ထမင်းဆိုင်ကြီး တစ်ဆိုင်တွင် ဒကာခံကာ ကျွေးမွေး ဧည့်ခံလေတော့၏။ ကျွန်ုပ်တို့လည်း မြိန်ရှက်စွာ စားသောက်ကြလေ၏။

ဦးကိုကိုကြီးကမူ. . . .

"ကျုပ်က တရုတ်နဲ့ မျက်နှာကြောမတည့်ပေမယ့် တရုတ်အစားအသောက်တော့ကြိုက်တယ်ဗျို့၊ အဲဒီအထဲမှာ အခေါက်ကင်ကို အကြိုက်ဆုံးပဲဗျို့"

ဟု ဆိုသဖြင့် ၎င်းအတွက် အခေါက်ကင်တစ်ပွဲ မှာပေးရပြန်လေ၏။

ထိုသို့ စားသောက်ပြီးနောက် ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းအား နှုတ်ဆက်ပြီးလျှင် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် စီအိုင်ဒီသို့ ပြန်လာခဲ့ကြလေ၏။ အထက်ပါ အဖြစ်အပျက်များ ဖြစ်သွားပြီး တစ်လခန့် ကြာသောအခါ၌ တရုတ်ပြည်တွင် ရောက်ရှိနေသော ကျွန်ုပ်တို့၏ စီအိုင်ဒီ မင်းကြီးဟောင်း ကာနယ်ဘားနက်သည် ဆားပုလင်းနှင်းမောင်အား တရုတ်ပြည်သို့ ခေတ္တပို့ လွှတ်ပေးရန် ပြည်ထဲရေးဌာနမှ တစ်ဆင့် တောင်းယူလိုက်လေတော့၏။

လာဘ်မိုးရွာစေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့် အဆက်ပြတ်ခဲ့ရလေတော့၏။ ထိုသို့ အဆက်ပြတ်ခဲ့ရစဉ် အတွင်း ရန်ကုန်မြို့၌ ပေါ်ပေါက်ခဲ့သော အမှုများ၌ ကျွန်ုပ်သည် နာမည်ကောင်းရသည် မရှိဘဲ မကြာခဏ ထုချေလွှာ တောင်းခံရခြင်း၊ မကြာခဏ ဆူပူကြိမ်းမောင်းခံရခြင်း စသည့် ဆုလာဘ်များသာလျှင် ရရှိလေတော့၏။

ထို့ကြောင့် ဦးကိုကိုကြီးက ကျွန်ုပ်အား. . . .

"ဒီမှာ ဦးအောင်သင်း၊ ခင်ဗျားလည်း တရုတ်စကားလေး ဘာလေး သင်ပြီး တရုတ်ပြည်ကို လိုက်သွားဗျာ၊ ဆားပုလင်းနှင်းမောင် မရှိဘဲ အင်းစိန်စီအိုင်ဒီမှာ ခင်ဗျားဆက်ပြီးနေရင်တော့ ခင်ဗျားအဖို့ နာဖို့ချည်းပဲ"

ဟု ပြောခဲ့လေ၏။

ကျွန်ုပ်နှင့် အမှုလိုက်ဖက် ဖြစ်ကြကုန်သော စုံထောက်ကိုအောင်မြင့်၊ကိုစိန်လှ၊ ကိုတင်ဝင်း၊ ဆရာစိန်တို့သာမက ပြာတာညိုကြီးကပင်လျှင် ကျွန်ုပ်အား ပမာမခန့် လှောင်ပြောင်နေပြီ ဖြစ်၏။

ဤသို့လျှင် မျက်နှာငယ်ငယ်နှင့် နေထိုင်လာခဲ့ရာ တစ်နှစ်ခွဲခန့် ကြာသောအခါ၌ ကျွန်ုပ်၏ ရုံးခန်းတယ်လီဖုန်းမှ ခေါင်းလောင်း မြည်သဖြင့် တယ်လီဖုန်းခွက်ကို ကောက်ယူကာ. . . .

"ဟယ်လို၊ အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် အိုင်ပီအောင်သင်းပါ"

ဟု ပြောလိုက်ရာ တစ်ဖက်မှ . . . .





"ကျုပ်ပါ အိုင်ပီရဲ့၊ နှင်းမောင်လေ. . ."

ဟု ပြောလိုက်သောကြောင့် ကျွန်ုပ် ရင်ထဲမှာ ကုလားဘုရားပွဲ လှည့်သကဲ့သို့ တဒိန်းဒိန်း တဗိုင်းဗိုင်း မြည်ဟည်းသွားလေတော့၏။

"ဝမ်းသာလိုက်တာ ကိုနှင်းမောင်ရယ်၊ ခင်ဗျား ဘာမှမပြောနဲ့တော့၊ ကျုပ်နဲ့ ဦးကိုကိုကြီး အခုပဲ လာခဲ့မယ်"

ဟုဆိုကာ ကျွန်ုပ်လည်း တယ်လီဖုန်း ကိုချ၍ ဦးကိုကိုကြီးကိုခေါ်ကာ ကျွန်ုပ်၏ မော်တော်ကားဖြင့် ဆားပုလင်းနှင်းမောင် နေထိုင်ရာ (၂၉၅)၊ ဘိုလိန်းလမ်း ဆီသို့ ထွက်လာခဲ့ကြလေတော့၏။

ထိုနေရာသို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်ရေခဲတောင်စီးကရက်ကိုခဲရင်း တရုတ်ပန်းချီကားတချို့ကို ကြ(၆)ရာစုလေ၏။ ၎င်း၏ နံဘေးထိုင်ခုံ၌မူ တရုတ်ဘိန်းစားဘွန်ဟော ခြေထောက်တစ်ဖက်ကို ခုံပေါ်၌တင်ကာ ဒူးခေါင်းတစ်ဖက်ကို လျက် ရွှေသွားတဝင်းဝင်းဖြင့် ထိုင်နေလေတော့၏။

ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်ကို တွေ့လျှင်တွေ့ချင်း

"ဘယ်လိုဖြစ်ပြီး အိုင်ဆေးက တရုတ်ပြည်ကို ရောက်သွားရတာတုံး"

ဟု မေးလိုက်လေ၏။

"ဦးကိုကိုကြီး မေ့သွားပြီ ထင်တယ်၊ IRIDIUM အီရီဒီယမ်သတ္တုကိစ္စလေဗျာ၊ မျက်နှာဖြူ မျက်နှာကြီးတွေက သူခိုးဈေးဖွင့်ပြီး

www.burmeseclassic.com



အရောင်းအဝယ်လုပ်နေကြတယ် မဟုတ်လားဗျ၊ အဲဒါကို ဇွတ်ဖမ်းတော့မယ်ဆိုတာသိလို့ သူတို့မျက်နှာဖြူအရာရှိချင်းတိုင်ပင်ပြီး ကျုပ်ကို တရုတ်ပြည် ပို့လိုက်တာဗျ၊ ကျုပ်ကလည်း အဲဒီကို ပို့လိမ့်မယ်လို့ တွက်ထားတာနဲ့ တရုတ်စာတွေ၊ တရုတ်ယဉ်ကျေးမှုတွေ သင်ထားလိုက်တော့ နေရာကျသွားတာပေါ့ဗျာ၊ ကျုပ်ကို တရုတ်ပြည်မှာအမှုလိုက်ဖို့ ရှိတယ်ဆိုပြီး ခေါ်တော့ ကျုပ်ကလည်း အဖော်တစ်ယောက် ခေါ်ခွင့်ပြုရင် လာခဲ့မယ်၊ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အလုပ်မှထွက်မယ်ဆိုပြီး အကျပ်ကိုင်လိုက်တော့ အဖော်ခေါ်ခွင့် ပြုရတော့တာပေါ့၊အဲဒါနဲ့ ကျုပ်လည်း ဟောဒီ ဘွန်ဟောင်းကို ကျုပ်နဲ့ ခေါ်ပြီးသွားရတော့တာပေါ့ဗျာ"

ဟု မြောက်ပုလင်းနှင်းမောင်က ပြောလေ၏။

"တရုတ်ပြည်ရောက်တော့ အမှုတွေ ဘာတွေ လိုက်ရသေးသလား ကိုနှင်းမောင်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . .

"လိုက်ရပါတယ်ဗျာ၊ အဲဒီအထဲမှာ မှတ်သားစရာကောင်းတဲ့ အမှုကြီးအမှုလည်း လိုက်ခဲ့ရပါတယ်၊ အဲဒီ အမှုကြီးကိုတော့ ဘွန်ဟောင်းက မှတ်တမ်းတင်ခဲ့တယ်၊ ကျုပ်က အမှုမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်၊ မှတ်တမ်းပုံတွေကိုတော့ (၁၆) ရာစုနှစ် တရုတ်ပန်းချီ ရေးဟန်နဲ့ ပုံပေါင်း ခြောက်ပုံပါတယ်၊





ဟောဒါတွေပဲ၊ တစ်ခုတော့ ပြောစရာရှိတယ်၊ အဲဒီပုံခြောက်ခုစလုံးမှာ ကျစ်ဆံမြီးကျစ်ထားတဲ့ တရုတ်ရယ်လို့ တစ်ယောက်မှတွေ့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ တချို့ဟာ ကျစ်ဆံမြီး ကျစ်ကြတုန်းပဲဗျ၊ ဘာဖြစ်လို့ ကျုပ်ရဲ့ပုံမှာ ကျစ်ဆံမြီးတွေ ထည့်မထားသလဲဆိုတော့ ကျုပ်ရေးဆွဲတဲ့ ပန်းချီဟန်က (၁၆) ရာစုနှစ်ဟန်ဗျ၊ (၁၆) ရာစုနှစ် ဆိုတာက 'မင်' မင်းဆက်နဲ့ 'တန်' မင်း ဆက်စပ်ကူးမပ် ကူးလောက်မှာရှိတယ်ဗျ၊အဲဒီအချိန်တုန်းက တရုတ်လူမျိုးတွေဟာ ကျစ်ဆံမြီးကျစ်လေ့ မရှိဘူးဗျ"

ဟု ဆားပုလင်းနှင်းမောင်က ရှင်းပြလေ၏။ ထိုအခါ ဦးကိုကိုကြီးက. . .

"ခင်ဗျားက ဘာဖြစ်လို့ ခုခေတ်ရေးဟန်နဲ့ မရေးဘဲ (၁၆)ရာစုနှစ် ရေးဟန်နဲ့ ရေးရတာတုံး"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်သည်. . .

"တစ်စုံတစ်ယောက်ကို ဂုဏ်ပြုချင်လို့ဗျ၊ အဲဒီပုဂ္ဂိုလ်က (၁၆) ရာစုနှစ်မှာ တရုတ်ပြည်မှာပေါ်ပေါက်ခဲ့တယ်၊သူဟာ ပြည်နယ်တစ်ခုရဲ့ တရားသူကြီးတစ်ယောက်ပဲ၊ တရားသူကြီး လုပ်ရင်းနဲ့ တရားခံမပေါ်တဲ့ အမှုတွေကို စုံစမ်းထောက်လှမ်း ဖော်ထုတ်ရတယ်၊ သူ့အမှုလိုက်ပုံ၊ အမှုဖော်ပုံဟာ ဆာအာသာကွန် နင်ဒွိုင်းရေးတဲ့ စုံထောက်ကြီး ရှားလော့ဟုမ်းထက် မညံ့ဘူးဗျ၊ ဒါပေမဲ့ ရှားလော့ဟုမ်းက စိတ်ကူးယဉ်ဇာတ်ကောင်၊ သူက တကယ်ရှိတာ၊ ဒါကြောင့် တရုတ်ပြည်ရဲ့ ခေတ်သစ် သမိုင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



တချို့က သူ့အကြောင်းကို မှတ်တမ်းတင်တဲ့အခါမှာ The Sherlock Holmes of the Tang Dynasty တန်ခေတ်လက်ထက် 'ရှားလော့ဟုမ်း' လို့တောင် မှတ်တမ်းတင်ကြတယ်ဗျ၊ သူ့နာမည် အရှည်ကတော့ တရားသူကြီး 'ဒီးဂျင်ဂျေး' ဖြစ်တယ်ဗျ၊ ဒါပေမဲ့ တရုတ်လူမျိုးတွေက ချစ်စနိုးအနေနဲ့ 'ဒီး' လို့ ခေါ်ကြတယ်ဗျ၊ သူ့အကြောင်းကို အပြည့်အစုံလောက် နီးနီး လေ့လာပြီးပြီ၊ အလွန်တော်တဲ့ ပုဂ္ဂိုလ်ကြီးပဲဗျ၊ သူဟာ ရှေးရာစုပေါင်းများစွာက စုံထောက်ကြီးတစ်ဦးပဲပေါ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"ကျုပ်တို့ ကိုနှင်းမောင်ကိုလည်း တရုတ်ပြည်မှာ သူ့အကြောင်းသိတဲ့ တရုတ်တွေက သူ့ကို ရှေးဟောင်းစုံထောက်ကြီး 'ဒီး'နဲ့ တွဲပြီး နှင်းမောင်ဒီးလို့ ချစ်စနိုး ခေါ်ကြတယ်ဗျ၊ ဟောဒီမှာ ကိုနှင်းမောင်လိုက်ခဲ့တဲ့ အမှုတွဲကြီးပဲ၊ ကျုပ်က အသေးစိတ် မှတ်တမ်းတင်ထားတယ်၊ အမှုဖြစ်ပွားတဲ့ နေရာဟာ မိန်းမလှကျွန်းလို့ ခေါ်တဲ့နေရာမှာ ဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကတော့ ဟောဒီ အမှုတွဲကြီးကို **'ဆားပုလင်းနှင်းမောင်နှင့် မိန်းမလှကျွန်း လူသတ်မှု'** လို့ နာမည်တပ်ထားတယ်"

ဟု ဆိုကာ ဘွန်ဟောင်းသည် ကျွန်ုပ်အား ဖိုင်တွဲကြီးကို ပေးလိုက်လေ၏။





ကျွန်ုပ်လည်း ဆေးတံအိုး၌ ဆေးဖြည့်ပြီးလျှင် ထိုဖိုင်တွဲကြီးအား အစမှအဆုံးတိုင် ဖတ်ရှုလေ့လာတော့၏။ ဘွန်ဟောင်းမှာ တရုတ်လူမျိုးဖြစ်သော်လည်း မြန်မာစာအရေးအသား ကျွမ်းကျင်သောကြောင့် ဝေါဟာရသုံးနှုန်းပုံ၊ ဝိဘတ်မှာ သမ္ဗန္ဓများ ထားသိုပုံ မှန်ကန်လှသည့်အပြင် အချို့နေရာများ၌ သဒ္ဒါနှင့် အနုပညာ လွန်ဆွဲရာတွင် အနုပညာဘက်ကို အသာပေး၍ ရေးသားထားသည်ကိုလည်း တွေ့ရလေ၏။

အကြောင်းအရာမှာလည်း ကျွန်ုပ်လိုက်ခဲ့ရသော အမှုများကဲ့သို့ မပြောပုဆိုးမဟုတ်ဘဲ အဝါတစ်ကန့်၊ အနီတစ်သွယ်၊ အပြာမယွင်း သူ့နေရာနှင့်သူ အကွက်ကျကျ စီမံထားသော ကြိုးကြီးချိတ် ပုဆိုးကဲ့သို့ ရှုမငြီးဖွယ်ရာ ဖြစ်သည်ကလည်း တစ်ကြောင်းကြောင့် ကျွန်ုပ်သည် တစ်ချက်တစ်ချက်၌ဆေးတံဖွာရန်ကိုပင် မေ့လျော့၍နေမိသောကြောင့် မကြာခဏ ဆေးတံမီးငြိမ်းရသည်ဖြစ်ရာ အလိုက်သိသော ဦးကိုကိုကြီးက မီးခြစ်ကို ခြစ်၍ ပေးရလေ၏။

မကြာခဏ မီးခြစ်ခြစ်ရသော ဦးကိုကိုကြီးသည် ကျွန်ုပ်အား

"အုန်းဆံကြိုး ခါးမှာပတ်ပြီး မီးတို့ထားဗျာ"

ဟုပင် ရယ်စရာ ပြောယူရသည့်တိုင်အောင် ဘွန်ဟောင်း၏ အရေးအသားက ညက်ညောလှပါပေ၏။ ဤအမှု၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် မုတ်ဆိတ်မွေးရှည်ကြီးထားရ၏။ တရုတ်အင်္ကျီပွကြီးကို ဝတ်ရ၏။ သူသည် တရုတ်ကြီးတစ်ဦး ဖြစ်သွား၏။

စုံထောက်မင်းကြီး မစ္စတာ ဘားနက်၏အမိန့်ဖြင့် တရုတ်ပြည် ချင်တာနယ်၏ တရားသူကြီး အဖြစ်လည်း လုပ်ကိုင်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းမလှကျွန်းဟု ခေါ်သော ပျော်ရွှင်ဖွယ်ကောင်းသည့် ကျွန်းကြီးတစ်ကျွန်းပေါ်သို့ ရောက်ရှိခဲ့ရ၏။ ညဏ်နီ ညဏ်နက်များသော လူဆိုးများ၊ လက်မရှိသော လူသတ်သမားများနှင့် တွေ့ခဲ့ရ၏။ ကြွေရုပ်လိုလှ၍ နဂါးမကဲ့သို့ အဆိပ်ပြင်းထန်သော မိန်းမချောများနှင့် တွေ့ခဲ့ရ၏။

ဤသည်ပင်. . . .

ဆားပုလင်းနှင့်မောင်နှင့် မိန်းမလှကျွန်းဝတ္ထုကြီး ဖြစ်ပေတော့သတည်း။

◆ ◆ ◆ ◆ ◆ ◆ ◆

ဆားပုလင်းနှင့်မောင်နှင့် မိန်းမလှကျွန်း

*တရုတ်ပြည်တွင် လိုက်ခဲ့သောအမှု ဖြစ်သည်။ ဤအမှုကို ဂျပ်လူမျိုး မောင်ဘွန်ဟောင်း မှတ်တမ်းတင်သည်။*

*မောင်ဘွန်ဟောင်း*

*တရုတ်တန်း(ချိုင်းနားတောင်း)*


*မြန်မာပြည်*

တစ်ဖက်တွင် ဖော်ပြထားသော မိန်းမလှကျွန်း မြေပုံကြီးတွင် အမှတ်အသား (၁၈) ခု ပါရှိလေ၏။ ထိုအမှတ် အသား (၁၈) ခုကို





ကြိုတင်၍ သိထားမှသာလျှင် အမှုသွား အမှုလာ အဖြစ်အပျက်တို့ အွင်းကွင်းကွက်ကွက်သဘောပေါက်မည် ဖြစ်သောကြောင့် ဤအမှုကြီးအ မှတ်တမ်းတင်သော တရုတ်လူမျိုး အမျိုးကောင်း သားသမီးဘွန်တော် မောင်ဘွန်ဟောင်းက မြေပုံအညွှန်း (၁၈) ခု၏ အနက်အဓိပ္ပာယ်ကို စုံလင်စွာ ဖော်ပြလိုက်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



၁။ မိန်းမလှကျွန်း၏ ပင်မခန်းမ ဆောင်ကြီး။
၂။ ကြက်သွေးရောင်ခန်းမ။
၃။ တော်ဝင်ပန်း၏စံအိမ်။
၄။ ပျော်ပွဲစားရုံ။
၅။ ရေချိုးအိမ်။
၆။ တာအိုဘုရားကျောင်း။
ကိုင်ယာဟုပို့ ညအိပ်ထမင်းဆိုင်။
လောင်းကစားသမားတို့ ပျော်ရွှင်ရာ။
၉။ ကြိုးကြာငှက်၏ အသိုက်ဘုံနန်း။
၁၀။ ဝိညာဉ်ပြောင်းတံတား။
၁၁။ ရွှေနသိဒ္ဓိနတ်ကွန်း။
၁၂။ ကျွန်းစောင့်စောင့်ကြီး 'ဖန်' ၏ နေအိမ်။
၁၃။ 'ဝင်း' ဆိုသူ၏ ရှေးဟောင်းပစ္စည်း ဆိုင်။
၁၄။ ပျော်စရာခန်းမ။
၁၅။ 'လင်း' ဆိုသော မိန်းမတစ်ဦး၏ နေအိမ်။
၁၆။ လူဆိုးကြီး ဂဏန်းလက်မ၏ ဂေဟာ။
၁၇။ ဆိပ်ခံတံတား။
၁၈။ မြေရိုင်းများ
ဟူ၍ အဓိကကျသော နေရာ (၁၈) ခု ရှိပေသည်။

(မောင်ဘွန်ဟောင်း)





တစ်နေ့သ၌ မိန်းမလှကျွန်းပေါ်ရှိ ခန်းမဆောင်ကြီးဆီသို့ လူနှစ်ယောက်သည် မြင်းကိုယ်စီနှင့် ရောက်ရှိလာလေ၏။ ထိုလူနှစ်ယောက် အနက် တစ်ယောက်မှာ အရပ်မြင့်မြင့်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရှည်ရှည်ရှိပြီး အရာရှိကြီးများသာ ဝတ်ဆင်လေ့ရှိသော အညိုရောင် ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထားလေ၏။

၎င်းနှင့်အတူ လိုက်ပါလာသူမှာ လွန်စွာ ကျုံလှီသူဖြစ်၏။ ထိုသူ၏ သွားများမှာလည်း ရှေ့သို့ ငေါထွက်နေလေ၏။ ထိုသွားတို့၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းသည်လည်း ရွှေသွားများ ဖြစ်ကြကုန်၏။ ကုတ်အင်္ကျီညို ဝတ်ထားသောသူသည် ခန်းမဆောင်၏ ဧည့်သည် လက်ခံရန် ကောင်တာ စားပွဲဆီသို့ လျှောက်သွားပြီးလျှင် စားပွဲပေါ်၌ လက်ကို တင်လိုက်ကာ ဧည့်သည်လက်ခံသော စာရေးအား. . .

"ကျုပ်တို့နှစ်ယောက် ဒီမှာ တည်းချင်တယ်"

ဟု အဓိပ္ပာယ်ရသော တရုတ် ဘာသာ. . .ဖြင့် ပီပီသသ ပြောလိုက်ရာ စာရေး၏ အနီးတွင် မတ်တတ်ရပ်နေသော ခန်းမပိုင်ရှင်က. . .

"သချိုင်းပွဲတော်ပြီးတဲ့ နောက်ပိုင်းမှာအထိ ကျွန်တော်များ ခန်းမမှာ နေရာ လွတ်မရှိအောင် တည်းခိုတဲ့ ဧည့်သည်များနဲ့ ပြည့်နေပါတယ်၊ အဲဒါကြောင့် အခုကြွရောက်လာတဲ့ ဧည့်သည်ကြီး နှစ်ဦးကိုလည်း တည်းခိုခွင့်မပေးနိုင်တာ ကျွန်တော်များ အနေနဲ့ စိတ်မကောင်းခြင်းများစွာ ဖြစ်မိပါတယ်"

ဟု ပြောရင်း ၎င်း၏ကြီးမားသော ခန္ဓာကိုယ်ကြီးကို အနည်းငယ် နေရာရွှေ့လိုက်လေ၏။ ထိုအခါ အရပ်မြင့်မြင့် ခရီးသည်က ပါးစပ်တစ်ခုလုံး ရွှေသွားများဖြင့် ပြည့်နေသည့် သူ၏အဖော်ဘက်သို့ လှည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဘွန်ဟောင်း၊ ငါဖြင့် မေ့နေလိုက်တာကွာ၊ ရှေးဦးကာလဆိုတာ သေဆုံးသွားကြပြီဖြစ်တဲ့ ငါတို့ရဲ့ အဘိုး အဘွားတွေကို ကန်တော့တဲ့လပဲ မဟုတ်လားကွာ၊ သူတို့ တည်းခိုခန်းမကြီးမှာက လူတွေပြည့်နေပါပြီတဲ့၊ ဒီတော့လည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ ခရီးဆက်ကြတာပေါ့ကွာ၊ ဒီတည်းခိုခန်းမကြီးကပါ လက်မခံဘူးဆိုရင်တော့ ငါတို့ကို လက်မခံတဲ့ တည်းခိုခန်းဟာ သုံးခုတောင် ရှိပြီကွ၊ ဘယ်နှယ့်လုပ်မလဲကွာ၊ လူပြည့်နေပြီဆိုတော့ ဟုတ်ပေတာပေါ့၊ ဒါနဲ့ နေစမ်းပါဦးကွ၊ ဒီအချိန်လောက်ကနေ မြင်းနဲ့သွားရင် ချင်ဝှာကို ဘယ်အချိန်လောက် ရောက်မလဲ မှန်းစမ်းပါဦး"

ဟု ပြောလိုက်လေ၏။

"မှန်းဖို့မလွယ်ဘူး ဆရာ၊ကျုပ်ကလည်း မြောက်ပိုင်းမှာ သိပ်ပြီးကျွမ်းကျင်တဲ့လူ မဟုတ်ဘူး၊ ပြီးတော့ ဟောဒီခရီးမှာ ချောင်းသုံးခုကို ဖြတ်ရမယ်ဆိုတာ ကျုပ် သိတယ်၊ မလွယ်ပါဘူး ဆရာရယ်"

ဟု ရွှေသွားနှင့်လူက ပြန်၍ပြောလိုက်လေ၏။

တည်းခိုခန်း စာရေးကြီးသည် ပျော်ကျနေသော ဖယောင်းစများကို လက်ဖြင့် လိုက်၍ ညှိပေးရင်း တည်းခိုခန်း ပိုင်ရှင်ဘက်သို့ လှည့်ကာ. . . .

"ကြက်သွေးရောင် ခန်းမမှာ လွတ်နေသားပဲ ဆရာရယ်၊ဟောဒီ ရွှေညော့်သည်ကြီးနှစ်ဦးကို အဲဒီမှာထားရင် ဖြစ်နိုင်တာပဲ"





ဟု ပြောလိုက်လေ၏။ ထိုစာရေးကြီး၏အသံမှာ မမှုတ်တတ် မှုတ်တတ်နှင့် မှုတ်လိုက်သော ပလွေသံကဲ့သို့ နားကလောဖွယ်ရာ ကောင်းလှ၏။ ပိုင်ရှင် လုပ်သူသည် အရပ်မြင့်မြင့်နှင့် ခရီးသည် ဘက်သို့ လှည့်ကာ. . .

"ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော်လည်း စာရေးကြီးပြောမှ သတိရတော့တယ်၊ တည်းခိုဖို့ကောင်းတဲ့ သီးသန့်အခန်းပါပဲ၊ အနောက်စူးစူးကို မျက်နှာမူထားတဲ့အခန်း ဖြစ်လေတော့ လေကလေး တဖြူးဖြူးနဲ့ပေါ့ဗျာ"

ဟု ပြောလိုက်ရာ အရပ်မြင့်မြင့် ခရီးသည်က. . . .

"လေမဖြူးရင်လည်း ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တို့နှစ်ယောက် ခရီးထွက်လာတာ မနေ့မနက်ကတည်းက နည်းနည်းကလေးမှကို မနားရသေးဘူး၊ ကဲ. . . ဘွန်ဟောင်းရေ မြင်းတွေပေါ်က တို့ပစ္စည်းတွေ သွားယူကွာ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းဆိုသူ ရွှေသွားပိုင်ရှင်လည်း အပြင်သို့ ထွက်သွားလေ၏။

ထိုအခါ တည်းခိုခန်း ပိုင်ရှင်က. . . .

"ခရီးသည်ကြီး ခင်ဗျား. . . ကျွန်တော်များရဲ့ တည်းခိုခန်းမှာ ထုံးစံကလေးတစ်ခုတော့ ရှိပါတယ်"

ဟု ပြောလိုက်လေ၏။

"အဲဒီထုံးစံကလေးတစ်ခု ဆိုတာက အခုလို ခဲရာခဲဆစ် အခန်းရှာပေးရတဲ့အတွက် ပိုက်ဆံ ပိုပေးရတဲ့ ထုံးစံကလေးလားဗျာ၊ အဲဒါဆိုရင်လည်း ကျုပ်တို့အနေနဲ့ ပေးဖို့ အဆင်သင့်ပါပဲ"

ဟု အရပ်မြင့်မြင့် ခရီးသည်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တည်းခိုခန်း ပိုင်ရှင်က. . . .

"မဟုတ်ရပါဘူး ခင်ဗျာ (စာရေးကြီးဘက်သို့ မျက်နှာလှည့်လိုက်ကာ) စာရေးကြီး ဧည့်စာရင်း ရေစစ္စရီစာအုပ် ပေးစမ်းပါ"

ဟု တောင်းလိုက်လေ၏။ စာရေးကြီးလည်း အံဆွဲအတွင်းမှ လွန်စွာထူထဲလှသောစာအုပ်ကြီးတစ်အုပ်ကို ထုတ်၍ ပိုင်ရှင်အား ပေးလိုက်လေ၏။ ပိုင်ရှင်သည် စာအုပ်ကြီးကိုလှန်ရင်း. . . .

"ကျွန်တော်များ တည်းခိုခန်းမမှာ တည်းခိုတဲ့ ဘယ်လိုဧည့်သည်မျိုးမဆို သူတို့ရဲ့ နာမည်၊ သူတို့ရဲ့ အလုပ်အကိုင်၊ သူတို့ရဲ့ ရာထူးဌာနန္တရနဲ့ သူတို့ရဲ့ ခရီးစဉ်ကို ဖော်ပြရေးသားရပါတယ်ဗျာ"

ဟု ဆိုကာ စာအုပ်ကိုဖွင့်၍ အရပ်ခပ်မြင့်မြင့် ခရီးသည်ဘက်သို့ ထုတ်ပေးလိုက်လေ၏။

ဧည့်သည်လည်း ၎င်းရေးရမည့် စာမျက်နှာထိပ်ရှိ စာတမ်းတစ်ခုကို အသံထွက်၍ ဖတ်လိုက်လေ၏။

"ဤနှစ်၏ ခုနစ်ကြိမ်မြောက် သာသောလပြည့်ဝန်းကြီး၏ နှစ်ဆယ့် ရှစ်ရက်မြောက်နေ့ မီးထွန်းချိန်"

အရပ်မြင့်မြင့် ခရီးသည်သည် အနီးရှိ ဝါးစုတ်တံကလေး တစ်ချောင်းကို နှိုက်ယူကာ ထိုစာတမ်းအောက်၌ အောက်ပါ အမိပ္ပာယ်ရသော တရုတ်စာများကို အာငွေ့ပေးကာ ရေးလိုက်လေ၏။

| | | |
|---|---|---|
| အမည် | = | ဆားပုလင်းနှင်းမောင် |
| အလုပ်အကိုင် | = | စုံထောက် |





| | | |
|---|---|---|
| ခရီးစဉ် | = | ဟိုယန်ပြည်နယ်သို့သွား၍ ရာဇဝတ် တရားသူကြီး တာဝန်ကိုလက်ခံရန်(သို့မဟုတ်) တရုတ်ပြည်ရှိ ကောင်းမြတ်သော တရုတ်ပြည်သူပြည်သားများအပေါ် နိုင်ငံထက် ကလူပြုနေသော လူဆိုးများအား ဖော်ထုတ်နှိမ်နင်းရန်။ |
| နေရပ်အပြည့်အစုံ | = | ၂၉၅၊ ဘိုးလိန်းလမ်း၊ကျောက်မြောင်း၊ရန်ကုန်၊ မြန်မာပြည်။ |

တည်းခိုခန်း ပိုင်ရှင်သည် ထိုစာကို ဖတ်ပြီးနောက် အလွန်ချိုသေလေးစားသော အမူအရာဖြင့် ခါးကိုညွတ်၍ အရိုအသေပေးပြီးလျှင် သူ၏စာအုပ်ကို ပေးလိုက်လေ၏။

ထိုသို့ ပေးလိုက်သောအခါ၌ စာအုပ်ကြီး၏ အဖုံးပေါ်မှ တရုတ်စာလုံးကြီးများကို တွေ့မြင် ဖတ်ရှုလိုက်ရလေတော့၏။ ထိုစာလုံးကြီးများအား 'မိန်းမလှကျွန်း' ဟု အမိပ္ပာယ်ရလေ၏။

ထိုအခါတည်းခိုခန်းပိုင်ရှင်က. . . .

"လူကြီးမင်းရဲ့နာမည်က ဆားပုလင်းနှင်းမောင်နော်"

ဟု မေးလိုက်လေ၏။

"ကျုပ်နာမည်က နှင်းမောင်ပါ၊ ဆားပုလင်း ဆိုတာက ကျုပ်ရဲ့ အလုပ်အကိုင်ကို ပြောတာ၊ အဲဒီ အလုပ်အကိုင်ဟာ ဘာနဲ့တူသလဲဆိုတော့ 'တန်' မင်းဆက်မှာ ထင်ရှားခဲ့တဲ့ တရားသူကြီး ဒီဂျင်ဂျေးကို ခင်ဗျား သိတယ်မဟုတ်လား"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီးကို ပြောတာလား၊ မသိဘဲ ရှိပါ့မလားဗျာ၊ ကျောင်းနေ
ကတည်းက သူ့အကြောင်းကို သင်ခဲ့ရတာပဲ"

ဟု တည်းခိုခန်း ပိုင်ရှင်က ပြန်၍ပြောလေ၏။ ထိုအချိန်၌ပင် ဘွန်
ဟောင်းသည် ပစ္စည်းများနှင့်အတူ ရောက်လာပြီးလျှင်. . . .

"ဒီမှာ မိတ်ဆွေကြီး၊ ဆားပုလင်းနှင်းမောင်ဆိုတာ မြန်မာ
ပြည်က ဒီးပဲ၊ တရုတ်လူမျိုးတိုင်း ဒီးကို သိသလို မြန်မာလူမျိုး
တိုင်း ဆားပုလင်းနှင်းမောင်ကို သိတယ်၊ မကြာခင် အချိန်
အတွင်းမှာပဲ တရုတ်လူမျိုးတွေလည်း ဆားပုလင်းနှင်းမောင်
ကို သိကုန်ကြမှာပါ"

ဟု ပြောလိုက်လေတော့၏။ ထိုအခါ တည်းခိုခန်းပိုင်ရှင်က. . . .

"ကောင်းပါပြီ ကောင်းပါပြီ၊ ကျုပ်ရဲ့ စာရေးကြီးက လူကြီးမင်း
တို့ကို နေရာလိုက်ပြပါလိမ့်မယ်"

ဟု ပြောလိုက်လေ၏။

စာရေးကြီးလည်း လက်ဆွဲမှန်အိမ်တစ်လုံးကို ဖြုတ်ယူပြီးလျှင်
ရှေ့မှသွား လေ၏။ ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းလည်း နောက်
မှ လိုက်ပါသွားလေ၏။သွားရာလမ်းတစ်လျှောက် တစ်ဘက်တစ်ချက်
တွင် အဆောင်များကို တွေ့ရလေ၏။ အဆောင်များ၏ တံခါးများမှာ
စက္ကူတံခါးများဖြစ်ရာ အတွင်းမှထွန်းထားသော မီးရောင်များကြောင့်
လရောင်ကဲ့သို့ လင်း၍နေလေ၏။

အဆောင်တိုင်း အဆောင်တိုင်းမှ ရယ်မောသံများ၊ မူးမူးရူးရူး
နှင့် အော်ဟစ်လိုက်သံများ၊ ဂီတသံများကို ကြားနေရလေ၏။ အပျော်





အမျိုးသားတို့သည် နေဝင်သည်နှင့် တစ်ပြိုင်နက် သောက်စားပျော်ပါးနေ
ကြတန်တူ၏။

"တယ်နေရာကျပါလား"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ စာရေးကြီးက. . . .

"အဆောင်တိုင်း၊ အခန်းတိုင်းမှာ လူပြည့်နေတာချည်းပဲ ခင်ဗျ၊
ထိုင်ခုံကလေးတစ်လုံး လွတ်နေတာတောင် မရှိဘူး"

ဟု သွက်လက်စွာ ဖြေလိုက်လေ၏။

ထို့နောက် အဆောင်နှစ်ခုကူးသော ဆောင်တော်ကူး လမ်းဆီ
သို့ ရောက်သွားလေ၏။ ဆောင်တော်ကူးလမ်း၏ အဝင်ဝသည်ကား
နန်းတော်တစ်ခု၏ အသွင်သဏ္ဌာန်အတိုင်း ရွှေပိန်းချထား၏။ အရောင်
အမျိုးမျိုးရှိသောမှန်များ တပ်ထားလေ၏။

"တည်းခိုခန်းသာ ဆိုတယ် နည်းနည်းကလေးတော့ ဆူတယ်
နော်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ စာရေးကြီးက. . . .

"မိန်းမလှကျွန်းမှာက ဂီတသံမကြားရတဲ့ကျွန်းရယ်လို့ မရှိပါ
ဘူး ခင်ဗျ၊ ပြီးတော့ ဒီကျွန်းမှာက မနက်စာကို နည်းနည်း
ကလေး နောက်ကျပြီး မွန်းလွဲမှာစားကြတယ် ခင်ဗျ၊ အဲဒီ
အချိန်မှာလည်း ဂီတသမားတွေက စားတဲ့သောက်တဲ့သူတွေကို
တီးမှုတ် ဖျော်ဖြေပေးပါတယ်၊ မနက်စာ နောက်ကျလေတော့
ညစာကလည်း အချိန်ရွှေ့ရတာပေါ့၊ ညစာကိုတော့ သန်းခေါင်
လောက်ကျမှ စားရပြန်တော့လည်း ညလယ်စာကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



တက်ကျမှ ကြိတ်ရတော့တာပေါ့ဗျာ၊ အဲဒီကျတော့လည်း ဂီတသမားတွေက ဖျော်ဖြေကြပြန်တာပဲ၊ ညလယ်စာကို အရှေ့တက်မှာ စားလိုက်ရတော့ မနက်အစောကြီးမှာ စားရမယ့် အချိုပွဲကိုလည်း နေမြင့်မှ စားရသောက်ရတော့တာပေါ့ ခင်ဗျာ၊ အဲဒီအခါမှာလည်း ဂီတသမားတွေက ဖျော်ဖြေကြပြန်တာပဲ၊ ဒါကြောင့် မိန်းမလှကျွန်းမှာ အိပ်ချိန်ရယ်လို့ မရှိဘူး ခင်ဗျ၊ အမြဲတမ်း နိုးကြားနေကြတယ်”

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

“ကျုပ်တို့ကိုတော့ အိပ်ခွင့်ပေးပါဗျာ၊ ကျုပ်တို့ မနိုးကြားချင်ဘူး၊ ကျုပ်တို့ နှစ်ယောက်စလုံး ခရီးပန်းလာကြတယ်၊ ပြီးတော့ ခရီးရှည်လည်း ဆက်ကြရဦးမှာ၊ အဲဒီတော့ ကျုပ်တို့ အခုအိပ်ရမယ့် အခန်းကတော့ တိတ်တိတ်ဆိတ်ဆိတ် ရှိပါတယ်နော်”

ဟု ပြောလိုက်ရာ စာရေးကြီးက. . . .

“တိတ်ဆိတ်ပါပေ့ ခင်ဗျာ၊ ဟောဒီ ဆောင်တော်ကူး အခန်းကြီးရဲ့ ဟိုဘက်ထိပ်မှာ သီးသန့်အခန်းကြီး ခင်ဗျ၊ တိတ်လိုက်တာမှ အပ်ကျသံတောင် မကြားရစေပါဘူး”

ဟု ပြောဆိုကာ ရှေ့မှ လျှောက်သွားလေ၏။ ဆားပုလင်းနှင်းမောင်တို့လည်း နောက်မှလိုက်ကြရလေတော့၏။ လှေကားတစ်ခုကို တက်ရလေ၏။ ထို့နောက် ဝရန်တာအတိုင်း လျှောက်ကြရ၏။





ထိုသို့ လျှောက်သွားရာတွင် မလှမ်းမကမ်းမှ ကာရံထားသော အုတ်တံတိုင်းကို တွေ့ရ၏။ ထိုအုတ်တံတိုင်းအတွင်းဘက်၌ စိုက်ပျိုးထားသော သစ်ပင်ပုပုကလေးများနှင့် ပန်းပင်မျိုးစုံကို တွေ့ရလေ၏။

ထို့ပြင် လှလှပပ ပြုလုပ်ထားသော ရွှေငါး၊ ငွေငါး ကန်များကိုလည်း အပေါ်စီးမှ တွေ့မြင်ရလေ၏။ ဤသို့နှင့်ပင် ၎င်းတို့သည် ဆောင်တော်ကူး လမ်းဆုံးဆီသို့ ရောက်ရှိခဲ့ကြလေ၏။ ထိုလမ်းဆုံးထိပ်တွင်ရှိသော အလွန်လေးလံသည့် တံခါးကြီးအား စာရေးကြီးက တွန်း၍ ဖွင့်လိုက်လေ၏။ ထိုတံခါးကြီးမှာ သစ်သားတံခါးကြီးဖြစ်ပြီး လွန်စွာ လက်ရာမြောက်သော ပန်းပုဆရာတစ်ဦး၏ အနုစိပ်လက်ရာများကို ထိုတံခါးကြီး၌ တွေ့နိုင်လေ၏။ စာရေးကြီးသည် တံခါးကိုဖွင့်ပြီးနောက် မှန်အိမ်ကိုမြှောက်၍ အခန်းကို ပြလိုက်လေ၏။

အခန်း၏လေးဘက်လေးတန်တွင် ယွန်းပြားကြီးများ ကပ်ထားလေ၏။ ထိုယွန်းပြားများအပေါ်တွင်ကား ရွှေရေးအရုပ်များ ပါရှိလေ၏။ စာရေးကြီးသည် အခန်းတွင်းသို့ဝင်၍ ပြတင်းပေါက် တံခါးများကို ဖွင့်လိုက်ကာ. . . .

“မိတ်ဆွေကြီးကတော့ ကံကို ကောင်းပါတယ်ဗျာ၊ တကယ့် နေရာကောင်းမှာကို တည်းခိုခွင့်ရတော့တာပဲ၊ ဟောဒီပြတင်းပေါက်က ကြည့်လိုက်ရင် မိန်းမလှကျွန်းရဲ့ ရှုခင်းအလှကို တွေ့မြင် ခံစားနိုင်ပါတယ်”

ဟု ပြောလိုက်လေ၏။

“ဘာကိုမှ မတွေ့ချင်ပါဘူး စာရေးကြီးရယ်၊ စောစောအိပ်ရရင် ကျေးဇူးတင်တာပါပဲ”

ဟု ဘွန်ဟောင်းက ဝင်၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စာရေးကြီးသည် ထိုအခန်းနှင့်ကပ်လျက် အခန်းကို ပြလိုသေးသဖြင့် လှပခမ်းနားသော လိုက်ကာကြီးကို ကြိုး၏ အကူအညီဖြင့် ဆွဲတင်လိုက်လေ၏။

"ကြည့်တော်မူပါ ခင်ဗျာ၊ ဟောဒီမှာလည်း အခန်းတစ်ခု ရှိပါသေးတယ်"

ဟု စာရေးကြီးက ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုအခန်းတွင်းသို့ ဝင်သွားလေ၏။ ထို့နောက် အခန်းကို လှည့်ပတ်ကြည့်ရှုလိုက်လေ၏။ အခန်း၏ အလယ်တွင် ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော စားပွဲအဝိုင်းကြီးတစ်လုံး ရှိလေ၏။ ထိုစားပွဲဝိုင်းကြီးတွင် ကုလားထိုင်လေးလုံး ဝိုင်းပတ်ထားလေ၏။ ထိုကုလားထိုင်တို့မှာ ကရမက်သားဖြင့် ပြုလုပ်ထားကြောင်းကိုလည်း စာရေးကြီးက ရှင်းပြလေ၏။ ထိုအခန်း၏ နံရံ၌မူ အမျိုးအမည် ထွေပြားသော ငှက်အမျိုးမျိုး၏ပုံကို ရေးဆွဲထားလေ၏။ ထိုအခန်းတစ်ခုလုံး၏ ကြမ်းပြင်၌မူ ကြက်သွေးရောင်ကော်ဇောကြီး ခင်းထားလေ၏။ ဆားပုလင်းနှင်းမောင်က စာရေးကြီး၏ပခုံးကို လက်ဖြင့်လှမ်း၍ပုတ်ရင်း

"ဟောဒီအခန်းကို ကြက်သွေးရောင် ခန်းမလို့ ခေါ်သင့်တယ်ဗျ၊ ခင်းထားတဲ့ ကော်ဇောကြီးကဖြင့် မျက်စိကျိန်းအောင် နီရဲလှပါတယ်ဗျာ"

ဟု ပြောလိုက်လေ၏။

"ဒီကော်ဇောကြီးဟာ ဟောဒီအဆောက်အအုံကြီး စပြီး ဆောက်ကတည်းက ခင်းထားတာဗျ၊ နှစ်ပေါင်း ရှစ်ဆယ်ကျော်ပြီ ဆိုပါတော့"

ဟု ပြောလိုက်လေ၏။





ထိုသို့ ပြောပြီးနောက် စာရေးကြီးသည် တံခါးတစ်ခုကို ဖွင့်လိုက်ပြန်ရာ ကြက်သွေးရောင်ဖဲစကြီး ဖုံးအုပ်ထားသော တစ်ယောက်အိပ် ခုတင်တစ်လုံးကို တွေ့ရလေ၏။

"လုံလောက်ပါပြီ စာရေးကြီးရယ်၊ ကျန်တာတွေကိုတော့ ကျုပ်တို့ဘာသာ ကျုပ်တို့ပဲ လျှောက်ပြီးကြည့်ပါ့မယ်၊ ဒါနဲ့ နေစမ်းပါဦး စာရေးကြီးရဲ့၊ ခင်ဗျားတို့ မိန်းမလှကျွန်းမှာက သူခိုးပေါတယ် ထင်တယ်"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"သူခိုး မရှိပါဘူး ခင်ဗျ၊ ဘာဖြစ်လို့ မေးတာလဲ"

ဟု စာရေးကြီးက ပြန်၍ မေးလိုက်လေ၏။

"အခြားမဟုတ်ပါဘူး စာရေးကြီးရယ်၊ ဟောဒီ တံခါးလေးဟာ အတွင်းဘက်ကတံခါး ဖြစ်ပါလျက် ရိုးရိုးကန့်လန့် မသုံးဘဲ သော့ခတ်ထားတာ တွေ့လို့ပါ၊ ပြီးတော့ ဟောဒီသော့ကလည်း ဟိုဘက်ကရော ဒီဘက်ကရော ဖွင့်လို့ရအောင် စီမံထားပါလား"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ထိုအခါ စာရေးကြီးက ထိတ်ထိတ်ပျာပျာ အမူအရာဖြင့် . . .

"မဟုတ်ပါဘူး ခင်ဗျာ၊ ဒီမှာတည်းတဲ့ လူတွေက များသောအားဖြင့် လုံလုံခြုံခြုံနဲ့ တသီးတခြား တည်းချင်ကြတာ မဟုတ်လား၊ အရေးထဲမှာ တစ်နေ့ကပဲ တံခါးက ကန့်လန့်လေးတက် ကျိုးသွားတယ် ခင်ဗျာ၊ အဲဒါကြောင့် ဟောဒီသော့ကလေးဆီ လာပြီး တပ်ထားရတာပါ၊ ဩော် . . . ဒါထက် ကျွန်တော် သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါပြီလား၊ ကျွန်တော်သွားရင် လူကြီးမင်းအတွက် မိန်းကလေးတစ်ယောက်ကို လက်ဖက်ရည် ပို့ခိုင်းလိုက်ပါမယ်၊ လူကြီးမင်း ဝရန်တာက ထိုင်ခုံမှာ သောက်လိုပါသလား၊ ဟိုဘက်ခန်းက စားပွဲဝိုင်းမှာ သောက်လိုပါသလား"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က. . . .

"ရပါတယ်၊ ပို့ချင်တဲ့ နေရာကို ပို့လိုက်ပါ"

ဟု ပြောလိုက်စဉ်၌ပင် စာရေးကြီး သည် ခါးကိုညွတ်၍ လက်ဆွဲမီးအိမ်ကလေးကိုကိုင်ကာ လျှောက်သွားလေတော့၏။

ထိုအခါ၌ ဘွန်ဟောင်းသည် အိတ်ကြီးတစ်အိတ်ကို ဖွင့်ပြီးလျှင် ဆားပုလင်းနှင်းမောင်ဝတ်ဆင်ရန် အကျႌရှည်ကြီးတစ်ထည်ကို ထုတ်ပေးလိုက်၏။ ဆားပုလင်းနှင်းမောင်လည်း ထိုအကျႌကို ထပ်၍ဝတ်ရင်း. . .

"လူချင်း ခွဲအိပ်မှ ဖြစ်လိမ့်မယ် ထင်တယ်၊ ဒီတစ်ညတော့ ကိုယ့်လူ ဒုက္ခခံပေဦးပေါ့"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"ကိုနှင်းမောင်ရယ်၊ ဒီဒုက္ခတွေခံချင်လို့ ခင်ဗျားနဲ့ လိုက်ခဲ့တာပဲ၊ ကျုပ်တော့ တစ်ညလုံး မအိပ်ဘူး၊ ဟောဒီခန်းမကြီးတစ်ခုလုံး လျှောက်ပတ်နေမယ်"

ဟု ပြောလိုက်လေ၏။

"သိပ်လည်းမပတ်နဲ့ ကိုယ့်လူရ၊ ဒီကျွန်းမှာက ကျူသီးဝိုင်းနဲ့ မိန်းမချော မိန်းမလှတွေက တယ်ပြီး ပေါတာကလား

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။





"ခင်ဗျားက ကျုပ်ကို ဦးရှင်ကြီး ဇာတ်ထုပ်ထဲကလို မိန်းမလှကျွန်းမှာ မိန်းမလှတွေဆွဲလို့ လှေပေါ်က ပစ်ချထားခဲ့ရမယ်လို့ အောက်မေ့လို့လား"

ဟု ဘွန်ဟောင်းက ပြောဆို၍ ရယ်မောလေ၏။

"ဒီလို မဟုတ်ပါဘူး ကိုယ့်လူရာ၊ ကျုပ် ကြားထားတာက ကိုယ့်လူရဲ့ ဦးလေးတစ်ယောက်ဆီက တစ်တောင်လောက်ရှိတဲ့ ရွှေချောင်းကြီး နှစ်ချောင်း အမွေရထားတယ် ဆိုလို့ပါ၊ အဲ့ဒီရွှေချောင်းကြီး နှစ်ချောင်းဟာ မိန်းမလှကျွန်းမှာ တစ်ညတည်းနဲ့ ကုန်သွားနိုင်တယ်နော်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ရွှေချောင်းကြီး နှစ်ချောင်း မဟုတ်ပါဘူးဗျာ၊ ရွှေကလေး နည်းနည်းပါးပါး အမွေရလိုက်ပါတယ်၊ အဲဒါလေးကို မျက်စောင်းထိုးလို့ မဖြစ်ဘူးဗျ၊ အသက် ကြီးလာရင် ရန်ကုန်တစ်ဘက်ကမ်း ဒလ၊ ပျော်ဘွယ်ကြီးဘက်မှာ မြေကလေးတစ်ကွက်နဲ့ အိမ်ကလေးတစ်လုံး ဝယ်မယ်ဗျာ၊ ပြီးတော့ အသက်ကြီးလာရင် ဘာမှမလုပ်ဘဲ ထိုင်နေလို့ မဖြစ်ဘူး၊ လှေကလေးတစ်စီးလည်း ဝယ်ပြီး ချောင်းကြို ချောင်းကြားမှာ ဖားနဲ့ ငါးရှာစားမယ် စိတ်ကူးတာပဲ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ဘယ့်နှယ်ဗျာ၊ အသက်ကြီးမှ အကုသိုလ်အလုပ် လုပ်ဦးမလို့လား၊ သူများတွေများ အကုသိုလ်အလုပ် လုပ်လာခဲ့ပေမဲ့ အသက်ကြီးလာရင် အဲဒါတွေကို ရပ်ပစ်လိုက်တယ်လို့ ကြားဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူကတော့ တစ်မျိုးပါလား၊ ငယ်ငယ်က အကုသိုလ် အလုပ် မလုပ်ဘဲ အသက်ကြီးမှ လုပ်မလို့လား"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"ကိုနှင်းမောင်ရယ်. . . အကုသိုလ်အလုပ်ဆိုတာ ဘယ်အချိန် လုပ်လုပ် ငရဲကြီးတာချင်း အတူတူပါပဲဗျာ၊ ကဲ. . . . ခင်ဗျား လည်း နားပေဦး၊ ကျုပ်လည်း ပတ်လိုက်ဦးမယ်"

ဟု ဆိုကာ ဘွန်ဟောင်းလည်း ထွက်သွားလေ၏။

ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်စီးကရက်ထုတ်၍ မီးညှိဖွာရင်း. . .

"ဒီမှာ ကိုဘွန်ဟောင်း. . . ကျုပ်တို့ မြင်းနဲ့ဖြတ်ပြီး ဝင်လာခဲ့တဲ့ တံတားမှာ ထွင်းထားတဲ့စာကို ကိုယ့်လူ တွေ့တယ် မဟုတ် လား"

ဟု လှမ်း၍ မေးလိုက်လေ၏။

"တွေ့တော့ တွေ့တယ်၊ အဲဒါ တံတားရဲ့ နာမည်ပဲ၊ ကျုပ်ဖြင့် မေ့သွားပါပြီ၊ ဘာတဲ့တုံး"

ဟု ဘွန်ဟောင်းက ပြန်၍မေးလိုက်လေ၏။

"တံတားရဲ့ နာမည်က ဝိညာဉ်ပြောင်းတံတားတဲ့၊ မိန်းမလှ ကျွန်းက မိန်းမလှတွေက ကိုယ့်လူရဲ့ မနောဝိညာဉ်ကို ပြောင်း ပစ်လိုက်ဦးမယ်၊ သတိထားပြီး သွားဦး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"အမျိုးသားကောင်း မောင်ဘွန်ဟောင်းပါ ခင်ဗျာ"

ဟု ပြောဆိုရယ်မော၍ ထွက်သွားလေ၏။





ထိုအချိန်၌မှာပင်လက်ဖက်ရည်ဘန်းကိုကိုင်၍ ကန့်ကလျန့်နိုင် လှသော မိန်းကလေးတစ်ဦးသည် ဆားပုလင်းနှင်းမောင်ထံသို့ ဝင်လာ လေ၏။ ဘွန်ဟောင်းနှင့် ဆုံစည်းသောအခါ၌ မျက်လုံးကိုပင့်၍ အကဲ ခတ်လိုက်လေ၏။

ထိုမိန်းကလေးသည် ဆားပုလင်းနှင်းမောင် အနီးသို့ ရောက် သောအခါ၌. . . .

"လက်ဖက်ရည်ကို ဘယ်မှာ သုံးဆောင်လိုပါသလဲရှင်"

ဟု မေးလိုက်လေသည်။

"ဝရန်တာက ခုံပေါ်မှာပဲထားခဲ့ မိန်းကလေး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မိန်းကလေးသည် ဝရန်တာရှိ ခုံပေါ်တွင် လက်ဖက်ရည်ဘန်းကို တင်လိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက် တိုကို လွှင့်ပစ်ပြီးနောက်

"ထမင်းတစ်ပွဲလည်း ယူခဲ့ကွယ်"

ဟု ပြောလိုက်ရာ မိန်းကလေးသည်. . . .

"ကောင်းပါပြီရှင်"

ဟုဆိုကာ ထွက်သွားလေတော့သည်။ မိန်းကလေး ထွက်သွားသော အခါ၌ ဆားပုလင်းနှင်းမောင်သည် လက်ဖက်ရည်ကို ယူ၍သောက်ရင်း အနီးရှိ ဝါးယင်းလိပ်တစ်ခုအား အောက်သို့ လျှောချလိုက်လေ၏။

ထို့နောက် ပြီးခဲ့သော တစ်နှစ်ခန့်က နတ်ကွန်းကြီး တစ်ခု အတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် ပတ်သက်၍ စုံထောက်မင်းကြီး ဟောင်း (ယခု တရုတ်ပြည်၏ ပုလိပ်မင်းကြီး) မစ္စတာဘားနက် ပြော လိုက်သော စကားများကို ပြန်လည်၍ စဉ်းစားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ၌မှာပင် လက်ဖက်ရည်ယူလာသော မိန်းကလေးသည် ဝက်သားပေါင်းတစ်ပွဲ၊ ဟင်းချိုတစ်ပန်းကန်နှင့် ထမင်း ယူလာလေ၏။ ဆားပုလင်းနှင်းမောင်လည်း ဝရန်တာရှိ ခုံရှည်ပေါ်တွင် ထိုင်ကာ ထမင်းစားလိုက်လေ၏။ ထမင်းစားပြီးသောအခါ၌ 'ရေခဲတောင်' တံဆိပ် စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း အိပ်မည်ဟု ဆုံးဖြတ်ကာ ခုတင်ရှိရာသို့ မသွားတော့ဘဲ ခုံရှည်ပေါ်၌ပင် ခြေကိုဆင်း၍ နံရံ၌ ကျောကိုမှီလိုက်လေ၏။ ထို့နောက် အခန်းများကို မသက်သာဖြင့် မအိပ်မီ နည်းနည်းပါးပါး ကြည့်လိုက်ဦးမှပဲဟု သဘောရကာ ဟိုသည် လှည့်လည် ကြည့်ရှုလိုက်လေ၏။ သို့ရာတွင် မည်သို့မျှ ထူးခြားချက် မတွေ့သောကြောင့် ခုံတန်းရှည်ဆီသို့ ပြန်၍လျှောက်လာ၏။ ထိုသို့ ပြန်လာရာတွင် သစ်သီးများပုပ်သည့်အခါ၌ရသော အနံ့နှင့် အလွန်တူသည့် ပုပ်အဲ့အဲ့ အနံ့ကိုမူ ရှူရှိုက်မိလေ၏။

ဆားပုလင်းနှင်းမောင်သည် ဝရန် တာမှနေ၍ အောက်ဘက်သို့ ငုံ့၍ကြည့်လိုက်ရာ ဝက်သစ်ချပင် ပုပုကလေးများနှင့် သရက်ပင် ပုပုကလေးများကို အပေါ်စီးမှနေ၍ တွေ့မြင်ရလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် သရက်ပင်တစ်ပင်ကို သေချာစွာ ကြည့်ရှုလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုသရက်ပင်သည် အခြားသော အပင်များထက် မြင့်မားပြီးလျှင် ဝရန်တာပေါ်သို့ပင် ကျော်လွန်နေ၏။

ထိုအပင်၏ သရက်ကိုင်း တစ်ကိုင်းမှာမူ သရက်သီးများသည် အပြွတ်လိုက်၊ အခိုင်လိုက် သီးနေပြီးလျှင် ဝရန်တာ တစ်ဖက်စွန်းပေါ်သို့ပင် အရွက်များရော အသီးများပါလာ၍ တင်နေသောကြောင့် ဖြစ်၏။





ဆားပုလင်းနှင်းမောင်သည် ထိုသရက်ပင်ကို ဂရုတစိုက် ကြည့်ရှုလာရာ ဝရန်တာပေါ်သို့ ရောက်နေသော သရက်ကိုင်းမှ သရက်ရွက်များနှင့် သရက်သီးများ အောက်ဘက်တွင် ဖြူဖွေးသော ခြေထောက်ကလေး နှစ်ချောင်းကို တွေ့မြင်သွားလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"ဒီမှာ မိန်းကလေး ရှေ့ကိုထွက်ခဲ့ပါ"

ဟု ပြောလိုက်ရာ သရက်ကိုင်း၏ နောက်ကွယ်မှ မိန်းကလေးတစ်ဦးသည် ရှေ့သို့ ထွက်လာလေ၏။ ထိုမိန်းကလေးကား ရင်ချီ၏။ ခါးသေး၏။ ခွင့်ကားသော တင်ရှိ၏။ ပေါင်တံတို့သည် ရှည်၍သွယ်၏။ နက်မှောင်သော သူ၏ဆံပင်ရှည်ကြီးကို ဖြန့်၍ချထား၏။ သူ၏ ကိုယ်ပေါ်၌မူ ရေအနည်းငယ်စိုနေသော ဇာဝတ်ရုံကြီးကို ဝတ်ထား၏။

ထို့ကြောင့် သူ၏ တစ်ကိုယ်လုံးကို မမြင်ချင်အဆုံး ရှိလေတော့၏၊ သူ၏ လက်ထဲတွင် လက်ကိုင်ကိုင်းပါသော လေးထောင့် သေတ္တာကလေးတစ်လုံး ပါ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသေတ္တာကလေးများကို မြင်ဖူးပေါင်းများပြီဖြစ်၍သိနေ၏။ တရုတ်မကလေးများ ရေချိုးခန်း၌ ကိုင်လေ့ရှိသည့် သေတ္တာကလေးမျိုး ဖြစ်၏။ ထိုသေတ္တာကလေးထဲတွင် သွားတိုက်ဆေးဘူး၊ သွားပွတ်တံ၊ ကိုယ်တိုက်ဆပ်ပြာ၊ ချေးတွန်းခဲ ရေမြှုပ်၊ ဘီး၊ မှန်နှင့် ခေါင်းလျှော်ရည်တို့ ပါ၏။

ထိုမိန်းကလေးသည် ဆားပုလင်းနှင်းမောင် အနီးသို့ ဣန္ဒြေရရ လျှောက်လာလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုမိန်းကလေး၏ မျက်နှာကို အလင်းရောင်၌ သေချာစွာ ကြည့်လိုက်ပြီးလျှင်. . . .



www.burmeseclassic.com

www.burmeseclassic.com



"တရုတ်ပြည် ရောက်ပြီးမှ တွေ့ဖူးသမျှ တရုတ်မ ချောချော တွေထဲမှာ မင်းဟာ အချောဆုံးပဲ၊မင်း ဘာဖြစ်လို့ ငါ့ကို ချောင်း ကြည့်နေရတာတုံး"

ဟုပြော၍ စီးကရက်တိုကို ကြမ်းပြင် ပေါ်သို့ချကာ ဖိနပ်ဖြင့် နင်းချေ လိုက်လေ၏။

ထိုအခါ တရုတ်မလေးက. . . .

"ရှင် လူမှားနေပြီ ထင်တယ်၊ ကျွန်မ ဘယ်သူ့ကိုမှ ချောင်းမ ကြည့်ဘူး၊ ချောင်းကြည့်တဲ့ အလုပ်လည်း ဝါသနာ မပါဘူး၊ ကျွန်မကိုသာ သူများက ချောင်းကြည့်ကြတာ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒီအခန်းဟာ ငါ့ရဲ့ သီးသန့်အခန်းကွ၊ ဒီနေရာကို မင်း ဘယ် လိုလုပ်ပြီး ရောက်နေတာတုံး၊ ဘာကိစ္စနဲ့ ရောက်နေတာတုံး"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟောဒီ မိန်းမလှကျွန်းမှာ ကျွန်မသွားခွင့်မရှိတဲ့ နေရာရယ်လို့ ဘယ်နေရာမှ မရှိဘူး၊ ဘယ်လိုသီးသန့်နေရာမျိုးပဲ ဖြစ်ဖြစ် ကျွန်မသွားလိုက သွားလို့ရတယ်"

ဟု အသံမာမာဖြင့် ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"နေစမ်းပါဦး မိန်းကလေးရဲ့၊ မင်းက ဘယ်သူများတုံး"

ဟု မေးလိုက်လေ၏။

"ကျွန်မ မိန်းမလှကျွန်းရဲ့ တော်ဝင် ပန်းပွင့်ကလေး တစ်ပွင့် ပေါ့"





ဟု တရုတ်မကလေးက ပြန်၍ ဖြေလိုက်လေ၏။ ဆားပုလင်းနှင်းမောင် သည် ကောင်းစွာ သဘောပေါက်သွားလေ၏။

တရုတ်ပြည်တွင် ဒေသအလိုက်၊ နယ်အလိုက် နှစ်စဉ်နှစ်တိုင်း မိန်းမလှ၊ မိန်းမချောပြိုင်ပွဲ ရှိလေ၏။ထိုဒေသဆိုင်ရာ အုပ်ချုပ်သူ အကြီး အကဲများနှင့် မျက်နှာကြီးများက ဆုံးဖြတ်ကာ အလှဆုံး၊ အချောဆုံး မိန်းမလှများကို တော်ဝင်ပန်းဟူသောဘွဲ့ အပ်နှင်းလေ၏။

တော်ဝင်ပန်းဘွဲ့ရသော မိန်းမတစ်ဦးအဖို့ အုပ်ချုပ်ရေးပိုင်း၌ ခင်ဆုံသည့်အပြင် နေရာတကာတိုင်း၌ တံခါးမရှိ ဓားမရှိ လွတ်လွတ် လပ်လပ် သွားခွင့်ရလေတော့၏။

ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက် တစ်လိပ်ကို မီးညှိရှိုက်ဖွာပြီးလျှင် တော်ဝင်ပန်းဘွဲ့ရ မိန်းကလေးအား

"ငါ့အတွက် ကံကောင်းတာလား၊ ကံဆိုးတာလားတော့ မပြော တတ်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ မိန်းမလှကျွန်းရဲ့ အလှဆုံး မိန်းမလှတစ်ဦးကို တွေ့ခွင့်ရတာတော့ ကံကောင်းတယ်လို့ ယူဆရမှာပဲ၊ ဒါပေမဲ့ ငါက ဝါသနာ မပါဘူးကွယ့်"

ဟု ပြောလိုက်လေ၏။

"ရှင်ဝါသနာပါအောင်လို့ ရှင့်ဆီကို လာတာ မဟုတ်ဘူး၊ ကျွန်မ ရေချိုးအိမ်က ပြန်လာတာ၊ ဟောဒီဝရန်တာဟာ ကျွန်မ နေရာ ကို သွားဖို့ ဖြတ်လမ်းအကျဆုံးပဲ၊ အဲဒါကြောင့် ဒီက ဖြတ်လာ တာ"

ဟု တရုတ်မကလေးက ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. . . .



www.burmeseclassic.com

www.burmeseclassic.com



"ဝရန်တာရဲ့ အစွန်မှာ ဒီအပေါ်ကို တက်လာဖို့ လှေကားရှိတယ်ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ အဲဒီလှေကားထိပ်က တံခါးက သော့ပိတ်ထားမယ် ထင်နေတာ"

ဟု ပြောလိုက်လေ၏။

တရုတ်မကလေးသည် သော့တွဲကလေးတစ်တွဲကို လှုပ်ပြလိုက်လေ၏။ ထို့နောက် ရေချိုးသေတ္တာကလေးကို အောက်သို့ ချလိုက်လေ၏။ ပြီးလျှင်. . . .

"တံခါးတိုင်းကို ဖွင့်လို့ရတယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ရယ်မောလိုက်လေ၏။ ထိုရယ်သံနှင့်အတူ 'ချက်'ခနဲ အသံတစ်သံသည် အိပ်ခန်းဘက်ဆီမှ ကြားလိုက်ရသဖြင့်. . . .

"ရှင့်ကို ပေးထားတဲ့ ကြက်သွေး ရောင်အိပ်ခန်းထဲမှာ ဘယ်သူရှိသလဲ"

ဟု တရုတ်မကလေးက မေးလိုက်လေ၏။

"ဘယ်သူမှ မရှိဘူး"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလိုက်ရာ ထိုမိန်းကလေးက. . .

"ကျွန်မနဲ့ ပတ်သက်ပြီး ရှင်ဘာပြောချင်သေးသလဲ၊ ရှင် ဘာမှ ပြောစရာမရှိရင် ကျွန်မ သွားမယ်၊ ကျွန်မကို တစ်ဖက်သတ်မေတ္တာရှိနေတဲ့ သူဌေးတစ်ယောက်က ဒီည ညစာကျွေးပါရစေဆိုပြီး စောင့်နေရှာတယ်"

ဟု ပြောရင်း ညှို့ဓာတ်ပါသော မျက်လုံးဖြင့် ဆားပုလင်းနှင်းမောင်အား ကြည့်လိုက်လေ၏။





"ဒီလိုဆိုလည်း မြန်မြန်သွားပြီး အဝတ်အစားလဲပေတော့၊ ကြာရင် အအေးမိနေဦးမယ်၊ ကျုပ်အနေနဲ့ မင်းကို ဘာမှ ပြောစရာ မရှိဘူး၊ ကျုပ် မနက်ကို ခရီးအစောကြီး သွားရမယ်၊ စောစော အိပ်ချင်တယ်၊ ဒါပဲ ပန်းပွင့်ကလေး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ရှင့်ကြည့်ရတာ မှတ်ဆိတ်မွေးဖွားဖွား၊ နှုတ်ခမ်းမွေးကားကားနဲ့ မဟုတ်မှုလွဲရော အင်္ဂလိပ်အစိုးရက ခန့်ထားတဲ့ ပုလိပ်အရာရှိ တူပါရဲ့၊ ဒီလိုနေရာမျိုး၊ ဒီလိုအချိန်မျိုးမှာ မိန်းမလှ၊ မိန်းမချော တစ်ယောက်နဲ့တွေ့ရင် ဘယ်လိုစကားမျိုး ပြောရတယ်ဆိုတာ ရှင် ဘာမှမသိဘူး၊ ရှင်ဟာ သနားစရာကောင်းတဲ့ ပုလိပ်လား၊ စုံထောက်လား တစ်ခုခုပဲ၊ ရှင့်ကို ကြည့်ရတာ မိန်းမတစ်ယောက်ကို ရွံ့တတ်၊ မုန်းတတ်တဲ့ လူစားမျိုးနဲ့ တူပါရဲ့၊ ရှင်လိုလူကသာ ကျွန်မရဲ့ အလှကို အသိအမှတ် မပြုတာ၊ ပြီးခဲ့တဲ့ သုံးရက်လောက်ကတင်ပဲ ကျွန်မရဲ့ အချစ်ကို မရလို့ ရွှေမြို့တော်ကလာတဲ့ ကျောင်းသားတစ်ယောက် သူ့ကိုယ်သူ သတ်သေသွားတယ်၊ ရှင် ယုံရဲ့လား"

ဟု တရုတ်မကလေးက ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က. . .

"ကိုယ့်အတွက်ကြောင့် လူတစ်ယောက် သေဆုံးသွားရတဲ့ အကြောင်းကို ပြောတာတောင် မတုန်မလှုပ် သွေးအေးအေးနဲ့ ပြောနိုင်တယ်ဆိုတော့ မင်းဟာ လှသလောက် ရက်စက်တတ်တဲ့ မိန်းကလေးပဲ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွေးအေးရမှာပေါ့ရှင်၊ ဒီလို အရူးတွေအတွက် ကျွန်မက ငို နေရမှာလား၊ အဲဒီလို ငိုစတမ်းဆိုရင် မျက်ရည်တွေ ပင်လယ် ဝေသွားလိမ့်မယ်၊ ကျွန်မအတွက် သတ်သေမယ့် အရူးတွေ အများကြီး ကျန်သေးတယ်ရှင်"

ဟု တရုတ်မကလေးက ပြောလိုက်လေ၏။

"သေတဲ့အကြောင်း သိပ်မပြောနဲ့ မိန်းကလေး၊ သင်္ချိုင်းပွဲတော် ပြီးသွားတာ သိပ်မကြာသေးဘူး၊ တမလွန်ဘဝရဲ့ တံခါးဆိုတာ အစဉ်သဖြင့် ပွင့်နေတယ်၊ ကွယ်လွန်သွားတဲ့ ကျောင်းသား ကလေးရဲ့ ဝိညာဉ်ဟာလည်း မင်းအနားမှာ ရှိချင် ရှိနေမယ်၊ ပန်းပွင့်လို လှပပြီး ဆူးချုံလို ရှုပ်ထွေးတဲ့ မိန်းကလေးရယ်"

ဟု ဆားပုလင်းနှင်းမောင်က ကာရန်နဘောဖြင့် ပြောလိုက်ရာ တရုတ်မ ကလေးက. . .

"သွားမယ် . . . သွားမယ်၊ ရှင်က နေပါဆိုတောင် မနေဘူး၊ ကဗျာဆန်တဲ့ အလှအပကို မခံစားတတ်တဲ့ ရှင့်လို ယောကျ်ား တစ်ယောက်အနားမှာ ဘာဖြစ်လို့ ကျွန်မ အချိန်ဖြုန်းရမှာတုံး၊ ရှင်ဟာ ပုလိပ်တစ်ယောက်ဆိုရင် ရှင့်ထက် ရာထူးကြီးတဲ့ ပုလိပ်တစ်ယောက်ကို ကျွန်မယူမယ်၊ ရှင်ဟာ သူဌေးသား တစ်ယောက်ဆိုရင် ရှင့်ထက်ချမ်းသာတဲ့ သူဌေးတစ်ယောက် ကို ယူပြမယ်"

ဟု တရုတ်မကလေးက ပြောလိုက်လေ၏။

"အဲဒါ ကောင်းသားပဲ၊ကျုပ်အဖို့ ကန့်ကွက်စရာမရှိပါဘူး၊ မင်း ကို ရတဲ့ယောကျ်ားကတော့ ကံဆိုးတာပေါ့ကွာ"





ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ တရုတ်မိန်းမချောကလေး သည် နှုတ်ပင်မဆက်တော့ဘဲ ဝရန်တာအတိုင်းလျှောက်၍ သွားလေ တော့၏။

သို့ရာတွင် ထိုမိန်းကလေးထံမှ ကျန်ရစ်ခဲ့သော အမွှေးရနံ့ကမူ သင်းပျံ့နေဆဲ ရှိနေသေး၏။ ဆားပုလင်းနှင်းမောင်သည် သင်းပျံ့သော ရနံ့ကိုရှူရှိုက်မိစဉ် ခဏ၌ပင် စောစောကရခဲ့သော ပုပ်အဲ့အဲ့ အနံ့တစ်မျိုး သည် နှာခေါင်းထဲသို့ စူးခနဲ ဝင်လာလေ၏။

ထို့ကြောင့် ထိုင်ရာမှ ဆတ်ခနဲ ထကာ ဝရန်တာ လက်ရန်းကို ကိုင်၍ အောက်သို့ငုံ့၍ ကြည့်လိုက်လေ၏။ ထိုအခါ၌ ဖွာလန်ရာကျဲနေ သော အဝတ်စုတ်ကိုဝတ်၍ စောင်စုတ်ကြီးတစ်ထည်ကို ခြုံထားသော ကိုယ်ပျက်နေသည့် သူတောင်းစားကြီးတစ်ဦးသည် ၎င်းအား မော့မော့ ကြည့်နေသည်ကို တွေ့ရလေ၏။

ထိုသူတောင်းစား၏ မျက်နှာမှာ မျက်နှာတစ်ခြမ်းအပေါ်၌ ရှည်လျားသောဓားဒဏ်ရာကြီးကိုလည်း တွေ့ရလေ၏။ မျက်လုံး တစ် ဖက်မှာ ဟောက်ပက်ကြီး ကန်း၍နေ၏။ ၎င်း၏ စောင်စုတ်အတွင်းမှ တွန့်လိမ်ကောက်ကွေးနေသော လက်တစ်ဖက်သည် အပြင်သို့ ထွက်လာ လေ၏။ ထိုလက်၏ လက်ချောင်း များမှာလည်း မစုံတော့ပေ။ အချို့မှာ နှစ်ဆစ်ခန့်ရှိ၏။ အချို့မှာ တစ်ဆစ်သာ ရှိတော့၏။

ဆားပုလင်းနှင်းမောင်သည် သူ၏ကုတ်အင်္ကျီအတွင်းမှ အကြွေ များကို နှိုက်ယူလိုက်လေ၏။ ထို့နောက် သူတောင်းစားကြီး၏ လက်တွင်း သို့ ပစ်ချ၍ပေးလိုက်ရာ သူတောင်းစားကြီးသည် လက်အတွင်းသို့ ကျ သာသော အကြွေများကို လွှင့်ပစ်လိုက်ပြီးလျှင် ဆားပုလင်းနှင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



အား အံ့ကြိတ်၍ ပြန်မော့ကြည့်ကာ ကြိမ်းမောင်း၍ ထွက်သွားလေတော့၏။ မည်သို့မည်ပုံ ကြိမ်းမောင်းသွားသည်ကိုမူ တီးဝိုင်းမှ ဂီတသံကြား ဖြတ်၍ ထွက်ပေါ်လာသဖြင့် ဆားပုလင်းနှင်းမောင် အနေဖြင့် မကြားလိုက်ရပါ။ ကြောက်မက်ဖွယ်ရာကောင်းသော သူတောင်းစားကြီးသည် သရက်ပင်ပုပု မှောင်ရိပ်မည်းမည်းကလေးများ အောက်တွင် ပျောက်ကွယ်၍ သွားလေတော့သတည်း။

♦ ♦ ♦ ♦ ♦ ♦ ♦

ဆားပုလင်းနှင်းမောင်သည် ကုတ်အင်္ကျီအတွင်းမှ သေနတ်ကို ထုတ်ကာ ကျည်ဆန်များကို စစ်ဆေးလိုက်လေ၏။ ထိုအချိန်၌မှာပင် ဘွန်ဟောင်းသည် အမောတကောနှင့် အနီးသို့ ရောက်လာလေ၏။

"ဒီမှာ ကိုနှင်းမောင်၊ ဟောဒီ မိန်းမလှကျွန်းမှာ ချင်တွာပြည်နယ် တရားသူကြီး မစ္စတာလိုဆိုတာ ရောက်နေတယ်၊ လူ သေမှုတစ်ခုကို စုံစမ်းဖို့ဆိုပဲ၊ အဲဒါ အခု ဒီကနေ ထွက်သွားတော့မယ်၊ ဝေါတွေ ဘာတွေ အသင့်ပြင်နေကြပြီ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ဟာ. . . အဲဒီလူကိုတွေ့ဖို့ သိပ်ပြီး ကောင်းတာပေါ့၊ မြန်မြန် ပြေးမှ မီမယ်ထင်တယ်၊ လာ လာ ဒီဝရန်တာကပဲ ကျော်ပြီး ဆင်းတာပေါ့"

ဟု ဆိုကာ နှစ်ယောက်သား ဝရန်တာလက်ရန်းကို လက်ထောက်၍ ကိုယ်ကိုလွှဲ၍ ပစ်လိုက်ရာ မြေပြင်ပေါ်သို့ ပြိုင်တူကျကြလေ၏။

အောက်သို့ ရောက်လျှင် ဘွန်ဟောင်းက. . .





"ဒီဘက်ကို. . . ဒီဘက်ကို. . ."

ဟု ဆိုကာ လမ်းပြ၍ ခေါ်သွားလေ၏။

လမ်းမတစ်ခုကို ဖြတ်ကြရလေ၏။ လမ်းတစ်ဖက် တစ်ချက်ရှိ အိမ်များတွင် ပိုးယပ်တောင် တဖျပ်ဖျပ်ခတ်၍ စကား တွတ်ထိုးနေကြသော မိန်းမလှကလေးများကို တွေ့ကြရလေ၏။ ဘွန်ဟောင်းသည် လမ်းမကြီးမှနေ၍ လမ်းချိုးတစ်ခုပေါ်သို့ ခေါ်ဆောင်သွားလေ၏။ ထိုလမ်းချိုး၌မူ လမ်းမကြီးလောက် အလင်းရောင် မရှိပေ။

သို့ရာတွင် ထိုလမ်းချိုး၏ထိပ်၌ အိမ်မည်းမည်းကြီး တစ်လုံးကို တွေ့ရလေ၏။ ထိုအိမ်မည်းမည်းကြီး၌လည်း တရုတ်စာလုံးကြီးများ တပ်ဆင်ထားလေ၏။ ထိုစာလုံးကြီးများ၏ အဓိပ္ပာယ်မှာ 'ရှန်နှံ ကြိုင်စွာ အိမ်ဂေဟာ' ဟူ၍ ဖြစ်လေ၏။ ထိုအိမ်မည်းကြီး၏ ရှေ့၌မူ လိုက်ကာများ တပ်ဆင်ထားသော လူရှစ်ယောက်ထမ်း ဝေါယာဉ်တစ်ခုကို အဆင်သင့် ချထားလေ၏။ ဘွန်ဟောင်းသည် ဝေါယာဉ်ထမ်းသော လူများ၏ အနီးသို့ သွားကာ ဝေါထမ်းသမား အကြီးအကဲအား. . .

"ဒီမှာ ငါလူတို့ မင်းတို့ရဲ့ တရားသူကြီး မစ္စတာ 'လို' ကို သွား၍ ပြောလိုက်စမ်းပါ၊ ပိုရန်းပြည်နယ်က စုံထောက် တရားသူကြီး ဆားပုလင်းနှင်းမောင်ဆိုတာ ရောက်နေတယ်"

ဟု ပြောလိုက်ရာ ဝေါထမ်းသမား အကြီးအကဲလည်း အိမ်မည်းကြီး အတွင်းသို့ ပြေးဝင်သွားလေ၏။ မျှားမကြာမီ၌ပင် သစ်သားစည်ပိုင်းနှင့် လွန်စွာတူသော အပြာရောင်ပိုးပျော့အင်္ကျီကို ဝတ်ဆင်ထားသော လူဝကြီး တစ်ဦးသည် တလှုပ်လှုပ်နှင့် ထွက်လာပြီးလျှင် ဆားပုလင်းနှင်းမောင်အား ရင်းနှီးစွာ ပွေ့ဖက်နှုတ်ဆက်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ တရုတ်လို ဝတ်ထားတော့လည်း တကယ့် တရုတ်ကြီးအတိုင်းပါပဲ၊ မြန်မာပြည်က ပြောင်းလာတဲ့ ပုလိပ်မင်းကြီးတိုင်းလိုလို မြန်မာပြည် စီအိုင်ဒီဌာနက ဆားပုလင်းနှင်းမောင် ဆိုတဲ့ စုံထောက်ကြီးရဲ့ ပုံပြင်ကိုတော့ ပြောလေ့ရှိကြပါတယ်ဗျာ၊ အခုလည်း ပုလိပ်မင်းကြီး မစ္စတာဘားနက်က ခင်ဗျားအကြောင်းတွေ ပြောနေပြန်ပြီ၊ အဲဒါနဲ့ကိုပဲ ကျုပ်က တွေ့ချင်နေတာ၊အခန့်သင့်ပါပဲဗျာ၊ အခုလို လာပြီးတွေ့ရတော့ ဝမ်းသာစရာပါပဲ၊ ကျုပ် ဒီကျွန်းကြီးပေါ်ကို ရောက်နေတာ နှစ်ရက်ရှိပြီ၊ လူသေမှုတစ်ခုကို လာပြီးလေ့လာတာ ဆိုပါတော့၊ သေတာက ရွှေမြို့တော်က ကျောင်းသားကြီးဗျ၊ သူ့အဖေက အလွန်နာမည်ကြီးတဲ့ ဆင်ဆာလူကြီး ဒေါက်တာ 'လီ' ဆိုတာပေါ့ဗျာ၊ ဒီကျောင်းသားကလေးက စာမေးပွဲဖြေပြီး ပြန်လာတာ၊ ဆိုပြန်မှာ ဒီကျွန်းပေါ်က မိန်းကလေးကို စွဲလမ်းပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်တာဆိုပဲ၊ အမှုကတော့ ရိုးရိုးလူသေမှုပါဗျာ၊ ကျုပ်မှာကလည်း ဝတ္တရားတွေကလည်း ရှိသေးတော့ ပြန်ရဦးမယ်၊ အဲဒါကလေးကို ကျုပ်ကိုယ်စား ဆားပုလင်းနှင်းမောင်က လက်စသိမ်း လေ့လာပြီး လူသေမှု အစီရင်ခံစာလေး တစ်စောင်ရေးပေးမယ် ဆိုရင်တော့ ခင်ဗျားကို ထာဝရ ကျေးဇူးတင်နေရမှာပဲ"

ဟု လွန်စွာ ယဉ်ကျေးသော တရုတ်စကားဖြင့် ပြောလိုက်လေ၏။

"ကူညီဖို့က မခက်ပါဘူးဗျာ၊ ခက်တာတတစ်ခုပဲ ရှိတယ်၊ ကျုပ်က ဟောဒီနယ်မှာ ဘာတာဝန်မှ မရှိဘူး၊ ရိုးရိုး အရပ်သား





တစ်ယောက်ပဲ၊ အဲဒီတော့ ကျုပ်အနေနဲ့ ဟိုမေးဒီစွက် လုပ်ရင် ဘယ်သူကမှ ပြောမှာမဟုတ်ဘူး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မစ္စတာလိုက. . . .

"ဒီအတွက်တော့ မပူပါနဲ့ ဆားပုလင်းနှင်းမောင်၊ ကျုပ်တို့ တရုတ်ပြည်မှာက ပြည်နယ်တရားသူကြီး တစ်ယောက်ဟာ သူ့ရဲ့လက်ထောက်အဖြစ် မည်သူ့ကိုမဆို အချိန်မရွေး၊ နေရာမရွေး ခန့်အပ်ပိုင်ခွင့် ရှိတယ်ဗျ၊ ကဲဗျာ အခုကိုပဲ အလုပ်ခန့်စာ ရေးလိုက်မယ်"

ဟု ဆိုကာ မစ္စတာလိုသည် စာရွက်နှင့် ဝါးစုတ်တံကို ထုတ်ကာ ခန့်စာ တစ်စောင် ရေးသော်လည်း စာသွားစာလာ၊ စာနေစာထား စကားလုံး အသုံးအနှုန်း အချိုးမကျ ဖြစ်နေလေတော့၏။

ထိုကြောင့် ဆားပုလင်းနှင်းမောင်သည် စာရွက်သစ်တစ်ရွက်ကို ဆွဲယူကာ ဝါးစုတ်တံဖြင့် လွန်စွာခမ်းနားသော တရုတ်စာကြီးပေကြီး အရေးအသားဖြင့် ခန့်စာတစ်စောင်ကို ရေးသားလေတော့၏။

ထိုသို့ ရေးသားပြီးနောက် မစ္စတာလိုအား ပေးလိုက်ရာ မစ္စတာလိုသည် ဆားပုလင်းနှင်းမောင်၏စာကို ဖတ်ကြည့်ပြီးလျှင်. . .

"တရုတ်ဘုန်းတော်ကြီးတစ်ဦး ရေးထားတဲ့စာကို ဖတ်ရသလိုပါပဲဗျာ"

ဟု ချီးမွမ်းကာ သူ၏တံဆိပ်တုံးကိုထုတ်၍ ထိုခန့် စာအပေါ်၌ နှိပ်လိုက်လေတော့၏။

ထို့အပြင် သူ၏လက်မနှင့် ဆားပုလင်းနှင်းမောင်၏ လက်မကို မင်ဆွတ်၍ ထိုစာရွက်ပေါ်၌ နှိပ်လိုက်လေတော့၏။ ထိုသို့ ပြီးပုံပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆားပုလင်းနှင်းမောင်၏ အရေးအသားကို သဘောကျသည်တု ဆိုကာ မိတ္တူတစ်စောင် ကူးရေးပြန်လေ၏။ ပြီးလျှင် ထိုမိတ္တူပေါ်၌လည်း တံဆိပ်ခတ်နှိပ်ခြင်း၊ လက်ပုံနှိပ်ခြင်းတို့ကို ပြုလုပ်၍ သိမ်းထားလိုက်လေတော့၏။

"ကဲ. . . . . . . ခန့်စာလည်း ရပြီ၊ ကျုပ်ကိုယ်စား တစ်ဆိတ်လောက် ဆောင်ရွက်ပေးပါဗျာ"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်လည်း မစ္စတာလို၏ ခန့်စာကို သူ၏ ကုတ်အင်္ကျီအရှည်ကြီးအတွင်းသို့ ခေါက်၍ ထည့်လိုက်လေ၏။

"အဲ. . . အဲ. . . တစ်ခုပြောဖို့ ကျန်သေးတယ်၊ ကျုပ်ကို ကူညီပါဦးဗျာ၊ဒီည ညလယ်စာ ဒီကျွန်းအခေါ် ညစာပေါ့ဗျာ၊ အဲဒါကို ကျုပ်အတွက် အထူးတည်ခင်းကျွေးမယ့် အစီအစဉ် ရှိတယ်၊ ကျွေးမယ့်နေရာက ကြိုးကြာငှက်ရဲ့ အသိုက်ဘုံနန်းလို့ ခေါ်တဲ့ နေရာဗျ၊ အဲဒါ ကျုပ်ဖြင့် သွားဖို့မဖြစ်တော့ဘူး၊ မသွားရင်လည်း ရိုင်းရာကျတော့မယ်၊ အဲဒါကြောင့် အဲဒီ ဧည့်ခံပွဲကိုလည်း ကျုပ်ရဲ့လက်ထောက်အဖြစ်နဲ့ ဧည့်ခံပွဲကို တက်စေချင်တယ်၊ အဲဒါကလေးလည်း ကူညီပါဦး ဆားပုလင်းနှင်းမောင်ကြီးရာ"

ဟု မစ္စတာလိုက အကူအညီတောင်း ပြန်လေ၏။ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ်စီးကရက်ကိုထုတ်ယူ မီးညှိကာ. . . .

"ဒီကျွန်းမှာ နှံ့နှံ့စပ်စပ် အရှိဆုံးသူဟာ ဘယ်သူတုံးဗျ"

ဟု မေးလိုက်ရာ မစ္စတာလိုက. . . .





"ဒီကျွန်းရဲ့ ကျွန်းစောင့်ကြီးပေါ့ဗျာ၊ ဒီကျွန်းပေါ်မှာ အပ်ကျတာကနေ မိုးကြိုးပစ်တာအထိ သူသိတယ်၊ သူ့နာမည်က 'ပင်ဒိုင်း' လား၊ 'ပင်ဆိုင်း' လား မဆိုနိုင်ဘူး"

ဟု ပြောဆို၍ သူ၏ ဝေါယာဉ်ပေါ်သို့ တက်လေတော့၏။ ဝေါထမ်းသမား ရှစ်ဦးကလည်း ဝေါကိုမ၍ ပခုံးပေါ်၌ တင်လိုက်ကြလေတော့၏။ စတင်၍လည်း ထမ်းသွားကြပြီ ဖြစ်၏။

မစ္စတာလိုသည် ဝေါပေါ်မှနေ၍ လိုက်ကာကို မ,ကာ. . . .

"ဆားပုလင်းနှင်းမောင် ကြိုးကြာငှက်ရဲ့ ညစာသွားပြီး စားဖြစ်အောင်စားနော်၊ကျုပ် မလာနိုင်တာကိုလည်း အနူးအညွတ်တောင်းပန်ဖြစ်အောင် တောင်းပန်နော်၊ သူတို့ ကျွေးမယ့်အထဲမှာ ဘဲကင်ဟာ နာမည်အကြီးဆုံးပဲ၊ ဘဲကင်ကိုလည်း စားဖြစ်အောင် စားနော်၊ စားတဲ့အခါမှာလည်း ငရုတ်ဆီတို့ဖို့ မမေ့နဲ့နော်၊ ပြီးတော့ ကျွန်းစောင့်ကြီးကိုလည်း နာမည်မမေ့သွားဦးမယ်၊ ကျွန်းစောင့်ကြီး နာမည်က 'ဖင်တောင်း' တဲ့ဗျ၊ မှတ်ထားဦးနော်"

ဟု မှာကြားသွားလေ၏။

သူ၏ ဝေါထမ်းသမားများကမူ. . . .

"ဝေ့ဝိုး. . . ဝေ့ဝိုး. . ."

ဟု အသံတိုင်ကာ ဝေါယာဉ်ကြီးကို ထမ်းသွားကြပြီ ဖြစ်၏။

ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းသည် အိမ်မည်းကြီးရှေ့၌ ကျန်ရစ်ခဲ့ကြလေတော့၏။ ထိုအခါ ဘွန်ဟောင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အကြောင်းကြောင်းနိုင်တဲ့ တရားသူကြီးမျိုးလဲဗျာ၊ ဆပ်ပြာသည် လင်ပျောက်ဆိုတာ ဒါမျိုးကို ပြောတာနဲ့တူတယ်"

ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက် မီးခိုးများကို ကောင်းကင်ပေါ်သို့ မှုတ်ထုတ်ရင်း. . . .

"ဒီလူဝကြီး ဒီကျွန်းပေါ် ရောက်နေတဲ့ နှစ်ရက်အတွင်းမှာ သူ အုပ်ချုပ်တဲ့ ချင်ဂှာမှာ တစ်ခုခုတော့ ဖြစ်ပြီဗျ၊ ကျုပ်တို့ နှစ်ယောက်လည်း သူခိုင်းခဲ့တဲ့ အလုပ်နဲ့ ပျော်စရာကောင်းတဲ့ ဟောဒီ ကျွန်းကြီးပေါ်မှာ နှစ်ရက်လောက် ဆက်ပြီး နေရဦးမယ် ဘွန်ဟောင်းရေ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"ဒီကျွန်းကြီးပေါ်မှာ နှစ်ရက်ပဲလားဗျာ၊ အနှစ်နှစ်ဆယ်လောက် နေရရင်လည်း ကျုပ်ဖြင့် နေနိုင်ပါတယ် ဟား ဟား ဟား ဟား"

ဟု ပြောဆို ရယ်မောလိုက်လေ၏။

"ကဲ. . . ဘွန်ဟောင်းရေ၊ တို့ပြန်ပြီး အဝတ်အစားလဲကြဦးစို့၊ ညစာစားပွဲကို ဟိုး. . . လူဝကြီးကိုယ်စား ကျုပ်တို့ တက်ကြရဦးမယ် မဟုတ်လား"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"ကဲ. . . ဒီလိုဆိုလည်း သွားကြတာပေါ့"

ဟု ပြန်၍ ပြောလိုက်လေ၏။

◆◆◆◆◆◆◆





ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းတို့သည် တရားသူကြီးစွတာလိုထံမှ ၎င်းတို့တည်းခိုသော ခန်းမဆီသို့ ပြန်၍ လာခဲ့ကြလေ၏။ ရောက်လျှင်ရောက်ချင်း ဆားပုလင်းနှင်းမောင်က တည်းခိုခန်းမှ စာရေးကြီးအား. . .

"စာရေးကြီး. . . ကျုပ်တို့ ဒီည ညစာ ဒီမှာ မစားဘူး၊ ကျုပ်တို့ ကြီးကြီးကြာ့ငှက်ရဲ့ အသိုက်ဘုံနန်းမှာ စားကြရလိမ့်မယ်၊ ဒါကြောင့် အဲဒီကိုသွားဖို့ ဝေါယာဉ်လေး မှာထားပေးဖို့ပါပဲ"

ဟု ပြောဆိုကာ ၎င်းတို့အိပ်သော ကြက်သွေးရောင် ခန်းမဆီသို့ တက်သွားလေတော့၏။ ခန်းမသို့ရောက်လျှင် ဘွန်ဟောင်းက ဆားပုလင်းနှင်းမောင် ဝတ်ဆင်ရန်အတွက် အထူးဖခမ်းဖနားများတွင် ဝတ်ဆင်ရန် ချုပ်လုပ်ထားသော အစိမ်းရောင်ဖဲဝတ်ရုံကြီးကို ထုတ်ပေးလိုက်လေ၏။ ထို့နောက် ပြည်နယ်တရားသူကြီးများသာ ဆောင်းခွင့်ရှိသော အတောင်အလက် နှစ်ခုပါသည့် အနက်ရောင်ကတ္တီပါဖြင့် ချုပ်ထားသော ဦးထုပ်တစ်လုံးကိုလည်း ထုတ်ပေးလိုက်လေ၏။ ထိုအချိန်၌မှာပင် တည်းခိုခန်းမှ စားပွဲထိုး မိန်းကလေးသည် လိုက်ကာမ၍ လက်ဖက်ရည်ကရားကို စားပွဲပေါ်သို့ တင်၍ ထွက်သွားလေ၏။

ဆားပုလင်းနှင်းမောင်လည်း ဝတ်ရုံအစိမ်းကြီးကို ဝတ်၍ ဦးထုပ်အနက်ကိုဆောင်းကာ အခန်းအပြင်သို့ ထွက်လေ၏။ ဘွန်ဟောင်းလည်း ၎င်း၏နောက်မှ လိုက်ပါခဲ့လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အခန်းတံခါးကို သော့ခတ်လေ၏။ ပြီးလျှင် လေးလံလှသော သော့တွဲကြီးအား ၎င်း၏ကုတ်အင်္ကျီအတွင်းသို့ ထည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘွန်ဟောင်းရေ. . . သော့ကြီးကလည်း ငါးပိဿာလောက် လေးတယ်၊ ဒီမှာပဲ ထားခဲ့ရင် ကောင်းလိမ့်မယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့ နှစ်ဦးသည် တည်းခိုခန်းမကြီး၏ အရှေ့သို့ သွားရောက်ကြလေ၏။ တည်းခိုခန်း၏ အရှေ့တွင်ကား လွန်စွာကြီးမားသော ဝေါယာဉ်ကြီးနှင့် ဝေါထမ်းသမားရှစ်ဦးတို့သည် ၎င်းတို့ နှစ်ဦးအား စောင့်မျှော်နေကြလေ၏။ ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းတို့သည် ဝေါယာဉ်ပေါ်သို့ တက်ကြလေ၏။ ထို့နောက် ဝေါယာဉ် လိုက်ကာကို ပိတ်လိုက်လေ၏။ ဝေါထမ်းသမားတို့သည် ၎င်းတို့နှစ်ဦးအား သယ်ဆောင်သွားကြလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . .

"ဘွန်ဟောင်းရေ. . . ကြိုးကြာဌက်ရဲ့ အသိုက်ဘုံနန်းဆိုတဲ့ နေရာကို ရောက်ရင် ကျုပ်ကို ထားခဲ့ပြီး ကိုယ့်လူကတော့ ဒီကျွန်းကြီးပေါ်မှာရှိတဲ့ သေတင်းကုပ်တွေ၊ ဘိန်းခန်းတွေ၊ ကစားဝိုင်းတွေ တစ်ခုမကျန် လျှောက်သွားပြီး ရတတ်သမျှ သတင်းယူပေတော့၊ ပြီးရင် ကျုပ်ကို ဘယ်မှ မရှာနဲ့၊ ကျုပ်တို့ရဲ့ တည်းခိုခန်းမကြီးကို ပြန်သွားပြီး အိပ်ခန်းကပဲ စောင့်နေ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

များမကြာမီ၌ပင် ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းတို့အား သယ်ဆောင်သွားသော ဝေါယာဉ်သည် ရပ်တန့်ပြီး မြေပြင်ပေါ်သို့ ချလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်နှင့် ဘွန်ဟောင်းလည်း ဝေါယာဉ်ပေါ်မှ ဆင်းခဲ့ကြလေ၏။ ဆားပုလင်းနှင်းမောင်သည် ကြိုးကြာဌက်ရဲ့ အသိုက်ဘုံနန်းဆိုသော အဆောက်အအုံကို လှမ်းမျှော်





ကြည့်ရှုလိုက်လေ၏။ စကျင်ကျောက်ဖြူများဖြင့် ပြုလုပ်ထားသည့် လှေကား ဆယ့်နှစ်ထစ်ကို တွေ့ရလေ၏။ လှေကားမှာလည်း အလှအပများဖြင့် ခြယ်သထား၏။

လှေကား၏ထိပ်တစ်ဘက်တစ်ချက်တွင် ကြေးနီဖြင့် သွန်းထားသော ခြင်္သေ့ကြီးနှစ်ကောင် ဝပ်နေပုံ အရုပ်ကြီးများကိုလည်း တွေ့ရ၏။ ထိုလှေကားပေါ်သို့ မျက်စိကို ကျော်၍ကြည့်လိုက်ရာ အဆောက်အဦကြီး၏ တံခါးမကြီးကို တွေ့ရလေ၏။

ထိုတံခါးမကြီးမှာလည်း ကြေးဝါများ၊ ဟင်္သာပြဒါးရောင် ယွန်းပြားများဖြင့် ခမ်းနားစွာ ပြုလုပ်ထားကြောင်း တွေ့ရလေ၏။ ထိုတံခါးမကြီး၏ အထက်ဘက်ဆီတွင် အရောင်တဖျပ်ဖျပ် လက်နေသော ပျဉ်ချပ်ကြီး တစ်ခုပေါ်တွင် ထွင်းထားသည့် အနက်ရောင် တရုတ်စာလုံးကြီးနှစ်လုံးကို တွေ့ရလေ၏။ ထိုစာလုံးကြီးနှစ်လုံး၏ အဓိပ္ပာယ်မှာ 'ကြိုးကြာဌက်၏ အသိုက်ဘုံနန်း' ဟူ၍ ဖြစ်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုဆိုင်းဘုတ်ကြီးကို ဖတ်ပြီးနောက် မျက်လုံးကို အထက်ဘက်ဆီသို့ ရှုလိုက်ပြန်ရာ အပေါ်ထပ်၏ ပြတင်းတာကလေးများကို တွေ့ရလေ၏။ ထိုဝရန်တာကလေးများမှာလည်း သစ်သားဖြင့် ပြုလုပ်ထားပြီးလျှင် လက်ရာကောင်းမွန်လှသော ပန်းပုနယ်တုများကို ထွင်းထုထားလေ၏။ ဝရန်တာတစ်လျှောက်တွင်လည်း လှပသော မီးအုပ်ဆောင်းကလေးများကို ပိုးအုပ်ဆောင်းကလေးများဖြင့် သွန်းညှိထားလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုခမ်းနားသော အဆောက်အအုံကြီးကို ငေးကြည့်ရင်း ဘွန်ဟောင်းဘက်သို့ လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဘွန်ဟောင်းရေ. . . မိန်းမလှကျွန်းက လူတွေ ဘယ်လောက် ဖိမ်ခံတယ်ဆိုတာ မြန်မာပြည်ရောက်ရင် အိုင်ပီ ဦးအောင်သင်းနဲ့ ဦးကိုကိုကြီးတို့ လူစုကို ပြန်ပြောပြဖို့ သေသေချာချာ မှတ်သွားခဲ့စမ်းပါ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"ဒီအတွက် မပူနဲ့ ကိုနှင်းမောင်၊ တရုတ်ပြည်ကို စပြီးရောက်တဲ့နေ့ကတည်းက ကျုပ် ဒိုင်ယာရီ ရေးတယ်ဗျ၊ ကဲ ဒါတွေ ထားလိုက်ဦး၊ ကျုပ် အပေါ်တက်ပြီး တံခါးသွားခေါက်လိုက်ဦးမယ်"

ဟု ဆိုကာ ဘွန်ဟောင်းသည် ကျောက်ဖြူလှေကားကြီးပေါ်သို့ ပြေးတက်သွားပြီးလျှင် လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်လေ၏။

မကြာမီ၌ပင် တံခါးပွင့်လာပြီးလျှင်အတွင်းမှ မျက်နှာပေါက်ဆိုးဆိုးနှင့် လက်ပါးစေတစ်ဦး ထွက်လာပြီးလျှင် ဘွန်ဟောင်းအား. . .

"ဘာကိစ္စလဲ"

ဟု မေးလိုက်လေ၏။

"ချင်ဝှာပြည်နယ်ရဲ့ လက်ထောက် တရားသူကြီး ဆားပုလင်းနှင်းမောင်ဆိုတာ ကြီးကြာငှက်ရဲ့ အသိုက်ဘုံနန်းက ဖိတ်ကြားချက်အရ ကြွရောက်လာပါပြီ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထိုအခါကျမှပင် ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်စီးကရက်ကိုခဲရင်း ကျောက်ဖြူလှေကားပေါ်





သို့ ကြွခြေရရတက်လာပြီးလျှင် ဘွန်ဟောင်းနှင့် မျက်နှာပေါက် ဆိုးဆိုး သက်ပါးစေတို့၏ ရှေ့မှဖြတ်၍ ဝင်သွားလေတော့၏။ ထိုအခါကျမှပင် ဘွန်ဟောင်းသည် ကျောက်ဖြူလှေကားမှ ပြန်၍ ဆင်းခဲ့လေ၏။

မျက်နှာပေါက်ဆိုးဆိုးနှင့် လက်ပါးစေလည်း တံခါးကြီးကို 'ဒိုမ်းခနဲ' ပိတ်လိုက်လေ၏။ ဘွန်ဟောင်းမှာမူ ကျောက်ဖြူလှေကားမှ ဆင်းခဲ့ပြီးလျှင် တရွေ့ရွေ့ သွားနေသော လူအုပ်ကြီးနှင့်အတူ ရောနှော၍ လောင်းကစားဝိုင်းများ၊ ဘိန်းခန်းများ၊ အရက်ဆိုင်များနှင့် အပျော်ကြူးရာ အရပ်ဆီသို့ ဦးတည်၍ သွားနေပြီ ဖြစ်၏။

◆ ◆ ◆ ◆ ◆ ◆ ◆

ဆားပုလင်းနှင်းမောင်သည် ခန်းမကြီးအတွင်းသို့ လျှောက်လာပြီးလျှင် 'မန်နေဂျာ' ဟု ဆိုင်းဘုတ်တပ်ထားသော စားပွဲပုကလေး၌ ထိုင်နေသောသူထံသို့ သွားရောက်ကာ. . . .

"ကဲ. . . . . . . မန်နေဂျာကြီးရေ ကျုပ်ဟာ ချင်ဝှာပြည်နယ် တရားသူကြီး မစ္စတာလိုရဲ့ကိုယ်စား ညစာစားပွဲကို တက်ရောက်လာတဲ့ ဆားပုလင်းနှင်းမောင် ဆိုတာပဲ"

ဟု တရုတ်ဘာသာဖြင့် ပြောလိုက်ရာ မန်နေဂျာလုပ်သူက ခါးကိုအကြိမ်ကြိမ်ညွှတ်၍ အရိုအသေပြုပြီးလျှင်. . . .

"ကျွန်တော်နဲ့ လိုက်ခဲ့ပါ ခင်ဗျာ"

ဟုဆိုကာ အပြာရောင်ကော်ဇောရှည်ကြီး ခင်းထားသည့် ကြောင်လိမ်လှေကားကြီးမှ အပေါ်ထပ်ဆီသို့ ဦးဆောင်၍ ဆားပုလင်းနှင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



အား ခေါ်သွားလေ၏။ အပေါ်ထပ်သို့ရောက်လျှင် အေးစိမ့်စိမ့်ရှိလှသဖြင့် ဆားပုလင်းနှင်းမောင်သည် အခန်းကို လေ့လာကြည့်လိုက်ရာ လေဝင်ပေါက်ကြီးနှစ်ခု၏ ရှေ့တွင် လွန်စွာကြီးမားသော ကြွေဇလုံကြီး တစ်ခုစီ ချထားပြီးလျှင် ထိုကြွေဇလုံကြီးထဲတွင် ကြီးမားသော ရေခဲတုံးကြီးများ ထည့်ထားသည်ကို တွေ့ရလေ၏။ လေဝင်ပေါက်မှ ဝင်လာသော လေသည် ရေခဲတုံးကိုတိုက်ကာ အခန်းတွင်းသို့ ရောက်ရှိလာသည်ဖြစ်ရာ အခန်းတစ်ခုလုံးသည် အေးမြလျက် ရှိလေတော့၏။

ထိုအခန်း၏ အလယ်၌မူ တဖိတ်ဖိတ်အရောင်ထနေသော အနက်ရောင်သစ်သား ထမင်းစားပွဲဝိုင်းကြီးကို တွေ့ရလေ၏။ ထိုစားပွဲပေါ်တွင်လည်း ငွေဖြင့်ပြုလုပ်ထားသော 'ဝိုင်' ကရားများ၊ အဖျော်ယမကာ အိုးများကို တင်ထားလေ၏။ ထိုစားပွဲ၏ ပတ်ပတ်လည်၌မူ ကုလားထိုင် (၆) လုံး ချထားလေ၏။ ထိုကုလားထိုင်များ၏ နောက်မှီနေရာတွင် ကျောက်ပြားများကိုထွင်း၍ ထည့်ထားလေ၏။ ထိုကျောက်ပြားများသည် အအေးဓာတ်ကို ပေးသည်ဖြစ်ရာ ထိုင်သူအဖို့ ကျောပူသောဒုက္ခ မရှိတော့ပေ။ ထိုအခန်းကြီး၏ ပြတင်းပေါက်တိုင်းတွင် အရက်သောက်ရင်း ကွာစိဝါးနေသောလူများ ရှိကြလေ၏။ ၎င်းတို့သည် ဆားပုလင်းနှင်းမောင်ကို မြင်လျှင် အထူးအဆန်းသဖွယ် ငေးမောကြည့်ရှု နေကြလေ၏။ ထို့နောက်မှ ဆံပင်ဖြူစပြုနေပြီဖြစ်သော ပိန်ပိန်ပါးပါး တရုတ်အမျိုးသား လူကြီးလူကောင်းတစ်ဦးသည် ထိုင်နေရာမှ ထလာပြီးလျှင် ဆားပုလင်းနှင်းမောင်အား လွန်စွာယဉ်ကျေးသော တရုတ်ဘာသာစကားဖြင့်. . . .





"မိတ်ကောင်း ဆွေကောင်း ခင်ဗျာ မည်သူမည်ဝါကို တွေ့လိုပါသနည်း"

ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"ခင်ဗျား မစ္စတာဖင်ဒိုင်း မဟုတ်လား၊ ကျုပ်ကို မစ္စတာလိုက သူကိုယ်စား ဒီညည့်ခံပွဲကိုတက်ဖို့ တာဝန်ပေးလိုက်တဲ့အတွက် လာခဲ့ခြင်း ဖြစ်ပါတယ်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် သူ၏ အစိမ်းရောင် ဖဲဝတ်ရုံကြီးအောက်မှမစ္စတာလို ရေးပေးခဲ့သောစာကို ထုတ်ပေးလိုက်လေ၏။ ထိုအခါကျမှပင် မစ္စတာဖင်ဒိုင်းလည်း စာကို ဖတ်ကြည့်ပြီးလျှင် ဆားပုလင်းနှင်းမောင် လက်သို့ ပြန်၍ပေးရင်း. . . .

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ဒီအခမ်းအနားကို တာဝန်ယူဆောင်ရွက်ရတဲ့ အိမ်ရှင်ရဲ့ ကိုယ်စားလှယ်ပဲ ဆိုပါတော့၊ လူကြီးမင်း အလိုရှိတာကို ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ အဆင်သင့် ရှိနေပါတယ်၊ အခုအခါမှာ လူကြီးမင်းကို အခြားသော ဧည့်သည်များနဲ့ မိတ်ဆက် ခွင့်ပြုပါ"

ဟု ပြောလိုက်ပြီးနောက် 'ဝင်ယုအန်' ဆိုသူနှင့် မိတ်ဆက်ပေးလေ၏။ ထိုသူမှာ အသက်အရွယ် အတော်အတန် ရနေပြီဖြစ်၍ လူသေးလူညှက်တစ်ဦးလည်း ဖြစ်ပေ၏။ သူသည် ဤမိန်းမလှကျွန်းကြီးပေါ်သို့ ရောက်ရှိလာသောဧည့်သည်များအားရှေးဟောင်း ပစ္စည်း ရောင်းချခြင်းဖြင့် ချမ်းသာနေသူ ဖြစ်၏။ သူ၏ပါးနှစ်ဖက်သည် ချိုင့်ခွက်၍နေသည့်တိုင်အောင် ကျုံလှီလှပေ၏။ သူသည် မုတ်ဆိတ်မွေး ဖြူစုတ်စုတ်ကလေးအား သပ်ရပ်စွာ ညှပ်ထားလေ၏။ ဆားပုလင်းနှင်းမောင်သည် 'ဝင်ယုအန်'



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ချက်မျှ အကဲခတ် ကြည့်ရှုလိုက်လေ၏။ ထို့နောက် ဖင်ဒိုင်းက အခြား လူတစ်ဦးနှင့် မိတ်ဆက်ပေးပြန်လေ၏။

ထိုလူ၏ အမည်မှာ 'တောက်ပင်တေး' ဖြစ်၏။ အများက 'တောက်' ဟုသာ ချစ်စနိုး ခေါ်ကြ၏။ သူသည် 'ဝိုင်' အရက်ချို အမျိုးမျိုးကို ထုတ်လုပ်သော ကုန်သည်တစ်ဦးဖြစ်၏။ ဆားပုလင်းနှင်းမောင်သည် 'တောက်ပင်တေး' အား မျက်လုံးကိုဝင့်၍ အကဲခတ်လိုက်လေ၏။ ထိုသို့ အကဲခတ်လိုက်ခြင်းကြောင့် တောက်ပင်တေး၏ မျက်နှာကို သာမက ဆောင်းထားသော ဖာဦးထုပ်ကလေးကိုပါ မှတ်မိသွားလေ၏။ ထို့နောက် ဖင်ဒိုင်းသည် နောက်တစ်ဦးနှင့် မိတ်ဆက်ပေးပြန်လေ၏။

ထိုသူ၏ အမည်မှာ 'ကိုင်ယာယူပို့' ဖြစ်၏။ ထိုသူသည် ရုပ်ချော၏။ အသက်အရွယ်မှာလည်း ငယ်သေး၏။ ထိုသူသည် တရုတ်ပြည်တွင် နှစ်စဉ်ကျင်းပသော ရှေးဟောင်းဂန္ထဝင်စာပေနှင့် ပတ်သက်သော စာဆိုပွဲကို ဝင်ရောက်ဖြေဆိုရန်အတွက် ပြင်ဆင်နေသူဖြစ်ကြောင်းလည်း သိရလေ၏။

မိတ်ဆက်ပေးသော ဖင်ဒိုင်းက. . . .

"မိတ်ကောင်း ဆွေကောင်း ဆားပုလင်းနှင်းမောင် ခင်ဗျား ကိုင်ယာယူပို့ဟာ ကဗျာဆရာတစ်ယောက်လည်း ဖြစ်တယ်"

ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုသူလေးယောက်နှင့် မိတ်ဆွေဖြစ်ပြီးနောက် ၎င်းတို့နှင့်အတူ စားပွဲဝိုင်းကြီး၌ဝင်၍ ထိုင်လိုက်လေ၏။ ထိုသို့ ထိုင်လိုက်ပြီးနောက်. . . .





"ကျုပ်က ခရီးဆက်မလို့ပါဗျာ၊ ဒါပေမဲ့ မစ္စတာလိုက ကျောင်းသားကလေး သေသွားတဲ့ကိစ္စကို စုံစမ်းပေးပါဦးဆိုလို့ မိန်းမလှကျွန်းမှာ ရက်အတော်ကြာနေရဦးမယ် ခင်ဗျ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဖင်ဒိုင်းက. . . .

"ဒီမှာ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်၊ မိန်းမလှကျွန်းကို ရောက်လာပြီး ကိုယ့်ကိုယ်ကိုသတ်သေတဲ့အမှုတွေကို စုံစမ်းမယ်ဆိုရင် ခင်ဗျားတော့ ဒီကျွန်းမှ ပြန်ဖို့အချိန်တောင် ရတော့မှာ မဟုတ်ဘူး၊ လူတွေဟာ ဒီလိုပဲ မိတ်ဆွေကြီးရဲ့၊ မိန်းမလှကျွန်းကို ရောက်လာကြတယ်၊ လောင်းကစားဝိုင်းတွေကို ဝင်တယ်၊ ရှေ့နောက် မတိုင်းထွာဘဲ အရမ်းကာရော လောင်းပစ်လိုက်တယ်၊ ရှုံးသွားပြီဆိုရင် မရှုနိုင် မကယ်နိုင်ဖြစ်ပြီး နောက်ဆုံး ကိုယ့်ကိုယ်ကို သတ်သေသွားကြတော့တာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"တစ်နေ့က သေသွားတဲ့ ကျောင်းသားလေးအဖြစ်ကတော့ မိတ်ဆွေတို့ ပြောသလို မဟုတ်ဘူးဗျ၊ လောင်းကစားဝိုင်းနဲ့ မပတ်သက်ဘူး၊ ဒီကောင်လေးဟာ သူ့ကို ပြန်မချစ်နိုင်တဲ့ မိန်းမချောလေးတစ်ဦးအတွက် သေသွားရရှာတာ ဖြစ်တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ရှေးဟောင်းပစ္စည်းရောင်းသမား 'ဝင်ယုအန်' က. . . .

"ဒီမှာ ဆားပုလင်းနှင်းမောင်၊ ခင်ဗျားကို မစ္စတာလိုက ဒီအတိုင်း ပြောသွားသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ၎င်း၏အမေးကို ချ ချင်း မဖြေဘဲ ရေခဲတောင်စီးကရက် တစ်လိပ်ကို ထုတ်ယူလိုက်လေ၏ ကျန်သောသူများကလည်း ဆားပုလင်းနှင်းမောင် ဖြေမည့်အဖြေ အာရုံစိုက်နားစွင့်နေကြလေ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရ ကို မီးညှိ၍ ရှိုက်ဖွာရင်း ၎င်းတို့ လေးဦးစလုံး၏ မျက်နှာကို မသိမသ အကဲခတ်ရင်း . . . .

"ကျုပ်က ကျုပ်အထင်ကို ပြောတာပါဗျာ၊ မစ္စတာလိုက အဲ လူသတ်မှုနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ ပြောမသွားပါဘူး

ဟု ပြောလိုက်လေ၏။ ထိုအခါ ကောက်ပင်တေးက. . . .

"ဒီလို ရှိပါတယ် ဆားပုလင်းနှင်းမောင်၊ ကျွန်တော်တို့ မိန်းမလ ကျွန်းကြီးမှာ အမြဲနေတဲ့ ဌာနေတွေနဲ့ တခြားက ခဏတစ်ဖြုတ် ရောက်လာတဲ့လူတွေဟာ မတူကြဘူး ခင်ဗျ၊ ကျွန်တော်တ နေ့တိုင်း အရက်သောက်တယ်၊ နေ့တိုင်း ကစားဝိုင်းသွားတယ် နိုင်တဲ့အခါလည်း ပျော်လို့ပေါ့ဗျာ၊ ရှုံးတဲ့အခါလည်း ပျော်နိုင်က ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မတရားသဖြင့် မလုပ်ကြဘူ လေ၊ နေ့တိုင်း လုပ်နေကျအလုပ်ဆိုတော့ တော်သင့်ရုံပဲ လု ကြတာကိုး၊ ခဏတစ်ဖြုတ် ရောက်လာတဲ့လူတွေကတော့ ဒီ မဟုတ်ဘူး ခင်ဗျ၊ အရက်သောက်ရင်လည်း ကျွဲသောက်၊ နွာ သောက်၊ ကစားဝိုင်းရင်လည်း အိတ်သွန်ဖာမှောက် ကစားပ တာပဲ၊အဲဒီမှာဒုက္ခဖြစ်ကုန်တာ၊နောက်တစ်ခု ပြောလိုက်ဦးမယ် မိန်းမလှကျွန်းက မိန်းမလှကလေးတွေအားလုံး အချစ်န ပတ်သက်တဲ့ တတ်သင့် တတ်ထိုက်တဲ့ ပညာတွေ ကျွမ်းကျွ ကျင်ကျင် တတ်ထားကြတယ်၊ မျက်ခုံးလေးတစ်ဖက်





တစ်လက်မရဲ့ လေးပုံတစ်ပုံလောက် ပင့်လိုက်ရုံနဲ့ မြင်လိုက်ရတဲ့ ယောက်ျားသားဟာ နေမထိထိုင်မသာ ဖြစ်သွားအောင်လည်း တတ်နိုင်တယ်ဗျ၊မျက်တောင်လေးနှစ်ခါလောက် ခတ်ပြလိုက်ရုံနဲ့ ယောက်ျားတစ်ယောက်ရဲ့ အသည်းနှလုံးမှာ ယားကျိကျိ ဖြစ်အောင် လုပ်နိုင်တယ်၊ သူတို့မှာ အတတ်ပညာတွေ အများကြီးပဲ၊ဒါပေမဲ့ သူတို့ရဲ့ အတတ်ပညာတွေဟာ ကျွန်တော်တို့လို ဒီကျွန်းပေါ်မှာ အမြဲနေတဲ့လူတွေကို ဘာမှလုပ်လို့ မရဘူး၊ အပြင်က ခဏတစ်ဖြုတ်ရောက်လာတဲ့ လူဆိုရင် မလွယ်ဘူးဗျို့၊ ဒီကျွန်းပေါ်က မိန်းကလေးတစ်ယောက်ယောက်က ခါးကလေးနွဲ့ပြီး သမင်လည်ပြန်ကြည့်တဲ့ အကြည့်ကလေးမှာတင် ရှိသမျှ စည်းစိမ်ကုန်သွားနိုင်တယ်၊ သွားရေတွေ စိုနေတဲ့ သူတို့ရဲ့ နှုတ်ခမ်းနှစ်ခု ပြုံးသလို မပြုံးသလိုလို လုပ်လိုက်တဲ့ အပြုံးမှာတင် နှလုံးသွေးပျက်ပြီး ရူးသွားနိုင်တယ်၊ ဒါကြောင့် ဒီကျွန်းပေါ်မှာ ပိုးစိုးပက်စက် သေပြီဆိုရင် ကျုပ်ဖြင့် သွားကို မကြည့်ဘူး၊ အဲဒီလူဟာ အမြဲနေတဲ့လူ မဟုတ်ဘူး၊ အပြင်လူဆိုတာ သေချာပေါက်ပဲ"

ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် အရက်ကုန်သည် တောက်ပင်တေးထံမှ ဤမျှ ကဗျာဆန်သောစကားမျိုး ကြားရလိမ့်မည် မဟုတ်ဟု ထင်မှတ်ထားသည် ဖြစ်ရာ ယခုကဲ့သို့ ကဗျာဆန်သော စကားများကို ကြားရသောအခါ၌ ပြုံးမိလေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က

"မစ္စတာတောက်၊ ခင်ဗျားက ဒီဇာတိလား"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ဟာ တောင်ပိုင်းကပါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်က ကျွန်တော့် အဖေက ဒီကျွန်းပေါ်ရောက်လာပြီး ကျွန်းပေါ်က အရက်ဆိုင်တွေ အားလုံးကို ဝယ်လိုက်တာခင်ဗျ၊ ပြီးတော့ အရက်ချက်တဲ့ လုပ်ငန်းကို အကြီးအကျယ် လုပ်တော့တာပဲဗျို့၊ အဲဒီတုန်းက ကျွန်တော်မှ ကလေးအရွယ်ပဲ ရှိသေးတယ်၊ ကျွန်တော့်အဖေ လည်း ကံဆိုးရှာပါတယ်ဗျာ၊ ဒီကျွန်းပေါ် ရောက်ပြီး သိပ်ပြီး မကြာလှပါဘူး၊ အသက်ဆုံးရှုံးသွားတော့တာပါပဲ"

ဟု မစ္စတာ တောက်ပင်တေးက ပြောလိုက်လေ၏။

ထိုအခါ၌ ထိုညည့်ခံပွဲ၏ ကိုယ်စားလှယ်ဖြစ်သော မစ္စတာ ဖင်ဒိုင်းက. . . .

"မိတ်ကောင်း ဆွေကောင်း ဆားပုလင်းနှင်းမောင် ခင်ဗျာ၊ ကျွန်တော်တို့ ညစာစားကြဖို့ အချိန်တန်ပါပြီ၊ အဲဒါကြောင့် ထမင်းစားပွဲမှာ စနစ်တကျနေရာယူဖို့ အကြံပေးပါတယ်၊ ယခု အခါမှာ ကျွန်တော်များဟာ ထမင်းစားပွဲမှာ ကြုံသလို ထိုင်နေ ကြပါတယ်၊ ဒီည ညစာစားပွဲဟာ မစ္စတာလိုရဲ့ ကိုယ်စား တက် ရောက်လာတဲ့ ဆားပုလင်းနှင်းမောင်ကို ဂုဏ်ပြုတဲ့ ညစာစားပွဲ ဖြစ်လေတော့ ဆားပုလင်းနှင်းမောင်က တံခါးမကြီးဘက်ကို မျက်နှာမူတဲ့ ကုလားထိုင်မှာ ထိုင်စေချင်ပါတယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် နေရာရွှေ့၍ ထိုင်လိုက် လေ၏။ ထို့နောက် မစ္စတာဖင်ဒိုင်း ကိုယ်တိုင်က ဆားပုလင်းနှင်းမောင်





နှင့် မျက်နှာချင်းဆိုင် တည့်တည့်နေရာတွင် ဝင်၍ထိုင်လေ၏။ ၎င်း၏ ညာဘက်၌မူ ရှေးဟောင်းပစ္စည်းရောင်းသမား 'ဝင်ယုအန်' ကို ထိုင်ခိုင်း လေ၏။ ဘယ်ဘက်၌မူ 'တောက်ပင်တေး' ကို ထိုင်ခိုင်းလေ၏။ ကဗျာ ဆရာလေး 'ကိုင်ယာယူပို့' ကိုမူ ဆားပုလင်းနှင်းမောင်၏ ညာဘက်၌ ထိုင်ရန်အကြံပြုလိုက်လေ၏။ ထို့နောက် ၎င်းတို့၏ အဖျော်ယမကာခွက် ကို မြှောက်ကာ. . .

"ချင်ဝှာပြည်နယ် လက်ထောက်တရားသူကြီး ဆားပုလင်း နှင်းမောင် သက်တော်ရာကျော် ရှည်ပါစေ"

ဟု ရေရွတ်လိုက်ကြလေ၏။

ဆားပုလင်းနှင်းမောင်သည် အရက်မဟုတ်သော အဖျော်ရည် ခွက်တစ်ခုကို ကောက်ယူ၍ မော့လိုက်ပြီးနောက်. . . .

"မိတ်ဆွေတို့ ကျုပ်ရဲ့ ဘယ်ဘက်မှာ ကုလားထိုင်တစ်လုံး လွတ် နေပါလား၊ ဘယ်သူ ထိုင်ဖို့များ ချန်ထားကြတာလဲဗျ"

ဟု မေးလိုက်ရာ မစ္စတာဖင်ဒိုင်းက. . . .

"မိတ်ကောင်းဆွေကောင်းကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ အထူးဖိတ် ကြားထား တဲ့ညည့်သည်တစ်ဦး ထိုင်ဖို့ပါပဲ၊ သူကတော့ တခြား မဟုတ်ပါဘူး၊ မိန်းမလှကျွန်းမှာ နောက်ဆုံး အလှမယ်ဘွဲ့ရတဲ့ မိန်းကလေးပါပဲ၊ မိတ်ဆွေကြီးလည်း သိမှာပါ၊ ကျွန်တော်များရဲ့ ကျွန်းမှာ တစ်နှစ်တစ်ခါ 'တော်ဝင်ပန်းပွင့်' မယ်ရွေးပွဲ ရှိ တယ်လေ၊ အခုလာမှာက 'တော်ဝင်ပန်းပွင့်' အလှမယ်ကလေး ပါပဲ၊ သူ့နာမည်အရင်းကတော့ 'ဆောင်းညရဲ့ငွေစန္ဒာ' တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ပြုံးလိုက်လေ၏။ ထိုအခါ 'တောက်ပင်တေး' က. . .

"ကျွန်တော်တို့ကျွန်းမှာက အဲဒီ အလှမယ်ကလေးတွေကြောင့် လူစည်နေတာ ခင်ဗျ။ ဒါကြောင့် ဒီကျွန်းကြီးကို ရောက်လာတဲ့ အပြင်ဧည့်သည်ကြောင့်ရလာတဲ့ ကျွန်းဝင်ခငွေ ခြောက်ဆယ် ရာခိုင်နှုန်းကို သူတို့ကလေးတွေကို ဝေပေးရတယ်၊ ကျန်တဲ့ လေးဆယ်ရာခိုင်နှုန်းကိုမှ အစိုးရဘဏ္ဍာထဲကို သွင်းလိုက်ရတာ"

ဟု ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ငါးခြောက်ဖတ်ကလေးကို တူကလေးဖြင့်ညှပ်ပြီး ပါးစပ်အတွင်းသို့ မြှို့ရင်း. . .

"ဒီမှာ မစ္စတာဖင်ဒိုင်း ခင်ဗျားတို့ ကျွန်းပေါ်မှာက ငွေကြေးလှည့်လည်သုံးစွဲမှုပမာဏက သိပ်ကြီးတယ်ဗျာ၊ ဥပမာ -လောင်းကစားဝိုင်းတွေ ဆိုပါတော့၊ ငွေတွေက မနည်းဘူးဗျ၊ အဲဒါတွေကို လုံခြုံဖို့ စီမံချက်တွေ လိုအပ်လိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်ရာ မစ္စတာဖင်ဒိုင်းက. . .

"ဒီအတွက်တော့ မပူပါနဲ့ ဆားပုလင်းနှင်းမောင်၊ ကျွန်တော်တို့ ကျွန်းပေါ်မှာ လက်ရွေးစင် လူခြောက်ဆယ်ကို အထူးလေ့ကျင့်ပေးပြီး အစောင့်ချထားပါတယ်၊ သူတို့အားလုံး ယူနီဖောင်းမဝတ်ကြဘူးဗျ၊ ဒီလူတွေကို နေရာတိုင်းမှာ ဖြန့်ချထားတယ်၊





လူတွေထဲမှာပဲ ဒီလူတွေ ရှိတယ်၊ လူတွေကြားထဲမှာပဲ ဒီလူတွေ သွားလာနေကြတယ်၊ သူတို့အားကြီး မျက်စိရှင်ကြတယ်၊ လူအုပ်ကြီးထဲမှာ လူတစ်ယောက်ဟာ မတော်မတရားလုပ်လိုတဲ့ သဘောနဲ့ လက်ကလေးတစ်ချက် ဝှေ့သွားရင်တောင် သူတို့ သိကြတယ်၊ ပြီးခဲ့တဲ့နှစ်ပတ်လောက်ကပဲ ဒီကျွန်းကို ရောက်လာတဲ့ ဓားပြငါးယောက်အနက် သုံးယောက်ကို ဖမ်းလိုက်နိုင်ခဲ့သေးတယ်၊ဗြော်. , ဒါနဲ့ ဆားပုလင်းနှင်းမောင် ယခု တည်းခိုနေတဲ့ အခန်းကရော သက်သောင့်သက်သာ ရှိရဲ့လား"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ဗျာ၊ကြက်သွေးရောင် ခန်းမမှာ တည်းခိုနေတာလေ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မစ္စတာဖင်ဒိုင်း အပါအဝင် ထမင်းစားပွဲမှ လူအားလုံးသည် ဆားပုလင်းနှင်းမောင်အား ကြည့်လိုက်ကြလေ၏။ ၎င်းတို့၏ မျက်နှာမှာ အံ့အားသင့်သော အမူအရာများသည်း ပါရှိနေကြလေ၏။ မစ္စတာဖင်ဒိုင်းကမူ. . .

"ဖြစ်မှ ဖြစ်ရလေ ဆားပုလင်းနှင်းမောင်ရယ်၊ အဲဒီအခန်းမှာမှ သွားပြီးတည်းမိသတဲ့ဗျာ၊ ပိုင်ရှင်ကို အခန်းပြောင်းပေးဖို့ ကျွန်တော် အကြောင်း ကြားလိုက်ပါ့မယ်၊ မဟုတ်တာဗျာ၊ ပြီးခဲ့တဲ့ သုံးရက်လောက်ကမှ ကျောင်းသားလေးတစ်ယောက်ဟာ အဲဒီအခန်းထဲမှာ ကိုယ့်ကိုယ်ကို သတ်သေသွားတယ် ခင်ဗျ"

ဟု ပြောရင်း ငွေကရားမှ အရက်များကို ငှဲ့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးဗျ၊ အဲဒီအခန်းမှာပဲ ဆက်ပြီး တည်းပါ့မယ်၊ တည်းခိုခန်း ပိုင်ရှင်ကလည်း အဲဒီအကြောင်းကို ကျုပ်ကို ရှင်းပြဖို့ အစီအစဉ်ရှိပါလိမ့်မယ်၊ ကျုပ်ကိုယ်တိုင်က စကားရှည်ရှည် မပြောချင်တာနဲ့ အိပ်ချင်တယ်ဆိုပြီး အဲဒီအခန်းကို ငှတ်ယူခဲ့တာပဲ၊ သူ့မှာ တာဝန်မရှိပါဘူး၊ ဒါနဲ့ နေပါဦး အခန်းက နှစ်ခန်းပဲဗျ၊ကောင်လေးသတ်သေသွားတာက ဘယ်အခန်းလဲ"

ဟု ဆားပုလင်းနှင်းမောင်က အမှတ်တမဲ့ မေးလိုက်လေ၏။ ထိုအခါ တောက်ပင်တေးက. . . .

"အနီရောင်လိုက်ကာနဲ့ အခန်းလေဗျ၊ သော့ကို အတွင်းက လည်း ခတ်လို့ရတယ်လေ၊ အခင်းဖြစ်ပွားပြီးတဲ့နောက် မစ္စတာ လို ရောက်လာပြီး သော့ကို သူကိုင်တိုင်ချိုးပြီး တံခါးကို ဖွင့်ခဲ့ ရတာယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"ဟုတ်တယ်ဗျို့၊ ဟုတ်ပြီ၊ အခုံခတ် ထားတဲ့သော့က သော့ခ လောက်အသက်ပဲ၊ အခန်းရဲ့ ပြတင်းပေါက်မှာ ကာထားတဲ့ သံတိုင်တွေကလည်း ခိုင်ပါ့ဗျာ၊ ဒါနဲ့ နေစမ်းပါဦး၊ အဲဒီ ကျောင်း သားလေး ဘယ်ပုံဘယ်နည်း သူ့ကိုယ်သူ လုပ်ကြံခဲ့တာလဲဗျာ"

ဟု မေးလိုက်လေ၏။ ထိုအခါ မစ္စတာဖင်ဒိုင်းက. . . .

"ဒီလို ဒီလို ကျောင်းသားလေးဟာ ညစာကို အခန်းအပြင်ဘက် က ခုံတန်းပေါ်မှာ စားသေးတယ်၊ ပြီးတော့မှ ကြက်သွေးရောင်





အခန်းထဲကို ဝင်လာတယ်၊ 'ကျုပ် စာတွေလုပ်စရာရှိတယ် အနှောင့်အယှက် မပေးပါနဲ့' လို့ အခန်းထဲကို ဝင်ခါနီးမှာ စားပွဲထိုးကို ပြောသွားသေးတယ်၊ စားပွဲထိုးကလည်း 'ကောင်းပါပြီ' လို့ပြောပြီး ပြန်ထွက်သွားတယ်၊ အချိန်အတော်ကြာမှ စားပွဲထိုးက ကျောင်းသားလေးကို လက်ဖက်ရည် ပို့ဖို့ရှိတာနဲ့ လာပြီးပို့တာ၊ အဲဒီလို ပို့တဲ့အခါမှာ လက်ဖက်ရည် ရောက်ပြီ ဖြစ်ကြောင်း တံခါးခေါက်ပြီး စားပွဲထိုးက ပြောတာပေါ့၊ အဲဒီမှာ အထဲက ပြန်ပြီးမထူးတာနဲ့ ပြတင်းပေါက်ဘက်ကနေ လှည့်ပြီး စားပွဲထိုးက ကြည့်လိုက်တယ်၊ကောင်လေးရဲ့ ရင်ဘတ်ပေါ်မှာ သွေးတွေစိုရွှဲပြီး လဲကျသေဆုံးနေတာကို တွေ့ရတယ်၊ အမှန်က ကောင်လေးဟာ လက်ကောက်ဝတ်က သွေးကြော တွေကို ဓားနဲ့ဖြတ်ပြီး သူ့ကိုယ် သူ အဆုံးစီရင်ခဲ့တာပဲ၊ ဒါတွေ ထားလိုက်ပါလေ၊ ကောင်လေး သေနေပြီဆိုတာလည်း သိရော စားပွဲထိုးဟာ တည်းခိုခန်းပိုင်ရှင်ဆီပြေးပြီး အကြောင်းကြား တာပေါ့ဗျာ၊အဲဒီတော့ ပိုင်ရှင်ကလည်း ကျုပ်ဆီပြေးပြီး လာ တာပေါ့၊ ကံကောင်းချင်တော့ မိန်းမလှကျွန်းပေါ်ကို ချင်တွာ ပြည်နယ် တရားသူကြီးမစ္စတာလိုလည်း ရောက်နေတာဆို တော့ ကျုပ်ရယ်၊ တည်းခိုခန်းပိုင်ရှင်ရယ်ဟာ မစ္စတာလိုဆီကို ပြေးသွားကြတာပေါ့၊ မစ္စတာလိုလည်း သူ့လူတွေကိုခေါ်ပြီး ကျုပ်တို့နောက်ကို လိုက်လာတယ်၊ ကောင်လေး သေနေတဲ့ အခန်းတံခါးကို မစ္စတာလိုကိုယ်တိုင် ကိုယ်လုံးနဲ့တိုက်ပြီးဖွင့်ဝင် ခဲ့တာဗျ၊ ပြီးတော့ ကောင်လေးအလောင်းကို ဆေးဒီကျွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစွန်ဘက်မှာရှိတဲ့ 'တာအို' ဘုရားရှိခိုးကျောင်းကို ပို့လိုက်တော့တာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"နေစမ်းပါဦး မစ္စတာ ဖင်ဒိုင်းရဲ့၊ ကောင်လေးရဲ့ အလောင်းမှာ ထူးထူးဆန်းဆန်း ဘာများတွေ့သလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ မစ္စတာဖင်ဒိုင်းက. . . .

"ထူးဆန်းတယ်လို့ ပြောရမလား၊ မထူးဘူးလို့ ပြောရမလား မဆိုနိုင်ပါဘူးဗျာ၊ ကောင်လေးရဲ့ မျက်နှာနဲ့ လက်တွေမှာ ကုတ်ခြစ်ထားတဲ့ ကုတ်ရာ၊ ခြစ်ရာ အစင်းကြောင်း သေးသေးလေးတွေ တွေ့ရတယ်ဗျ၊ အဲဒါ ထားလိုက်ပါတော့လေ၊ တရားသူကြီး မစ္စတာလိုက ခြေမြန်တော်တစ်ယောက်လွှတ်ပြီး ကောင်လေးရဲ့အဖေဆီကို အကြောင်းကြားခိုင်းတယ်၊ ကောင်လေးရဲ့အဖေဟာ အငြိမ်းစား သန်းခေါင်စာရင်းမင်းကြီးဗျ၊ 'လိုဝင်ဂျင်း' တဲ့၊ အခုခါမတော့ဗျာ မြောက်ဘက်က တောင်ကြား ဒေသတစ်ခုမှာ ပင်စင်စားတို့ရဲ့ ကြီးမြတ်တဲ့ စည်းစိမ်ကို ခံစားနေလေရဲ့၊ အဲဒါ မစ္စတာလိုဆီက ခြေမြန်တော် ရောက်လာတဲ့အခါမှာ အဘိုးကြီးက အတော်လေး နေမကောင်းဖြစ်နေတယ်၊ အဲဒီတော့ သူ့သားသေတဲ့ကိစ္စကို လိုက်မလာနိုင်ဘူး၊ အလောင်းကိုသယ်ဖို့ လူတစ်ယောက် လွှတ်ပေးလိုက်တယ်"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက်ကို ရှိုက်ဖွာရင်း. . . .





"ဒီမှာ မစ္စတာဖင်ဒိုင်း သေသွားတဲ့ ကျောင်းသားလေးက မိန်းကလေး တစ်ယောက်ကို စွဲစွဲလမ်းလမ်း ဖြစ်တယ်ဆိုဗျ၊အဲဒီ မိန်းကလေးက ဘယ်သူများပါလိမ့်ဗျာ"

ဟု မေးလိုက်ရာ မစ္စတာဖင်ဒိုင်းက. . . .

"တော်ဝင်ပန်းပွင့်ကလေးလေဗျာ၊ နာမည်အရင်းကတော့ ဆောင်းညရဲ့ ငွေစန္ဒာလေဗျာ"

ဟု ဆို့နင့်နင့် အသံကြီးနှင့် မစ္စတာဖင်ဒိုင်းက ဖြေလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"အဲဒီ စန္ဒာဆိုတဲ့ ကောင်မလေးအတွက် ကျောင်းသားလေးက သေခါနီးမှာ စာကလေးဘာလေး ရေးမသွားဘူးလားဗျာ"

ဟု မေးလိုက်ရာ မစ္စတာဖင်ဒိုင်းက. . . .

"အလောင်းဘေးမှာ စာရွက်တစ်ရွက် တွေ့တယ်ဗျ၊ အဲဒီစာရွက်မှာ စက်ဝိုင်းကလေးနှစ်ခု ရေးထားတာလည်း တွေ့တယ်ဗျာ၊ အဲဒီစက်ဝိုင်းကလေး နှစ်ခုအောက်မှာ. . . .

စန္ဒာ. . . .

ငွေစန္ဒာ. . . .

ဆောင်းညရဲ့ ငွေစန္ဒာ. . . .

ဆိုတဲ့ စာတန်းကိုရေးသွားတယ်ဗျ၊အဲဒီစာရွက်လည်း တွေ့ရော တရားသူကြီးမစ္စတာလိုက စန္ဒာ့ကိုခေါ်ပြီး စစ်လား၊ မေးလား လုပ်တော့ တာပေါ့ဗျာ၊ကောင်မလေးကလည်း အမှန်တိုင်း အစစ်ခံပါတယ်၊ ဟုတ်ပါ တယ်တဲ့၊ သူ့ကို ကျောင်းသားလေးက



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးဆိုခဲ့ပါတယ်တဲ့၊ သူက မချစ်နိုင်တဲ့အကြောင်း အစစ်ခံခဲ့ပါတယ်"

ဟု ပြောလိုက်လေ၏။

"အဲဒီကောင်မလေးနဲ့ ဒီနေ့ည ဦးပိုင်းမှာ တွေ့ခဲ့သေးတယ်၊ ကောင်မလေးက သူ့ရဲ့ အလှကြောင့် ယောကျ်ားတစ်ယောက် သတ်သေသွားတာကို ဂုဏ်ယူတဲ့ လေသံနဲ့ ပြောနေတယ်ဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ တောက်ပင်တေးက. . . .

"ဒါကတော့ ဒီလိုပေါ့ဗျာ၊ မိန်းကလေးတစ်ယောက်ဟာ သူ့ရဲ့ အလှဟာ သတ်သေတဲ့အထိ ဖြစ်သွားတယ် ဆိုတာကို ဂုဏ်ယူမှာပေါ့၊ ဖြစ်နိုင်ရင် အဲဒီနယ်ကြီးတစ်နယ်လုံး ကြော်ငြာ ထုတ်ချင်တာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် စားပွဲထိုးသည် ကြီးမားသော ဗန်းကြီးဖြင့် ထည့်ထားသော ဘဲကင်များကို ယူလာ၏။ ဆားပုလင်းနှင်းမောင်သည် ဘဲကင်တစ်ဖတ်ကိုယူ၍ အချဉ်ဖြင့်တို့ကာ ဝါးလိုက်လေ၏။

ထို့နောက် မစ္စတာလိုက. . . .

"ဘဲကင်ကို စားဖြစ်အောင် စားနော်၊ စားရင်လည်း အချဉ်နဲ့တို့ပြီး စားနော်"

ဟု မှာလိုက်သော စကားကို အမှတ်ရမိသဖြင့် ပြုံးလိုက်မိလေ၏။ ထိုအချိန်၌မှာပင် မိန်းမလှလေး သုံးဦးသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ခါးကိုညွတ်၍ အရိုအသေပေးလိုက်လေ၏။ မိန်းကလေးတစ်ဦး၏ လက်ထဲတွင် စောင်းပြားကလေး ပါလာ၏။ အခြားသော မိန်းကလေး၏





လက်ထဲတွင် ဗုံတိုကလေးတစ်ခု ပါလာလေ၏။ ထိုမိန်းကလေး နှစ်ဦးသည် အခန်းနံရံတွင်ကပ်ထားသော ထိုင်ခုံများပေါ်တွင် အသီးသီး ဆွဲယူလိုက်လေ၏။

တစ်ယောက်သော မိန်းမလှကလေးမှာမူ စားပွဲဆီသို့ ရောက်လာပြီးလျှင် ဧည့်သည်များ၏ ခွက်အတွင်းသို့ အရက်များ ငှဲ့ထည့်ပေးလေ၏။

မစ္စတာဖင်ဒိုင်းက. . . .

"ဆားပုလင်းနှင်းမောင်ရေ. . . ဟောဒီ မိန်းကလေးက စောစောက ခင်ဗျားတို့ ကျုပ်တို့ပြောတဲ့ စန္ဒာရဲ့ တပည့်မကလေးပေါ့၊ သူ့နာမည်က 'ငွေရောင်နတ်သမီး' တဲ့"

ဟု မိတ်ဆက်ပေးလိုက်လေ၏။ ထိုအချိန်၌ ကဗျာဆရာလေး ကိုင်ယာယူပို့က ဆားပုလင်းနှင်းမောင်ဘက်သို့ လှည့်ကာ တရုတ်လူမျိုးတို့၏ သီချင်းကြီး၊ သီချင်းခံများကို ရှင်းပြနေလေ၏။ ထိုအချိန်၌ အသံတစ်သံ ထွက်လာလေ၏။ ထိုအသံမှာ ရှေးဟောင်းပစ္စည်း ဆိုင်ပိုင်ရှင် ဝင်ယုအန်း၏ အသံ ဖြစ်လေ၏။

"မိန်းကလေးရဲ့ ဘာ့ကြောင့်များ မျက်နှာကြောကြီး တင်းနေရတာတုံး"

ဟူ၍ ဖြစ်လေ၏။ ဆားပုလင်းနှင်းမောင်လည်း ထိုအသံကြောင့် လှမ်း၍ ကြည့်လိုက်ရာ ထိုအဘိုးကြီးသည် ငွေရောင်မင်းသမီးလေး၏ လက်ကို ဆုပ်ကိုင်၍ ပွတ်သပ်နေသည်ကို တွေ့ရလေ၏။

မိန်းကလေးသည် အဘိုးကြီး၏ လက်တွင်းမှ ရုန်းထွက်ရန် ကြိုးစားနေလေ၏။ ထိုအခါ ကဗျာဆရာကလေး ကိုင်ယာယူပို့က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေးငနဲ့ရယ် အစောကြီး ရှိပါသေးတယ်ဗျာ၊ လူမြင်လို့ မကောင်းပါဘူး"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် အဘိုးကြီး ဝင်ယူအန်လည်း လက်ကို ရုပ်သိမ်းလိုက်လေ၏။

ထိုအခါ မစ္စတာဖင်ဒိုင်းက. . . .

"ငွေရောင်မင်းသမီးလေးရေ ကဗျာဆရာလေး ကိုင်ယာယူပို့ရဲ့ ခွက်ထဲကို အရက်တွေ များများထည့်ပေးစမ်းပါကွယ်"

ဟု ပြောရင်း ဆားပုလင်းနှင်းမောင်ဘက်သို့ လှည့်ကာ. . . .

"ဆားပုလင်းနှင်းမောင်ရေ ကိုင်ယာယူပို့က ကျုပ်ရဲ့ သမက် လောင်းဗျ၊ သူက ကျုပ်ရဲ့သမီး 'ကျောက်စိမ်းမြတ်ရတနာ' ဆိုတဲ့ မိန်းကလေးနဲ့ စေ့စပ်ထားတာ"

ဟု တစ်ဆက်တည်း ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ၎င်းတို့ ရှိရာသို့ မိန်းမချောချော တစ်ဦး ဝင်လာလေ၏။

သူသည် ခရမ်းရောင်ဖဲစကို ဝတ်ဆင်ထား၏။ ထိုဖဲစပေါ်၌ လည်း ရွှေရောင် အမွှမ်းအပြောက်များ၊ ပန်းပွင့်နှင့် ငှက်ပုံများ ဖော်ထား လေ၏။ ခါးစည်းမှာမူ မရမ်းစေ့ရောင် ခပ်ရင့်ရင့်ကို စည်းထား၏။ ခါး မှာ သေး၏။ ရင်မှာစွင့်၏။ သူ၏ဆံပင်တွင် 'တဖျပ်ဖျပ်' အရောင်လက် နေသည်။ ရတနာများ စီခြယ်ထားသော ရွှေဆံထိုးတစ်ခုကို စိုက်ထား၏။ သူ၏ နားနှစ်ဖက်တွင် ကျောက်စိမ်းနားကပ်ကို ပန်ထား၏။ သူသည် အရိုအသေပြု၍ ဝင်ထိုင်လိုက် ပြီးနောက် မစ္စတာဖင်ဒိုင်းအား. . . .

"တရားသူကြီး 'လို' ဆိုတာ မလာသေးဘူးလား"

ဟု မေးလိုက်လေ၏။ ထိုအခါ မစ္စတာဖင်ဒိုင်းက. . . .





"ဒီလိုပါ စန္ဒာ၊ တရားသူကြီး မစ္စတာ 'လို'ရဲ့ကိုယ်စား ဟောဒီက မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင် ဆိုတာ ဟောဒီ ညှော်ခံပွဲကို တက်ရောက်တာပါ၊ ပြီးတော့ ဟောဒီမိတ်ဆွေကြီးဟာ ကျောင်း သားကလေးသေတဲ့ကိစ္စမှာ စုံစမ်းထောက်လှမ်းဖို့လည်း တာဝန်ယူထားပါတယ်"

ဟု ပြောလိုက်လျှင် တော်ဝင်ပန်းပွင့်ကလေး စန္ဒာက ဆားပုလင်းနှင်း မောင်အား မခိုးမခန့်လေးကြည့်ရင်း ပြုံးလိုက်လေ၏။ စန္ဒာသည် အရက် ခွက်ကိုကိုင်၍ ငွေရောင်နတ်သမီးလေးအား. . . .

"ဟဲ့. . . . ကောင်မ၊ ဘာငေးနေတာတုံး၊ ငါ့ခွက်ထဲမှာ အရက် မရှိတော့ဘူး၊ ထည့်လိုက်စမ်း"

ဟု ပြောလိုက်ရာ ငွေရောင်နတ်သမီးဆိုသည့် မိန်းကလေးလည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် စန္ဒာ၏ အရက်ခွက်ထဲသို့ အရက်များ ထည့် ပေးရလေ၏။

စန္ဒာသည် အရက်ကို တစ်ချက် တည်းဖြင့် မော့ချလိုက်ပြီးလျှင် စောင်းနှင့် ဗုံကို ကိုင်၍ တစ်စုံတစ်ခုသော အမိန့်ကို စောင့်မျှော်နေသည့် မိန်းကလေးနှစ်ဦးအား လှည့်ကြည့်လိုက်ပြီးလျှင်. . . .

"ဟဲ့ သေကောင်မ နှစ်ကောင်၊ ညည်းတို့ကို ဒီမှာငုပ်တုတ်သေဖို့ ခေါ်ထားတာ မဟုတ်ဘူး၊ တစ်ခုခု တီးကြပါလား"

ဟု ငေါက်ငန်းလိုက်သောအခါ ထိုမိန်းကလေးနှစ်ဦးလည်း စောင်းနှင့် ဗုံကို ကြောက်ကြောက်လန့်လန့်နှင့် တီးကြရကုန်၏။

ဆားပုလင်းနှင်းမောင်သည် စန္ဒာ၏မျက်နှာကို လှမ်း၍ ကြည့်ရှု လိုက်လေ၏။ စန္ဒာကားလှ၏။ သို့ရာတွင် ရက်စက်ကြမ်းကြုတ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တတ်သော အစင်းကြောင်းကလေးများသည် ထင်ထင်ရှားရှား ပေါ်နေသည်ကို ဆားပုလင်းနှင်းမောင်သည် သတိပြုမိလိုက်လေ၏။ ထိုအချိန်၌မှာပင် စန္ဒာက တောက်ပင်တေးအား လှမ်း၍ စကားပြောနေပြီဖြစ်လေ၏။

ဆားပုလင်းနှင်းမောင်သည် စီးကရက် မီးခိုးများကို မှုတ်ထုတ်ရင်း ဝရန်တာပေါ်တွင် တွေ့ခဲ့စဉ်က စန္ဒာက ၎င်းအား ပြောသွားသော စကားတွင်. . . .

"ရှင့်ထက် ရာထူးကြီးတဲ့ လူကို ယူမယ်"

ဆိုသော စကားကို သွားရောက် အမှတ်ရမိလေ၏။ ထို့ပြင်

"ကျွန်မကို သူဌေးတစ်ယောက်က ထမင်းစား ဖိတ်ထားတယ် အဲဒါလည်း သွားပြီးစားရဦးမယ်"

ဟူသော စန္ဒာ၏ စကားကိုလည်း သွား၍အမှတ်ရမိလေ၏။ ထို့ကြောင့် ဆားပုလင်းနှင်းမောင်က မိမိထက်လည်း ရာထူးကြီး၍ ချမ်းလည်း ချမ်းသာသော သူဆိုသည်မှာ ချင်ဝှာပြည်နယ် တရားသူကြီး မစ္စတာလိုက်ရည်ညွှန်းတာ မဖြစ်နိုင်ဘူးလား၊ မစ္စတာလိုဟာ ကျောင်းသားလေး သေတဲ့ အမှုနဲ့ ပတ်သက်ပြီး တာဝန်ရှိတဲ့ အရာရှိတစ်ယောက် ဖြစ်တာကြောင့် စန္ဒာက မစ္စတာလိုကို သူ၏ခါးပိုက်ထဲသို့ ထည့်လိုက်ပြီလားဆိုသည်များကို အစဉ်မပြတ် တွေးနေမိလေတော့၏။

ဆားပုလင်းနှင်းမောင်သည် စန္ဒာ၏မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လိုက်လေ၏။စန္ဒာလည်း လှမ်း၍ကြည့်သောအချိန်နှင့် မျက်လုံးချင်းဆုံ၍ သွားလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .





"ဒီမှာ ဆောင်းညရဲ့ ငွေစန္ဒာ၊ ကျုပ်တို့ရဲ့ ရှေးဟောင်း လူကြီးသူမတွေရဲ့ စကားပုံဟာ သိပ်ပြီး မှန်တယ်ဗျ။ ပညာတတ်ရုပ်ချောတဲ့ ယောကျ်ားကလေးတွေဟာ နောက်ဆုံးမှာ မိန်းမချောကလေးတွေရဲ့ ထောင်ချောက်ထဲကို ဝင်သွားကြတယ်ဆိုတာလေ၊ သေသွားတဲ့ ကျောင်းသားကလေးဟာ လူချောကလေးလို့ ပြောကြတယ်"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်ရှင်၊သူ့နာမည်က'လီလိုင်း' တဲ့၊ မိန်းမတစ်ယောက်အနေနဲ့ ဖွဲ့မက်စရာကောင်းတဲ့ မျက်နှာမျိုး သူ့မှာ ရှိပါတယ်၊ မသေခင်မှာ သူဟာ ကျွန်မကို ရေမွှေးတစ်ပုလင်း လက်ဆောင် ပေးသွားသေးတယ်၊ ကျွန်မ ရေမွှေး ကြိုက်တယ်ဆိုတာသူ သိတာကိုး၊ အဲဒီရေမွှေးနဲ့အတူ သူကိုယ်တိုင် စပ်ထားတဲ့ ကဗျာလေးတွေကိုလည်း စာအိတ်ကလေးနဲ့ ထည့်ပြီး ပေးသွားသေးတယ်၊ ဒါပေမဲ့ ကျွန်မ သူ့ကို စိတ်မဝင်စားလို့ သူ့ကဗျာကို ခုထက်ထိ ဖွင့်ပြီး မဖတ်ရသေးပါဘူး"

ဟု စန္ဒာက ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် စားပွဲ၏အခြားတစ်ဖက်ဆီ၌ အရက်ငှဲ့ပေးနေသော ငွေရောင်နတ်သမီး ဆိုသော မိန်းကလေး၏လက်ကို ရှေးဟောင်းပစ္စည်းဆိုင် ပိုင်ရှင်ကြီးက လှမ်း၍ ဆွဲလိုက်ရာ မိန်းကလေးသည် လန့်၍ လက်ကိုတွန့်လိုက်သဖြင့် အရက်များ ဖိတ်သွားလေတော့၏။ ထိုသို့ ဖိတ်သွားသည်ကို စန္ဒာက လှမ်း၍ မြင်သွားလျှင်. . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ကောင်မ၊ ဒီလိုဖိတ်အောင် မလုပ်ရဘူးလို့ ညည်းကို ငါ ဘယ်နှခါ သင်ရမှာတုံး၊ ညည်းဆံပင် ထုံးထားပုံကလည်း ကြည့်စမ်းပါဦး၊ ပိုသီပတ်သီနဲ့ အခန်းထဲကို သွားပြင်လိုက်စမ်း"

ဟု ကျားဟိန်းသကဲ့သို့ဆိုသော လေသံဖြင့် ပြောလိုက်ရာ ငွေရောင်နတ်သမီးဆိုသော မိန်းကလေးလည်း ထိတ်ထိတ်ပျာပျာဖြင့် ထိုနေရာမှ ထွက်ကာ အခန်းထဲသို့ ဝင်သွားရှာလေ၏။

ထိုအခါ စန္ဒာက ဆားပုလင်းနှင်းမောင်ဘက်သို့ လှည့်ကာ

"စုံထောက်ကြီးရှင့် ကျွန်မရဲ့ အရက်ခွက်ထဲကို အရက်ကလေးများ ငှဲ့ပေးနိုင်ရင် ငှဲ့ပေးစမ်းပါ"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် မိန်းကလေးကို အလေးဂရုပြုတတ်ခြင်း မရှိသော်လည်း စားပွဲဝိုင်း ယဉ်ကျေးမှုအရ စန္ဒာ၏ အရက်ခွက်အတွင်းသို့ အရက်များ ငှဲ့ထည့်ပေးလိုက်လေ၏။

စန္ဒာလည်း အရက်ခွက်ကိုကိုင်၍ တစ်ချက်တည်းဖြင့် မော့ချလိုက်ပြီးလျှင် ထိုင်ရာမှထကာ. . .

"တစ်ဆိတ်ကလေး ကျွန်မကို ခွင့်ပြုကြပါဦးရှင်၊ ကျွန်မ အပြင်ခဏ သွားပါရစေ"

ဟု ဆိုကာ ထွက်သွားလေတော့၏။ ထို့နောက် စန္ဒာသည် ငွေရောင်နတ်သမီးကလေး ဝင်သွားသော အခန်းတွင်းသို့ ဝင်၍သွားလေ၏။ ဆားပုလင်းနှင်းမောင်သည် ကိုင်ယာယူပို့နှင့် ဆက်၍ စကားပြောနေလေ၏။ ထိုအချိန်၌မှာပင် စားပွဲထိုးများသည် အဖိုးတန်သော စားသောက်ဖွယ်ရာများကို တစ်ခုပြီး တစ်ခု သယ်ဆောင်လာလေ၏။





ဧည့်သည်များလည်း မြိန်ရှက်စွာ စားသောက်ကြလေ၏။ စောင်းနှင့်ဗုံတီးသော မိန်းကလေးများလည်း ကျွမ်းကျင်စွာ တီးခတ်၍ ဖျော်ဖြေနေကြလေ၏။ အချိန်အတော်အတန် ကြာသောအခါ၌ စားပွဲဝိုင်း၏ နောက်ဆုံး အစာပိတ်ဟင်းဖြစ်သော ငါးပေါင်းပန်းကန်ကြီးများ ရောက်ရှိလာလေ၏။ ထိုအချိန်ကျမှပင် စန္ဒာလည်းပြန်၍ ရောက်လာပြီးလျှင် ၎င်း၏နေရာ၌ ထိုင်လိုက်လေ၏။ ပြီးလျှင် ရှေးဟောင်းပစ္စည်းရောင်းသော ဝင်ယုအန်ဘက်သို့ ခေါင်းကို အနည်းငယ်တိမ်းကာ ယပ်တောင်ကလေးကွယ်၍ တီးတိုးပြောလိုက်လေ၏။ ထိုအခါ ဝင်ယုအန်လည်း မယောင်မလည်နှင့် ထမင်းစားဝိုင်းမှ ထသွားလေတော့၏။

ဆားပုလင်းနှင်းမောင်သည် ငါးပေါင်းကို တူနှင့်ညှပ်ကာ စားနေလေ၏။ စန္ဒာသည် ဆားပုလင်းနှင်းမောင်၏ လက်တစ်ဖက်ကို ၎င်း၏ လက်ဖြင့်အုပ်၍ ကိုင်လိုက်ရင်း. . .

"ဒီညက သိပ်ပြီး သာယာတာပဲနော်"

ဟု ပြောလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် စန္ဒာ့ကိုယ်တွင် ဆွတ်ဖျန်းထားသော အိန္ဒိယပြည်မှလာသော ကတိုးရေမွှေးနံ့ကို သတိပြုမိလေ၏။

ထို့နောက် စန္ဒာက. . .

"ကြက်သွေးရောင်ခန်းမရဲ့ ဝရန်တာမှာ ရှင့်နဲ့ ကျွန်မ တွေ့တုန်းက ဘုဘောက်ကျခဲ့တာလေးတွေကို ရှင် အမှတ်ရသေးသလား"

ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘာကိုမှ အမှတ်မရပါဘူး၊ မင်းတို့လို မိန်းကလေးတွေ ပြောတဲ့ စကားကိုကောင်းတာပဲ ပြောပြော၊ဆိုးတာပဲ ပြောပြော ကျုပ်အဖို့တော့ အတူတူပဲလို့ သဘောထားတယ်၊ ဘယ်လိုတုတာလဲ ဆိုတော့ မှတ်ထားဖို့ မလိုဘူးလို့ ပြောချင်တာပဲ"

ဟု ပြောလိုက်လေ၏။

"ကျွန်မလေ အဲဒီတုန်းက ရှင့်ကို စကားပြောတာ ဂွတ်ဆတ်ဆတ် ပြောမိပါတယ်၊ အဲဒါလည်း ကျွန်မ အမှားပါ၊ ဘာကြောင့်မှားသလဲဆိုတော့ ကျွန်မ မရှက်ပါဘူးရှင်၊ ကျွန်မလေ ရှင့်ကို မြင်မြင်ချင်း မေတ္တာရှိမိလို့ပဲ၊ အဲဒီတော့ ရှက်ကိုး ရှက်ကန်းနဲ့ ပြောချင်ရာတွေ လျှောက်ပြီး ပြောမိတော့တာပေါ့၊ ဘာကြောင့်ရှင့်ကို မေတ္တာရှိသလဲလို့ မေးချင်သေးလို့လား၊ ကျွန်မ တွေ့ဖူးတဲ့ ယောက်ျားတွေအားလုံး ကျွန်မကို ချိုချိုသာသာ ဆက်ဆံကြတယ်၊ ကျွန်မ ပြောတာတွေ အားလုံးကို ခေါင်းညိတ်ကြတယ်၊ ရှင်ကတော့ ဒီလိုမဟုတ်ဘူး၊အဲဒီ ယောက်ျားတွေနဲ့ ရှင်နဲ့ လုံးဝမတူဘူး၊ ဒါကြောင့် ရှင့်ကို ကျွန်မ အများကြီး စိတ်ဝင်စားမိပါတယ်၊ ရှင် မှန်မှန်ပြောပါ၊ ရှင် ဘာလူမျိုးလဲ"

ဟု စန္ဒာကပြောရင်း မေးလိုက်လေ၏။ထိုအခါ ဆာပုလင်းနှင်းမောင်က

"ကျုပ် မြန်မာလူမျိုးပါ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ချစ်စရာကောင်းတဲ့ မြန်မာကြီးရယ်၊ ရှင်နဲ့ တွေ့ရတဲ့ ဒီညကို ကျွန်မတစ်သက်မှာ မမေ့တော့ပါဘူးရှင်"

ဟု စန္ဒာက ပြောလိုက်လေ၏။





ထို့နောက် စန္ဒာသည် မစ္စတာဖင်ဒိုင်း၊ တောက်ပင်တေးတို့အား ?ှ်၍ နောက်ပြောင်နေလေ၏။ ထိုအခါ မစ္စတာဖင်ဒိုင်းသည် ရယ်?ရပုံပြင်များကို တစ်ပုဒ်ပြီးတစ်ပုဒ် ပြောပြနေလေ၏။တောက်ပင်တေး? စန္ဒာ၏ အရက်ခွက်တွင်းသို့ အရက်အနည်းငယ် ငှဲ့ပေးလိုက်လေ၏။

စန္ဒာသည် အရက်တစ်ခွက်ကို မော့ပြီးနောက် ဆာပုလင်းနှင်းမောင်အား. . . ,

"ဆာပုလင်းနှင်းမောင်၊ ကျွန်မကို ရိုင်းတယ်လို့ မထင်ပါနဲ့နော်၊ ကျွန်မအရက်တွေသောက်တာ သိပ်များနေပြီ၊ ကျွန်မ မူးနေပြီ"

ဟု ပြောကာ ထွက်သွားလေ၏။ ဆာပုလင်းနှင်းမောင်ကလည်း. . .

"မရိုင်းပါဘူး မိန်းကလေး၊ မင်း သွားသင့်တာ ကြာနေပါပြီ"

ဟု ပြောလိုက်လေ၏။ တောက်ပင်တေးသည် အရက်ခွက်ကို လှမ်း၍ဆွဲ?င်း ဆာပုလင်းနှင်းမောင်အား. . . .

"မြန်မာပြည်က ဒီ. . အဲ. . အဲ. . ဆာပုလင်းနှင်းမောင်၊ ခင်ဗျားဟာ ကျုပ်တို့ရဲ့ တော်ဝင်ပန်းပွင့်ကလေးကို မျက်စိကျနေပြီထင်တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆာပုလင်းနှင်းမောင်က. . . .

"ကျုပ်ဟာ တရားခံတွေကို စိတ်ဝင်စားလေ့ ရှိပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ကိုင်ယာယူပို့လည်း ခွင့်တောင်း၍ ထမင်းစားဝိုင်းမှ ထသွားလေတော့၏။ ဆာပုလင်းနှင်းမောင်သည် ?င်းပေါင်းကို တူဖြင့်ညှပ်၍စားရင်း ချင်ဝှာပြည်နယ်က တရားသူကြီး မစ္စတာလိုက မည်သည့် အကြောင်းကြောင့် သူ့အား ဤညစာ စားပွဲသို့ မရမက စေလွှတ်ခဲ့သည်ကို စဉ်းစားလိုက်ပြီးနောက် ပြုံးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၎င်း၏ရင်ထဲတွင် အောက်ပါအတိုင်း ရေရွတ်လိုက်လေတော့၏။

"ဆားပုလင်းနှင်းမောင် ဆိုတာကို ချိုသလား၊ ခါးသလား၊ မြည်းမကြည့်ဘူးသေးကြတော့လည်း ဒီလိုပေါ့လေ၊ မကြာခင် နှင်းမောင်ရဲ့ အရသာကို ရေရေလည်လည် သိသွားကြမှာပါ"

ဘွန်ဟောင်းသည် ဆားပုလင်းနှင်းမောင်နှင့် ခွဲခွာခဲ့ပြီးနောက် လမ်းမကြီးအတိုင်း လျှောက်၍သွားလေ၏။ မျှားမကြာမီ၌ပင် လူစုလူဝေးကောင်းသော နေရာသို့ ရောက်ရှိသွား၏။

ထိုနေရာသို့ရောက်လျှင် အလှအပများဖြင့် ခြယ်သထားသော မုခ်ဝကြီးတစ်ခုဆီသို့ ရောက်ရှိလေ၏။ ထိုမုခ်ဝကြီးမှ လွန်မြောက်သည်ရှိသော် လွန်စွာကြီးမားသော လောင်းကစားဝိုင်းကြီးကို တွေ့ရလေ၏။

ထိုကစားဝိုင်းကြီး၏အနီး၌ ဝက်သားပေါက်စီဆိုင်များ၊ ခေါက်ဆွဲဆိုင်များသည် ဆူညံစွာ အော်ဟစ်၍ ဝယ်သူများကို ဖိတ်ခေါ်နေကြလေ၏။ ဆိုင်တိုင်း ဆိုင်တိုင်း၏ ရှေ့၌လည်း သစ်သားဘူးကြီးများထဲတွင် ငွေအကြွေများကိုထည့်၍ တချွင်ချွင် ခေါက်နေသူများလည်း ရှိကြလေ၏။

၎င်းတို့သည် ဤသို့ ငွေသံပေးနေလျှင် ဈေးဝယ်သူများ ဝင်ရောက်လေ့ရှိသည်၊ သို့မဟုတ် ဈေးခေါ်ကောင်းသည်ဟု ယုံကြည်သောကြောင့် အဆက်မပြတ် ခေါက်နေကြခြင်း ဖြစ်၏။

အမှန်၌လည်း ထိုအသံကြားလျှင် လမ်းပေါ်မှ ဖြတ်သွားသူများသည် ဆိုင်တွင်းသို့ဝင်ရန် သတိရသဖြင့် ဆိုင်တွင်းသို့ ဝင်သွားလေ့ရှိလေ၏။





ဘွန်ဟောင်းသည် ကစားဝိုင်းအဝင်ဝရှိ ဂျုံမုန့်ရောင်းသော ဆိုင်သို့ဝင်ကာ စားသောက်မည်ဟု ကြံစည်စဉ်၌ပင် လူအုပ်ကြီးက တိုးဆော့လိုက်သဖြင့် နေရာရွှေ့သွားလေ၏။

ထို့ကြောင့် ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်သွားလေ၏။ထိုဆိုင်မှာ စက္ကူဖြင့်ပြုလုပ်ထားသောအိမ်များ၊ စက္ကူ အိမ်ထောင်ပရိဘောဂများ၊ စက္ကူလှေများ၊ စက္ကူအဝတ်အစားများ ပြုလုပ်ရောင်းချသောဆိုင် ဖြစ်၏။

ထိုဆိုင်မျိုးသည် သင်္ချိုင်းကန်တော့ပွဲ ပြုလုပ်သောကာလ၌ လွန်စွာရောင်း၍ကောင်းသော ဆိုင်မျိုး ဖြစ်၏။

တရုတ်လူမျိုးများသည် ကွယ်လွန်သွားသော ဆွေမျိုးများ တမလွန်ဘဝ၌ ၎င်းတို့၏ ဘဝလိုအပ်ချက်ကို တောင်းဆို လေ့ ရှိသည်ဟု ယုံကြည်ကြ၏။ ထို့ပြင် ကျန်ရစ်သူများက ဤသို့ စက္ကူအိမ်၊ စက္ကူ ပရိဘောဂ၊ စက္ကူပစ္စည်း၊ စက္ကူလှေတို့ကို ၎င်းတို့အတွက် ရည်စူး၍ ပွဲတော်ပြီးသောကာလ၌ မီးရှို့ပေးပါက ထိုပစ္စည်းများသည် သေမင်းနိုင်ငံသို့ ရောက်ရှိ၍ သေသွားသော ဝိညာဉ်များထံ ရောက်ရှိအသုံးပြုခွင့် ရှိသည်ဟု ယုံကြည်ကြလေ၏။

ထိုသို့ မီးရှို့ပြီးသည့် အခါကျမှပင် ဆင်းရဲသူ၊ ဆင်းရဲသားများနှင့် သူတောင်းစား ကယ်ပါများကို လှူဒါန်းလေ့ ရှိကြလေ၏။

ထိုသင်္ချိုင်းပွဲတော်၏ ရည်ရွယ်ချက်မှာ သေဆုံးသွားသော ဆွေမျိုးမိဘများသည် အပြီးအပိုင် ခွဲခွာသွားခြင်း မရှိသေးကြောင်း၊ ကျန်ရစ်သူများကို သတိရစေရန် သတိပေးနှိုးဆော်သော သတိပေးရန် ရည်ရွယ်ချက်လည်း ရှိပုံရလေ၏။ ထိုဆိုင်မှ ပစ္စည်းများကို ကြည့်ပြီးနောက် ဘွန်ဟောင်းက. . . .



www.burmeseclassic.com

www.burmeseclassic.com



"သေသွားတဲ့ ငါ့ဦးလေးကြီးရဲ့ ဝိညာဉ်ကတော့ ဘာမှလိုအပ်မှာ မဟုတ်ပါဘူးလေ"

ဟု ပြောဆို၍ ကစားဝိုင်းအတွင်းသို့ သွက်လက်ပေါ့ပါးစွာ ဝင်သွားလေတော့၏။

ကစားဝိုင်းသို့ဝင်သွားသောအခါ အဝင်ဝတွင် စောင့်နေသောသူအား ဝင်ခအဖြစ် ဆယ်ပဲ ပေးလိုက်ရလေ၏။ ကစားဝိုင်းမှာ လွန်စွာကြီးသော ခန်းမကြီး ဖြစ်၏။ အလယ်တွင် စားပွဲဝိုင်းကြီးရှိ၏။ ဒိုင်လုပ်သူသည် ကြေးပြားဝိုင်းကလေးတစ်ခုအား ပြည်တောင်းနှင့် အုပ်၍ထားလေ၏။ ထိုးသားများမှာ ထိုကြေးပြားပေါ်မှ နံပါတ်ကို မှန်အောင် ထိုးရသော ရှေးဟောင်းကစားနည်းတစ်ခု ဖြစ်၏။

အခြားသော ကစားဝိုင်းများ၌လည်း အံစာတုံးများ၊ မာကျောက်ခေါ် တရုတ်ကတ်များ၊ ပန်းပွင့်ပုံများပါသည့် ရှည်မျောမျော ဖဲချပ်များစသော ကစားနည်းပေါင်း မျိုးစုံအောင် ကစားနေကြလေ၏။

ဘွန်ဟောင်းသည် မည်သည့်ကစား ဝိုင်းသို့ ဝင်ရမည်ကို ချီတုံချတုံ စဉ်းစားနေလေ၏။ ထိုအချိန်၌မှာပင် ကစ်စုံတစ်ယောက်က ၎င်းအနီးသို့ ချဉ်းကပ်လာပြီးလျှင်. . . .

"ဒီမှာ ကိုယ့်လူ ကစားဝိုင်း မဝင်ခင်မှာ ပိုက်ဆံ ဘယ်လောက်ပါသလဲဆိုတာ ကျုပ်ကို ပြရမယ်"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"မင်းက ဘာကောင်မို့လို့ ပြရမှာတုံး"

ဟု ဒေါသဖြင့် ပြန်၍ ပြောလိုက်လေ၏။

"ကျုပ် ဘာကောင်လဲဆိုတော့ ဘာကောင်မှတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အားလုံး ဖြစ်နိုင်တယ်"





ဟု ထိုသူက ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းသည် ထိုသူ၏ရှေ့တည့်တည့်တွင် သွားရောက်ကာ ထိုသူ၏ မျက်နှာသို့ စေ့စေ့ကြည့်လိုက်လေ၏။

ထိုသူသည် ၎င်းနှင့် အရပ်ချင်း အနိမ့်အမြင့် ရွယ်တူလောက်ဖြစ်သော်လည်း ရင်အုပ်မှာကျယ်၏။ ကိုယ်လုံးမှာလည်း အရက်စည်ကဲ့သို့ တုတ်တုတ်လုံးလုံးကြီး ဖြစ်၏။ သူ၏လည်ပင်းကြီးမှာ တုတ်ခိုင်လွန်းသဖြင့် ပခုံးနှင့်တစ်တိုင်းတည်းရှိသည့်ပမာ ထင်မှတ်ရလေ၏။ သူ၏နှင်ဘတ်ကြီးမှာဏဏန်းလက်မတစ်ကောင်၏ ကျောကုန်းကဲ့သို့ တောင့်ဆောင့်မာမာကြီး ရှိပုံရလေ၏။ ဘွန်ဟောင်းသည် ထိုသူအား လုံလောက်အောင် အကဲခတ်ပြီး. . . .

"ကိုယ့်လူ ဘယ်သူများလဲ ဆိုစမ်းပါဦး"

ဟု ပမာမခန့် လေသံဖြင့် မေးလိုက်လေ၏။

"ကျုပ် ဏဏန်းလက်မပဲ"

ဟု ထိုလူထွားကြီးက ပြန်၍ ဖြေလိုက်လေ၏။

ထို့နောက် လူထွားကြီးကပင်. . . .

"ကျုပ်မှာ အဖော်တစ်ယောက်လည်း ပါသေးတယ်၊ သူ့နာမည်က ပုစွန်ကြော့တဲ့"

ဟု ပြောလိုက်ပြန်ရာ ဘွန်ဟောင်းက. . . .

"ဒါဖြင့် ခင်ဗျားတို့ နှစ်ယောက်ကို ပြုတ်သောက်ဖို့ဆိုရင် ဆားနည်းနည်းပဲ လိုတော့တာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါဏဏန်းလက်မဟုခေါ်သော လူထွားကြီးက. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကစားဝိုင်းမှာ လာပြီးကစားတဲ့ လူဆိုတော့လည်း ရယ်စရာပြောတာကို ရယ်ရသေးတာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျား တရုတ်စာကောင်းကောင်း ဖတ်တတ်တယ် မဟုတ်လား၊ ဟိုမှာ စာရေးထားတာ မမြင်ဘူးလား (ကစားသမားများအားလုံး စိတ်ချမ်းသာစေရန်အတွက် ကစားသမား အသစ်များသည် ကစားဝိုင်း ကြီးကြပ်သူများအား မိမိငွေ မည်မျှပါလာကြောင်း ပြသရမည်) တဲ့"

ဟုကဏန်းလက်မဆိုသူက ပြောလေတော့၏။ ထိုအခါ ဘွန်ပေါင်းက ခေါင်းကို တွင်တွင်ယမ်းရင်း. . . .

"လုံးဝ သဘာဝမကျတဲ့ စာပဲဗျ၊ နေစမ်းပါဦး၊ ကိုယ့်လူတို့ နှစ်ယောက်က ဒီကစားဝိုင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

ဟု မေးလိုက်ရာ ကဏန်းလက်မဆိုသော လူထွားကြီးက. . . .

"ကျုပ်တို့နှစ်ယောက်ဟာ ဒီကစားဝိုင်းရဲ့ လုံခြုံရေး အမှုထမ်းတွေလေဗျာ၊ ကျုပ်တို့ကို ကျွန်းစောင့်ကြီး မစ္စတာဖင်ဒိုင်းက အလုပ်ခန့်ထားကယ်"

ဟု ပြောလိုက်လျှင် ဘွန်ပေါင်းသည် သူ၏ဖိနပ်အတွင်း၌ ထည့်ထားသော စာတစ်စောင်ကိုထုတ်၍ ကဏန်းလက်မအားပေးရင်း. . . .

"ကျုပ်ဟာ ပို့ယန်းပြည်နယ် အထူးတရားသူကြီးချုပ် စုံထောက်ကြီး ဆားပုလင်းနှင်းမောင်ရဲ့ တပည့်ပဲ၊ကိုယ့် လူတို့နှစ်ယောက်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ဟောဒီမှာ ကျုပ်ဟာ တရားသူကြီးချုပ်ရဲ့ တပည့်ဖြစ်ကြောင်း ထောက်ခံစာရုံးတံဆိပ်လည်း ရိုက်ထားတယ်"





ဟု ပြောလိုက်ရာကဏန်းလက်မနှင့် ပုစွန်ကြော့တို့သည် ဘွန်ပေါင်း ပေးသောစာကို မျက်စိများပွတ်၍ ဖတ်ကြလေ၏။

ထို့နောက် စာကို ဘွန်ပေါင်းထံသို့ ပြန်ပေးပြီးလျှင်. . . .

"မိတ်ဆွေကြီးရယ် ဒီအတိုင်း စကားပြောရတာ လည်ချောင်းခြောက်လှပါတယ်ဗျာ၊ ဟောဟိုက ဝရန်တာမှာ ထိုင်ပြီး အဖျော်ယမကာလေး ဘာလေး သောက်ကြရအောင်ပါ"

ဟု ပြောဆိုကာ ဘွန်ပေါင်းအား ဝရန်တာရှိ ထိုင်ခုံများဆီသို့ ခေါ်သွားလေ၏။

၎င်းတို့ထိုင်ပြီး များမကြာမီ၌ပင် စားပွဲထိုးတစ်ဦးသည် ထမင်းကြော်နှင့် အရက်ကရားများ လာ၍ပို့လေ၏။

ထို့နောက် ဘွန်ပေါင်းက ၎င်းတို့နှစ်ဦးအား မသိမသာ စုံစမ်းမေးမြန်းရာ ကဏန်းလက်မရော ပုစွန်ကြော့ပါ ဤကျွန်းကြီးပေါ်၌ အစဉ်ထာဝရ နေထိုင်သူများဖြစ်ကြောင်း၊ ကဏန်းလက်မသည် လက်ဝှေ့ကျော်တစ်ဦး ဖြစ်ကြောင်း သိရလေတော့၏။

ကဏန်းလက်မ၏ မိတ်ဆွေ ပုစွန်ကြော့ဆိုသူမှာ ခါးအနည်းငယ် ကုန်းခြင်းကြောင့် ခေါ်ဝေါ်သောအမည် ဖြစ်၏။ကဏန်းလက်မသည် သူ၏ လက်ဝှေ့ ထိုးသတ်ပုံများ၊ သူ၏ လက်သီးပြင်းပုံများနှင့် သတ်လုံးသတ်ကွက်များကို စိတ်ပါဝင်စားစွာ ပြောပြနေလေ၏။

ပုစွန်ကြော့မှာမူ ပါဝင်ပြောဆိုခြင်းမပြုဘဲ ထမင်းကြော်ကို အားပါးတရ စားနေလေ၏။ ဘွန်ပေါင်းသည် အရက်ကို တစ်ခွက်ပြီး တစ်ခွက်ငှဲ့၍ သောက်ရင်း. . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသားလေး သေသွားတဲ့ကိစ္စကို ခင်ဗျားတို့ သိသလောက် ပြောစမ်းပါဦး"

ဟု စကားစလိုက်လေ၏။

ထိုအခါ၌ကာကန်းလက်မကြီးသည် မျက်လုံးအပြူးသားဖြင့် ပုစွန်ကြော့အား လှမ်း၍ ကြည့်လိုက်လေ၏။ ထိုသို့ကြည့် ပြီးနောက်. . . .

"ဟုတ်တာပေါ့ မိတ်ဆွေရယ်၊ ခင်ဗျားရဲ့ ဆရာသမားဆားပုလင်းနှင်းမောင်ဆိုတာ ဒီကျွန်းကြီးပေါ် ရောက်နေတာ ဒီကိစ္စပဲ မဟုတ်လားဗျာ၊ ဒီတော့လည်း ကျုပ်တို့ သိသလောက် ပြောရရင်တော့ သေသွားတဲ့ ကျောင်းသားလေးဟာ မသေခင် အထိ ပျော်ပျော်ရွှင်ရွှင်ပဲဗျ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ကစားဝိုင်းဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသောကြောင့် သူ၏ မိတ်ဆွေ ပုစွန်ကြော့တို့ပါ အသံလာရာဆီသို့ ခေါင်းထောင်၍ ကြည့်လိုက်ကြလေ၏။

ထို့နောက်မှ ပုစွန်ကြော့က အရက်ကို မော့ချလိုက်၏။ ကာကန်းလက်မကြီးသည်လည်း စကားကို ဆက်၍ ပြောလေ၏။

"ဒီလိုဗျ၊ သေသွားတဲ့ ကျောင်းသားကလေးနဲ့ သူငယ်ချင်း ငါးယောက်ဟာ မြို့ကနေပြီး လှေနဲ့လာကြတာဗျ၊ ဒီကျွန်း ရောက်တော့လည်း ကျွန်းပေါ် တက်သေးတာ မဟုတ်ဘူး၊ နှစ်ရက်လုံးလုံး မြစ်ထဲမှာ အရက်သောက်နေကြသေးတာ၊ အဲဒီ အချိန်မှာပဲ ကျုပ်တို့ရဲ့ ဆရာမစ္စတာဖင်ဒိုင်းဟာ သူ့ရဲ့ သမီးကလေးကို





မြို့ကနေ လှေနဲ့ ပြန်ခေါ်လာတာ၊ အဲဒီသမီးကလေးက ဆွေမျိုးတွေဆီ သွားလည်တာတဲ့ဗျာ၊ ဒီလည်းရောက်ရော နှင်းမှုန်တိုင်းတွေကျလို့ သူတို့လှေဟာ ကမ်းကို မကပ်နိုင်ဘဲ ခါးလယ်ကနေ ကျိုးတော့တာပဲဗျို့၊ အဲဒီမှာ သေသွားတဲ့ ကျောင်းသားကလေးနဲ့ သူ့သူငယ်ချင်းတွေက ကမ်းကိုကပ်နိုင်အောင် လုပ်ပေးလိုက်တယ်၊ အဲဒီလို လုပ်ပေးပြီးမှ သူတို့လည်း ကျွန်းပေါ် တက်လာပြီး တည်းခိုဆောင်ကို သွားကြတာ၊ ကျန်တဲ့ ငါးယောက်က သဝ်သတ်တည်းတယ်၊ သေတဲ့ ကျောင်းသားကလေးပဲ ကြက်သွေးရောင်ခန်းမမှာ တည်းတယ်"

ကာကန်းလက်မ၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဘွန်ပေါင်းက

"အဲဒီ ကြက်သွေးရောင်ခန်းမပေါ့ဗျ၊ ကျုပ်ဆရာ ဆားပုလင်းနှင်းမောင် တည်းနေတာ၊ တစ်ခုတော့ ရှိတယ်ပေါ့ဗျာ၊ ကျောင်းသားကလေးသတ်သေသွားတဲ့နေရာမှာ ဆားပုလင်းနှင်းမောင်က တည်းတာဆိုတော့ သိပ်ပြီး မအံ့သြနဲ့ဗျို့၊ ဒီလူက တစ္ဆေသရဲ ဆိုတာမျိုးကို အယုံအကြည်ရှိတဲ့ လူမျိုးမဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ ခါးကုန်းသော ပုစွန်ကြော့ ဆိုသူက. . . .

"မိတ်ဆွေကြီး ဘွန်ပေါင်းရယ်၊ ကျုပ်တို့ပြောတဲ့ စကားထဲမှာ တစ္ဆေ သရဲ ဆိုတာလည်း မပါဘူး၊ ကိုယ့်ကိုယ်ကို သတ်သေတဲ့ စကားလည်းမပါဘူး၊ အဲဒါလေးတော့ သဘောပေါက်စေချင်ပါတယ်"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဏကာန်းလက်မကြီးကလည်း. . . .

"ဒီမှာ မိတ်ဆွေကြီး ဘွန်ဟောင်းရဲ့ တစ္ဆေ သရဲ ဆိုတာ မေ့လိုက်ပါ၊ ပြီးတော့ ကျောင်းသားကလေးဟာ သူ့ကိုယ်သူ သတ်သေတာ မဟုတ်ပါဘူး"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားတို့က ဒီစကားကို ဘာဖြစ်လို့ ဒီလောက် အလေးအနက် ပြောနေကြတာလဲ"

ဘွန်ဟောင်းက မေးလိုက်လေ၏။

"ဒီလိုဗျ၊ ကျုပ်တို့ နှစ်ယောက်ဟာ ကစားဝိုင်းက လူတွေကို စောင့်ကြည့်ရတဲ့ လူဆိုးထိန်းတွေ ဆိုပါတော့ဗျာ၊ လူဆိုးထိန်း ဆိုတာ နှယ်နှယ်ရရမဟုတ်ဘူးဗျ၊ ဆိုးပေ မိုက်ပေဆိုတဲ့ လူတွေရဲ့ အကြောင်းကို နောကျေနေတဲ့ လူတွေ၊ အဲဒီလို နောကျေနေတဲ့ လူတွေက လူဆိုး၊ လူပေတွေရဲ့အကြောင်းကို ပြောတဲ့အခါ မှာလျှောက်လွှတ်စပယ် ပြောလေ့မရှိဘူး၊ အတတ်နိုင်ဆုံး တိတိကျကျ ပြောလေ့ရှိတယ်၊ ကျုပ်တို့ လူဆိုးထိန်းအလုပ် လုပ်လာတာ သက်တမ်းကလည်း ရှည်ပြီဗျ၊ အဲဒီတော့ 'ချက်' ဆိုရင် 'နားခွက်' က မီးတောက် ဆိုသလို ဖြစ်နေပြီ၊ သေသွားတဲ့ ကောင်ကလေးဟာ ဟောဒီ ကစားဝိုင်းမှာဝင်ပြီး ကစားဖူးတယ်၊ ဒီကောင်ကလေးဟာ အများကြီး နိုင်ဖူးတယ်၊ တစ်ပြားမှ မကျန်အောင်လည်း ရှုံးသွားဖူးတယ်၊ ဒါပေမဲ့ လောင်းကစားသမားတော့ ပီသတယ်၊ စိတ်လှုပ်ရှားမှု မတွေ့ရဘူး၊ သွေးအေးလိုက်တာလည်း သခွားသီးကျနေတာပဲ၊ ဒီလို သွေးအေးတဲ့ ကောင်မျိုး ဘယ်တော့မှ ကိုယ့်ကိုယ်ကို သတ်မသေဘူးဗျ၊ ဟော





ဒီ ကျွန်းပေါ်မှာ ဘဏ္ဍာဆရာကလေး ကိုင်ယာယူပို့ဒုံ ဘာရှိသေးတယ်၊ ဒီကောင်ကတော့ ကစားဝိုင်းကို မလာဘဲ ၊ ည်းနေမနိုင်ဘူး၊ နည်းနည်းကလေးနိုင်ရင် တော်ပြီ၊ နည်း ည်းကလေး ရှုံးတာနဲ့ ညည်းပြီ၊ အဲဒီကောင်မျိုးက ကိုယ့်ကို ကိုသက်သေတတ်တယ်"

ဟု ဏကာန်းလက်မကြီးက ဘွန်ဟောင်းအား ရှင်းပြလိုက်လေ၏။

ထိုအခါ ဘွန်ဟောင်းက ခေါင်းကို ခါယမ်းရင်း. . . .

"ဒီမှာ ဏကာန်းလက်မကြီး ခင်ဗျား အခုပြောနေတာ ငွေက ငွေကိစ္စဗျ၊ ငွေမှာ ခံနိုင်ရည်ရှိပေမယ့် မိန်းမကိစ္စမှာ ခံနိုင်ရည်မရှိတဲ့လူက အနည်းသားကလားဗျာ၊ အခု ဒီကောင်ကလေးက ဒီကျွန်းပေါ်က မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းဖြစ်မိတယ်ဆိုပဲ၊ အဲဒီအတွက်ကော သတ်မသေနိုင်ဘူးလားဗျာ"

ဟု မေးလိုက်လေ၏။

ထိုအခါ ဏကာန်းလက်မကြီး. . . .

"ဒီလို မဖြစ်နိုင်ဘူးဗျ၊ ဒီလို သွေးအေးတဲ့ ကောင်မျိုးက မိန်းမအတွက် ဘယ်တော့မှ သတ်မသေဘူး၊ ဒါပေမဲ့ သူက ချစ်လိုက်သားနဲ့ သူ့ကိုမချစ်တဲ့ မိန်းမမျိုးကိုတော့ ညာဏ်နီဉာဏ် နက်ထုတ်ပြီး ညစ်တတ်တယ်ဗျ"

ဟု ပြောလိုက်လျှင် ဘွန်ဟောင်းက. . . .

"ခင်ဗျား ပြောသလို ညစ်ပြီးရင် သူ့ကိုယ်သူ သတ်သေဖို့ပဲ ကျန်တော့တာပေါ့"

ဟု ပြန်၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုစွန်ကြော့ကြီးက. . . .

"မိတ်ဆွေကြီး ဘွန်ဟောင်းကတော့ ကိုယ့်ကိုယ်ကို သတ်သေတယ် ဆိုတဲ့ တလွဲတချော် လမ်းကြောင်းအတိုင်း စဉ်းစားနေတော့တာပေါ့"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဘွန်ဟောင်းက. . . .

"ကျောင်းသားကလေးဟာ ခင်ဗျားတို့ ကျွန်းက အလှမယ်ကလေးအပြင် တခြားမိန်းကလေးနဲ့များ ရင်းနှီးခဲ့ဖူး သေးသလားဗျာ"

ဟု မေးလိုက်လေ၏။

ဘွန်ဟောင်း၏ စကားကို ပုစွန်ကြော့က သေချာစွာ နားထောင်ပြီးနောက်. . . .

"ရွှေခက်စိမ်းမယ်ကလေးနဲ့လည်း ပတ်သက်သေးတယ်ဗျ၊ ဒီအပြင် ဘယ်သူနဲ့ ပတ်သက်သေးသလဲ ဆိုတာတော့ ကျုပ်ကလည်း ကောင်ကလေးရဲ့ ခြေသလုံးကိုကိုင်ပြီး လိုက်နေတာမှ မဟုတ်ဘဲ၊ အတိအကျ ဘယ်လိုလုပ် ပြောနိုင်မှာတုံး မိတ်ဆွေကြီးရာ"

ဟု ခပ်ပေါ့ပေါ့ ပြန်၍ ပြောလိုက်လေ၏။

"ဒါနဲ့ နေစမ်းပါဦး၊ ဒီကောင်လေး သေတဲ့ကိစ္စဟာ အမှုတစ်ခုအနေနဲ့ စုံစမ်းရမယ့် ကိစ္စမျိုး ဟုတ်,မဟုတ် သိချင်တယ်"





ဟု ဘွန်ဟောင်းက တကယ့်စုံထောက်ကြီးတစ်ဦး၏ ဟန်ပန်ဖြင့် မေးလိုက်လေ၏။ ထိုအခါ ပုစွန်ကြော့က. . . .

"ကောင်လေးဟာ သူငယ်ချင်း ငါးယောက်နဲ့ အတူတူ လှေစီးတယ်ဗျာ၊ ပြီးတော့ ကြက်သွေးရောင်ခန်းမကို သွားတည်းပြီး ထမင်း မှာစားတယ်ဗျ၊ ပြီးတော့ အခန်းထဲကိုဝင်ပြီး အခန်းတံခါးကိုအတွင်းက ပိတ်လိုက်တယ်ဗျာ၊ စားပွဲထိုးက နောက်တစ်ခေါက်လာပြီး ပြတင်းပေါက်က ချောင်းကြည့်လိုက်တော့ လည်ပင်းမှာ ဓားဒဏ်ရာနဲ့ သေနေတယ်ဗျာ၊ ကျုပ်တို့သိတာ အဲဒါပဲ၊ သိတယ်ဆိုတာလည်း မြင်တာမဟုတ်ဘူး၊ ကြားတာတွေ ပြောနေတာ၊ တကယ်မြင်တာကို ပြောရရင်တော့ ကောင်ကလေး ထမင်းမစားခင်မှာ 'ဝင်ယုအန်' ဆိုတဲ့ ရှေးဟောင်းပစ္စည်း ရောင်းတဲ့လူ အဲဒီ ဟိုတယ်ကို သွားတယ်၊ အဲဒါကတော့ မျက်စိနဲ့ကို မြင်တာ"

ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် 'ဝင်ယုအန်' ဟာ ကောင်လေးနဲ့ စကားပြောသေးတယ်ပေါ့"

ဟု ဘွန်ဟောင်းက မေးလိုက်ရာ ပုစွန်ကြော့က. . . .

"ခက်တယ် မိတ်ဆွေ၊ ဒီလူဟာ ကုန်သည်တစ်ယောက် ဖြစ်တယ်၊ကုန်သည်ရဲ့ပါးစပ်ဆိုတာကလည်း အခုတစ်မျိုး ခုတစ်မျိုး ပြောတတ်တာကလား"

ဟု ပြန်၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ခင်ဗျားတို့ဟာ လုံခြုံရေးမှာ တာဝန်ရှိတဲ့ လူတွေပဲ၊ မိန်းမလှကျွန်းပေါ်မှာနေတဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ ဘယ်ကိုသွားတယ်၊ ဘယ်ကိုလာတယ် ဆိုတာကိုတော့ ခင်ဗျားတို့ မျက်လုံးဒေါက်ထောက် စောင့်ကြည့်နေရတာ မဟုတ်လား"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"မိတ်ဆွေကြီး မှားနေပြီ၊ ကျုပ်တို့ ဒီကျွန်းပေါ်နေတဲ့ ဘယ်လို ထင်ရှားတဲ့ ပုဂ္ဂိုလ်ကိုမှ စောင့်ကြည့်မနေဘူး၊ ကျုပ်တို့ စောင့်ကြည့်ဘော သုံးယောက်ပဲ ရှိကယ်၊ ဒါကလည်း အလုပ်သဘော ဆက်စပ်နေလို့ပဲ၊ ကျုပ်တို့ဆရာ မစ္စတာဖင်ဒိုင်းကို စောင့်ကြည့်ရတယ်၊ သူက လောင်းကစားဝိုင်းဒိုင်ဗျ၊ ပြီးတော့ မစ္စတာ တောက်ကို စောင့်ကြည့်ရတယ်၊ သူက အရက်ဆိုင် ပိုင်ရှင်လေ၊ ပြီးတော့ ဝင်ယုအန် စောင့်ကြည့်တယ်၊ သူက ရှေးဟောင်း ပစ္စည်းနဲ့ အဖိုးတန်ပစ္စည်း ရောင်းတဲ့လူ မဟုတ်လား၊ လူ တစ်ယောက်ဟာ မစ္စတာဖင်ဒိုင်းရဲ့ ကစားဝိုင်းမှာ အကြီး အကျယ်ပွသွားပြီ ဆိုပါတော့၊ အဲဒီအခါမှာ သူဟာ မစ္စတာ တောက်ရဲ့ အရက်ဆိုင်နှင့် မစ္စတာဝင်ယုအန်ရဲ့ ရှေးဟောင်း ပစ္စည်းနဲ့ အဖိုးတန်ပစ္စည်းဆိုင်ကို မလွဲမသွေ သွားတော့တာပဲ မဟုတ်လား၊ ကျုပ်တို့က အဲဒီသုံးချက်ပဲ မှတ်ထားတာ၊ တကယ် လို့ လူတစ်ယောက်ဟာ မစ္စတာဖင်ဒိုင်းရဲ့ လောင်းကစား ဝိုင်း မှာ အကြီးအကျယ် ရှုံးသွားရင်လည်း စိတ်ညစ်လို့ အရက် သောက်ဖို့ လိုလာပြီမဟုတ်လား၊ အဲဒီအခါမှာ မစ္စတာတောက် ရဲ့ အရက်ဆိုင်ကို သွားရမှာပဲ၊ အဲဒီလို သွားနိုင်ဖို့အတွက်





သူ့မှာပါလာတဲ့ ငွေဖိုးတန်ပစ္စည်းကို ဝင်ယုအန်ဆိုင်မှာ ရောင်း ရမယ်လေ၊ အဲဒီတော့ ကျုပ်တို့ဟာ ဒီသုံးယောက်ကိုပဲ ဂရုစိုက် တယ်၊ ကျန်တာတွေကို ကျုပ်တို့ စိတ်ထဲမှာ ရှိတယ်လို့တောင် မအောက်မေ့ဘူး"

ဟု ဇာဏာန်းလက်မကြီးက ရှင်းပြလေ၏။

"အတော့်ကို အဆက်အစပ်ရှိတဲ့ လုပ်ငန်းကြီး သုံးရပ်ပဲ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ကျုပ်တို့ဆရာ ဖင်ဒိုင်းကတော့ လူရိုးဗျ၊ ဒါကြောင့်လည်း အစိုးရက သူ့ကို ကျွန်းစောင့်ကြီးတာဝန် ပေးထားတာပေါ့၊ ကျွန်းစောင့်က မရိုးမသားလုပ်ရင် ချမ်းသာတာပဲ၊ဒါပေမဲ့ ဖင် ဒိုင်းဟာ ချမ်းသာမှုကို ဒီလောက်အလိုမရှိဘူး၊ ရိုးရိုးသားသား ပဲ နေထိုင်တယ်၊ သူ့အတွက်လည်း ဘာများ ပူစရာရှိလို့လဲဗျာ၊ ကျောက်စိမ်းမြတ်ရတနာဆိုတဲ့ သမီးကလေးတစ်ဦးပဲ 'ရှိတာပဲ"

ဟု ပူစွန်ကြော့က ပြောလိုက်လေ၏။ ထို့နောက်ဇာဏာန်းလက်မက. . . .

"ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကလည်း အခုကျောင်းသား သေတဲ့ အခန်းမှာ လူတစ်ယောက် သေဖူးတယ်ဗျ၊ အခုအတိုင်း ပဲဗျာ၊ အထဲမှာ အခန်းတံခါးပိတ်ပြီး လည်ပင်းမှာ ဒဏ်ရာနဲ့ သေနေတာ၊ တစ်ခုထူးဆန်းတာကတော့ အဲဒီတုန်းကလည်း အဲဒီအခန်းနဲ့ မလှမ်းမကမ်းကို မစ္စတာဝင်ယုအန် ရောက်နေ တယ်ဆိုတာကို ကျုပ်တို့ သိရတယ်၊ အဖြစ်အပျက်တွေ တိုက် ဆိုင်တာကို ပြောတာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းက. . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့နဲ့ စကားပြောရတာ တော်တော်လေး စုံသွားပါပြီ၊ ကျုပ်လည်း ပျင်းလှပြီ"

ဟု ပြောလိုက်ရာ ဂဏန်းလက်မကြီးက. . .

"ပျင်းရင်တော့ ဒီကျွန်းရဲ့ ဟိုဘက်အိမ်မှာရှိတဲ့ မျှော်စင်ပြာကို သွားဗျာ၊ အဲဒီအိမ်မှာ ကောင်မလေးတွေ ရှိတယ်၊ ကံကောင်းရင်တော့ ဓငွေရောင်နတ်သမီးဆိုတဲ့ ကောင်မလေးနဲ့ ဖူးစာဆုံချင်လည်း ဆုံနေရမယ်"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားတို့ရော မလိုက်ဘူးလား"

ဟု ဘွန်ဟောင်းက မေးလိုက်ရာ ဂဏန်းလက်မကြီးက. . .

"ပေါက်စီရောင်းတဲ့ လူလိုပဲဗျာ၊ ကိုယ်ရောင်းတဲ့ ပေါက်စီ ကိုယ် ဘယ်တော့မှလဲဗျ၊ ကျုပ်နဲ့ ဟောဒီ ပုစွန်ခါးကုန်းကတော့ ပျင်းရင် ဘယ်ကိုမှ မသွားဘူး၊ ကျုပ်တို့နှစ်ယောက် စိုက်ထားတဲ့ ရွှေဖရုံ ခင်းကိုသွားပြီး ရေလောင်းတာပဲ၊ အင်း အင်း ပြောရဦးမယ်၊ အဲဒီကောင်လေး အသတ်ခံရမယ့် ညနေလောက်က ကျုပ် ရွှေဖရုံခင်းကို ရောက်တယ်၊ အရွက်တွေမှာ ခူတွေတက်နေလို့ ကျုပ်လည်း ဖယ်ထုတ်နေရတယ်၊ အဲဒီမှာ မလှမ်းမကမ်း သစ်ပင်အောက်မှာ မစ္စတာဝင်ယုအန်နဲ့ ကျောင်းသားလေး စကားပြောနေကြတာကိုတော့ ကျုပ်မျက်စိနဲ့ မြင်ရတယ်ဗျ၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့လည်းကျုပ်တို့ မြင်သမျှ၊ ကြားသမျှ





တွေကို ခင်ဗျားကို ပြောပြပြီးပါပြီ၊ မိတ်ဆွေကြီးဘွန်ဟောင်းလည်း ကစားဝိုင်းဝင်ချင်ဝင်တော့ဗျာ၊ ဒါပေမဲ့ ဘယ်သောက်ဖိုး ကစားမလဲဆိုတာတော့ ကျုပ်တို့ကို ပြောသွားဦးဗျာ"

ဟု ပြောလိုက်လေတော့၏။

ဘွန်ဟောင်းသည် ကစားဝိုင်းသို့ ဝင်ကာ ကစားနေသည်။ ၎င်း၏ဖဲမှာ အလွန်ကောင်းသောကြောင့် မကြာခဏ အလျော်ရနေလေ၏။ မျက်နှာပေါက်ဆိုးသော ဆန်ကုန်သည်ကြီးသည် လျော်ပြီးရင်း လျော်နေရလေ၏။ သို့ရာတွင် နောက်ပိုင်း၌ ဆန်ကုန်သည်ကြီးက ဖဲသာလာ၏။ ဘွန်ဟောင်းသည် တစ်လှည့်ပြီး တစ်လှည့် ပြန်၍ရှုံးနေပြီ ဖြစ်ရာ နိုင်ထားသောငွေများ ကုန်ရုံမျှမက အရင်းထဲမှပင် အနည်းငယ်ပွန်း၍ သွားလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"တော်ပြီဗျာ၊ ကျုပ် အတော်လေး ထိနေပြီ"

ဟု ဆိုကာ ဝိုင်းမှ ထခဲ့လေ၏။ ထို့နောက်ဂဏန်းလက်မနှင့် ပုစွန်ကြောတို့ကို နှုတ်ဆက်ပြီး ဆားပုလင်းနှင်းမောင်ရှိရာ ကြိုးကြာငှက်၏ အသိုက်ဘုံနန်းသို့ ပြန်ခဲ့လေ၏။

ကြိုးကြာငှက်၏ အသိုက်ဘုံနန်းက မန်နေဂျာက ဘွန်ဟောင်းအား. . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ဟု မေးလိုက်ရာ ဘွန်ဟောင်းက. . .

"ဆားပုလင်းနှင်းမောင်ဆိုတဲ့ ဧည့်သည်တစ်ဦးနဲ့ တွေ့ချင်ပါတယ်"

ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ မန်နေဂျာက. . .



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ညစာစားပွဲ တက်ရောက်တဲ့ ဧည့်သည်ကို ပြောနေတာပဲ၊ မကြာခင်ပဲ ဆင်းလာပါလိမ့်မယ်၊ ခဏစောင့်ပါ"

ဟု ဆိုကာ ခုံတန်းတစ်ခုကို ညွှန်ပြလေ၏။ ထိုအခါ ဘွန်ဟောင်းလည်း ခုံတန်းပေါ်၌ဝင်၍ ထိုင်လိုက်လေ၏။ မန်နေဂျာက ဘွန်ဟောင်းအတွက် ကော်ဖီတစ်ခွက် စီမံပေးလေ၏။ ဘွန်ဟောင်းသည် ကော်ဖီကို အရသာခံ၍ သောက်နေစဉ်မှာပင် လှေကားကြီးပေါ်မှ ဆားပုလင်းနှင်းမောင်သည် မစ္စတာဖင်ဗိုင်း၊ တောက်ပင်တေးတို့နှင့်အတူ ဆင်း၍ လာလေ၏။

ထိုအချိန်၌မှာပင် ဝေါ်ယာဉ်လည်း ရောက်ရှိလာလေသည်။ ဆားပုလင်းနှင်းမောင်သည် ဖင်ဗိုင်းအား. . . .

"မနက်ဖြန် ရုံးချိန်အတွင်းမှာ ခင်ဗျား ရုံးကို ကျုပ်လာခဲ့မယ်၊ ပြီးတော့ ကျောင်းသားလေး သေဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်တဲ့ အထောက်အထား၊ စာရွက်စာတမ်းတွေကို ကြည့်ချင်တယ်"

ဟု ပြောလိုက်ပြီးနောက် ဝေါ်ယာဉ်ဆီသို့ လှမ်းလျှောက်သွားလေတော့၏။

ဝေါ်ယာဉ်အနီးသို့ ရောက်သောအခါ၌ ဘွန်ဟောင်းက ဝေါ်ယာဉ် လိုက်ကာကို မတင်ပေးလိုက်၏။ ဆားပုလင်းနှင်းမောင်လည်း ဝေါ်ယာဉ်အတွင်းသို့ ဝင်လိုက်လေ၏။ ၎င်း၏နောက်မှ ဘွန်ဟောင်းသည်း ဝင်လိုက်လေ၏။ ဝေါ်ယာဉ်ထမ်းသမားများလည်း ဝေါ်ယာဉ်ကို သယ်ဆောင်သွားကြလေ၏။ ဆားပုလင်းနှင်းမောင်သည် ဘွန်ဟောင်းအား ညစာစားပွဲမှ ရရှိခဲ့သော အတွေ့အကြုံနှင့် ထင်မြင်ချက်ကို ပြောပြလေ၏။

ဘွန်ဟောင်းကလည်း ဘဏ်လက်မတို့ထံမှ ရရှိသော သတင်းစကားကို ပြောပြလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . .





"ဒီမှာ ဘွန်ဟောင်း ကျောင်းသားလေး သေသွားတဲ့ အခန်းရဲ့ တံခါးဟာအတွင်းက ချက်ထိုးပြီးပိတ်ရတဲ့ တံခါးမျိုး၊ သော့ခတ်ဖို့လည်း မျောက်လက်ရှိတယ်ပေါ့လေ၊ ပြီးတော့ ပြတင်းပေါက်က ခိုင်ခံ့တဲ့ သံတိုင်တွေနဲ့ ဖြစ်တယ်ဆိုတဲ့ အချက်ကိုလည်း ထည့်စဉ်းစားရမယ်၊ ပြီးတော့ အခုလို အဖြစ်အပျက်မျိုး လွန်ခဲ့တဲ့ နှစ်သုံးဆယ်က တစ်ခါဖြစ်ဖူးတယ်၊ အဲဒါကတော့ ဘယ်သူလဲ ဆိုတော့ မစ္စတာတောက်ရဲ့ အဖေပဲ၊ အဲဒီတုန်းကလည်း ရှေးဟောင်းပစ္စည်းရောင်းတဲ့ သူကပဲစပြီးတွေ့တာပဲ၊ ရှေးဟောင်း ပစ္စည်းရောင်းတဲ့သူဟာ မစ္စတာဝင်ယုအန်လေ၊ သူက ဖင်ဗိုင်းနဲ့ စီးပွားပြိုင်ဘက်"

ဟု ပြောလိုက်လေ၏။ ဘွန်ဟောင်းကမူ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ငြိမ်၍နားထောင်နေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က

"ကျောင်းသားလေးဟာ ဒီကျွန်းက အလှမယ်လေးတစ်ဦးအတွက် သတ်သေတယ်လို့ ပြောနေကြတယ်၊ အဲဒီ အလှမယ်လေးကိုလည်း ကျုပ် နှစ်ခါတွေ့ပြီးပြီ၊ ဒါနဲ့ ပြောရဦးမယ်၊ သူတို့ ကျွေးမွေးတဲ့ ညစာက မဆိုးဘူး၊ အဲဒီမှာ ကဗျာဆရာလေး ကိုင်ယာယူဖို့ဆိုတာလည်း စာအကြောင်း ပေအကြောင်း အတော်ကလေး နှံ့နှံ့စပ်စပ်ရှိတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းက

"အဲဒီကဗျာဆရာလေးဟာ ရှိစုမဲ့စုပိုက်ဆံတွေအားလုံး လောင်းကစားဝိုင်းမှာ ကုန်သွားတယ်လို့ သိခဲ့ရတယ်"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဲဒီတုန်းက မစ္စတာဖင်ဒိုင်းရဲ့ တစ်ဦးတည်းသော သမီးနဲ့ မကြာခင် လက်ထပ်တော့မယ် ဆိုတာပဲ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"မစ္စတာဖင်ဒိုင်းသမီးကို သူရရင်တော့ လောင်းကစားဝိုင်းမှာ ရှုံးခဲ့တာတွေ ကြေရောပေါ့ဗျာ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ၎င်းတို့ကို သယ်ဆောင်လာသော ဝေါယာဉ်သည် ၎င်းတို့ တည်းခိုနေထိုင်သော ကြက်သွေးရောင်ခန်းမအနီး၌ ရပ်လိုက်လေ၏။ ဆားပုလင်းနှင်းမောင်ရော ဘွန်ဟောင်းပါ ဝေါယာဉ်ပေါ်မှ ဆင်းလိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် အခန်းဆီသို့ လှမ်း၍ကြည့်လိုက်ပြီးလျှင်. . . .

"ဘွန်ဟောင်းရေ ကျုပ်တို့အခန်းက မထွက်ခင်မှာ ဖယောင်းတိုင်မီးတို့ ကျုပ် သေသေချာချာငြိမ်းခဲ့ပါတယ်၊ အခု ဟောဟို မှာ မြင်လား မီးရောင်၊ အခန်းထဲမှာ မီးထွန်းထားတယ်"

ဟု ဆိုကာ အခန်းဆီသို့ တက်သွားပြီးလျှင် သော့ခလောက်ကို ကြည့်လိုက်လေ၏။ ထိုသို့ကြည့်ပြီးလျှင်. . . .

"ဟောဒီ သော့ခလောက်မှာ မှဲ့ချင်ယောင်ဆောင်ပြီး သော့တန်းလန်း ထားခဲ့တာဗျ၊ သော့လည်း မရှိတော့ဘူး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းသည် တံခါးကိုကပ်၍ အတွင်းမှအသံကို နားထောင်လေ၏။ ထို့နောက်

"ဘာသံမှ မကြားရဘူး ကိုနှင်းမောင်၊ တံခါး ခေါက်ရမလား"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က





"နေဦး. . . ဘွန်ဟောင်း၊ ပြတင်းပေါက်ဆီကို ကျုပ် တွယ်သွားပြီး အတွင်းကို ကြည့်ဦးမယ်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် အုတ်နံရံအစွန်းကလေးကို ကြိုးစား၍နင်းကာ ပြတင်းပေါက်ဆီသို့သွားပြီးလျှင် အတွင်းသို့ ကြည့်လိုက်လေ၏။အတွင်း၌ကား မိန်းမတစ်ဦး သေဆုံးနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ဆားပုလင်းနှင်းမောင်က. . . .

"အထဲမှာ မိန်းမတစ်ယောက်"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက. . . .

"သေပြီလား"

ဟု ပြန်၍ မေးလိုက်လေ၏။

"သေပြီလို့ ဆိုရမှာပဲ၊ အသက်ရှူတဲ့လက္ခဏာ မရှိတော့ဘူး၊ ဒါပေမဲ့ သော့ပေါက်မှာ တပ်ရက်သားထားခဲ့တဲ့ ကျုပ်ရဲ့ သော့ကလေးက အတွင်းဘက်သော့ပေါက်မှာ တွေ့ရတယ်ဗျို့"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဒီအခန်းထဲမှာ ဖြစ်ပွားတဲ့ တတိယအကြိမ်မြောက် ကိုယ့်ကိုယ်ကို သတ်သေတဲ့ အမှုပေါ့ဗျာ"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ အပိုင်မပြောနိုင်သေးဘူး၊ ဒီတော့ ဒီလိုလုပ်ဗျာ၊ မန်နေဂျာကိုသွားပြောပြီး မစ္စတာဖင်ဒိုင်းကို ချက်ချင်းလာဖို့ ပြောခဲ့ဗျာ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘွန်ဟောင်းလည်း သုတ်ခြေတင်၍ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင့်မောင်သည် သေဆုံးသွားသော မိန်းမလေးနှင့် ပတ်သက်၍ သံဝေဂရသွားလေ၏။

“ဒီမိန်းကလေးဟာ ဆောင်းညရဲ့ လမင်းစန္ဒာဆိုတဲ့ မိန်းမချော လေးပဲ၊ ညဦးပိုင်းအထိ လှပနေတုန်းပဲ၊ အခု သေသွားရှာပြီ”

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

အခြားသော အဆောက်အဦးများမှ ဂီတသံများ၊ ရယ်မောသံများ အဆက်မပြတ် ထွက်ပေါ်နေလေ၏။

“အင်း. . . . ပျော်တဲ့သူတွေကလည်း ပျော်လို့၊ သေတဲ့သူလည်း သေလို့ပေါ့လေ”

ဟု ရေရွတ်လိုက်ပြန်လေ၏။

များမကြာမီ၌ပင် မစ္စတာဖင်ဒိုင်း၊ ဘွန်ပေဟောင်း၊ မန်နေဂျာနှင့် ခပ်ဟောင်ဟောင် လူနှစ်ယောက် ကသောကမျော ရောက်ရှိလာလေ၏။ ထိုအခါ ဆားပုလင်းနှင့်မောင်က ဖင်ဒိုင်းအား. . .

“ခင်ဗျား လူတွေကို ဒီတံခါးကို ကိုယ်လုံးနဲ့တိုက်ပြီး ချိုးပစ်ဖို့ ပြောလိုက်”

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်ရာ ဖင်ဒိုင်း၏ လူနှစ်ဦးနှင့် ဖင်ဒိုင်းကိုယ်တိုင် အခန်းတံခါးကို ကိုယ်လုံးနှင့်ဆောင့်၍ ချိုးပစ်ရာ တံခါးပတ္တာပြုတ်၍ ၎င်းတို့လည်း အခန်းတွင်းသို့ ဒလိမ့်ခေါက်ကွေး ရောက်ရှိသွားကြလေ၏။ ထိုအခါ ဆားပုလင်းနှင့်မောင်က. . . .

“ခင်ဗျားတို့ အားလုံး မထကြနဲ့၊ လဲတဲ့အတိုင်းနေကြ၊ ကျုပ် ရှာစရာရှိတာလေးတွေ ရှာလိုက်ဦးမယ်”





ဟု ဆိုကာ ဆားပုလင်းနှင့်မောင်သည် ဆောင်းည၏ လမင်းစန္ဒာ ဆိုသော မိန်းကလေး၏ အလောင်းကို သေချာစွာ ကြည့်ရှုလိုက်လေ၏။ သက်မောင်းတွင် ကုတ်ခြစ်ထားသော ဒဏ်ရာများကို တွေ့ရလေ၏။ နှလုံးနေရာသို့ စမ်းကြည့်ရာ နွေးနေသေးသည်ကို တွေ့ရ၏။ ထို့နောက် ဖင်ဒိုင်းတို့ လူစုအား ထမပြုလျှင်. . . .

“ဒီမှာ မစ္စတာဖင်ဒိုင်း ဒီကောင်မလေး ဒီအခန်းထဲကို ဘာ လို့ ရောက်နေသလဲဆိုတာ ရှင်းပါတယ်၊ တရားသူကြီး လိုဟာ ကျုပ်နဲ့ အိပ်ဖို့ ဝါစ်ညတာအတွက် အခ ဝယ်လိုက်လိမ့်မယ်၊ အဲဒီဟော့ ဒီကောင်မလေးဟာ အခန်း ကို ရောက်လာရော ဆိုပါတော့ဗျာ၊ ကျုပ်ကတော့ ခင်ဗျားတို့ ကျွေးမွေးတဲ့ ညစာ စားပွဲက မပြန်ရသေးဘူး၊ အဲဒီအချိန်မှာပဲ ဒီကောင်မလေး ဒုက္ခရောက်သွားရှာတာ၊ ကဲ. . . . ကဲ ခင်ဗျား လူတွေကို အလောင်းသယ်သွားဖို့ ပြောလိုက်၊ ပြီးတော့ မနက် ဖြန်ကို ခင်ဗျားရဲ့ ရုံးခန်းကို မှာတာဝင်ယူအန်ရယ်၊ တောက်ပင် တေးရယ်၊ ကိုင်ယာယူပို့ရယ်ကိုပါ ရောက်နေဖို့ ပြောထားပါ”

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။

မစ္စတာဖင်ဒိုင်းတို့ လူစုလည်း မိန်းကလေး၏ အလောင်းကို သယ်ယူသွားကြလေ၏။ ထိုအခါ ဆားပုလင်းနှင့်မောင်က မန်နေဂျာ အား. . . .

“ဒီဟိုတယ်ထဲကို ကောင်မလေး ဝင်လာတာ ခင်ဗျား မြင် သလား၊ သို့မဟုတ် တစ်စုံတစ်ယောက် မြင်သလား”

ဟု ဆားပုလင်းနှင့်မောင်က မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ပါဘူး၊ အပြင်ဘက်လမ်းက ဖြတ်လျှောက်သွားတာတော့ တွေ့လိုက်မိပါတယ်"

ဟု မန်နေဂျာက ပြောလိုက်လေ၏။

"ဒီအခန်းထဲကို ချောင်းကြည့်နိုင်တဲ့ လျှို့ဝှက်ပေါက်များ လုပ်ထားပါသလား"

ဟု ဝ. ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

မလုပ်ပါဘူး ခင်ဗျ၊ ရှိလည်း မရှိပါဘူး"

များ အန်နေဂျာက ပြန်၍ ဖြေလိုက်လေ၏။

"ဒီအခန်းနဲ့ ကပ်လျက် အခန်းအကြောင်း ပြောပြစမ်းပါဦး"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒီအခန်းနဲ့ ကပ်လျက်အခန်းဆိုတာ မရှိပါဘူး"

ဟု မန်နေဂျာက ပြန်၍ပြောလေ၏။

"ဒီအခန်းနဲ့ ပတ်သက်လို့ ထူးထူးခြားခြား ဖြစ်တာမှန်သမျှ ပြောပြစမ်းပါဦး"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘာမှ မထူးခြားပါဘူး ခင်ဗျ၊ ကျွန်တော် မန်နေဂျာလုပ်တာ (၁၅) နှစ် ရှိပါပြီ၊ ထူးကို မထူးခြားပါဘူး၊ ကျောင်းသားလေးသေတယ်၊ အခု ကောင်မလေးသေတယ်၊ ဒါပါပဲ၊ ဘာကြောင့်သေတယ်၊ ဘယ်လိုဖြစ်တယ် ဆိုတာတော့ မပြောတတ်ပါဘူး"

ဟု မန်နေဂျာက ပြောလေ၏။

"ကောင်းပြီ ဧည့်စာရင်း ရီဂျစ်စတာစာအုပ် သွားယူစမ်းပါဦး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ မန်နေဂျာလည်း စာအုပ်ယူ





ရန် ထွက်သွားလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်လည်း မိန်းကလေးထံမှ ကျကျန်ရစ်ခဲ့သော လက်ကိုင်ပဝါနှစ်ထည်အပြီးတစ်ချောင်း၊ သွားကြားထိုးတံဘူး တစ်ဘူးတို့ အိတ်ကြီးတစ်လုံးအတွင်းသို့ ထည့်လိုက်လေ၏။ ထိုအချိန်၌ မန်နေဂျာရောက်ရှိလာပြီးလျှင် ဧည့်စာရင်းစာအုပ်ကို ဆားပုလင်းနှင်းမောင်အား ပေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်က မန်နေဂျာအား. . . .

"စားပွဲပေါ်မှာ ထားခဲ့ပြီး ခင်ဗျားတို့ သွားကြပေတော့"

ဟု ပြောလိုက်လေ၏။

မန်နေဂျာ ထွက်သွားသောအခါ၌ ဆားပုလင်းနှင်းမောင်သည် ခုံတန်းပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းသည် စားပွဲပေါ်ရှိ လက်ဖက်ရည်ကရားမှ လက်ဖက်ရည်များကို ပန်းကန်လွတ် တစ်ခုအတွင်းသို့ ငှဲ့ရင်း. . . .

"ကိုနှင်းမောင်ရယ် အမောပြေ လက်ဖက်ရည်အချိုကလေး တစ်ခွက် သောက်လိုက်ပါဦး"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က အခြားသော ပန်းကန်လွတ်တစ်လုံးကိုကြည့်ပြီး. . . .

"ဟောဟိုပန်းကန်ထဲမှာ လက်ဖက်ရည်ထည့်ပြီး သောက်ထားတဲ့ အရစ်ကြီးပေါ်နေတယ် ခင်ဗျ၊ ကောင်မလေးဟာ မသေခင်မှာ လက်ဖက်ရည်တစ်ခွက်သောက်သွားသေးတယ်၊ ကဲ. . . ဘွန်ဟောင်းရေ ကိုယ့်လူရဲ့ လက်ဖက်ရည်တွေကို အိုးထဲ ပြန်ထည့်လိုက်ပေတော့၊ ပြီးတော့ မန်နေဂျာကို ခွေးဖြစ်ဖြစ် ကြောင်ဖြစ်ဖြစ် တစ်ကောင်လောက် ယူလာခဲ့ဖို့ ပြောလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘွန်ဟောင်းသည် ထွက်သွားလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က. . . .

"နေဦး နေဦး၊ လက်ဖက်ရည်ထဲမှာတော့ အဆိပ်ထည့်တာ မဖြစ်နိုင်ဘူး၊ တကယ်လို့ ထည့်ရင်လည်း ကရားတစ်ခုလုံး ထည့်စရာ မလိုဘူး၊ သူသောက်မယ့်ခွက်ထဲ ထည့်ရုံပဲ ရှိတယ်၊ ပြီးတော့ သေနေတဲ့ပုံစံဟာ အဆိပ်မိပြီး သေနေတဲ့ပုံစံမျိုး မဟုတ်ဘူး၊လက်တွေ့မှာ အစင်းရာအခြစ်ရာတွေ ရှိတယ်လေ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းက. . . .

"ဒီလိုဆိုရင် ဘယ်ပုံဘယ်နည်း သေတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီကောင်လေး သေတာဟာ ကျောင်းသားကလေးသေသလို သေတာပဲ။ ကျောင်းသားကလေးတုန်းက အဆိပ်မမိဘူး မဟုတ်လား"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ညှော်စာရင်း ရိဂျစ်တော စာအုပ်ကိုကြည့်တော့ ဘာများထူးသေးသလဲ ကိုနှင်းမောင်"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ထူးတာကတော့ မိန်းမနာမည် တချို့အောက်မှာ မင်နီတားသွားတယ်။ ဒါကိုတော့ ကျုပ် စဉ်းစားလို့ ရပါတယ်၊ အဲဒါတွေက ကြွေးစားသူတွေဗျ၊ သူတို့ဆီက ဟိုတယ်က ကော်မရှင်ယူဖို့ မင်နီတားထားတာပါ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။





"နောက်ကော ဘာများထူးသေးသလဲ ကိုနှင်းမောင်"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ကျောင်းသားလေး ဟိုတယ်မှာတည်းတဲ့ နေ့စွဲကို တွေ့ရတယ်ဗျ၊ အဲဒီ (၁၉) ရက်နေ့ အဲဒီညမှာ ပိုနီဆိုတဲ့ ကောင်မလေးနဲ့ အတူ တည်းခိုတယ်ဆိုတာလည်း စာအုပ်မှာ တွေ့ရတယ်၊ (၂၀)၊ (၂၀) အဲဒီရက်နှစ်ရက်မှာတော့ အသတ်ခံရတဲ့ ကျောင်းသားလေးဟာ ကျောက်စိမ်းပွင့်ဆိုတဲ့ ကောင်မလေးနဲ့ ဟိုတယ်မှာ အိပ်ကြောင်း ထင်ရှားတယ်ဗျ၊ (၂၂)၊ (၂၃) မှာတော့ ကာနေးရှင်ဆိုတဲ့ ကောင်မလေးနဲ့ အိပ်စက်ခဲ့ကြောင်းစာရင်း စာအုပ်က ဖော်ပြနေတယ်၊ ကောင်လေး အသတ်ခံရတာဟာ (၂၅) ရက်ဗျ၊ အဲဒီတော့ (၂၄) ရက်ဟာ ပျောက်နေတယ်၊ စာရင်းစာအုပ်မှာ မတွေ့ဘူး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် သံတိုင်များကို ထပ်မံစစ်ဆေးကြည့်ပြန်၏။ ထို့နောက် ဘွန်ဟောင်း အိပ်နိုင်ပြီဖြစ်ကြောင်း ပြော၍ ရင်းကမှ အခင်းဖြစ်ပွားသော အခန်းအတွင်းသို့ ဝင်သွားလေ၏။ ထိုအခါ ဘွန်ဟောင်းက. . . .

"ဘယ်လိုလဲ ကိုနှင်းမောင်၊ ကျက်သရေ မရှိတဲ့ အခန်းထဲက ကျက်သရေမရှိတဲ့ ခုတင်ကြီးပေါ် အိပ်တော့မလို့လား"

ဟု မေးလိုက်လေ၏။

"ကျက်သရေ မရှိတဲ့ လူသတ်မှုကြီးဟာ အဲဒီအခန်းထဲက ခုတင်ကြီးကနေ ပေါ်ပေါက်လိမ့်မယ် ထင်တယ်၊ ကိုယ့်လူ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆဲတော့၊ မနက်ကျရင် လုပ်စရာတွေ အများကြီး ရှိတယ်" ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် အခန်းတွင်းသို့ ဝင်သွားပြီးလျှင် ခေါင်းအုံးကို နမ်းကြည့်၏။ ခေါင်းအုံး၌ မိန်းမများလိမ်းသော ဆီမွှေးနံ့ကို ရရှိ၏။ ဆားပုလင်းနှင်းမောင်သည် ခေါင်းအုံးကို လှန်၍ကြည့်၏။ ခုတင်နှင့် မွေ့ရာကို လှန်၍ကြည့်၏။ ခုတင်တိုင်များကို လှော်ကာ၍ ခေါက်ကြည့်၏။ အခန်းတစ်ခန်းလုံး အနံ့အပြား လျှောက်ကြည့်၏။ အဝတ်အစားဗီရို အနီးသို့ရောက်သောအခါ ဖယောင်းတိုင် နှစ်တိုင်ကို တွေ့ရလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင် သတိဝီရိယနှင့် အိပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ခါးတွင်ချိတ်ထားသော ဓားရိုးပေါ်တွင် လက်ကို အသင့်တင်လိုက်ပြီးလျှင် တစ်စုံတစ်ခုသော အသံကို နားစွင့်လျက် အိပ်စက် လိုက်လေတော့သတည်း။

ဆားပုလင်းနှင်းမောင် အိပ်သောအခါ၌ ဘွန်ဟောင်းသည် အခန်းကျယ်ကြီးဆီသို့ ထွက်သွားလေ၏။ ထိုအခန်းကျယ်ကြီး၌ကား ဒါဇင်ဝက်ခန့်ရှိသော စားပွဲထိုးများသည် ကြေကွဲဝမ်းနည်းဖွယ်ရာသော အဖြစ်အပျက်ကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

ဘွန်ဟောင်းသည် သွက်လက်ဖျတ်လတ်ပုံရသော စားပွဲထိုးကလေးတစ်ဦး၏ လက်မောင်းကို ဖမ်း၍ကိုင်လိုက်ပြီးလျှင်. . . .

"မီးဖိုဘက်သွားတဲ့ အပေါက်ကို ငါ့ပြစမ်းပါကွာ"

ဟု ပြောလိုက်လေ၏။

လူငယ်ကလေးသည် ဘွန်ဟောင်းအား အပြင်သို့ ခေါ်ထုတ်သွားလေ၏။ ဝါးတံတားကလေးမှတစ်ဆင့် ခြံစည်းရိုးကိုဖြတ်၍ လက်ဝဲ





ဘက်သို့ ခေါ်သွားပြန်လေ၏။ထို့နောက် အုတ်တံတိုင်းဘေးတစ်လျှောက် ခေါ်၍သွားရာ များမကြာမီ၌ပင် ချက်ပြုတ် ကြော်လှော် နေသံများ၊ ပန်းကန်ခွက်ယောက် ဆေးကြောနေသံများကို ကြားနိုင်သော နေရာသို့ ရောက်ရှိလေ၏။ ထိုအခါ စားပွဲထိုးကလေးက. . . ,

"အခု ချက်ပြုတ်နေတာက ဧည့်သည်တွေအတွက် မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ စားပွဲထိုးတွေစားဖို့ ချက်ပြုတ်နေတာ၊ ကျွန်တော်တို့က အားလုံးထက် နောက်ကျပြီးမှ စားရတယ်လေ"

ဟု ပြောလိုက်လေ၏။

"သွားစမ်းပါဦးကွာ၊ ရှေ့ကို နည်းနည်းဆက်ပြီး သွားစမ်းပါဦးကွာ"

ဟု ဘွန်ဟောင်းက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ဆက်လက်သွားကြရာ ချုံပုတ်ပုပုကလေးများဖြင့် ခြံစည်းရိုး ပြုလုပ်ထားသောနေရာသို့ ရောက်ရှိနေ၏။ ဘွန်ဟောင်းသည် ချုံပုတ်ကလေးများကိုဖြဲ၍ လှမ်းမျှော်ကြည့်လိုက်ရာ ကြက်သွေးရောင်ခန်းမဆီသို့ သွားသောလမ်းမကို တွေ့ရလေ၏။ စားပွဲထိုးကလေးက. . . .

"ဒီဘက်ကို သွားရင်တော့ ကြက်သွေးရောင်ခန်းမပေါ့ဗျာ၊ ဟိုဘက်ကို သွားရင်တော့ တော်ဝင်ပန်းပွင့်ကလေးရဲ့ အထူးဧည့်ခန်းကို ရောက်နိုင်တာပေါ့"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘွန်ဟောင်းက. . . .

"ဒီလိုကွ၊ တံတားပြာကို ငါက သွားချင်နေတယ်"

ဟု ပြောလိုက်ရာ စားပွဲထိုးကလေးက. . . .

"တံတားပြာဆိုတာက ရိက္ခာရုံတစ်ခုနဲ့ နီးတယ်ဗျ၊ ဒီတည့်တည့် ကနေသွားရင် ရောက်တာပါပဲ"

ဟု ပြောလေ၏။

ထိုအချိန်၌မှာပင် နောက်ဘက်ဆီမှ ညည်းတွားသံတစ်ခုကို ကြားရလေ၏။ ထိုအခါ ဘွန်ဟောင်းသည် သူ၏နားရွက်ကို လက်ဖြင့်ကာ၍ အသံလာရာဆီသို့ နားစွင့်လိုက်လေ၏။ ထို့နောက် နောက်ဘက်ဆီသို့ ပြန်၍လျှောက်သွားပြီး အဆောင်တစ်ခုဘက် ကူးလိုက်လေ၏။ အသံကို နားစွင့်၍ အဆောင်၏ ဒုတိယထပ်ဆီသို့ တက်၍သွားလေ၏။ ထိုအခန်းမှာ သော့ခတ်ထားသော အခန်း ဖြစ်လေ၏။

ဘွန်ဟောင်းသည် အဆောင်အပေါ်ထပ်၏ ဝရန်တာအတိုင်း ခပ်သုတ်သုတ်ပြေးသွားလေ၏။ အစွန်းတစ်ဖက်သို့ ရောက်သောအခါ၌ ခါးပတ် အောက်၌ပတ်ထားသော ကြိုးအပို တစ်ချောင်းကိုထုတ်၍ အမိုးစွန်းကို လှမ်း၍ ချိတ်လိုက်လေ၏။ ထို့နောက် ထိုကြိုးမှပင် အပေါ်သို့ တွယ်၍ တက်သွားလေ၏။ထိုသို့တက်ရာ၌ မင်းတုပ်ထိုးထားသော တံခါးရွက်တစ်ခုကို တွယ်၍ တက်သွားခြင်းဖြစ်၏။ အပေါ်သို့ ရောက်လျှင် အခန်းတစ်ခုတွင်းသို့ ကျော်၍ ဝင်လိုက်လေ၏။ ထိုအခန်းတွင်း၌ကား ပေါင်ဒါနံ့ များရလေ၏။ ထို့အပြင် ထိုအခန်းတွင်း၌ မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင် တွေ့ရလေ၏။





ထိုဖယောင်းတိုင်နှင့်အတူ အဝတ်အစား ထည့်ထားသော သေတ္တာတစ်လုံး ကို တွေ့ရလေ၏။ ဘွန်ဟောင်းသည် ဖယောင်းတိုင်ကို မှုတ်ယူ၍ ကြောင်လိမ်လှေကားလေးမှတစ်ဆင့် မှောင်မိုက်သော ခန်းမကြီးဆီသို့ ဆင်းသွားလေတော့၏။

ဘွန်ဟောင်းသည် ခန်းမကြီးတစ်လျှောက် လျှောက်၍သွား၏။ ထိုခန်းမကြီးမှာ လွန်စွာကြီးမားသော တိုင်လုံးကြီး (၆) လုံးဖြင့် မျက်နှာကြက်ကို ထောက်၍ထားလေ၏။ ခန်းမကြီး၏ တစ်ဖက်သော နံရံ၌မူ ဘာယော၊ ဗျပ်စောင်း၊ ဘင်ဂျို၊ ဂီတာ၊ ဝါးပလွေ စသည့် တူရိယာပစ္စည်းများ ချိတ်ဆွဲထားသည်ကို တွေ့လေ၏။ ထို့ကြောင့် ဘွန်ဟောင်းသည် 'ဤခန်းမကြီးကား ကချေသည်တို့ လေ့ကျင့်တီးမှုတ်ကခုန်ရာ ခန်းမကြီးပေတကား' ဟု တွေးမိလေ၏။ ဘွန်ဟောင်းသည် ထိုသို့ တွေးတောနေစဉ်၌ပင် အဝေးဆုံးတိုင်လုံးကြီးဆီမှ ညည်းညူသံကို ကြားရသဖြင့် ထိုတိုင်လုံးကြီးဆီသို့ ပြေး၍သွားကြည့်ရာ မိန်းကလေးတစ်ဦးအား ကြိုးဖြင့်ထုပ်၍ ထုတ်တန်း၌ ဆွဲထားသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။ လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်၍ ကြိုးဖြင့် တုပ်ထားသည်ဖြစ်ရာ မိန်းကလေးသည် မရုန်းနိုင်အောင် ရှိနေလေ၏။ ခြေထောက်နှစ်ဖက်ကိုလည်း မိန်းကလေး၏ ပိုးစကတ်ကိုချွတ်၍ တိုင်လုံးဖြင့်ကပ်၍ ချည်ထားသည်ကို တွေ့ရလေ၏။ ဘွန်ဟောင်းသည် မိန်းကလေး၏ ခန္ဓာကိုယ်နောက်ပိုင်းကို ကြည့်လိုက်ရာ သွေးစို့နေသော အရှိုးရာများကို တွေ့ရလေ၏။ ထို့ကြောင့် ခါးပတ်တွင် ချိတ်ထားသော ဓားမြှောင်ကို ဖြုတ်၍ မိန်းကလေးတွင် ချည်ထားသောကြိုးများကို ကပျာကယာ ဖြတ်လေ၏။ ထိုအခါ မိန်းကလေးက. . . .



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ရှင်၊ မလုပ်ပါနဲ့ရှင်"

ဟု တောင်းပန်လေ၏။

"ဘာဖြစ်လို့ မလုပ်ရမှာလဲ၊ မင်းကို ကယ်ဖို့ ရောက်လာတာပဲ"

ဟု ဘွန်ဟောင်းက အသံမာမာဖြင့် ပြော၍ ကြိုးကိုဖြတ်လေ၏။ ကြိုးများ အားလုံးပြတ်သွားသောအခါ၌ မိန်းကလေးသည် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား ကျသွားလေ၏။ ထိုအခါ ဘွန်ဟောင်းသည် အနီးရှိ အဝတ်တစ်ခုဖြင့် မိန်းကလေးကို လွှမ်းခြုံပေးလိုက်လေ၏။ မိန်းကလေးလည်း ထိုအဝတ်ကို ကပျာကယာယူ၍ ဝတ်ပြီးလျှင် ကြမ်းပြင်ပေါ်၌ ကျုံ့ကျုံ့ ယုံ့ယုံ့ထိုင်လိုက်လေ၏။

"ဘယ်လိုလဲ မိန်းကလေး၊ နေသာ ထိုင်သာရှိရဲ့ မဟုတ်လား၊ ကျုပ်က ဥပဒေဘက်တော်သားတစ်ဦးပါ၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘယ်သူလဲ"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ကျွန်မက ဒီကျွန်းရဲ့ အလှဘုရင်မ လက်ထောက်ပါ"

ဟု တုန်ယင်သောအသံဖြင့် ပြန်၍ပြောလေ၏။

"နေစမ်းပါဦး မိန်းကလေးရဲ့၊ မင်းကို ဒီလောက် ရက်ရက် စက်စက် ဘယ်သူက လုပ်သွားတာလဲ"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ဘာမှ မဟုတ်ပါဘူးရှင်၊ ဒီကိစ္စက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ပြီးတော့ ကျွန်မရဲ့ အပြစ်ပါ"

ဟု ခပ်ပေါ့ပေါ့ပင် မိန်းကလေးက ပြန်၍ ဖြေလိုက်လေ၏။

လာဘ်မိုးရွှေစာပေ



"ဒီလို ဖြေလို့မရဘူး၊ ငါဟာ တရားဥပဒေဘက်တော်သား တစ်ဦး ဖြစ်တယ်၊ ငါမေးတာကို မင်း ဖြေရမယ်"

ဟု ဘွန်ဟောင်းက ဝေါက်လိုက်လေ၏။

"တကယ်ကလည်း ဘာမှ မဟုတ်ပါဘူးရှင်၊ ညက ညစာစားပွဲ တစ်ခုမှာ ကျွန်မဟာ ကျွန်မရဲ့ဆရာ တော်ဝင်ပန်းပွင့်ဆိုတဲ့ အလှမယ်တစ်ဦးနဲ့အတူ ဧည့်သည်တွေကို ဧည့်ခံရပါတယ်၊ အဲဒီမှာ ကျွန်မရဲ့ ပေါ့လျော့မှုကြောင့် ဧည့်သည်တစ်ယောက်ရဲ့ လက်ပေါ်ကို အရက်တွေ ဖိတ်ကျသွားတယ်၊ အဲဒီတော့ တော်ဝင်ပန်းပွင့်ဟာ ကျွန်မကို ဆူတော့တာပဲ၊ ဆူပြီးတော့ ကျွန်မကို အခန်းထဲသွားဖို့ မောင်းထုတ်ပစ်လိုက်တယ်၊ ကျွန်မ လည်း အခန်းထဲ ဝင်သွားတာပေါ့ရှင်၊ သိပ်မကြာပါဘူး၊ သူ လည်း အခန်းထဲလိုက်လာပြီး ကျွန်မကို အဝတ်အစားတွေချွတ် ပြီး ကျွန်မရဲ့ စကာတ်မှာ ချည်တဲ့ကြိုးနဲ့ ကျွန်မကို ရိုက်တော့ တာပဲ၊ ပြီးတော့ ကျွန်မကို ဒီအတိုင်း တုပ်နှောင်ထားခဲ့တယ်၊ သူပြန်လာမယ်လို့တော့ ပြောတယ်၊ ဒါပေမဲ့ ကျွန်မ မယုံပါဘူး၊ သူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ပါဘူး"

ဟု ဆိုကာ မိန်းကလေးသည် ငိုလေ၏။ ထိုအခါ ဘွန်ဟောင်းသည် မိန်းကလေး၏ မျက်ရည်များကို သုတ်ပေးရင်း . . .

"မငိုပါနဲ့ကွယ်၊ မင်းကို မင်းတို့ရွာသားတစ်ဦးက အချိန်မီ ကယ် တင်လိုက်ပါတယ်၊ မင်း ငါ့ကို မသိလို့ပါ၊ ငါဟာ မင်းတို့ရွာက ကူးတို့သမား မဲလိုင်းရဲ့ သားအကြီးဆုံးလေ၊ ရွာရဲ့ မြောက် ဘက်မှာ နေတာ . . ."

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

လာဘ်မိုးရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းကလေးက. . . .

"ရှင်ရော ကျွန်မကို မသိဘူးလား၊ ဝက်သားရောင်းတဲ့ 'ဝူး' ဆိုတဲ့ အဘိုးကြီးရဲ့ သမီးအလတ်လေ၊ ရှင့်အဖေကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ ဒါနဲ့ နေစမ်းပါဦး၊ ရှင်က ဒီကျွန်းကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ဟု မိန်းကလေးက မေးလိုက်လေ၏။

"ငါက ငါ့ဆရာ ဆားပုလင်းနှင်းမောင်ဆိုတဲ့ ပိုယမ်းပြည်နယ်၊ ယာယီတရားသူကြီးလည်းဖြစ်၊ စုံထောက်ကြီးလည်း ဖြစ်တဲ့ သူနဲ့ လိုက်လာတာ၊ ပြီးတော့ ဒီဒေသရဲ့ ငြိမ်ဝပ်ပိပြားရေး အလုပ်ဝတ္တရားတွေကို ငါ့ဆရာ ဆားပုလင်းနှင်းမောင်က တာဝန်ယူထားတယ်"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။

"ကျွန်မ သိပါတယ်၊ ညက ထမင်း စားပွဲမှာ သူလည်း ပါတယ် မဟုတ်လား၊ အတော့်ကို တည်တည်ငြိမ်ငြိမ်ရှိတဲ့ လူ တစ်ယောက်ပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ ကျွန်မဆရာ တော်ဝင်ပန်း ပွင့်ဆိုတဲ့ အလှမယ်ကလေး ဘယ်ရောက်သွားပြီလဲ"

ဟု မိန်းကလေးက မေးလိုက်လေ၏။

"သေပြီကွဲ့၊ သူ သေသွားရှာပြီ"

ဟု ဘွန်ဟောင်းက ပြောလိုက်ရာ မိန်းကလေးသည် မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်၍ ငိုလေ၏။

"မင်း ဘာဖြစ်လို့ ငိုနေတာလဲ၊ ငွေ ရောင်နတ်သမီးကလေးရယ်၊ မင်းကို သူ က ရက်ရက်စက်စက် နှိပ်စက်ခဲ့တာ မဟုတ်လား"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။





"ဟုတ်တော့ ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ သူဟာ ကျွန်မတို့အပေါ် ကောင်းတာလည်း ရှိပါတယ်"

ဟု မိန်းကလေးက ပြန်၍ ပြောလိုက်လေ၏။

"ကဲ. . . . မိန်းကလေး၊ မင်းအခန်းကို သွားရအောင်၊ မင်းရဲ့ ဒဏ်ရာတွေကို ဆေးထည့်ရအောင်"

ဟု ဘွန်ဟောင်းက ပြောလိုက်ရာ မိန်းကလေးက. . . .

"မလုပ်ပါနဲ့ရှင်၊ ကျွန်မအခန်းကို ကျွန်မ ပြန်ရမှာ ကြောက်နေ တယ်၊ တစ်နေရာရာကို ကျွန်မကို ခေါ်သွားပါ"

ဟု ပြောလိုက်လေ၏။

"ဒီကနေ နှစ်လမ်းကျော်မှာ ပိုးထည်ရောင်းတဲ့ဆိုင် ရှိတယ်၊ အဲဒီကို ပို့ပေးပါ၊ ဒါပေမဲ့ အဲဒီကိုမပို့ခင် ကျွန်မကို ရေချိုးခန်း ကို အရင် ပို့ပါ"

ဟု မိန်းကလေးက ပြောလေ၏။

ဘွန်ဟောင်းသည် မိန်းကလေးအားတွဲ၍ ရေချိုးခန်းသို့ ခေါ် လာလေ၏။ မိန်းကလေးသည် ရေချိုးခန်းသို့ ဝင်ပြီးလျှင် ရေချိုး၍ သူ၏ အဝတ်အစားဟောင်းများကို ပြန်၍ဝတ်လေ၏။ ထို့နောက် ဘွန်ဟောင်း ကတွဲ၍ နှစ်လမ်းကျော်တွင်ရှိသော ပိုးထည်ဆိုင်ကို ပို့ပေးလေ၏။ ပိုးထည်ဆိုင်ရှင် အဒေါ်ကြီးအား မိန်းကလေးက တွေ့လျှင် တွေ့ချင်း

"ဟောဒီ မိတ်ဆွေနဲ့ စကားပြောချင်လို့ လွတ်လပ်တဲ့အခန်း လိုချင်တယ်"

ဟု ပြောလိုက်လျှင် ဆိုင်ရှင်အဒေါ်ကြီးက အပေါ်ထပ်ရှိ ပစ္စည်းဟောင်း များထားသော အခန်းသို့ ပို့ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘွန်ဟောင်းက. . . .

"ရေနွေးနည်းနည်းရယ်၊ မျက်နှာသုတ်ပဝါ တစ်ထည်ရယ်၊ ဖယောင်းချက်ရယ် လိုချင်တယ်"

ဟု ပြောလိုက်လေ၏။ အဒေါ်ကြီးလည်း. . . .

"ကောင်းပါပြီ"

ဟု ဆိုကာ အောက်သို့ဆင်းသွားလေ၏။ ဘွန်ဟောင်းသည် ခုံတန်းပေါ်၌ မှောက်၍အိပ်ရန်ပြောလိုက်ရာ မိန်းကလေးလည်းမှောက်၍ အိပ်လိုက်လေ၏။ ထိုအခါ မိန်းကလေး၏ကျောမှ အင်္ကျီကို ဘွန်ဟောင်းက လှန်လိုက်လေ၏။ ထိုအချိန်မှာပင် ဆိုင်ရှင်အဒေါ်ကြီးသည် ဘွန်ဟောင်းမှာလိုက်သော ပစ္စည်းများနှင့်အတူ ရောက်ရှိလာလေ၏။ ထိုသို့ ရောက်ရှိလာပြီး မိန်းကလေး၏ကျောမှ ဒဏ်ရာများကို မြင်တွေ့လျှင်. . . .

"အလိုလေ. . . ဒဏ်ရာတွေကလည်း များလှချည်လား"

ဟု အလန့်တကြား အော်လိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းက. . . .

"ကဲ. . . ကဲ အဒေါ်ကြီး အလိုလေးတွေ အလိုကြီးတွေ လုပ်မနေနဲ့ ယွက်ဒပတော့၊ အပြင်ရောက်ရင်လည်း ပါးစပ်ကို ငြိမ်ငြိမ်ထား"

ဟု မှာလိုက်လေ၏။

ထို့နောက် အဒေါ်ကြီးလည်း အခန်း ပြင်သို့ ထွက်သွားလေ၏။ ထိုအခါ ဘွန်ဟောင်းသည် မိန်းကလေး၏ ကျောပြင်မှ ဒဏ်ရာများကို ရေနွေးပတ်ဖြင့်ပွတ်ပြီး ဖယောင်းချက်များကို လိမ်းပေးလေ၏။ ထိုသို့ ဖယောင်းချက်လိမ်းပေးရင်း. . . .

"ဒီမှာ မိန်းကလေး၊ မင်းရဲ့ တင်ပါးပေါ်မှာ သွေးစို့နေတဲ့ အရိုးတွေ ရှိတယ်၊ အဲဒီအရိုးတွေဟာ မင်းတို့ စကတ်ကိုချည်တဲ့





ကြိုးနဲ့ရိုက်ထားတဲ့ လက္ခဏာမျိုး မဟုတ်ဘူး၊ ငါ့ကို အမှန်အတိုင်းပြောပါ၊ ငါဟာ တရားဥပဒေ စောင့်ရှောက်ရတဲ့ လူဖြစ်တယ်၊ အမှန်ကိုပဲ ကြားချင်တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မိန်းကလေးသည် တရှုပ်ရှုပ်ငိုလေ၏။ ထို့နောက်. . . .

"ဒီလိုပါရှင်၊ ဒီကျွန်းပေါ်မှာ ရောက်လာတဲ့ ယောကျ်ားတွေဟာ မိန်းမနဲ့ ကင်းကြတယ်လို့ မရှိပါဘူး၊ ခပ်ရှင်းရှင်း ပြောရရင် အခကြေးငွေရရင် မိန်းမတွေဟာလည်း ယောကျ်ားတွေရဲ့ ရင်ခွင်ထဲကို ရောက်ရတာပါပဲ၊ ဒါပေမဲ့ ကျွန်းက ရွေးချယ်ထားတဲ့ အလှမယ်လေးဦးတော့ ရှိတယ်၊ နံပါတ် (၃) နဲ့ နံပါတ် (၄) အလှမယ်ဟာ ငွေပေးရင်ရတယ်၊ နံပါတ် (၁) နဲ့ နံပါတ် (၂) အလှမယ်ကတော့ ငွေပေးတိုင်း မရဘူး၊ သူတို့ချစ်တဲ့ ယောကျ်ားကို သူတို့ကိုယ်တိုင် ရွေးချယ်ခွင့်ရှိတယ်၊ သဘောမကျတဲ့ယောကျ်ားကို ငြင်းပယ်ခွင့်ရှိတယ်၊ အဲဒါ မိန်းမလှကျွန်းက ပေးထားတဲ့ အခွင့်အရေးတစ်ခုပဲ၊ ကျွန်မက နံပါတ် (၂) အလှမယ်လေ၊ ဒါပေမဲ့လည်း ခြွင်းချက်တော့ ရှိတာပေါ့ရှင်၊ ရှေးဟောင်းပစ္စည်းရောင်းတဲ့ မစ္စတာဝမ်တို့လို ဒီကျွန်းကြီးပေါ်မှာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ ကျွန်မတို့ အလှမယ်နံပါတ် (၁) ရော၊ နံပါတ် (၂) ပါ သူတို့ လက်ခုပ်ထဲက ရေလို ပြုကျင့်နိုင်တာပေါ့၊ မစ္စတာဝမ်ဟာ ကျွန်မကို အကြိမ်ကြိမ် ကြိုးစားပါတယ်၊ အဲဒီညက ကျွန်မဆရာ အလှမယ် တော်ဝင် ပန်းပွင့်က ကျွန်မကို ကြိုးနဲ့တုပ်ပြီး ထွက်သွားရော၊ မစ္စတာဝမ် ရောက်လာပါတယ်၊ သူ့ကို ကြည်ကြည်ဖြူဖြူ လက်ခံမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ကြိုးဖြေပေးမယ်လို့ ဆိုတယ်၊ ဒါပေမဲ့ ကျွန်မက ငြင်းဆိုလိုက်တယ်၊ အဲဒီမှာ မစ္စတာဝမ်ဟာ နံရံမှာချိတ်ထားတဲ့ ဝါးပလွေကြီးကိုဖြုတ်ပြီး ကျွန်မတင်ပါးကို တရွှမ်းရွှမ်း ရိုက်တော့တာပါပဲ၊ ပေါက်ပြဲပြီး သွေးတွေစို့နေတဲ့ ဒဏ်ရာဟာ သူ့ လက်ချက်ပေါ့ရှင်၊ အဲဒီလို ရိုက်ပြီးတော့ သူထွက်သွားတယ်၊ စဉ်းစားထား ငါ ပြန်လာဦးမယ်၊ငါ့ စကားကို နားထောင်ရင် နင်သက်သာမယ်လို့ ပြောသွားသေးတယ်၊ အဲဒါတွေကို ဘယ်သူ့မှ မပြောပါနဲ့ရှင်၊ ကျွန်မကို သတ်ကြလိမ့်မယ်"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ဘာမှ မပူပါနဲ့ မိန်းကလေးရယ်၊ မင်းနာမည် တစ်လုံးမှ မပါဘဲနဲ့ကို ဒီကောင်ကြီးကို ဖမ်းလိုက်ပါ့မယ်၊ဒါနဲ့ နေစမ်းပါဦး၊ အခုလို လူသတ်မှုမျိုးနဲ့ ခပ်ဆင်ဆင်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်က တစ်ခါဖြစ်ဖူးတယ်ဆို"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"အဲဒါတွေ ကျွန်မက ဘယ်လိုလုပ် ပြီး သိမှာလဲရှင်၊ ကျွန်မက အခုမှ (၁၉) နှစ်ပဲ ရှိသေးတာ"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ကြားရော မကြား ဘူးဘူးလားကွယ်"

ဟု ဘွန်ဟောင်းက မေးလိုက်လေ၏။

"ဪ် ဒီလိုတော့ ကြားဖူးတာပေါ့၊ ဟိုး ရွှေဖရုံခင်းနားမှာနေတဲ့ မစ္စလင်းဆိုတဲ့ မျက်မမြင်အဆိုတော် အဘွားကြီးကတော့ ပြောပြဖူးတယ်၊ ရွှေဖရုံခင်း ဆိုတာ 'ဂဏန်းလက်မ' ဆိုတဲ့ လူကြီး ပိုင်တဲ့ ရွှေဖရုံခင်းလေ"

ဟု မိန်းကလေးက ပြောလေ၏။





"ကဏန်းလက်မရယ်၊သူ့သူငယ်ချင်း ပုစွန်ကြော့ဆိုတဲ့ ခါးကုန်းကုန်းနဲ့လူဟာ လူကောင်းတွေပါရှင်၊ ရှေးဟောင်းပစ္စည်းရောင်းတဲ့ မစ္စတာဝမ်ရဲ့ ယောင်ချောက်ထဲရောက်ဖို့ လက်မတင်လေးမှာ သူတို့ နှစ်ယောက်က ကျွန်မကို ကယ်ခဲ့ဖူးတယ်၊ တစ်ခါက သူဟာ ဒီကျွန်းရဲ့ နံပါတ် (၁) အလှမယ် ဖြစ်ဖူးတယ်၊ နောက်တော့ ကျောက်ပေါက်တာနဲ့ မျက်လုံးလည်း ကွယ်သွားတယ်၊ ဒါကြောင့် နောက်ဆုံးတစ်နေ့မှာ ကျွန်မတို့ အလှမယ်တွေဟာလည်း ဒီအဘွားကြီးလိုပဲ စွန့်ပစ်ခံရမယ်ဆိုတာ ကျွန်မသဘောပေါက်ပါတယ်၊ ကျွန်မကိုတော့ ဂဏန်းလက်မနဲ့ ပုစွန်ကြော့ဆိုတဲ့ လူနှစ်ယောက်ဟာ အစဉ်သဖြင့် ကူညီတာပဲ၊ ပုစွန်ကြော့ဟာ အတိုက်အခိုက်၊ အသတ်အပုတ် အလွန်ကျွမ်းကျင်တယ်"

ဟု မိန်းကလေးက ပြောလိုက်လေ၏။

"ဖြစ်နိုင်ပါ့မလား မိန်းကလေးရယ်၊ သူဟာ ပိန်ညှောင်ညှောင်ခါးကုန်းတစ်ယောက်ပဲ"

ဟု ဘွန်ဟောင်းက ပြောလိုက်လျှင် မိန်းကလေးက. . . .

"ရှင်ပြောတဲ့ ပိန်ညှောင်ညှောင်ခါးကုန်းက လူခြောက်ယောက်လောက်ကို အသာကလေး နိုင်တယ်ရှင့်၊ ဒါကြောင့် ကဏန်းလက်မကြီးက သူ့ကို အားကိုးနေတာ"

ဟု ပြောလိုက်လေ၏။

မောင်ဘွန်ဟောင်း
တရုတ်တန်း(ချိုင်းနားတောင်း)
မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



"ဆားပုလင်းမောင်နှင့် မိန်းမလှကျွန်း လူသတ်မှု" ဖိုင်တွဲကြီးကို ကျွန်ုပ် ဖတ်ရှုပြီးစီးခဲ့ပြီ ဖြစ်၏။

"ဘယ့်နှယ်လဲ အိုင်ပီ၊ စိတ်ဝင်စားဖို့ မကောင်းပေဘူးလား" ဟု ဆားပုလင်းနှင်းမောင်က ရေခဲတောင်စီးကရက်ကို ရှိုက်ဖွာလျက် မေးလေရာ ကျွန်ုပ်လည်း . . . .

"စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပဲ ကိုနှင်းမောင်၊ ဒါပေတယ်လို့ မပြည့်စုံသေးဘူးလို့တော့ ထင်တယ်"

ဟု ပြန်ဖြေလိုက်လေ၏။ ဤသို့ ဘွန်ဟောင်းလည်း ပြူးပြူးပြာပြာ ဖြစ်သွားကာ. . . .

"ဘယ်လိုဖြစ်လို့ မပြည့်စုံသေးဘူးလို့ ဆိုရတာလဲ ဦးအောင်သင်းရဲ့"

ဟု မေးရွှေတော့၏။ ထိုအခါ ကျွန်ုပ်လည်း. . . .

"ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားလေးသေတဲ့ ကိစ္စရယ်၊ မိန်းမလှလေးသေတဲ့ ကိစ္စရယ်မှာ လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာရယ်၊ ဘာကြောင့်သတ်ရတယ်ဆိုတာရယ်ကို ဖော်ပြမှတ်တမ်းတင်မထားလို့ပေါ့"

ဟု ပြန်ပြောမိလေတော့၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ခပ်ပြုံးပြုံးလေးလုပ်ကာ ဘွန်ဟောင်းကို ကြည့်လိုက်လေ၏။ ဘွန်ဟောင်းလည်း ၎င်း၏ရှေ့သွားများကို ဝင်းခနဲ လက်အောင် ဖော်ထုတ်ကာ ရယ်မောလိုက်ရင်း. . . .

"ဟုတ်တာပေါ့ ဆရာဦးအောင်သင်းရယ်၊ ကျုပ်က မေးမှ မေးပါ့မလားလို့ စောင့်ပြီးနေသေးတာ၊ လူသတ်တရားခံကတော့





တခြားမဟုတ်ပါဘူး၊ ရှေးဟောင်းပစ္စည်းပွဲစားရောင်းတဲ့ မစ္စတာ ပမ်ပါပဲ၊ သူက အလှမယ် (၁) နဲ့ (၂) ဆိုတာ ငွေဆုတိုင်း မရဘူးဆိုတာ သိနေတယ်၊ သူလိုချင်တာကိုလည်း ရအောင်ယူတတ်တယ်၊ သူလိုချင်တာနဲ့ ပတ်သက်နေတဲ့သူဆိုရင်လည်း သုတ်သင်ပစ်ဖို့ ဝန်မလေးဘူးလေ၊ဒါကြောင့် ကျောင်းသားလေးကိုလည်း အလှမယ် (၁) နဲ့ မရှင်းမရှင်း ဖြစ်နေတာ သိရလို့ အပျောက်ရှင်းတာပေါ့၊ ပြီးတော့ ကိုနှင်းမောင်ကို စိတ်ဝင်စားတဲ့ အမှတ် (၁) ကိုလည်း ထပ်ပြီး အပျောက်ရှင်းလိုက်တယ်၊ အမှတ် (၂) ကောင်မလေးတောင် ကံကောင်းလို့ အသတ်မခံရတာ၊ ပြီးရင် ကိုနှင်းမောင်ကိုလည်း ဒုက္ခပေးမှာ အမှန်ပဲ။ ဒါပေမဲ့ တကယ်တမ်း ဒုက္ခရောက်သွားရတာကတော့ မစ္စတာ ပမ်ပဲလေ၊ ကျုပ်တို့ရဲ့ ဆားပုလင်းက အမှုမှန်ဖော်ထုတ်ပြီး တရားခံ အစစ်အမှန်ကို ဖမ်းဆီးပေးနိုင်ခဲ့ပါသဗျာ"

ဟု ဆိုလိုက်လေမှ ဇာတ်သိမ်းခန်း သိရသဖြင့် ကျွန်ုပ်လည်း စိတ်ဘဝင်ကျကာ ထိုဖိုင်တွဲကြီးအား ဘွန်ဟောင်းလက်သို့ ထိုးအပ်လိုက်ပါတော့သတည်း။ ။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာ ကမ္မသကာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပတ်သံကွင်း

## ငါးရက်တစ်ဈေး၌ တွေ့ဆုံခြင်း

တစ်နေ့သ၌ အသက်အစိတ်ခန့်ရှိ၍ အသားရောင်မှာ မှန့်ကွဲသည်းနှင့် အသားရောင်ကဲ့သို့ နီညိုညိုအရောင်အဆင်းရှိပြီး အရပ်မြင့်သော လူငယ်တစ်ယောက်သည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်နီဟူသော အရပ်ဒေသ၌ ငါးရက်လျှင် တစ်ကြိမ်ကျဖြစ်သည့် ရက်ပတ်ဈေးတန်းကလေးအတွင်း၌ မုန်လာဥနီများကို (၂) ပြည်ခန့်ဝင်သော ဝါးတောင်းကလေးတစ်လုံးနှင့် အပြည့်အမောက်ဝယ်ယူလျက် ဈေးတန်း၏ဘေးမှ လျှောက်၍လာလေ၏။

ထိုသို့ လျှောက်လာပြီးနောက် ဈေးတန်းနှင့် မလှမ်းမကမ်းလောက်ဆီသို့ရောက်လျှင် သစ်ပင်၌ချည်၍ထားသော လွန်စွာ ဒေါက်မြင့်သည့် မြင်းဖြူကြီးတစ်ကောင်အား ဝယ်ယူလာသော မုန်လာဥနီများကို ချ၍ကျွေးလေ၏။





ထိုအခါ၌ ရှမ်းဘောင်းဘီ၊ ရှမ်းလွယ်အိတ်၊ ကြိုးသိုင်းဖိနပ်တို့ကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ရှမ်းလူမျိုးတစ်ယောက်သည် မိမိ၏မြင်းကို မြက်ကျွေးရင်း မုန်လာဥနီများကို မြင်းစာအဖြစ် ကျွေးနေသည့် လူငယ်ကို လှမ်း၍ကြည့်ပြီးနောက် ရှမ်းသံခပ်ဝဲဝဲဖြင့်. . . .

"မိတ်ဆွေရဲ့ မြင်းကဖြင့် တယ်လည်းအကောင်းကြိုက်လှ ချည်လား"

ဟု ပြောလိုက်ရာ ထိုလူငယ်က . . .

"ကျုပ်ရဲ့မြင်း အကောင်းကြိုက်တာကိုတော့ အပြစ်မဟောင်ပါနဲ့ဗျာ၊ သူ့သခင်ကလည်း အကောင်းကြိုက်တာကိုး၊ ဟဲဟဲ မြင်းကတစ်ပိဿာ တစ်မူးပေးရတဲ့ မုန်လာဥနီကိုမှ စားသလို မြင်းသခင်ကလဲ. . . . . . ."

ဟု ပြောရင်း စကားကိုဖြတ်လိုက်၍ ရှမ်းသံဝဲဝဲနှင့် လူအား ကြည့်လိုက်ရာ ထိုသူက. . . .

"မြင်းသခင်ကလည်း ဘာဖြစ်သလဲဗျ၊ ဆက်ပြီး ပြောပါဦး မိတ်ဆွေ"

ဟု ဆို၍ ပ၏။

"မြင်းသခင်ကလည်း ပရနိမ္မိတဝသဝတ္တိ နတ်ပြည်က နတ်သုဒ္ဓါလောက်မှ စားချင်တာဗျို့"

"နတ်ပြည်ခြောက်ထပ်မှာ အဲဒီဘုံက အမြင့်ဆုံး မဟုတ်လားဗျ၊ နတ်သုဒ္ဓါချင်းတူရင် သူက ပိုပြီးကောင်းဖို့ရှိတယ်မဟုတ်လား မိတ်ဆွေ၊ အဲဒါက အစားဘက်က ပြောတာနော်၊ အသောက်ဘက်က ပြောရဦးမယ်၊ အသောက်ဘက်ကတော့ ငွေမိတ္တ



www.burmeseclassic.com

www.burmeseclassic.com



အသုရာနတ်မျိုးသောက်တဲ့ အရက်လောက်ကိုမှ သောက်ချင်တာ မိတ်ဆွေ"

"ဘာဖြစ်လို့လဲဗျ"

"တာဝတိံသာနတ်ပြည်ကြီးကို အဆုံးရှုံးခဲ့ပြီး အသုရာတွေဟာ အရက်သေစာကို သောက်စားခဲ့ကြတယ်မဟုတ်လား၊ ဒီတော့ နတ်ပြည်ကြီးတစ်ခုလုံး အပြုတ်ခံပြီး သောက်တဲ့အရက်မျိုးဟာ နှယ်နှယ်ရရအရက်မျိုး ဟုတ်တယ်မထင်ဘူး"

"ဟုတ်ပါတယ် မိတ်ဆွေ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က နတ်သူဒ္ဓါနဲ့ ဝေပစိတ္တအသုရာသောက်တဲ့ အရက်ကတော့ မမြင်ဘူး မစားဘူးလို့ ဘယ်လောက်ကောင်းသလဲ မဆိုနိုင်ပါဘူး ခင်ဗျား ခင်ဗျားရဲ့ မြင်းကတော့ မုန်လာဥနီတစ်တောင်းလုံး ကုန်ပါရောလား မိတ်ဆွေ၊ သူ့အဖို့ကတော့ မုန်လာဥနီဟာ နတ်သုဒ္ဓါလောက် ကောင်းချင် ကောင်းနေမှာနော်"

"ဟုတ်ပါလိမ့်မယ်ဗျို့၊ 'ဂျော့'ကတော့ မုန်လာဥနီများတွေ့ရင် သွားရည်တမြားမြားနဲ့ကျွေးများ မကျွေးရင်တော့ တစ်နေ့လုံး ကျုပ်ကို ရန်လုပ်နေတော့တာပါပဲဗျာ"

"ဩော် . . . . . ခင်ဗျား မြင်းနာမည်က ဂျော့လား"

"ဟုတ်တယ်ဗျို့၊ ကျုပ်မြင်းက အဖြူရောင်ဆိုတော့ မျက်နှာဖြူ နာမည်ကို မှည့်ထားရတယ်"

"ကြည့်ရတာတော့ မိတ်ဆွေရဲ့မြင်းဟာ မျိုးကောင်းထဲကပါပဲ"

"ပြောရက်ပလေဗျာ၊ ကျုပ်မြင်းဟာ 'သဂင်္ဂအသကြန္ဒ' မြင်းကျမ်းမှာ တခမ်းတနား ရေးထားတဲ့ 'အာကာသဘိန္ဒ'မျိုးလို့





ခေါ်တဲ့ မြင်းမျိုးဗျ၊ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူရမယ်လို့ ကျမ်းက ဆိုထားတယ်၊ အရပ်သား မြင်းပွဲစားတွေ အခေါ်ကတော့ 'ကောင်းကင်ခွဲ' မျိုးလို့ ခေါ်တာပေါ့ဗျာ၊ ၃၇ မျိုးသော မြင်းခင်း စီးရိုးမှာ 'စွန်ဝဲစွန်သုတ်' စီးရိုးစီးဟန်ဟာ အခက်ဆုံးပဲလို့ ဆိုချင်ပါတယ်။

မြင်းရဲ့ ခြေလေးချောင်းစလုံးကို ကွေးတယ်လို့မရှိဘဲ အဆန့်သားနဲ့ ဘယ်ညာဝဲပျံလိုက်၊ အောက်ကိုငုံ့လိုက်နဲ့ စီးရတာမျိုးလား၊ အဲဒီစီးရိုးစီးဟန်ကိုတောင် ဂျော့နဲ့ဆိုရင် ကျုပ်တော့ဖြင့် စီးပြနိုင်ပါတယ်"

"မိတ်ဆွေကပေါ့ဖြင့် အပြောကလည်း ကောင်း၊ ဗဟုသုတကလည်း တယ်ပြီးနှံ့စပ်တာကိုး၊ နောင်ကိုလည်း မိတ်ဆွေဖြစ်ရအောင် မိတ်ဆွေရဲ့ နာမည်လေးများ မသိရဘူးလား"

'ကျုပ်နာမည် မောင်ပြည်သိမ်းလို့ ခေါ်ပါတယ်"

"ကျုပ်နာမည်ကတော့ စောမင်းမောင်လို့ ခေါ်ပါတယ်"

"ကောင်းပါပြီ စောမင်းမောင် တွေ့ကြသေးတာပေါ့"

အသားရောင်မှာ မုန့်ကွဲသည်း၏ အရောင်ကဲ့သို့ နီညိုညိုအရောင်ရှိ၍ အရပ်မြင့်သလောက် အကြွားသန်လှသော မြန်မာ လူငယ် မောင်ပြည်သိမ်းသည် ဂျော့ဟု အမည်ပေးထားသော သူ၏မြင်းဖြူကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီးလျှင် ရှစ်ထောင့်ပုံခွဲ စွန်ဝဲစွန်သုတ်ဟု မြင်းစီးခြင်း အတတ်ပညာ၌ ဖော်ပြထားသော မြင်းစီးဟန်ဖြင့် စီးနင်း၍ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလူမျိုး စောမင်းမောင်သည် မောင်ပြည်သိမ်း၏ ကျွမ်းကျင်သော မြင်းစီးပုံကိုကြည့်၍ ဤသူကား အပြောသန်သကဲ့သို့ တကယ်လည်း လုပ်ပြနိုင်သူပေတကားဟု စိတ်တွင် ချီးကျူးမိလေတော့၏။

## သောတင်းကုပ်၌ တစ်ကြိမ်တွေ့ဆုံပြန်ခြင်း

လှိုင်းတက်ဟုခေါ်သော အရပ်သည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြန်မာပြည်အလယ်ပိုင်းနယ်စပ်ဟု ခေါ်ဆိုလိုက ခေါ်နိုင်ပေသည်။ မည်သည့်အကြောင်းကြောင့် မသိ။ ထိုနေရာတစ်ဝိုက်၌ လွန်စွာမြန်မာဆန်သော ကုလားလူမျိုးအများအပြား နေထိုင်လေ၏။ အချို့သော ကုလားများမှာ အသားရောင်နှင့် ပုံပန်းသဏ္ဌာန်၌သာလျှင် ကုလားဟုဆိုရမည်ဖြစ်ပြီး အမူအကျင့်နှင့်စကားသံကို့မှာ လွန်စွာ မြန်မာဆန်ကြပေသည်။

ထိုဒေသ၌ နယ်စပ်တို့၏ ထုံးစံအတိုင်း ညအိပ်နားနေနိုင်သော ထမင်းဆိုင်ကြီးများ ရှိလေ၏။ ထိုဆိုင်များအနက်တွင် ကုလားလူမျိုး ဦးအီဗရာဟင်၏ ပြည်ကြီးရတနာထမင်းဆိုင်သည် အကြီးဆုံးနှင့် လူလည်း အစည်ကားဆုံးဖြစ်လေ၏။ ဦးအီဗရာဟင်သည် ယင်း၏ထမင်းဆိုင်၌ မြန်မာစာလုံးဖြင့်သာလျှင် မဟုတ်ဘဲ (Pyi Gyi. Yandanar Inn) ဟူသော အင်္ဂလိပ်စာလုံးပါသော ဆိုင်းဘုတ်တစ်ခုကိုလည်း ဆိုင်အဝင်ဝ၌ ကန့်လန့်ဖြတ်၍ ချိတ်ဆွဲထားလေ၏။ ဆိုင်ရှင်ဦးအီဗရာဟင်သည် ညအိပ်ထမင်းဆိုင်ဟု အဓိပ္ပာယ်ရသည့် (Inn အင်း) ဟူသော အင်္ဂလိပ်စာလုံးကို ရွေးချယ်သုံးထားပုံမှာလည်း လွန်စွာသဘာဝ ကျလှပေ၏။





ဦးအီဗရာဟင်သည် သူ၏ (အင်း)ခေါ် ညအိပ်ထမင်းဆိုင်အဝင်တံခါး၏ ပုဏ္ဏားကွယ်နေရာ၌ ကွပ်ပျစ်တစ်လုံးချထားပြီးလျှင် ကွပ်ပျစ်ပေါ်၌ ချစ်တီးစားပွဲဟုခေါ်သော ချစ်တီးကုလားနှင့် ဗေဒင်ဆရာများ အများဆုံး အသုံးပြုလေ့ရှိသော စားပွဲခုံစောင်း ခြေပြတ်တစ်လုံးလည်း တင်ထားလေ၏။ ထိုစားပွဲပေါ်၌ ကြေးဖလားငယ်တစ်လုံး ဘစ်လုံး၌ သဲများထည့်ကာ အမွှေးတိုင်တစ်ချောင်းစိုက်လျက် မီးရှို့ထားလေ၏။ ထိုအမွှေးတိုင်မှာ မည်သည့်နတ်ကို ပူဇော်သည်ဟု ထမင်းဆိုင်သို့ လာရောက်စားသောက်သော သူများသာမဟုတ် ဦးအီဗရာဟင်ကိုယ်တိုင်ပင် သိမည်မဟုတ်ပါ။ သို့ရာတွင် ဦးအီဗရာဟင်သည် စားပွဲကုလားထိုင်မှ ထိုအမွှေးတိုင်ကိုမူ လွန်စွာဂရုစိုက်လေ၏။ တစ်တိုင်ကုန်၍ သွားသည်နှင့် နောက်ထပ်တစ်တိုင် မီးညှိမြဲဖြစ်ပေသည်။

တစ်ညသ၌ ဦးအီဗရာဟင်၏ ဆိုင်တံခါးသို့ တစ်စုံတစ်ယောက်သည် လာရောက်၍ တံခါးခေါက်သဖြင့် ဦးအီဗရာဟင်၏ ယုံကြည်စွန်နားပုံသော စားပွဲထိုးကုလားက တံခါးအနီးသို့ကပ်ကာ အပြင်မှ တံခါးခေါက်သူအား တံခါးဖွင့်၍ မပေးရုံမျှမက. . . .

"အပြင်က ဘာကောင်လဲ၊ ဒီအချိန်ဆိုင်ပိတ်ပြီ၊ မဖွင့်နိုင် ဘူး၊ သွား"

ဟု ငေါက်ငမ်းပြောဆိုလိုက်လေ၏။

ထိုသို့ တပည့်လုပ်သူ စွန်နားဟာ အပြင်ကလူကို ငေါက်ငမ်းပြောဆိုသည်ကို ဦးအီဗရာဟင်သည် လွန်စွာသဘောကျသဖြင့် ပြည့်ဝင်အိုးကြီးလွယ်ထားသည့်အလား စူထွက်လျက်ရှိသော သူ၏ဝမ်းဗိုက်ကြီးအားလက်နှစ်ဖက်ဖြင့် ပွတ်သပ်ကာ တဟဲဟဲနှင့် ရယ်မောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအီဗရာဟင်၏ ပခုံးကိုမှီလျက် ငွေဒင်္ဂါးများကို ရေတွက်နေသော ဦးအီဗရာဟင်၏ မိန်းမ မငွေရှင်ကလည်း စွန်နား၏ ဝေါက်ငမ်းပြောဆိုပုံကို သဘောကျလျက် တခစ်ခစ်ရယ်မောလေ၏။

"စွန်နားက ဒီလိုနေရာမျိုးမှာတော့ သိပ်ပြီး အသုံးဝင်တာပဲ" ဟု လွန်စွာသေးငယ်သော အသံလေးဖြင့် ပြောလေ၏။ ဦးအီဗရာဟင်၏ မိန်းမသည် ကိုယ်လုံးကိုယ်ထည်ကြီးသလောက် စကားပြောရာ၌ အသံစူးစူးသေးသေးကလေးဖြင့် ပြောတတ်လေ၏။ သူ၏ စကားပြောသံကို ကြားရခါစ၌ လူတိုင်းလိုလို ရယ်ချင်စိတ် ဖြစ်ပေါ်တတ်လေ၏။

ထို့ထက် ရယ်ချင်စဖွယ်ကောင်းသည်မှာ ဦးအီဗရာဟင်အား 'ကိုအီ' ဟု အတိုကောက်ခေါ်တတ်ခြင်းပင် ဖြစ်ပေသည်။

အထက်ကဆိုခဲ့သည့်အတိုင်း ဦးအီဗရာဟင်တို့ လင်မယား ရယ်မောနေစဉ်၌ပင် ဆိုင်အပြင်မှလူက. . . .

"ဟေ့လူ တံခါးဖွင့်ပေးမလား မပေးဘူးလား ဒါပဲပြော"

ဟု ပြောလိုက်ရာ တခစ်ခစ်ရယ်မောလျက်ရှိသော မငွေရှင်က စွန်နားအား. . . .

"ဟဲ့. . . .စွန်နား၊ မဖွင့်ဘူးလို့ ပြောလိုက်စမ်း"

ဟု ဆိုလေ၏။

မငွေရှင်က ပြောခိုင်းသော်လည်း စွန်နားမှာမူ တိတ်ဆိတ်လျက်ရှိလေ၏။

"ဟဲ့. . . .ကွတ်တား၊ ငါပြောခိုင်းသလို မပြောဘူးလား"

ဟု မငွေရှင်က ပြောလေ၏။ (ကွတ်တားဆိုသည်မှာ ခွေးဟု အဓိပ္ပာယ်ရသည်)





စွန်နားသည် လွန်စွာပြူးဝိုင်းသော မျက်လုံးဖြင့် မငွေရှင်အား လှည့်၍ကြည့်ပြီးလျှင် ထိုမျက်လုံးဖြင့်ပင် အောက်သို့ပြသဖြင့် မငွေရှင်ရော ဦးအီဗရာဟင်တို့မှာ စွန်နားပြသည့်နေရာသို့ ကြည့်လိုက်ကြရာ တံခါးပျဉ်ပြားနှစ်ချပ်အကြားမှ အရောင်တလက်လက် ထနေသော ဓားတစ်လက်သည် စွန်နား၏ဗိုက်ဆီသို့ ထောက်၍ထားသည်ကို တွေ့ရလေတော့၏။

"ဟေ့လူ တံခါးဖွင့်မပေးရင် မင်းဗိုက်ကို ဖွင့်လိုက်မယ်"

ဟု အပြင်ကလူက ကြိမ်းလိုက်လျှင် စွန်နားသည် ကြောက်ကြောက်လန့်လန့်ဖြင့် တံခါးမင်းတုပ်ကိုမ၍ ဖွင့်ပေးလေ၏။ ထိုအခါ၌ အပြင်မှလူသည် အတွင်းသို့ ဝင်လာပြီးလျှင် ဦးအီဗရာဟင်တို့ လင်မယားထံသို့ သွားရောက်ပြီးလျှင်. . . .

"ထောပတ်လမင်း၊ ကြက်သားကြော်၊ မရန်းသီးသနပ်၊ ငါးခြောက်ထောင်းကြော် လိုချင်တယ်"

ဟု ပြောလေ၏။

"မရှိတော့ဘူး ကုန်နေပြီ"

ဟု ဦးအီဗရာဟင်က ပြောလေ၏။

၎င်း၏မိန်းမ မငွေရှင်ကလည်း. . . .

"ဆိုင်ဆိုတာ အချိန်နဲ့ရောင်းတာ၊ အချိန်မရှိမှလာလို့ ဘယ်ရမှာတုံး"

ဟု ဆိုလေ၏။

"ကျုပ်ပြောတဲ့ဟာတွေ မရရင် ခင်ဗျားတို့လင်မယားကို သတ်ပစ်မယ်ဆိုရင်တော့ ရအောင်လုပ်ပေးမယ် မဟုတ်လား"

ဟု ထိုသူကပြောလိုက်ရာ မငွေရှင်က အသံစူးစူးသေးသေးနှင့်. . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းမဲ့တိုင်းပြည် မဟုတ်ဘူး၊ သတ်ချင်တိုင်း သတ်လို့မရတဲ့လား"

ဟု မေအာ်လေ၏။

"ဒီမှာအဒေါ်ကြီးဒီလို ဗိုက်ရွဲရွဲကုလားကြီးတစ်ယောက် နောက်ထပ်ရဖို့ သိပ်မလွယ်ဘူး၊ စကားကို စဉ်းစားပြီးမှပြောပါ"

ဟုဆိုကာ လွယ်၍ထားသော ဓားကို ဦးအိဗရာဟင်၏ ရှေ့တွင်ရှိသော စားပွဲပုကလေးပေါ်သို့ တင်ထားလိုက်လေ၏။

ဦးအိဗရာဟင်သည် ဓားကိုတစ်လှည့် ထိုသူကိုတစ်လှည့် ကြည့်ရှုပြီးနောက် ထိုသူကား ဤညအဖို့ ထောပတ်ထမင်းနှင့် ကြက်သားကြော်ကို မရလျှင် မိမိ၏ စူထွက်နေသော ဗိုက်ကြီးအား သူ၏ဓားဖြင့် တစ်ဆုံးတိုင်ထိုး၍ ထည့်မည့်သူဖြစ်ကြောင်း အကဲခတ်မိသောအခါ၌

"အလကား ကျီစားတာပါ မိတ်ဆွေ၊ ခဏကလေးစောင့်ပါ၊ ရပ်ရွာ[illegible]မယ်၊ တစ်နယ်တစ်ကျေးကလာတဲ့ ဧည့်သည်ကို ကောင်းကောင်းမွန်မွန် ပြုစုရမှာပေါ့ဗျာ"

ဟု ချက်နွှာချို သွေးလေတော့၏။

ထိုအခါ ထိုလူသည် ထမင်းဆိုင်အတွင်းဘက်သို့ ဝင်၍သွားရာ ထမင်းစားပွဲဝိုင်းများ၌ ထမင်းစားလျက်ရှိသူများ၊ အရက်သောက်လျက်ရှိသူများကို ဆိုင်နှင့် ပြည့်လုခမန်း တွေ့ရလေတော့၏။ ထိုဆိုင်၌ မတ်တက် စားပွဲများမရှိဘဲ အားလုံးသည် မြေပြင်ပေါ်၌ပင် ထိုင်ကာ စားသောက်ကြရလေ၏။ ထိုင်ရန်အတွက် လက်လေးလုံးခန့်မြင့်သော ဖင်ထိုင်ခုံကလေးများ ထားပေးသော်လည်း လူတိုင်းလိုလိုသည် မြေပြင်ပေါ်၌ပင် ထိုင်၍စားသောက်ကြလေ၏။ ထိုအခန်းနှင့် ကပ်လျက်၌မူ ညအိပ်





[illegible]ည်းခိုသူများအတွက် ကင်းမကော့ခေါ်သည့် ခေါက်ခုတင်တစ်လုံးနှင့် [illegible]သားအိမ်များ၌ တွေ့ရတတ်သော ကြိုးခုတင်တစ်လုံးထားရှိလေ၏။

ထိုလူသည် အများနည်းတူ မြေပြင်ပေါ်၌ တင်ပျဉ်ခွေလျက် [illegible]လိုက်ပြီးလျှင် စွန်နားကိုခေါ်ကာ. . . .

"ဟေ့လူ အရက်ပေးစမ်း"

[illegible] ပြောလေ၏။

စွန်နားလည်း အရက်အပြည့်ရှိသော ဖန်ပုလင်းတစ်လုံးကို ခြေမင်းကန်လေးတစ်လုံးနှင့်အတူ ယူ၍လာလေ၏။ ထိုလူသည် ခြေပန်းကန် အတွင်းသို့ ဖန်ပုလင်းအတွင်းမှ အရက်ကို ငှဲ၍ထည့်ပြီးနောက် သောက်မည်အပြုတွင်. . . .

"ဘယ်လိုလဲ မိတ်ဆွေ၊ ပေပစီပွှာအသူရာနတ်မျိုးသောက်တဲ့ အရက်ကိုမှ သောက်ချင်တယ်ဆို၊ ခုတော့ဖြင့် ဦးအိဗရာဟင် ဆိုင်က အရက်ကို မော့တော့မလို့လား"

[illegible]သောအသံကို ကြားရသဖြင့် ထိုလူက လှည့်၍ကြည့်လိုက်ရာ တစ်ခါက ဘောင်နီဈေးတွင် တွေ့ခဲ့ရသော စောမင်းမောင်ဆိုသည့် ရှမ်းလူမျိုး တစ်ဦးဖြစ်ကြောင်း တွေ့ရလေ၏။

"စောမင်းမောင်က အိဗရာဟင်ဆိုင်က အရက်ကို သောက်တာလောက်ပဲ မြင်သေးတာ၊ တော်တော်ကြာရင် ထောပတ်ထမင်းနဲ့ ကြက်သားကြော်ရောက်လာဦးမယ်ဗျ။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က နတ်သူဌေးမစားနိုင်ခင်မှာတော့ ဒါနဲ့ပဲ ကျေနပ်ရမှာပဲပေါ့ဗျာ၊ မဟုတ်ဘူးလား"

[illegible] ပြန်၍ပြောပြီးလျှင် အရက်များကို တစ်ခွက်ပြီးတစ်ခွက် မော့၍မှုသေ



www.burmeseclassic.com

www.burmeseclassic.com



ရာ များမကြာမီအတွင်း၌ပင် ဖန်ပုလင်းကြီးတစ်လုံး အပြည့်ရှိသော အရက်များသည် ကုန်၍ သွားလေတော့၏။

"ကိုပြည်သိမ်းက တယ်လည်း အသောက်ကြမ်းတာကိုးဗျ"

ဟုခဘားမှ ကြည့်နေသော စောမင်းမောင်က ပြောလိုက်လေသည်။

"သောက်နိုင်မှ သွားနိုင်မှာကိုဗျ"

ဟု ပြည်သိမ်းက ပြန်၍ပြောလေ၏။

ထို့နောက် ကုလားစွန်နားသည် ယွန်းဖြင့် ပြုလုပ်ထားသော ဗျပ်ကြီးတစ်ခုအတွင်း၌ ယော်ပက်ထမင်း၊ ကြက်ကောင်လုံးကြော်၊ မရန်းသီးသနပ်၊ ငါးခြောက်ထောင်းကြော် စသည်တို့ကို ပြည့်စုံစွာထည့်၍ ယူလာပြီးလျှင် ပြည်သိမ်း၏ အရှေ့သို့ လာချပေးလေ၏။ ပြည်သိမ်းလည်း အနီး၌ အရက်သောက်လျက်ရှိနေသော လူတစ်ယောက်၏ ရေခွက်ကိုယူ၍ လက်ကိုရေလောင်း၍ဆေးပြီးလျှင် ထမင်းဟင်းလျာများကို အားရပါးရ စားသောက်လေတော့၏။

ထမင်းဟင်းများကို တစ်ဝက်ကုန်သည်အထိ စားသောက်ပြီးသည့်အချိန်၌ တစ်စုံတစ်ယောက်သည် ပြည်သိမ်း၏ ခါးဆီသို့ ခြောက်လုံးပြူးနှင့် လာရောက်၍ ထောက်လိုက်ရာ ပြည်သိမ်းသည် ဆတ်ခနဲ တွန့်၍ သွားလေ၏။ ထိုအခါ၌ ခြောက်လုံးပြူးဖြင့်လာ၍ ထောက်သူက ပြည်သိမ်းအား. . . .

"ဘယ်လိုလဲ ကိုယ့်လူ၊ ကြောက်လို့ တွန့်သွားတာလား"

ဟု မေးလိုက်ရာ ပြည်သိမ်းက ခေါင်းကိုယမ်းပြီး. . . .

"ယားလို့တွန့်တာ၊ တစ်ဆိတ်လောက် ခင်ဗျား သေနတ်ကို ကျုပ်ရဲ့နားထင်မှာ ပြောင်းပြီး ထောက်စမ်းပါဗျာ၊ ခါးမှာ ထောက်ရင် ယားလွန်းလို့ပါ"





ဟုပြောသဖြင့် သေနတ်သမားသည် ခါးတွင်ထောက်သော သေနတ်ကို နားထင်သို့ ပြောင်း၍ ထောက်လိုက်ပြီးလျှင်. . . .

"ဘယ်လိုလဲ ရွှေခြည့်သည်ကြီး၊ စားလို့သောက်လို့ ကောင်းပါရဲ့နော်"

ဟုမေးလိုက်လေ၏။

"ဟုတ်ကဲ့၊ မိတ်ဆွေတို့ ဗိုသတဲ့ မေတ္တာကြောင့် စားလို့သောက်လို့ကောင်းပါရဲ့ဗျာ"

ဟု အေးချမ်းစွာ ပြန်၍ပြောပြီးလျှင် ထမင်းကို ဆက်၍စားသောက်လေ၏။

"ကိုယ့်လူ အကောင်းပြောတယ်များ မှတ်နေသလား၊ မြန်မြန် အပင်းဆို့ ပြီးရင် မင်းကို သတ်မလို့"

ဟု သေနတ်သမားကပြောလျှင် ပြည်သိမ်းက ပါးစပ်ထဲတွင် ထမင်းများကို မလှုတ်ပလောင်းဖြင့်ဝါးရင်း ရယ်မောလေ၏။ ရယ်မောပြီးနောက်

"သတ်မယ့် ဥစ္စာပဲဗျာ၊ ထမင်းစားပြီးတဲ့အထိ ဘာဖြစ်လို့ စောင့်နေတာလဲ၊ အခုပဲ ခလုတ်ဖြုတ်ချလိုက်ပါတော့လား"

ဟု ပြောလေ၏။

"အေး. . . . . . . . ဟုတ်တယ်၊ မင်းကို သတ်တော့သတ်မှာပဲ၊ ဒါပေမယ့် မသတ်ခင်မှာတော့ တို့သိချင်တာကလေးကို မေးရဦးမယ်ကွ"

ပြည်သိမ်းသည် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ထမင်းကို ကုန်သည်အထိ ဆက်၍စားသောက်ပြီးနောက် လက်ဆေးခြင်း၊ လက်သုတ်ခြင်းများ ပြုလုပ်၍ စောမင်းမောင်ကို နှုတ်ဆက်ပြီးလျှင် ထ၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမားသည် ပြည်သိမ်း၏ နောက်ကျောအား သေနတ်ဖြင့် ထောက်လျက် နောက်မှလိုက်၍ သွားလေ၏။ ပြည်သိမ်းသည် ဦးအိဗရာဟင်၏ စားပွဲရှေ့သို့ရောက်လျှင် ရပ်လိုက်လေ၏။

"ဟေ့လူ ဘာဖြစ်လို့ ရပ်တာလဲ၊ သွားလေ"

"နေစမ်းပါဦး၊ ထမင်းစားထားတာ ပိုက်ဆံပေးရဦးမှာပေါ့။ နောက်ဘဝမှာ ဒီကုလားကြီးအိမ်မှာ နွားကြီးသွားဖြစ်နေပါဦးမယ်"

ဟု ဆိုကာ ပြည်သိမ်းသည် ဦးအိဗရာဟင်အား ထမင်းဖိုးကျသင့်ငွေကို ရှင်းပေးပြီးလျှင် ကြေးဖလား၌ စိုက်ထူထားသော အမွှေးတိုင်ကို ဆွဲယူ၍ မီးကိုငြိမ်းသတ်လိုက်ပြီးလျှင် အမွှေးတိုင်၏ ဖင်ပိုင်းမှ ဝါးတံကလေးဖြင့် သွားကြားထိုးလျက် နေလေ၏။

ဦးအိဗရာဟင်နှင့် ယင်း၏မိန်းမ ဒေါ်ငွေရှင်တို့လည်း ပြည်သိမ်းကို တစ်လှည့်၊ နောက်မှသေနတ်ဖြင့် ယောက်ထားသူကို တစ်လှည့် ကြည့်ကာ ကြောက်ရွံ့ထိတ်လန့်နေကြလေ၏။

"ယောပတ်ထမင်းဟာ နည်းနည်းကလေး တောပတ်နည်းသွားတယ်၊ ငါးခြောက်ထောင်းကြော်ကလည်း အားနည်းနည်းငန်တယ်၊ မရန်းသီး ..ယနပ်နဲ့ ကြက်သားကြော်တော့ဖြင့် အနေတော်ပဲ"

ဟု ပြည်သိမ်းက ဦးအိဗရာဟင်ကို ပြောလေ၏။ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း၌ မိမိသေရတော့မည့်အဖြစ်ကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုဘဲ စားပြီးသားအစားအသောက်ပေါ်၌ ဝေဖန်ပြောဆိုလျက်ရှိသော ပြည်သိမ်း၏ အေးဆေးတည်ငြိမ်သော စိတ်ဓာတ်အား ဦးအိဗရာဟင်





သာလျှင် မဟုတ်ဘဲ ပြည်ကြီးရတနာ ညအိမ်ထမင်းဆိုင်အတွင်းရှိ မြင်တွေ့သမျှသော လူအားလုံးက စိတ်တွင်ကျိတ်၍ ချီးကျူးကြလေတော့၏။

ပြည်သိမ်းသည် သွားကြားထိုးပြီးလျှင် ဝါးတံကလေးကို ပစ်ချ၍ ဆက်၍လျှောက်သွားလေ၏။ သေနတ်သမားလည်း နောက်မှနေ၍ ချိန်ရွယ်ကာ လိုက်ပါသွားလေသည်။ သေနတ်သမား၏ လူများကလည်း ပြည်သိမ်း၏ ဘေးပတ်ပတ်လည်မှ ဝန်းရံလျက် လိုက်ပါသွားကြလေတော့၏။

တစ်အောင့်မျှကြာလျှင် ပြည်ကြီးရတနာ ညအိပ်တမင်း ဆိုင်ကလေးရှေ့မှ မြင်းခွာသံ အမြောက်အမြား ပေါ်ထွက်လာပြီးလျှင် ပျောက်ကွယ်သွားလေတော့၏။ ပြည်သိမ်းအား သေနတ်သမားနှင့် သူ၏လူများသည် မြင်းပေါ်၌တင်ဆောင်ကာ ဖမ်းဆီးသွား ကြပြီးဖြစ်ပေသည်။

စောမင်းမောင်သည် ထမင်းဆိုင်ရှေ့သို့ထွက်၍ မျှော်ကြည့်ရင်းကိုပြည်သိမ်းဆိုသူကား လွန်စွာသူရသတ္တိနှင့် ပြည့်စုံ၍ သေဘေးနှင့် ရင်ဆိုင်ရသည့်အခါမျိုး၌လည်း လွန်စွာတည်ငြိမ်သော စိတ်နှလုံးရှိပေသည်တကားဟု အောက်မေ့မိလေတော့၏။

ထို့ပြင် ငါးရက်တစ်ချေး၌ စတင်တွေ့ဆုံခဲ့စဉ်က ပြည်သိမ်း၏ အပြောကြီးပုံ၊ မြင်းစီးကောင်းပုံတို့ကိုသာ မြင်တွေ့ခဲ့ရသော်လည်း ယခုတစ်ဖန် ဒုတိယအကြိမ်အဖြစ် ဦးအိဗရာဟင်၏ ပြည်ကြီးရတနာခေါ် သေတင်းကုပ်၌ ထပ်မံတွေ့ဆုံပြန်သောအခါတွင် ပြည်သိမ်း၏ ရဲရင့်တည်ကြည်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့် ရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ရတနာကုန်သည်

စောမင်းမောင်သည် နှစ်ကြိမ်နှစ်ခါမျှသာ တွေ့ခဲ့ဖူးသော ပြည်သိမ်းကို မကြာခဏ သတိရနေမိလေ၏။ ပြည်သိမ်းဆိုသော လူသည် မည်သည့်အတွက် ရှမ်းပြည်နယ်ဘက်သို့ လာရောက်နေသည်၊ အသက်မွေးဝမ်းကျောင်းအဖြစ် မည်သည့်အလုပ်အကိုင်ကို လုပ်သည်၊ မည်သည့်ရပ်ရွာမှ လာရောက်ခြင်းဖြစ်သည်တို့ကို သိချင်လှပေသည်။ ထို့ထက် သိချင်သည့်အရာမှာ ထမင်းစားနေစဉ် နားထင်ကို သေနတ်ဖြင့် ချိန်၍ လူတစ်စုက ဖမ်းဆီးသွားကြရာတွင် မည်သို့ မည်ပုံဖြစ်သည်။ အထူးသဖြင့် သေသည်၊ ရှင်သည်ကို သိလိုလှပေသည်။ သို့ရာတွင် ပြည်သိမ်းသည် သတင်းအစအနကိုမျှ မကြားရဘဲ လုံးဝပျောက်ကွယ်၍ သွားလေ၏။

[illegible]လခန့် ကြာသောအခါတွင် ရွှေညောင်မြို့ ဦးစစ်ဖန်ဆိုသူ တရုတ်လူမျိုး ရတနာကုန်သည်တစ်ဦး၏အိမ်၌ ထူးဆန်းသော ဘုရားတစ်ဆူ ကြွတော်မူသဖြင့် ရတနာကုန်သည် တရုတ်စစ်ဖန်က ဘုရားဖူးရန် ဖိတ်ကြားထားသဖြင့် စောမင်းမောင်သည် တရုတ်စစ်ဖန်၏ အိမ်သို့ည (၇) နာရီလောက်တွင် သွားရောက်ခဲ့လေ၏။

စောမင်းမောင်သည် တရုတ်စစ်ဖန်၏အိမ်သို့ ရောက်ရှိသည့်အခါ၌ ဘုရားခန်းတွင် ကျောက်စားပွဲကြီးပေါ်၌ အဖိုးတန် ကျောက်သံပတ္တမြားစီခြယ်ထားသည့် ရွှေသားအစစ်ပလ္လင်၊ တံကဲ၊ ရွှေသားအစစ်ဖြင့်ပြုလုပ်၍ ခဲသားရောင်စိန်အစစ်များ စီခြယ်ထားသည့် ရွှေထီးတော်သည့် အဖိုးလွန်စွာ ထိုက်တန်သော ပစ္စည်းများနှင့်အတူ လော်ကီ





အဘတ်ဖြင့် စီရင်ထားသည်ဆိုသော ဆေးဘုရားကို အနီးကပ်ဖူးမြော်ခွင့်ရလေ၏။

"ခတ်လုံးပေါင်း ကိုးဆယ်၊ အင်းချုပ်ပေါင်း ရှစ်သောင်းလေးထောင်၊ ဂမုန်းပေါင်းတစ်ရာ၊ ကိုးဌာန တန်ခိုးကြီးဘုရားမြေတွေကို စုပေါင်းပြီး ကိုးနှစ်၊ ကိုးလ၊ ကိုးရက်တိုင် အဓိဋ္ဌာန်ပြုပြီးမှ စီရင်ထားတဲ့ဘုရား၊ ဖူးရခဲတယ်"

ဟု မူလဘုရားပိုင်ရှင်၏ တပည့်က စောမင်းမောင်အပါအဝင် ဘုရားကိုလာရောက် ကြည်ညိုသူများကို ရှင်းပြလေ၏။

ထို့နောက် ဧည့်သည်များကို ကော်ဖီ၊ ဘီစကွတ်မုန့်စသည်များတိုက်ကျွေးဧည့်ခံလေ၏။ အတော်အတန်. ညနက်လာသည့်အခါ၌ ဘုရားဖူးများလည်း တစ်စထက်တစ်စ ရှင်း၍ သွားလေ၏။ ထိုအချိန်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရန် ရောက်ရှိလာသော ရတနာကုန်သည်တို့သည် ဘုရားရှေ့တွင်ရှိသော ကော်ဇောပေါ်၌ စုရုံးကြလျက် ဘုရားပလ္လင်တွင် တပ်ဆင်ထားသော ပတ္တမြားကို ထုတ်ပြသူ၊ ဘုရားထီး၌ တပ်ဆင်ထားသော စိန်ထက် မိမိ၏စိန်က ပို၍ကောင်းသည်ဟုဆိုကာ စိန်များ ထုတ်ပြသူက ပြန့်ပင် ထိုနေရာ၌ ရတနာပြပွဲ၊ ဈေးခေါ်ပွဲ၊ ဈေးဆစ်ပွဲကလေးတစ်ခု ဖြစ်၍သွားလေ၏။

သို့ရာတွင် ရတနာကုန်သည်တို့သည် ပြောဆိုရောင်းဝယ်နေကြပါလျက် ခြံအဝင်အဝဆီသို့ မကြာခဏ လှမ်းမျှော်၍ ကြည့်ကြသည်ကို ထောက်လျှင် တစ်စုံတစ်ယောက်ကို စောင့်မျှော်လျက်ရှိကြောင်း သိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောမင်းမောင်သည် မိမိအနီးမှ လူတစ်ယောက်အား. . . .

"မိတ်ဆွေ၊ တရုတ်စစ်ဖန်တို့ လူစုဘယ်သူ့ကို စောင့်နေတာလဲ မသိဘူးဗျ၊ လည်ပင်းတဆန့်ဆန့်နဲ့ ခြံဝကိုကြည့်နေကြတယ်"

ဟု မေးလိုက်ရာ အနီးမှလူက. . . .

"ကျောက်ကုန်သည်တစ်ဖွဲ့ ကျန်သေးတယ်ဗျ၊ အဲဒီအဖွဲ့ရောက်လာရင် တကယ်အဖိုးတန်ပစ္စည်းတွေ ရောင်းကြဝယ်ကြလိမ့်မယ်၊ ရတနာဘုရားကြွတယ်ဆိုတာကလည်း အမှန်တော့ သူတို့ဟာသူတို့ ဆင်ထားတာဗျ၊ လူစည်စည်ကားကား ဖြစ်အောင်လုပ်တာ၊ ရောင်းတဲ့ဝယ်တဲ့နေရာမှာ လူစည်ကားနေတော့ မားပြတိုက်ဖို့ မလွယ်ဘူး၊ လုဖို့ မလွယ်ဘူး မဟုတ်လား၊ ကျုပ်တို့ ကော်ဖီတစ်ခွက်နဲ့ သူတို့ရတနာရောင်းချပွဲမှာ လာပြီး ဒရဝမ် လုပ်ပေးနေရတဲ့ သဘောပဲ"

ဟု ရှင်းပြလိုက်လေ၏။

"တောက်၊ ရတနာကုန်သည်တွေက ကျုပ်တို့ မျက်ခုံးမွေးပေါ်မှာ စကြိုလျှောက်တာပဲဗျ"

"ဒါပေါ့ဗျာ၊ ဒီလူတွေက သူတို့လို ရတနာကုန်သည်ချင်းမှ လူထင်တာဗျ၊ ကျန်တဲ့လူကို ဘယ်နေရာမှာ ဘယ်လောက်တော်တော် သူတို့က အထင်မကြီးတတ်ကြဘူးဗျ"

"ဒီလိုဆိုရင် ပြန်ကြရအောင်ဗျာ၊ ကျုပ်တို့က ဘာဖြစ်လို့ ဒီမှာဆက်ပြီး ထိုင်နေကြမှာလဲ"

ဟု စောမင်းမောင်က ပြောလိုက်ရာ ထိုလူက စောမင်းမောင်၏ လက်ကို အသာအယာဆွဲလျက်. . . .





"နေပါဦး မိတ်ဆွေ၊ ဟောဒီ ရတနာရောင်းပွဲမှာ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်ဗျ၊ အသာစောင့်ပြီး ကြည့်ရအောင်ဗျာ၊ ဟောပြောတုန်း နောက်တစ်ဖွဲ့ရောက်လာပြီးဗျို့"

ဟု ထိုသူက ပြောသဖြင့် စောမင်းမောင်က ကြည့်လိုက်ရာ မြင်းခွာသံများကြားပြီးလျှင် မြင်းလေးကောင်းပေါ်မှ လူလေးယောက်ဆင်း၍လာလေ၏။ စောမင်းမောင်သည် လူလေးယောက်အနက်မှ တစ်ယောက်သောသူကို ကြည့်ကာ အံ့သြခြင်းဖြစ်ရုံမျှမက လွန်စွာမှာလည်း ဝမ်းသာ၍သွားလေ၏။ အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထားသည့် ကျောက်ကုန်သည်လေးယောက်တို့သည် ရင်ပေါင်တန်းလျက် ခြံတွင်းသို့ ဝင်၍လာလေ၏။

စောမင်းမောင်သည် ထိုလူလေးယောက်အနီးသို့ ရောက်ရှိလာသောအခါ၌ ဝမ်းသာအားရဖြင့်. . . .

"ကိုပြည်သိမ်း"

ဟု အားရဝမ်းသာ ခေါ်လိုက်လေ၏။ထိုအခါ၌ ကိုပြည်သိမ်းဟု အခေါ်ခံရသူက ယဉ်ကျေးစွာ ပြုံးလျက်. . . .

"ဘယ်လိုလဲ မိတ်ဆွေ၊ လူမှားနေပြီထင်တယ်၊ ကျုပ်နာမည် ပြည်သိမ်းမဟုတ်ဘူး၊ မိုးသီးလို့ခေါ်ပါတယ်၊ ဒါပေါ့လေ လူတူမရှား နာမည်တူ မရှားဆိုတာ"

ဟုပြောလျက် တရုတ်စစ်ဖန်တို့၏ ရတနာကုန်သည်ကြီးများ၏ ဝိုင်းသို့ ရှေးရှု၍သွားလေ၏။ စစ်ဖန် အပါအဝင် ရတနာ ကုန်သည်ကြီးများကလည်း ပျာပျာသလဲ ကိုမိုးသီး ကြွပါခင်ဗျ၊ ထိုင်ပါခင်ဗျစသည်ဖြင့် ခရီးဦးကြိုပြုကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောမင်းမောင်သည် ပြည်သိမ်းဆိုသူနှင့် ရွေးမရအောင် တူလှသော ကျောက်ကုန်သည် ကိုမိုးသီးဆိုသူအား တစ်ချက်မျှ သေသေချာချာ ကြည့်ပြီးလျှင် ဤသူကား မိမိတွေ့ဖူးသော ကိုပြည်သိမ်းဆိုသူနှင့် လွန်စွာတူပေ၏တကားဟု အံ့ဩခြင်းဖြစ်လျက် တရုတ်စစ်ဖန်၏ အိမ်မှ ပြန်ခဲ့လေတော့၏။

◆ ◆ ◆ ◆ ◆ ◆ ◆

## နောက်ဆုံးအကြိမ် တွေ့ဆုံခြင်း

တစ်နေ့သ၌ စောမင်းမောင်သည် ကြက်သွန်ဖြူနှင့် အားလူးဖိုးငွေများကို သိမ်းဆည်းရန် သာစည်မြို့သို့ ရောက်ရှိနေလေ၏။ သာစည်ဈေး အနီးရှိ ပွဲရုံများမှ ကုန်ဖိုးငွေများကိုယူကာ ထွက်၍လာခဲ့ရာ ဈေးနှင့် အတော်အတန်လှမ်းသောနေရာသို့ရောက်လျှင် လူများ စုဝေး စုဝေး လုပ်နေကြသည်ကို တွေ့သဖြင့် ဝင်ရောက်ကြည့်ရှုပြန်လေ၏။ 'ကျွမ်းထိုးတောင်တက် ဘားမျက်လှည့်' ဟု ခေါ်သော ကြည့်ချင်ပွဲကလေးတစ်ခုကို တွေ့ရလေ၏။ မျက်လှည့်ဆရာသည် မောင်းကိုတဒူဒူထုလျက် ပြသမည့် အစီအစဉ်များကို လက်ာဖြင့်ရွတ်ဆိုကာ ပရိသတ်အား ရှင်းလင်း၍ နေ၏။ တပည့်လုပ်သူမှာ မြေကြီး၌ တူးရှင်းတစ်လက်ဖြင့် တွင်းကိုတူး၍ နေလေ၏။ တွင်းတူးပြီးလျှင် ဝါးပိုးဝါးလုံးကြီးတစ်လုံးကို စိုက်ထူလေ၏။ စိုက်ထူပြီးသည်နှင့် တစ်ပြိုင်နက် ရေအိုး၌ ရေအပြည့်ထည့်ကာ ခေါင်းနှင့် ရွက်ပြီးလျှင် တိုင်ပေါ်သို့ တက်လေ၏။ ရေအိုးအတွင်းမှ ရေတစ်စက်မျှ မဖိတ်စဉ်ဘဲ တိုင်ထိပ်ပေါ်သို့ရောက်၍ သွားလေ၏။ ထိုသူသည် တိုင်ထိပ်ပေါ်၌ထိုင်ကာ ရေအိုးကိုရွက်လျက်နှင့်ပင် တိုင်ကို ဟိုမှသည်မှ လွှဲ၍ ပြလေ၏။





အောက်မှ ကြည့်ရှုနေကြသော လူအပေါင်းမှာ ရေအိုးရော လူပါ ပြုတ်ကျလာမည်လားဟု ရှောင်တိမ်းကြရလေ၏။ သို့ရာတွင် ရေအိုးနှင့် လူကို ကျရန်မဆိုထားဘဲ ရေအိုးတွင်း၌ အပြည့်ထည့်ထားသော ရေပင် တစ်စက်တလေမျှပင် ဖိတ်စဉ်ကျသည်ဟူ၍ မရှိ။

ထိုသို့ တိုင်ကို လွှဲပြပြီးနောက် တိုင်ထိပ်ပေါ်သို့ ရေအိုးကို ဘင်ကာ တိုင်ကိုဖက်ပြီး ဇောက်ထိုး ဆင်းရှာလေ၏။ တိုင်မှာ လှုပ်ခါ၍ နေသော်လည်း ရေအိုးမှရေမှာ တစ်စက်မျှ မဖိတ်ဘဲ ထိုလူသည် အောက်သို့ ရောက်၍လာလေ၏။ အောက်သို့ရောက်လျှင် ကျွမ်းကို အမျိုးမျိုး အဖုံဖုံထိုး၍ပြလေ၏။ ထိုလူ၏ အလှည့်ပြီးလျှင် မောင်းထု၍ နေသော ဆရာလုပ်သူက မျက်လှည့်ပြလေ၏။ မျက်လှည့်ပွဲမှာ တစ်စ သက် တစ်စ လူစည်ကား၍ လာလေ၏။

စောမင်းမောင်သည် မျက်လှည့်ပွဲပြီးသည်အထိ ကြည့်ပြီးနောက် မိမိ၏တည်းခိုအိမ်သို့ ပြန်၍လာခဲ့ရာ ပြန်လာခဲ့သော လူအုပ်အတွင်း၌ ပြည်သိမ်းကို တွေ့မြင်ရလေ၏။ စောမင်းမောင်၏ စိတ်၌ သွားရောက် နှုတ်ဆက်လျှင် ကောင်းလေမည်လားဟု စဉ်းစားမိသော်လည်း ပြည်သိမ်းမဟုတ်ဘဲ မိုးသီးဆိုသူများ ဖြစ်၍နေမည်လားဟု တွေးမိကာ နှုတ်ဆက်ခြင်းမပြုဘဲ မျက်နှာကိုတစ်ဘက်သို့ လွှဲ၍ပစ်လိုက်လေတော့၏။

"မိတ်ဆွေကြီး စောမင်းမောင်၊ ဘယ်လိုလဲဗျာ၊ မာနကြီးလှချည်လား၊ ကျုပ်က နှုတ်ဆက်မလို့ ရှိသေးတယ်၊ ခင်ဗျားက မျက်နှာကို လွှဲပစ်လိုက်တာကိုး"

ဟု ဆိုကာ စောမင်းမောင်၏ ပခုံးကိုပုတ်လျက် ပြည်သိမ်းက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်မရှိပါနဲ့ ကိုပြည်သိမ်းရယ်၊ ကျုပ်ကလည်း နှုတ်ဆက်မယ်လို့ပါပဲ၊ ဒါပေမဲ့ လူမှားနေမှာ စိုးလို့ပါ"

"ဘယ်နှယ် လူမှားရမှာလဲဗျ"

"မဟုတ်ဘူးဗျ၊ တစ်ခါတုန်းက လူမှားပြီးပြီ၊ ရွှေညောင်က တရုတ်စစ်ဖန်အိမ်ကိုလာတဲ့ ရတနာကုန်သည် ကိုမိုးသီးဆိုတာကို ကျုပ်က ခင်ဗျားမှတ်လို့ သွားပြီး နှုတ်ဆက်မိကတည်းက နှုတ်ဆက်ရမယ့် အလုပ်ကို ခပ်လန့်လန့် ဖြစ်နေတယ်ဗျ"

"တော်တော်ပဲ တူလို့လားဗျာ"

"တူတာတော့ မပြောနဲ့တော့ဗျာ၊ ချွတ်စွပ်ဆိုတဲ့ စကားအတိုင်းပဲ၊ ခင်ဗျားမျက်နှာကိုချွတ်ပြီး ဟိုလူကို စွပ်ပေးထားသလောက်ကို တူတယ်ဗျ"

"ဟား. . . .ဟား. . . . စောမင်းမောင်က တယ်လဲ ရိုးတာကိုဗျ၊ မိုးသီးဆိုတာလည်း ကျုပ်ပါပဲဗျာ၊ အဲဒီက တရုတ်စစ်ဖန်တို့ လူစုကို ကျုပ်နာမည်ရင်းကို မသိစေချင်လို့ အကြောင် ရိုက်လိုက်တာပါ၊ ခင်ဗျား လူမှားတာ မဟုတ်ပါဘူး"

"အမယ်လေး. . ကိုပြည်သိမ်းရယ်၊ ကျုပ်ကဖြင့် တူလှချည်လားလို့ အောက်မေ့နေတာ၊ လတ်စသတ်တော့ ခင်ဗျားက တစ်ယောက်တည်းပဲကိုဗျ၊ ဟား. . . .ဟား"

စောမင်းမောင်နှင့် ပြည်သိမ်းတို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ရာ အတော်အတန်လျှောက်မိသည့်အခါ၌ အရိပ်အာဝါသ အလွန်ကောင်းသော မန်ကျည်းပင်ကြီးတစ်ပင်အောက်သို့ ရောက်လျှင် ပြည်သိမ်းက. . . .





"မိတ်ဆွေ နောက်တစ်ခါ လူမမှားနဲ့တော့နော်၊ ကျုပ်ကို သေသေချာချာ မှတ်ထားပေတော့၊ လူတူဆိုတာတော့ ရှိချင်လည်း ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်ရဲ့မျက်ခုံးနှစ်ခုအကြားမှာ မှဲ့ကလေးရှိတယ်"

ဟု ပြောလျှင် စောမင်းမောင်လည်း ပြည်သိမ်း၏ မျက်ခုံးနှစ်ခုကြားမှ မှဲ့ကလေးကို ကြည့်လိုက်မိလေ၏။

"နောက်တစ်ခေါက်တွေ့ဖို့တော့ သိပ်ပြီး မလွယ်တော့ဘူးဗျ၊ ဒီကနေ့ပဲ ကျုပ်ပြန်တော့မယ်၊ ကျုပ်က အောက်ပြည်အောက်ရွာက လာတာပါ၊ ကိစ္စကလေးတစ်ခုရှိလို့ ဒီဘက်ကို လာခဲ့ရတာ မိတ်ဆွေ"

"ဩော်. . . ."

"လောလောဆယ်တော့ ကျုပ်အနေနဲ့ နေရာထိုင်ခင်း နေသားတကျမရှိသေးလို့ နေရပ်လိပ်စာကို မပြောနိုင်ပါဘူး၊ အဲဒါကိုတော့ ခွင့်လွှတ်ပါ"

"ဟုတ်ပါတယ် ကိုပြည်သိမ်း၊ ခင်ဗျားက လိပ်စာမပေးနိုင်သေးပေမယ့် ကျုပ်ရဲ့လိပ်စာတော့ ပေးလိုက်ပါရစေ"

"မပေးပါနဲ့ မိတ်ဆွေ၊ ခင်ဗျားလိပ်စာကို ကျုပ် သိပါတယ်၊ တောင်ကြီးကို မတက်ခင် ကူကြိုးမွေ့တော်ဘုရားကို သွားတဲ့ လမ်းနဲ့ သိပ်မဝေးတဲ့ ညောင်ပင်အုပ်အုပ်ကြီးနားက အိမ်မည်းကြီး မဟုတ်လား"

"ဩော်. . . . ခင်ဗျားက သိနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . . ဟား. . . . သိနေတာပေါ့ဗျ၊ ကျုပ်လိုက်ပြီး ကြည့်ထားတာကိုး၊ ကဲ. . . . စောမင်းမောင် ဒီနေရာကပဲ လမ်းခွဲကြစို့လား"

ဟု ဆိုကာ ပြည်သိမ်းသည် အခြားလမ်းတစ်ဘက်သို့ လျှောက်သွားပြီးလျှင် လူသွားလမ်းကျဉ်းကလေးသို့ဝင်ရောက်ကာ ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှစ၍ ပြည်သိမ်းနှင့် စောမင်းမောင်တို့သည် ပြန်လည်၍ ဆုံတွေ့ခြင်း မရှိတော့ပါ။ ရှမ်းအမျိုးသား စောမင်းမောင်သည် ရဲစွမ်းသတ္တိရှိ၍ မြင်းစီးကောင်းပြီးလျှင် အကြွားသန်လှသော ပြည်သိမ်းဆိုသည့် အောက်ပြည်အောက်သား မြန်မာလူငယ်ကလေး ပြည်သိမ်းအား မကြာခဏ အမှတ်ရနေမိလေတော့၏။

ရှုနန်ချုပ်သို့အပြန် 'ဖွတ်ကား' ဟု မြန်မာများခေါ်လေ့ရှိသော ဖို့ဒ်ကားကလေးသည် ပဲခူးမှခရီးသည်အချို့ကို သယ်ဆောင်၍လာရာ လှည်းကူးမြို့သို့ မဝင်မီ ဒရယ်ဘိုဟူသော ကျေးရွာကလေးအနီး၌ ၎င်းဖွတ်ကားကလေးသည် ဖွတ်တက်သည့်အလား ဒုက္ခပေးလေတော့၏။ ဒရိုင်ဘာက ကြိုးစား၍ပြင်ကြည့်သေး၏။ သို့ရာတွင် တစ်နာရီခန့် ပြင်ပါသော်လည်း အကြောင်းမထူးသဖြင့် လက်မြှောက်လိုက်ရလေတော့၏။ ထိုအခါ၌ ခရီးသည်များအနက် အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ယောက်က သူပြင်ကြည့်မည်ဟုဆိုကာ ဒရိုင်ဘာကို ခွင့်တောင်း၍ ပြင်ဆင်ရာတွင် ကားစက်နိုး၍ လာလေတော့၏။

ထို့ကြောင့် လမ်းဘေးသစ်ပင်ရိပ်အောက်တွင် အရိပ်ခိုလျက်ရှိသော ခရီးသည်များသည် ကားပေါ်သို့ အလုအယက်တက်ကြရပြန်၏။





ခရီးသည်များတက်ပြီးသည်နှင့် ဒရိုင်ဘာသည် ကားထွက်လေတော့၏။ လှည်းကူးရောက်သည့်အခါ၌ ခရီးသည်များ ကုန်လုနီးပါးဆင်း၍ သွားကြလေ၏။

မော်တော်ကားကလေးသည် ဖွတ်ကားဟူသော အမည်နှင့်လိုက်ဖက်စွာ 'ဖွတ်ချက်ဖွတ်ချက်' ဟူသော အသံကို ဖြစ်ပေါ်စေလျက် တရွေ့ရွေ့ မောင်းနှင်လာခဲ့ရာ လွန်စွာလမ်းကြမ်းသော 'ဘားလားတံတား' ကြီးသို့ ရောက်ရှိလာလေ၏။

ဖွတ်ကားကလေးမှာ စက်သာလျှင် ညံ့သည်မဟုတ်ဘဲ ဘော်ဒီမှာလည်း ယိုင်နဲ့၍နေသော သစ်သားဘော်ဒီဖြစ်ရာ အတွင်းမှ ခရီးသည်များသည် ဆန်ကောအတွင်း၌ အလှိမ့်ခံရသော ဆီးဖြူသီးကဲ့သို့ ရှိလေ၏။

ပဲခူးမှစ၍ ထွက်ကတည်းကပင် သက္ကလတ်ဦးထုပ်စုတ် မျက်နှာ၌ အုပ်ကာအိပ်လျက်သားလိုက်ပါလာသော လူတစ်ယောက်သည် ဒရယ်ဘို၌ မော်တော်ကားပျက်စဉ်ကလည်း မနိုးခဲ့။ လှည်းကူး၌ ခရီးသည်များဆင်းသည့်အခါကလည်း လွန်စွာ ကျွက်စီ ကျွက်စီ နိုင်လှသော အသံများ ဖြစ်ပေါ်ခဲ့ပါလျက် ထိုသူသည် အိပ်ရာမှမနိုးခဲ့ပေ။

ယခု ဘားလားတံတားအရောက်၌မူ မော်တော်ကားဆောင့်လိုက်ရာ အိပ်ပျော်လျက်ရှိသော ထိုသူသည်အနီးရှိ မိန်းကလေးပေါ်သို့ သွား၍ပိမိလေ၏။

"အိုး. . . . အိုး"

ထိုလူသည် အိပ်ရာမှလန့်၍နိုးလာပြီးလျှင် မျက်နှာပေါ်မှ ဦးထုပ်ကို ကပျာကယာ ဖယ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အားနာသော မျက်လုံးများဖြင့် အဖိခံရသော မိန်းကလေး ကို ကြည့်ကာ. . .

"မတော်လို့နော်၊ ဘယ်များနာ သွားသေးလဲ"

"နံရိုးတွေကျိုးကုန်ပြီလို့ ထင်တာပဲ၊ ရှင့် မတော်လို့ကလည်း ဒီမှာ သေတော့မယ်"

"တကယ်မတော်လို့ပါ"

ဟုထပ်၍ တောင်းပန်ပြီးနောက် ထိုလူသည် မည်သို့ဆက်၍ ပြောရမည် မသိဘဲ အသံတိတ်၍နေလေ၏။ ထိုလူသည် မော်တော်ကားပြတင်း ပေါက်မှနေ၍ ဘားလားတံတားကြီး၏ တစ်ဘက်တစ်ချက်ရှိလယ်ကွင်း ခပ်လှမ်းလှမ်းမှ တောအုပ်အုပ်ကလေးများနှင့် အိမ်စုစုကလေးများကို ကြည့်လိုက်သည်။ ဤနေရာမှာ ယခင်ကအတိုင်း မည်သို့မျှ မပြောင်းလဲ။ အိမ်စုစုကလေးများမှာလည်း အိမ်စုစုကလေးများသာ ဖြစ်၏။ အိမ်စုစု ကလေးများသာလျှင် မဟုတ်။ ဘားလားတံတားကြီးအဖြစ်မှ မပြောင်း လဲသေးပေ။

ဤသို့နှင့် လိုက်ပါခဲ့ရာ ဖွတ်ကားကလေးသည် ထောက်ကြံ့ လမ်းဆုံအရောက်၌ ဒုက္ခပေးပြန်၏။ စက်ရပ်၍သွားပြန်၏။ ဒရိုင်ဘာက မိတ်ဆွေ နည်းနည်းလောက်ဆင်းပြီး တွန်းပေးစမ်းဟု ဆိုသဖြင့် ထို လူလည်း ဆင်း၍ တွန်းရပြန်၏။ အနည်းငယ် တွန်းလိုက်လျှင် စက်ပြန်၍ နိုးလာသဖြင့် ထိုလူသည် ကားပေါ်သို့ပြန်၍တက်ကာ ထိုင်လိုက်လေ၏။

"ကားကလည်း နွားလှည်းလောက်တောင် မမြန်ဘူး"

ဟု စောစောက အဖိခံရသော မိန်းကလေးက ထိုလူအား ပြောလိုက်လေ ၏။





ထိုလူက ပြုံး၍ ခေါင်းညိတ်ကာ ဟုတ်မှန်ကြောင်း ထောက်ခံ လိုက်လေ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ အင်းစိန်ကိုတော့ မိုးမချုပ်ခင် ရောက်မှာ ပါပဲ"

"ဒါတော့ ရောက်ပါတယ်"

"အင်းစိန်ဘက်ကလည်း မိုးချုပ်ရင် သိပ်ပြီးသွားလို့ လာလို့ မကောင်းဘူး"

"အင်းစိန်မှာ နေတာလား"

"မဟုတ်ပါဘူးရှင့်၊ ကျွန်မရဲ့အဖေက ဖိုတုန်းက အင်းစိန်မှာ ရှိတဲ့ ကလေးတွေကို အင်္ဂလိပ်စာသင်ပေးတဲ့ ဆရာမ တစ်ယောက်ပါ။ အင်းစိန် ကမ်းနားပိုင်းကပေါ့ရှင်"

"အင်းစိန်ကမ်းနားပိုင်းမှာ အရင်က ဆရာစောကျောင်းပဲ ရှိ တာပဲ၊ အင်္ဂလိပ်စာမှ မသင်ဘဲ"

"ကျောင်းမှာ သင်တာမဟုတ်ဘူး၊ အိမ်တွေမှာ လျှောက်ပြီးသင် တာပါ"

"ဩော်. . . . ."

"ဒါနဲ့မေးရဦးမယ်၊ အဲဒီ ကမ်းနားပိုင်းမှာ တွေ့ရတဲ့ မြစ်ကြီးဟာ ဧရာဝတီမြစ်ကြီးပဲ မဟုတ်လားရှင်"

"လှိုင်မြစ်လို့ ခေါ်ပါတယ်"

"ဟုတ်ပြီ. . . . . ဟုတ်ပြီ၊ ကျွန်မမှတ်မိပြီ၊ လှိုင်မြစ်၊ လှိုင်မြစ်၊ အဲဒီလှိုင်မြစ်ထဲမှာ အင်းစိန်ရဲ့ တစ်ဖက်ကမ်းက ရွာဟာ ဘာတဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကစင်လို့ခေါ်တယ်"

"အဲဒီ ကစင်နဲ့ အင်းစိန်ကို သမ္ဗန်နဲ့ကူးတို့ပို့နေတဲ့ အဘိုးကြီး တစ်ယောက် ရှိတယ်လေ"

"ဦးရွှေခင်ကို ပြောတာလား၊ ခရီးသည်ကို ခဏခဏရေနှစ် သတ်တဲ့ လူကြီးပေါ့"

"ရေနှစ်သတ်တယ်"

"ဒါပေါ့ဗျာ၊ ရွှေခင်ဆိုတဲ့အတိုင်း သိပ်ပြီး လောဘကြီးတဲ့လူဗျ၊ လူပ် တင်တင်၊ ကုန်ဘဲ တင်တင် သမ္ဗန်ကိုမြုပ်လုခမန်း တင် လေ့ ရှိတယ်၊ ဒါကြောင့်လည်း တစ်ခုခုဖြစ်ပြီဆိုရင် ရုပ်ပျက် ဆင်းပျက် ဖြစ်တော့တာပဲ"

"ကျွန်မရောက်စဉ်ကတော့ ဒီလိုမကြားမိပါဘူး"

"ကူးတို့ သမ္ဗန်သမားက နှစ်ဦးရှိတယ်ဗျ၊ ကိုသူငယ်လေးလို့ ခေါ်တဲ့ ကူးတို့သမားလည်း ရှိသေးတယ်"

"သူရဲ့ သမ္ဗန်ကတော့ ဦးရွှေခင်ရဲ့ သမ္ဗန်လို မဟုတ်ဘူးပေါ့"

"သူကမှ ပိုပြီးဆိုးတာ၊ ဦးရွှေခင် သမ္ဗန်စီးရင် မတော်တဆ နစ်မှပဲ သေမှာ၊ ကိုသူငယ်လေးကတော့ ဒီလိုမဟုတ်ဘူး၊ ခရီး သည်ရဲ့ ပစ္စည်းကို လုချင်တာနဲ့ပဲ သမ္ဗန်မှောက်ပစ်တော့တာပဲ၊ ကျုပ်သိသလောက်တော့ ကိုသူငယ်လေး ဒုက္ခပေးတာ မနည်း တော့ဘူး၊ သေပြီး ရေအောက်ရောက်သွားတဲ့ လူတွေကလည်း ပုလိပ်ကို မတိုင်နိုင်ရှာတော့ဘူး မဟုတ်လား"

"သိပ်ပြီး ရက်စက်တာပဲ၊ အင်းစိန်ကမ်းနားပိုင်းက ကိုးတွင်း ဆိုရင်လည်း ရွံ့တွေကြီးပဲ၊ နွေကျတော့ ဖုန်တွေ တထောင်း





ထောင်းနဲ့၊ လူဆိုး၊ လူမိုက်ကလည်း ပေါလိုက်တာ မပြောနဲ့ တော့၊ ဪ. . . . ဒါနဲ့ရှင်ကရော အင်းစိန် ကမ်းနားပိုင်းသား လား"

မှတ်ချက်။ ။

ယခုဝတ္ထုတွင် ဖော်ပြထားသော အင်းစိန်ကမ်းနားပိုင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်ခန့်က ဖြစ်ပါသည်။ ယခု ထိုနေရာ သည် အောင်ဇေယျတံတားကြီးနှင့် လွန်စွာ စည်ကားနေပြီ။

အယ်ဒီတာ

မိန်းကလေးသည် အင်းစိန်ကမ်းနားပိုင်းတစ်ခုလုံးကို သိမ်းကျုံး၍ အပြစ်တင်လိုက်ပြီးကာမှ ထိုလူကို အားနာမိသည့်အလျောက်. . . .

"ရှင်ကရော အင်းစိန် ကမ်းနားပိုင်းသားလား"

ဟူ၍ မေးလိုက်မိလေ၏။

"ကမ်းနားတော့ ကမ်းနားပိုင်းသားပါပဲဗျာ၊ ဒါပေမဲ့ ကျွန်တော် တို့က ဒီဘက်နည်းနည်းကျပါတယ်၊ ဟဲ. . . ဟဲ ခင်ဗျားပြောတဲ့ လူဆိုး လူမိုက်တွေဆိုတာက အင်းစိန်ကမ်းနားက ဟိုးဘက် အစွန်းက ပိုက်တန်းတို့၊ လေးနံ့ပါတ်တို့ဘက်ကပါ"

"ရှင်က"

"ကျုပ်က လှိုင်မြစ်ကမ်းပေါ်ကပါ၊ ဒါပေမဲ့ အင်းစိန် ကမ်းနား သားလို့ ခေါ်ရမှာပါပဲ"

"လှိုင်မြစ်ရဲ့ ဟိုဘက်ကမ်းက ကျွန်းကြီးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တက်သစ်ကျွန်းလို့ခေါ်တယ်၊ အကျယ်ကြီးပဲ၊ အင်းစိန် ကစင်ရွာကနေ ခြေကျင်ဖြတ်သွားရင် ညောင်တုန်းကိုရောက်တယ်၊ ထန်းတပင်ကို သွားချင်ရင်လည်း ရတာပဲ"

"အကျယ်ကြီးပဲနော်"

"အေးရွာ၊ အလယ်ရွာ၊ ကစင်၊ တက်သစ်၊ ပဒန် စတဲ့ ရွာတွေမှ အများကြီးပဲ"

"အေးအေးချမ်းချမ်းပဲလား ရှင်"

"တက်သစ်ကျွန်းနဲ့ ပတ်သက်လို့ လှေသမားတွေရဲ့ စာဆိုတော့ ရှိတယ်ဗျ"

"ဘယ်လိုစာဆိုမျိုးလဲ"

"ပဒန်တက်သစ် ကျောက်မပစ်နဲ့၊ ပစ်သာပစ်လေ မအိပ်လေနဲ့၊ အိပ်သာအိပ်လေ မပျော်လေနဲ့လို့ ဟာဆိုရှိတယ်"

"ဘယ်လိုအဓိပ္ပာယ်များလဲရှင်၊ တဘောင်လိုလို သိုက်စာလိုလိုနဲ့"

"ကျောက်မပစ်နဲ့ဆိုတာကတော့ ကျောက်မချနဲ့၊ လှေမဆိုက်နဲ့လို့ ပြောတာပါ၊ မလွှဲသာလို့ လှေဆိုက်မိရင်လည်း မအိပ်ပါနဲ့၊ အိပ်မိရင်လည်း မပျော်အောင်အိပ်ပါလို့ မှာထားတဲ့စာဆိုပဲ၊ သူခိုးဓားပြတွေ ပေါတယ်လို့ ဆိုချင်တာပေါ့ဗျာ"

မိမိအပေါ်၌ ဆန်အိတ်ကြီးပစ်ချလိုက်သကဲ့သို့ ကိုယ်လုံးကြီးဖြင့် တအားဖိမိသဖြင့် စိတ်ဆိုးခဲ့ရသော ထိုလူအား မိန်းကလေးမှာ တစ်စထက် တစ်စ ရင်းနှီး၍ လာလေတော့၏။ မိန်းကလေးသည် နောက်ထပ် စကားပြောရန်အတွက် လည်ချောင်းရှင်းရန် ချောင်းဟန့်လိုက်လေ၏။ သို့တွင် သူမပြောမီ၌ ထိုလူက စ၍ပြောလိုက်သည်။





"တညင်းကုန်းရောက်ပြီ၊ ဟိုဘက်မှာ ရွာတွေရှိတယ်၊ ဇီးကုန်းတို့ သံတင်းတို့၊ ဟိုမှာတွေ့ရတဲ့ ဦးထုပ်ပုံဖြစ်နေတဲ့ တောင်ပို့ကြီးဟာ မိုင်တိုင်ကြီးပေါ့ဗျာ"

ထို့နောက် ရွာမဘူတာကို ရောက်လေ၏။ ရွာမ ဘူတာသို့ ရောက်လျှင် အင်းစိန်ထောင်၏ မြင့်မား၍ ညှဉ်းဆိုးဆိုးနိုင်သော အုတ်ရိုးကြီးကို တွေ့မြင်ရလေ၏။

များမကြာမီ၌ပင် အရေးပိုင်မင်း ရုံးထိုင်သော ရုံးကြီး၊ ငွေတိုက်၊ မြူနီစပါယ်ရုံး၊ ကုလားလက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အင်းစိန်ဂါတ် စသည်တို့ကို တစ်ခုပြီးတစ်ခု တွေ့မြင်ရလေ၏။

"ခင်ဗျားနဲ့ ကျုပ်တို့က စကားတွေဖောင်လောက်အောင် ပြောလာလိုက်တာ ခရီးပဲ ဆုံးကြတော့မယ်၊ နာမည်က ဘယ်လိုများခေါ်ပါသလဲ"

"ကျွန်မနာမည်က ခင်ခင်ကြီးလို့ခေါ်ပါတယ်၊ ကျွန်မတို့ သင်းအုပ် ဆရာကြီးဆီကို သွားမလို့ပါ"

"ဆရာကြူဆီကိုလား၊ ခရစ်ယာန်သင်းအုပ်ဆရာကြီးလေ"

"ရှင်ကတော့ အင်းစိန်နယ်ဘက်မှာဆိုရင် အပ်ကျတာတောင်က အစ သိမယ့်လူပဲ ထင်ပါရဲ့ရှင်၊ ရှင့်နာမည်က"

"ကျွန်တော့်နာမည် မိုးသီးလို့ခေါ်ပါတယ်၊ ခြံသမား တစ်ယောက်ပါပဲ၊ ခြံကတော့ မှော်ဘီဘက်မှာပါ၊ နောက်များတော့ တွေ့ကြသေးတာပေါ့"

ဟု ဆိုကာ မိုးသီးဆိုသူသည် အင်းစိန်လမ်းဆုံအရောက်၌ မော်တော်ကားကို ရပ်ခိုင်းပြီးလျှင် လွယ်အိတ်ကို လွယ်လျက် ဆင်း၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးသည်၊ဖောင်းဒိန့်ကာမ်းနား ဘက်သို့သွားသည့်လမ်းအတိုင်း သွားပြီးလျှင် ရထားလမ်းသို့ ရောက်သည့်အခါ၌ ကမ်းနားဘက်သို့ မသွားသေးဘဲ ရထားလမ်းအတိုင်း ဇလီဖားတုံးများကိုနင်းကာ မြောက်ဘက်သို့ လျှောက်သွားပြီးလျှင် စီအိုင်ဒီခေါ် စုံထောက်ဌာနအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

## လေးကောင်ဂျင်

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယဘုရားပွဲမှာ မြန်မာပြည်အနှံ့ရှိ ဘုရားပွဲများအနက် အစည်ကားဆုံးသော ဘုရားပွဲကြီးတစ်ခုဖြစ်လေသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှမ်းအမျိုးသားများနှင့် ပအိုဝ်အမျိုးသားများသာမက ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရှမ်းအမျိုးသားများပါ လာရောက်ကြသည့်အပြင် ရှမ်းပြည်နယ်သို့လာရန်နီးသော အညာပိုင်း ဒေသမှ မြန်မာအမျိုးသား ဘုရားဖူးများနှင့် ဈေးသည်များပါ စုံလှသောကြောင့် ဘုရားပွဲမစမီ ၄၊ ၅ ရက်ခန့်ကပင် ပင်းတယမြို့ကလေးမှာ ကြက်ပျံမကျ စည်ကားနေလေတော့၏။ ရှမ်းပြည်နယ် ဘုရားပွဲများ၏ ထုံးစံအတိုင်း လေးကောင်ဂျင်ဝိုင်း၊ အနီထောင်ဝိုင်း၊ ၃၆ ကောင် ကီ စသည့် ကစားဝိုင်းများအပြင် အရက်ဆိုင်များနှင့် ဘိန်းခန်းများမှာလည်း ဘုရားပွဲမစမီကပင် ကြို၍ရောက်နှင့်နေကြသည်ဖြစ်ရာ လူစည်ကားသည် ဆိုသည့်စကားအပြင် လူရှုပ်သည်ဆိုသည့် စကားကိုပါ ထည့်သွင်းပြောဆိုမှ နေရာကျပေလိမ့်မည်။





မှတ်ချက်။ ။

၁၉၆၂ ခုနှစ်မှစတင်၍ တော်လှန်ရေးကောင်စီ၏ လုပ်ဆောင်ချက်နှင့် ရှမ်းအမျိုးသားများ၊ ပအိုဝ်အမျိုးသားများ၏ ဆန္ဒကျင်မှုကြောင့် ရှမ်းပြည်နယ်ဘုရားပွဲများတွင် ကစားဝိုင်းများနှင့် ဘိန်းခန်းများ မရှိတော့ပါ။

အယ်ဒီတာ

ဘုရားပွဲစတင်၍ ၂ ရက်မြောက်သောနေ့ ဖြစ်လေသည်။ ရှမ်းအမျိုးသား စောမင်းမောင်မှာ မနေ့ညက လေးကောင်ဂျင်ဝိုင်းတွင် နိုင်သွားသည့်ငွေများကို နှမြောကာ အကြီးအကျယ် နောင်တရလျက်ရှိသည်။ သို့သော်လည်း 'လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်' ဆိုသည့် ကစားသမားတို့၏ထုံးကို နှလုံးမူကာ ယနေ့အဖို့ ကံထလို့ ကံထပြားဟူသော မဲတင်းစိတ်ကလေးကို အားပြုလျက် တခြားဈေးဆိုင်ဘန်းများဘက်သို့ ခြေဦးမလှည့်တော့ဘဲ ကစားဝိုင်းများရှိရာဘက်သို့သာ ဦးတည်၍ လျှောက်လာခဲ့မိလေတော့သည်။

ထို ပင်းတယဘုရားပွဲရှိ လေးကောင်ဂျင်ဝိုင်းများအနက် 'ဟိုက်တုံ'ခေါ် တရုတ်လူမျိုးတစ်ဦး၏ဂျင်ဝိုင်းမှာ ဘုရားပွဲသို့ လာရောက်ကြသည့် ကစားသမားများ၏ ပါးစပ်ဖျားတွင် ရေပန်းစားလျက် ရှိနေသည်။ အကြောင်းမူကား ဘုရားပွဲမစမီ လေးရက်မှစ၍ မနေ့ညအထိ လျော်ကြေးမရှိဘဲ ဆက်တိုက်စားလာခဲ့ရာ ငွေပေါင်းတစ်သိန်းကျော်နေပြီ ဖြစ်သောကြောင့်ပင်တည်း။ 'ဟိုက်တုံ' ဝိုင်းသို့ လာမိသော ထိုသားများ (လေးကောင်ဂျင်ထိုးသောသူများ) မှာလည်း နာလန်မထူနိုင်အောင် ဖြစ်နေကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နိုင်နိုးနိုး၊ တစ်ချက်တိုးနိုးနိုးဆိုသည့် လေးကောင်ဂျင်စကားအတိုင်း ထိုးသားများမှာ ရှိသမျှငွေစများကို ခြစ်ကုတ် ယူလာမိကြသည်ဖြစ်ရာ ဟိုက်တဲ့ဝိုင်းမှ မခွဲနိုင် မခွာရက် ဖြစ်လျက်ရှိလေသည်။ ထိုအထဲတွင် စောမင်းမောင်တစ်ယောက်လည်း အပါအဝင် ဖြစ်လေသည်။ ဟိုက်တဲ့ဝိုင်း၌ ထိုးသားများရသောအကြောင်းတစ်ခုမှာ ကုန်စည်များသောကြောင့် ဖြစ်လေသည်။ ထို့အပြင် အခြားဝိုင်းများကဲ့သို့ ကြွေမှောက် မရှိဘဲ ထိုးသားများ စိတ်ကြိုက်ထိုးယူနိုင်သောကြောင့်လည်း ဖြစ်လေသည်။

*မှတ်ချက်။ ။*

*ကုန်စည်ဆိုသည်မှာ တစ်ဦးတည်း၊ တစ်ယောက်တည်း ဒိုင်ကိုင်ခြင်းမျိုး မဟုတ်ဘဲ ပိုက်ဆံမရှိသော ဒိုင်များ စုပေါင်း၍ ထားခြင်းကို ခေါ်လေသည်။ တစ်နည်းအားဖြင့်ဆိုသော် ဒိုင်၏ နောက်ပိုင်း တောင့်တင်းခြင်း (ဝါ) လျော်ကြေးငွေ အင်အားတောင့်တင်းခြင်းကို ခေါ်လေသည်။*

*ကြွေမှောက်ဆိုသည့် စကားမှာလည်း ဂျင်ဝိုင်းစကားတစ်ခုပင် ဖြစ်လေသည်။ ဒိုင်ဘက်မှ ရှုံးလာသောအခါ ဆက်၍ မကစားချင်တော့သောကြောင့် ၎င်းကစားဝိုင်းကို ရပ်ပစ်လိုက်ခြင်းကို ခေါ်ပါသည်။*

စောမင်းမောင်တစ်ယောက် ကစားဝိုင်းအနီးသို့ ရောက်သောအခါ ကြွေလှည့်ပြီးသွားလေပြီ။ ထို့ကြောင့် ထိုးသားများမှာ ဘာကောင်ပေါ်မည်၊ ညာကောင်ပေါ်မည်ဟု ထင်ကြေးအမျိုးမျိုး ပေးကာ ကျွက်စီစီ ဖြစ်၍နေကြလေသည်။





"ကြက်အော"

"ဝက်တိုက်ဖား"

"ကြက်ခေါင်း ဝက်ဖင်ရန်ကြိုး"

"လျှောတိုက် ကြက်ရန်အော"

"အနီကြိုး"

"အနက်ကြိုး"

စသည့် ဂျင်ဝိုင်းဝေါဟာရများကို အော်ဟစ်လျက် မိမိတို့ ကြိုက်နှစ်သက်ရာ အကောင်များကိုမူတည်ကာ မိမိတို့ လိုချင်သော အခိုးအစားများအတိုင်းတွက်၍ ရှေ့တွင်ချထားသည့် ဇယားကွက်တွင် ငွေများကို ခင်းကြလေသည်။ စောမင်းမောင်တစ်ယောက်မှာမူ မည်သည့်အကောင် ထိုးရနိုးနိုးနှင့် ဝေခွဲမရအောင် ဖြစ်၍နေလေသည်။ နောက်ဆုံးတွင် လုပ်စီ (ငွေလျော်အစားလုပ်သူ) က လက်မှောင်ပေါက်ကောင်ဖွင့်မယ်ဟု အော်လိုက်မှပင် ဝက်ရုပ်ရေးထားသော အကွက်အတွင်း၌ ငွေတစ်ရာတန်တစ်ချပ်ကို ဘောတိုက်ချလိုက်မိလေသည်။

ထိုးသားများအားလုံး ဇယားကွက်အတွင်း၌ ငွေများခင်းပြီးမြိဖြစ်သောကြောင့် ဒိုင်လုပ်သူ ဟိုက်တဲ့မှာ အစ်(ကွမ်းအစ်အဖုံးကို ခေါ်ပါသည်။) ကို ဖွင့်မည်ပြုလိုက်ရာ. . . .

"ဟော့ နေဦး၊ ငါထိုးဦးမယ်"

"ကျားအောတစ်ထောင်ကွ"

ဟူသော အောင်မြင်ခန့်ညားသော အသံနှင့်အတူ ဇယားကွက်အတွင်းသို့ ပိုက်ဆံထုပ်တစ်ခု ကျ၍ လာလေသည်။ ထိုးသားများ အားလုံးမှာ အသံရှင်ကို လှည့်၍ကြည့်လိုက်မိကြသည်။ တွေ့လိုက်ရသော မြင်ကွင်း

လ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စောမင်းမောင် လွှန်စွာမှပင် အံ့ဩလျက် ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီ၊ ရှမ်းခမောက်တို့ ဝတ်ဆင်ထားသည့် သူ၏ မိတ်ဆွေကြီး မြေပြန့်သား ကိုပြည်သိမ်းဖြစ်နေသောကြောင့်ပင်တည်း။

ဟိုက်တုံနှင့် လုပ်စီလုပ်သူ လူငယ်ကလေးမှာ တော်တော်ပင် ကြောက်ရွံ့၍ နေကြလေပြီ။ တစ်ဝိုင်းလုံးမှာလည်း မီးကို ရေနှင့် ဖျန်းလိုက်သည့်အလား တိတ်ဆိတ်လျက် တုတ်တုတ်မျှ မလှုပ်နိုင်အောင် ဖြစ်နေကြလေသည်။

"ဆရာကြီး ကျားမရှိဘူး၊ တခြားအကောင်ထိုးပါ"

"တခြားအကောင် မထိုးချင်ဘူး၊ ငါ ကျားကိုပဲ ထိုးမယ်"

"မလုပ်ပါနဲ့ ဆရာကြီးရယ်"

"ဘာမ်လုပ်ရမှာလဲကွ၊ ငါထိုးချင်တဲ့ အကောင်ကို ထိုးမယ်"

ထိုစဉ် လုပ်စီလုပ်သူ လူငယ်က ဟိုက်တုံနားသို့ ကပ်ပြီး တစ်စုံတစ်ခု ပြောလိုက်ရာ ဟိုက်တုံမှာ မျက်လုံးပြူး၍သွားသည်။ ထို့နောက် သူ၏ မျက်နှာကြီးကို အတင်းဟန်ဆောင်ပြုံးလျက်. . . .

"ရပါတယ်. . . . ဆရာကြီး. . . . ရပါတယ်၊ ဆရာကြီးအတွက် အလျော်အစား သတ်သတ်လုပ်ပေးမယ်"

ဟုဆိုကာ အစ်ကို ဖွင့်လိုက်သည်။ 'ဖားကွ' ဟူသော ထိုးသားအချို့၏ အားရဝမ်းသာအော်သံများက ထွက်ပေါ်လာပြန်သည်။ထိုးသားအများစုမှာ ထိုအလှည့်တွင် ဖားကို ဖင်ထား၍ လည်းကောင်း၊ ဖားကို ကာ၍ လည်းကောင်း၊ ဖားဝက်ကြိုးထား၍ လည်းကောင်း ငွေများကို ခင်းထားသောကြောင့် ဒိုင်စားနည်း၍ ဒိုင်လျော်များလေသည်။ ထိုးသားများအား အလျော်အစားလုပ်ပြီးသောအခါ. . . .





"ဆရာကြီးနိုင်တယ် ဆရာကြီး၊ ဖားနဲ့ ကျား အတူတူပါပဲ ဆရာကြီး၊ ဒီတော့ ဆရာကြီးကို ငါတို့ သုံးဆလျော်ပါ့မယ် ဆရာကြီး"

"ဟော့လူ အပိုတွေပြောမနေနဲ့၊ ငါက ကျားထိုးတဲ့အတွက် ငါ့ကို ငါးဆလျော်ရမယ်"

"ရပါတယ် ဆရာကြီး၊ ရပါတယ်"

ဟုဆိုကာ မူလထိုးထားသော ငွေတစ်ထောင်အပါအဝင် ငွေခြောက်ထောင်အား ဝိုင်းအနီးတွင်ရှိသော စောမင်းမောင်ကို လက်ကမ်းလိုက်လေသည်။

စောမင်းမောင်သည် ဟိုက်တုံလက်ကမ်းပေးလိုက်သော ငွေသုပ်ကိုယူ၍ ဝိုင်းပြင်သို့ ထွက်လိုက်လေသည်။ ပြီးနောက် မြင်းဖြူကြီးပေါ်တွင် အခန့်သားထိုင်နေသော သူ၏မိတ်ဆွေကြီး မြေပြန့်သား ကိုပြည်သိမ်းအား လှမ်းပေးလိုက်လေသည်။

ကိုပြည်သိမ်းမှာ စောမင်းမောင်ထံမှ ငွေထုပ်ကို လှမ်းယူလိုက်သော်လည်း နှုတ်ဆက်ခြင်းမပြုပေ။ စောမင်းမောင်ကလည်း တစ်ခါက ကျောက်ကုန်သည်အိမ်တွင် ဆုံကြသည့်အဖြစ်ကို အမှတ်ရကာ တစ်စုံတစ်ခုသော အကြောင်းကြောင့် နှုတ်မဆက်စေချင်လိုသည် ဖြစ်ရမည်ဟု သဘောပိုက်လျက် နှုတ်မှပြောဆိုနှုတ်ဆက်ခြင်း မပြုတော့ဘဲ ပြုံးရုံသာ ပြုံးပြလိုက်မိလေသည်။

"ဒိုင်ရော ထိုးသားတွေပါ အားလုံးကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် ဆရာကြီး၊ ကျေနပ်ပါတယ်"

ထိုးသားများကလည်း ကျေနပ်ပါတယ်ဟု သံပြိုင်ဝိုင်း၍ ပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဒါဖြင့် ကျုပ်သွားမယ်၊ အားလုံးကို နှုတ်ဆက်ပါတယ်"

ဟုဆိုကာ မြင်းဖြူကြီးစီး၍ ထွက်သွားလေတော့သည်။ တစ်ဝိုင်းလုံးမှာ သူ၏ မြင်းစီးသွားပုံကိုကြည့်ပြီး လွန်စွာသဘောကျ လျက်ရှိလေသည်။

စောမင်းမောင်မှာမူ ကိုပြည်သိမ်း မြင်းစီးကောင်းပုံကို အစဦး ကပင် သိထားပြီးရာ တခြားလူများကဲ့သို့ အံ့ဩမှုမရှိသော်လည်း ကိုပြည် သိမ်းအား ဤလိုပုံမျိုး၊ ဤလိုစရိုက်မျိုးဖြင့် တွေ့လိုက်ရသောကြောင့် လွန်စွာမှပင် အံ့ဩခြင်းဖြစ်၍ နေပါလေသောသည်။ ထိုးသားများမှာ မျှင်ဝိုင်းတွင်လာပြီး အေးဆေးမြဲတိုက်သွားသော ကိုပြည်သိမ်းအကြောင်း ကို ပြောဆိုလျက်ရှိသောကြောင့် ကျွက်စီကျွက်စီဖြစ်၍ ကျန်ခဲ့လေသည်။ အားလုံးလိုလိုပင် ကိုပြည်သိမ်း၏ အပြုအမူအား အနီးတွင် ရပ်နေသော ရှမ်းအမျိုးသားက. . . .

"သူ့လိုသာ ကျုပ်ဖြစ်မယ်ဆိုရင်ဗျာ ဝိုင်ဆီက ငါးဆမဟုတ်ဘူး ဆယ်ဆလောက် မှောင်းလိုက်မယ်"

"ကျုပ်အနေနဲ့ကတော့ ဖတရားဘူးလို့ ထင်တယ်ဗျာ"

စောမင်းမောင်က ဟုလူ့ဆီမှ ကိုပြည်သိမ်းအကြောင်းကို သိလို သောကြောင့် စကားခေါ်လိုက်ခြင်း ဖြစ်သည်။

"ဟော့ . . . . ဒီလူတော့ ခေါင်းပြတ်ချင်ပြီနဲ့တူတယ်၊ ဘာဖြစ်လို့ ဒီလိုပြောလိုက်ရတာလဲ"

"ဘာဖြစ်လို့ ပြတ်ရမှာလဲဗျ၊ မတရားတာကို မတရားဘူးလို့ပဲ ပြောရမှာပေါ့၊ သူလည်း တခြားယိုးသားတွေလို ဝင်ထိုးပါလား၊ ဒါသက်သက် ဗိုလ်ကျသွားတာ"





စောမင်းမောင် စကားကြောင့် ရှမ်းအမျိုးသားမှာ ကြောက်ရွံ့ ဟန်လုပ်လျက် ရှိလေသည်။ ထို့နောက် ဘေးပတ်ပတ်လည်သို့ မျက်လုံး ခဲ့ကြည့်လိုက်ပြီးလျှင် လေသံတိုးတိုးဖြင့် . . . .

"ဒီမှာ မိတ်ဆွေ၊ သူဘယ်သူလဲဆိုတာကိုရော ခင်ဗျားသိရဲ့ လား"

"ဟင့်အင်း ကျုပ်မသိဘူး"

"ဟုတ်မှာပေါ့လေ၊ သူ့နာမည်ကိုသာ ကြားဖူးကြတာ၊ သူ့ကို တွေ့ဖူးတဲ့ လူက ခပ်ရှားရှားပဲ"

"သူက ဘယ်သူလဲဗျ"

"စိုင်းရန်အောင်လေဗျာ"

"ဩော် . . . . စိုင်းရန်အောင်လား"

"သိပ်ဟုတ်တာပေါ့ မိတ်ဆွေ၊ စိုင်းရန်အောင်၊ စိုင်းရန်အောင် အစစ်ပေါ့၊ ဒါကြောင့်လည်း ဒီလိုလုပ်ရဲတာပေါ့ဗျ"

"သူက မြောက်ပိုင်းဘက်က မဟုတ်လား"

"ဟုတ်တယ်လေ၊ သူက မြောက်ပိုင်းသားပဲ၊ ဒါပေမဲ့ မြောက် ပိုင်းရော၊ တောင်ပိုင်းရော သူ့ကို မသိတဲ့လူ မရှိပါဘူး၊ ရှမ်းလူထု အားလုံးက သူ့ကို ချစ်ကြတယ်"

စောမင်းမောင်မှာ စိုင်းရန်အောင်အကြောင်းကို ကြားဖူးခဲ့ သော်လည်း စိတ်ဝင်စားမှု မရှိခဲ့ပေ။ သာမန်လူဆိုးတစ်ဦးအဖြစ်နှင့်သာ သိထားခဲ့လေသည်။ ပြည့်ပြည့်စုံစုံ မသိခဲ့ပေ။ ယခုတော့ စိုင်းရန်အောင် ကို စိတ်မဝင်စား၍မဖြစ်၊ သူစိတ်ဝင်စားနေခဲ့သော သူ၏မိတ်ဆွေကြီး ခြေမြန်သော ကိုပြည်သိမ်း' ဖြစ်၍နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦး မိတ်ဆွေ၊ သူနဲ့ရုပ်ချင်းတူတဲ့ လူတစ်ယောက် ရှိတယ် မဟုတ်လား"

"ရှိချင်လည်း ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ရုပ်ချင်းသာ သူနဲ့တူနိုင်ပေမယ့် သူ့ရဲ့သတ္တိနဲ့ စေတနာကိုတော့ တူမှာမဟုတ်ပါဘူး"

"ဘယ်လိုများ သတ္တိတွေကောင်းပြီး၊ ဘယ်လိုများ စေတနာတွေ ရှိလို့လဲ"

"သတ္တိကတော့ စောစောက ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ တခြားလူတွေလို အုပ်စုပါမှ မိုက်ရဲတာ မဟုတ်ဘူး၊ တစ်ယောက်တည်းလည်း မိုက်ပြရဲတဲ့ လူပဲ၊ သေရမှာတော့ လုံးဝမကြောက်တဲ့ လူစားမျိုးပဲဗျို့၊ ပြီးတော့ ဒီရှမ်းပြည်နယ်မှာ သူလို မြင်းစီးကောင်းတဲ့ လူမျိုး ရှိနိုင်မယ်မထင်ဘူး"

"သတ္တိကတော့ ထားပါတော့ဗျာ၊ လူဆိုးလုပ်ပြီး စေတနာကောင်းတယ်လို့ ခင်ဗျားဘာကြောင့် ပြောနိုင်တာလဲ"

"ဒီလိုလေဗျာ၊ သူက ပိုက်ဆံရှိတဲ့ လူတွေဆီက ဓားပြတိုက်လို့ရတဲ့ ငွေတစ်ဝက်ကို မရှိဆင်းရဲတဲ့ ရှမ်းအမျိုးသားတွေ၊ ပအို့အမျိုးသားတွေကို ထောက်ပံ့တယ်၊ ကျန်တစ်ဝက်ကိုတော့ သူ့အဖွဲ့တွေအတွက် ယူတယ်၊ ပြီးတော့ စော်ဘွားတွေကို ဖော်လံဖားတဲ့ လူတွေကို ဓားပြတိုက်ပြီး၊ ဆင်းရဲသားတွေကို မတရားအနိုင်ကျင့်သူတွေကိုလည်း အမြဲဆုံးမလေ့ရှိတယ်"





"ဒီမှာ မိတ်ဆွေ၊ တကယ်လို့များ သူနဲ့ရုပ်ချင်းလည်း တူ၊ သတ္တိချင်းလည်း တူပြီး၊ မြင်းဖြူကြီးကိုလည်း အမြဲစီးလေ့ရှိတဲ့ လူတစ်ယောက် ရှိတယ်ဆိုရင် ယုံမလား"

"မဖြစ်နိုင်ဘူးဗျာ၊ စိုင်းရန်အောင်နဲ့ ရုပ်ချင်းတူနိုင်ပေမယ့် စိုင်းရန်အောင်လို သတ္တိမျိုးရှိတဲ့လူကတော့ ဒီကမ္ဘာပေါ်မှာ မရှိနိုင်ပါဘူးဗျ"

ဟုဆိုကာ ထိုရှမ်းအမျိုးသားသည် စောမင်းမောင်နားမှခွာ၍ ဂျင်ဝိုင်းထဲသို့ ပြန်ဝင်လာတော့သည်။

◆ ◆ ◆ ◆ ◆ ◆ ◆

## ပုတ်ရဟန်းမင်းကြီး၏ အသည်းနှလုံး

မြို့အနေအထား ခင်းကျင်းထားပုံနှင့် အိမ်ခြေအဆောက်အအုံများ၏ ပုံသဏ္ဌာန်မှာ ဥရောပဆန်လှသည်ဟု ဆိုစမှတ်ပြုရသော ရှမ်းပြည်နယ် တောင်ပိုင်းရှိ ကလောမြို့ကလေး၏ ညရှုခင်းမှာ လွန်စွာမှကြည်နူးစရာ ကောင်းလှပေသည်။

နှင်းမြူများ ဝေ့ဆိုင်းရစ်သိုင်းနေသည်က တစ်ကြောင်း၊ လပြည့်နေ့ညဖြစ်သောကြောင့် ပြည့်ဝန်းဝိုင်းစက်နေသည့် လမင်းကြီးထံမှ ယေသနား ချီးမြှင့်လိုက်သော ငွေလရောင်ကြောင့်တစ်ကြောင်း စောလျင်စွာအိပ်ပျော်နေသည့် ကလောမြို့ကလေး၏ ညရှုခင်းကို မှိုင်းလုံးတောင်ပေါ်မှ စီး၍ကြည့်ရသည်မှာ ပြင်သစ်ပန်းချီကျော် ရေနွား၏မြင်ကွင်းကျယ်ရှုခင်း (ပင်နီရားမား) ပန်းချီကားချပ်နှင့် လွန်စွာတူလှပသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရန်အောင်မှာ ထိုသဘာဝပန်းချီကားချပ်ကြီးအား မှိုင်းလုံးတောင်၏ တစ်ခုသောနေရာရှိ ထင်းရှူးငုတ်တိုပေါ်မှ ထိုင်လျက် ၄,၅ မောကာ အရသာခံလျက်ရှိလေသည်။

သူထိုင်နေသောနေရာနှင့် ခပ်လှမ်းလှမ်းနေရာတွင်မူ သူ၏ တပည့်ငယ်သားများသည် လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ စုဝေးဝိုင်းထိုင်ကာ အရက်သောက်၍ နေကြလေသည်။

ခွန်လုံဆိုသည့် ရှမ်းလူငယ်လေးမှာ သောက်လက်စ အရက်ဝိုင်းမှထကာ အရက်အပြည့်ဖြည့်ထားသော ဝါးကျည်တောက်ခွက်ကို ကိုင်လျက် သူ့ဆရာဖြစ်သူ စိုင်းရန်အောင်ဆီသို့ လျှောက်၍လာလေသည်။

"ဆရာ"

"ဘာလဲကွ"

"ဒီည အအေးပိုများတယ် ဆရာ"

"အဲဒါ ဘာဖြစ်လဲ ဆိုးစမ်းပါဦး"

"သွေးပူသွားအောင် တစ်ခွက်လောက်တော့ သောက်လိုက်ပါဦး"

"ကျေးဇူးပဲကွာ၊ ဒါပေမဲ့ ဒီည အရက်မသောက်ချင်ဘူး၊ စောင်းတီးချင်တယ်၊ တဲထဲမှာ သွားယူပေးပါ"

"အရက်သောက်ပြီး စောင်းတီးလည်း ရပါတယ် ဆရာ၊ ဆရာ အအေးမိမှာစိုးလို့ပါ"

"အရက်မသောက်ဘူး၊ စောင်းတီးချင်တယ်လို့ ငါပြောနေတယ် ခွန်လုံ"





"ဟုတ်ကဲ့ ဆရာ"

ခွန်လုံလည်း မည်သို့မျှ ဆက်၍မပြောရဲတော့ဘဲ စိုင်းရန်အောင် အပါးမှခွာကာ ခပ်သုတ်သုတ် လျှောက်သွားလေတော့သည်။

ထိုစဉ် ကောင်ကြားတစ်လျှောက်ပက်၍ ဘက်လာသော မြင်းခွာသံကို ကြားလိုက်ရသောကြောင့် စိုင်းရန်အောင်သည် ထင်းရှူးငုတ်တိုပေါ်မှထကာ တပည့်ဖြစ်သူအား အချက်ပေးလိုက်လေသည်။ စိုင်းရန်အောင်၏ တပည့်များမှာ နှစ်ပေါင်းများစွာ အလေ့အကျင့်ရနေပြီဖြစ်သော တောပုန်းများဖြစ်သည့်အလျောက် စိုင်းရန်အောင် အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မိမိကိုနှင့် နီးစပ်ရာ ထင်းရှူးပင်များတွင် အသီးသီး နေရာယူလိုက်ကြလေသည်။ မြင်းခွာသံမှာ ဖြည်းဖြည်း နီးကပ်လာပြီးလျှင် စခန်း၏အနီးသို့ ရောက်သောအခါမှ ရုတ်တရက် ရပ်တန့်သွားလေတော့သည်။ ထို့နောက် ချိုးကူသံကဲ့သို့သော အသံတစ်မျိုး ထွက်ပေါ်လာလေရာ စိုင်းရန်အောင်၏ တပည့်များအားလုံးသည် ထင်းရှူးပင်များကိုကွယ်၍ ရပ်နေရာမှ ထွက်လာကြပြီးလျှင် မူလ ထိုင်နေကြသည့် နေရာများတွင် ပြန်၍ထိုင်ကြကာ အရက်ဝိုင်းဖွဲ့ကြပြန်လေတော့သည်။

မြင်းစီးလာသောသူမှာ အခြားမဟုတ်ပေ၊ စိုင်းရန်အောင်၏ သစ္စာခံတစ်ဦးဖြစ်သည့် သနပ်ဖက်ပွဲစား စပ်အုံညွှာဆိုသူပင် ဖြစ်လေသည်။ စပ်အုံညွှာသည် မြင်းပေါ်မှဆင်းပြီးလျှင် အရက်ဝိုင်းဖွဲ့၍ ထိုင်နေကြသော စိုင်းရန်အောင်၏တပည့်များကို ဖြတ်ကျော်လျက် စိုင်းရန်အောင်ထိုင်နေသော နေရာဆီသို့ ဦးတည်၍ လျှောက်လာလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူးရှိသလား စပ်အုံညှာ"

"ရှိတာပေါ့ စိုင်းရန်အောင်၊ ခင်ဗျားအတွက် အရေးကြီးတဲ့ သတင်းတစ်ခုကို ပြောမလို့ ညတွင်းချင်း ထွက်လာရတာပဲ"

ထိုခဏ၌ စိုင်းရန်အောင်၏ တပည့်များမှာ စိတ်အေးလက်အေး အရက်မသောက်နိုင်ကြတော့ဘဲ စိုင်းရန်အောင်နှင့် စပ်အုံညှာတို့ စကားပြောနေသည့် နေရာအနီးဆီသို့ ဝိုင်းအုံလာကြလေသည်။ တဲထဲမှ ထွက်လာသော ခွန်လုံသည် မှန်စီရွှေချစောင်းကြီးတစ်လက်ကို ပိုက်လျက် ရောက်ရှိလာပြန်သည်။

"ဒီနေ့ညနေက ဝက်ဖြူရွာအတက်မှာ ကုန်ကားတစ်စီးကို ဘိုတောက်တို့အဖွဲ့ ဓားပြတိုက်သွားတယ်"

"အဲဒါ ဘာဖြစ်လဲ စပ်အုံညှာ၊ ဓားပြပဲကွ၊ ဓားပြတိုက်မှာပေါ့၊ ပြီးတော့ ငါကလည်း ပုလိပ်မဟုတ်ဘူး၊ သူတို့လို ဓားပြ တစ်[illegible]က်ပဲ၊ ဒီတော့ မင်းပြောတဲ့သတင်းက ငါ့အတွက် အရေးမကြီးပါဘူး"

"သိပ်အရေးကြီးတာပေါ့ စိုင်းရန်အောင်၊ ဘိုတောက်က ကုန်ကားကို ဓားပြတိုက်ရုံတင်မကဘူး၊ သာစည်က ကားကြုံလိုက်လာတဲ့ အမျိုးသမီးတစ်ဦးကိုပါ ဖမ်းသွားတယ်"

"အဲဒီ အမျိုးသမီးကရော ရိုးရိုးသားသားပဲလား"

"ရိုးရိုးသားသားပါပဲ၊ သူ့အမေလည်းပါတယ်၊ သူ့အမေနဲ့ ဒရိုင်ဘာကိုတော့ ထားခဲ့တယ်၊ အဲဒီမိန်းမကြီးကတော့ သူ့သမီးကို ညတွင်းချင်း ပြန်တွေ့ချင်နေတယ်၊ သူ့သမီးတော့ ရေတိမ်နစ်ပါပြီ ဆိုပြီး ငိုလိုက်တာလည်း မပြောပါနဲ့တော့"





"ဒါနဲ့ သူတို့က ဘယ်မှာလဲ"

"ကလောဂါတ်တဲမှာပဲ ရှိကြတယ်"

"ငါမေးတာ ဘိုတောက်တို့အဖွဲ့ ဘယ်မှာ စခန်းချလဲလို့"

"ပလောင်တောင်မှာပါ"

"သေချာတယ်နော်"

"သေချာပါတယ်ဗျာ၊ ကျုပ်ကိုယ်တိုင် စုံစမ်းခဲ့တာပါ"

"ဓားပြဆိုတာ ဓားပြပဲတိုက်ရမယ်၊ မုဒိမ်းမကျင့်ရဘူး၊ ခုတော့ ဒီကောင်တွေ ဒီလိုမဟုတ်ဘူး၊ စည်းမထားကြတော့ဘူး၊ ခုတော့ သူတို့ခမျာ ဓားပြလည်း အတိုက်ခံရသေး၊ လူလည်း ဘဝရှုံးရ တယ်ဆိုတော့ တယ်ပြီးမတရားဘူး"

"ကျေးဇူးပဲ စပ်အုံညှာ၊ ဒီကောင်းမှုတွက် ဘုရားသခင်က ခင်ဗျားကို ကြည့်မနေပါဘူး"

ခွန်လုံဘက်ကို လှည့်ပြီးလျှင်. . . .

"ခွန်လုံ အဲဒီစောင်းကြီးကို ပြန်ထားလိုက်တော့ကွာ၊ ပြီးတော့ ငါ့မြင်းကို ပြင်ထားလိုက်၊ ငါခုချက်ချင်း လိုက်သွားမယ်"

"ဆရာတစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်မလဲ"

ဟု ခွန်လုံက ပြောလိုက်သောအခါ စိုင်းရန်အောင်သည် ခါးကြားတွင် ထိုးထားသော စိန်ရောင်ပစ္စတိုကလေးကို ထုတ်လိုက်ပြီးလျှင်. . . .

"စိတ်မပူပါနဲ့ ခွန်လုံ၊ ဒီတူရိယာကလေးနဲ့လည်း မေတ္တာဘွဲ့ကြိုး တစ်ပုဒ်လောက်တော့ တီးလို့ရပါသေးတယ်"

♦ ♦ ♦ ♦ ♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



ဘိုတောက်တို့အဖွဲ့မှ ကင်းသမားလူငယ်သည် တောင်ပေါ်လမ်းကလေးဘက် တက်၍လာသော မြင်းဖြူကြီးကို မြင်လိုက်ရသည်နှင့် ထိုမြင်းဖြူကြီးကို စီးလာသူမှာ စိုင်းရန်အောင်ပင် ဖြစ်လိမ့်မည်ဟု ကျိန်းသေ တွက်လိုက်လေတော့သည်။ စခန်းချနေသော မိမိတို့အဖွဲ့အား အချက်ပေးသင့်၊ မပေးသင့်ကို စဉ်းစားနေရင်းပင် စိုင်းရန်အောင်သည် သူ၏ နားသို့ ရောက်လာလေသည်။

"ဟေ့လူ. . . . မင်းတို့ဆရာ ဘိုတောက်နဲ့ တွေ့ချင်တယ်"

"ဟုတ်. . . . ဟုတ်. . . . ဟုတ်ကဲ့"

"ငါမေးနေတာကို ဖြေစမ်း၊ မင်းတို့ ဘယ်မှာ စခန်းချနေသလဲ"

"ဟို . . . . တောင်စွယ်မှာပါ"

"အေး . . . ကျေးဇူးပဲ၊ မသေချင်သေးရင် ကောင်းကောင်းနေ၊ ရှုတ်ရှုတ် ရှယ်ရှယ်တော့ လုပ်မယ်မကြံနဲ့"

ပခုံးချထားရာ မြေကွက်လပ်အတွင်းသို့ မြင်းဖြူကြီးကို ဒုန်းစိုင်းစီးပြီး ဝင်လာသော စိုင်းရန်အောင်အား ဘိုတောက်နှင့် တပည့်များက မှင်တက်စွာ ကြည့်နေမိကြသည်။ ဘိုတောက်က ထိုင်နေရာမှ ထလိုက်ပြီး ခါးကြားတွင် ထိုးထားသော သေနတ်ကို ဆွဲထုတ်လိုက်သည်။ တပည့်ဖြစ်သူများက အနေအထားကို အကဲခတ်နေကြ၏။

စိုင်းရန်အောင်က မြင်းဖြူကြီးပေါ်ကနေပြီး ဘိုတောက်အား အသံခပ်မာမာဖြင့် . . . .

"ဒီနေ့ ညနေက ဝက်ဖြူရွာအထက်မှာ မင်းတို့ ကားပြတိုက်သွားကြတယ် မဟုတ်လား"





"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ စိုင်းရန်အောင်"

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ငါသိချင်တာလေးတော့ မေးပါရစေဦး"

"ခင်ဗျားလည်း ဓားပြတစ်ယောက်ပဲ မဟုတ်လား စိုင်းရန်အောင်၊ ဒီတော့ ဓားပြချင်းအတူတူ တစ်ယောက်ကိစ္စကို တစ်ယောက် ဝင်မရှုပ်သင့်ဘူး"

"မင်းပြောတာ သိပ်မှန်တယ်၊ ဒါပေမဲ့ မင်းတို့က ဓားပြတိုက်ရုံတင် မကဘူး၊ မိန်းကလေးတစ်ယောက်ကိုပါ အဓမ္မဖမ်းလာခဲ့တယ် မဟုတ်လား"

စိုင်းရန်အောင်၏ စကားကို ကြားလိုက်ရသောအကြောင့် ဘိုတောက်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့သည်။ စိုင်းရန်အောင်၏ စိတ်ဓာတ်နှင့် အစွမ်းအစကို ဘိုတောက်တစ်ယောက် ကောင်းကောင်းကြီး သိထားခဲ့သည်။ သူ့အနေနှင့် စိုင်းရန်အောင်လို လူစားမျိုးအား တစ်ယောက်ချင်း ယှဉ်နိုင်ဖို့ ဝေးစွ၊ သူ့တစ်ဖွဲ့လုံးနှင့်ပင် မယှဉ်နိုင်ပေ။

"ဟုတ်တယ် စိုင်းရန်အောင်၊ ကျုပ်တို့မှာ ကိစ္စလေးတစ်ခုရှိလို့ ခေါ်လာတာပါ၊ ပြီးရင် ပြန်လွှတ်ပေးမယ်"

"ဟား. . . . ဟား . . . . ဒီမှာ ဘိုတောက်၊ မင်း အပိုတွေ ဘာမှ ပြောမနေနဲ့၊ ငါ့မှာ အချိန်မရှိဘူး၊ မိန်းကလေးကို ငါနဲ့အတူ ပြန်ထည့်လိုက်ပါ"

"မထည့်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ဘိုတောက်၏ သေနတ်ကိုင်ထားသည့်လက်က လျှပ်ရှားသွားသည်။ သို့သော် စိုင်းရန်အောင် ညာခြေဖမိုးက ဘိုတောက် မေးဖျားဆီသို့ သုံးစက္ကန့်စော၍ ရောက်သွားသည်။ မြင်းပေါ်မှနေ အထက်စီးမှ ခတ်လိုက်ရသောအရှိန်ကြောင့် 'ခွပ်'ဟူသော အသံနှင့်အတူ ဘိုတောက်မှာမြေကြီးပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

"ဟော့ကောင်တွေ၊ မသေချင်ရင် အေးအေးဆေးဆေးနေကြ၊ ရှယ်ရှတ် ရှတ်ရှတ်တော့ လုပ်မယ်မကြံနဲ့၊ အားလုံးသေကုန်မယ်"

"ငါလိုကောင်က မင်းတို့ဆီကို တစ်ယောက်တည်း လာပါ့မလားကွာ၊ ဒီလောက်လည်း မမိုက်သေးပါဘူး၊ ငါ့လူတွေ မင်းတို့ကိုဝိုင်းထားတယ်၊ ရှတ်ရှတ် ရှတ်ရှတ် လုပ်လိုက်တာနဲ့ အကုန်လုံးပွဲချင်းပြီးကုန်မယ်"

ဘိုတောက်တပည့်များမှာ မူလကပင် စိုင်းရန်အောင်ဆိုသူအား နာမည်ကြားရုံမျှနှင့် ကြောက်ဒူးတုန်ခဲ့ကြရသူများ ဖြစ်သည့်အလျောက် ယခုကဲ့သို့ သူတို့အားဝိုင်းထားပြီဟု သိလိုက်ရသောအခါ မည်သူမျှ မလှုပ်ရဲတော့ပေ။

"ဟော့လူတွေ မင်းတို့ဖမ်းထားတဲ့ အမျိုးသမီး ဘယ်မှာလဲ"

တဲဝတွင် ရပ်နေသော ဘိုတောက်၏ တပည့်တစ်ယောက်က တဲထဲသို့ ခေါင်းပြလိုက်ပြီး. . . .

"ဒီမှာ ခင်ဗျားကို ခေါ်နေတယ်၊ ခင်ဗျား တဲအပြင်ကို ထွက်လာပါ"

လာဘ်မိုးရွှေစာပေ



တဲထဲမှ ထွက်လာသော အမျိုးသမီးမှာ အပြင်ဘက်တွင် မြင်းစိုက်ရသော မြင်းကွင်းကြောင့် လွန်စွာအံ့အားသင့်၍ သွားလေတော့သည်။ သူ့အား ဖမ်းဆီးလာသော လွန်စွာရက်စက်ကြမ်းကြုတ်ပုံ ပေါ်နေသည့် ဓားပြမှာ မြေပြင်ပေါ်တွင် ပက်လက်လန်၍ လဲနေလေပြီ။ သူ၏တပည့်များမှာလည်း ကြောက်ရွံ့ထိတ်လန့်နေသော မျက်နှာများဖြင့် ငြိမ်သက်စွာ ရပ်၍နေကြလေသည်၊ အမျိုးသမီးအား ပို၍အံ့အားသင့်စေသော အချက်မှာ မြင်းဖြူကြီးပေါ်မှ စိုင်းရန်အောင်ပင် ဖြစ်လေသည်။ သူမ၏ စိတ်ထဲတွင် ထိုသူအား မြင်ဖူးသလိုလို ဖြစ်၍နေလေသည်။ ထိုကဲ့သို့ စဉ်းစားနေစဉ်မှာပင် သူမဆီသို့ မြင်းဖြူကြီးမှာ ဒုန်းစိုင်း၍ လာပြီးလျှင် မြင်းဖြူပေါ်မှ လူသည် သူမ၏ခါးကို သိုင်း၍ဖက်လိုက်ကာ သူမ၏ ကိုယ်လုံးကလေးအား မြင်းဖြူကြီးပေါ် စွေ့ခနဲ ပွေ့၍တင်လိုက်လေတော့သည်။ သူမ၏ တင်ပါးစိုင်သည် မြင်းဖြူကြီး၏ကိုယ်ပေါ်သို့ ငြိမ့်ခနဲကျသွားပြီး သူမ၏ တစ်ကိုယ်လုံးသည် နောက်ဘက် ပက်လက်လန်၍သွားလေသည်။ သို့သော် ကျယ်ပြန့်သော ရင်ခွင်ထဲသို့ သူမကိုယ်လုံးကလေးမှာ သိမ့်ခနဲဝင်၍ သွားလေ၏။

ဘိုတောက်၏ တပည့်များ မလှုပ်မယှက် ကြောင်လျက် ရပ်နေကြစဉ်မှာပင် စိုင်းရန်အောင်သည် မြင်းဖြူကြီးအား ဒုန်းစိုင်း၍ အသောနင်ကာ ဘိုတောက်၏ စခန်းမှ ထွက်လာခဲ့လေသည်။

"ဘယ်နာသွားသေးသလဲ ညီမ"

"ဟင်. . . . အင်း. . . . ကျွန်မ. . . . ကျွန်မ"

အမျိုးသမီးမှာ အိပ်ရာမှ လန့်နိုးသူ တစ်ယောက်ကဲ့သို့ ကယောင်ကတမ်း ဖြစ်၍နေလေသည်။

လာဘ်မိုးရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားကို ဘယ်နာသွားသလဲလို့ ကျုပ်မေးနေတယ်”

စိုင်းရန်အောင်၏စကားကို နောက်တစ်ခါ ပြန်၍ကြားလိုက်ရသောအခါမှ သူမအား ဘိုတောက်တို့အဖွဲ့မှ ခေါ်ငင်လာခဲ့သော ဤလူအား သွား၍ အမှတ်ရမိလေတော့၏။

“ရှင် . . . . ရှင် . . . . ကိုမိုးသီး မဟုတ်လား၊ မော်ဘီက ယာသမား ကိုမိုးသီး မဟုတ်လား”

“မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ စိတ်ကောင်းကောင်းထားပါ၊မင်းမှာ အန္တရာယ် မရှိတော့ဘူး၊သိပ်မကြောက်နဲ့တော့”

“ကျွန်မ အကောင်းပြောနေတာပါ၊ ကျွန်မ စိတ်ကောင်းပါတယ်၊ ကျွန်မနာမည် ခင်ခင်ကြီးလို့ ခေါ်ပါတယ်၊ ရှင် မမှတ်မိလို့ပါ”

“ဩော် . . . မင်းနာမည် ခင်ခင်ကြီးလား၊ အေး . . . . ဒါပေမဲ့ ငါ့နာမည်ကတော့ မိုးသီး မဟုတ်ဘူး”

“ဒါဖြင့် ရှင်ကဘယ်သူလဲ”

“ငါ့နာမည်က စိုင်းရန်အောင်လို့ ခေါ်တယ်၊ ဓားပြကြီး စိုင်းရန်အောင်ဆိုတာ ငါပဲ”

“ရှင်”

“မင်းပြောတဲ့ မိုးသီးဆိုတဲ့ လူဟာ ဒါနဲ့တော်တော်တူရဲ့လား”

“ရှင် . . . . ရှင် တကယ်ပြောနေတာလား”

“ငါက ဘာဖြစ်လို့လိမ်ရမှာလဲ”

“ဒါဖြင့် ရှင်ဟာ ကိုမိုးသီး မဟုတ်ဘူးပေါ့”





“ဘယ်က မိုးသီးလဲ၊ ငါမသိဘူး၊ ငါ့နာမည် စိုင်းရန်အောင်”

“ရှင့်မှာ ညီအစ်ကိုရှိသေးလား”

“ငါ့အမေက ငါ့ကို ဒီလောကအတွက် အင်မတန် အဖိုးတန်တဲ့ ဓားပြတစ်ယောက်အဖြစ် မွေးပေးခဲ့တယ်၊ ငါ့မှာ တခြား ညီအစ်ကို မရှိဘူး”

“ဒါဖြင့်ရှင် ရှင် . . . . ရှင်က ဓားပြပေါ့”

“ဟုတ်တယ်”

“ကျွန်မကို သူတို့လက်ထဲက ကယ်လာခဲ့တာ မဟုတ်ဘူးပေါ့”

“မင်းက ဘယ်လိုထင်လဲ”

“ကျွန်မအရှက်ကိုတော့ ချမ်းသာပေးပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်”

ခင်ခင်ကြီး၏ စကားကိုကြားလိုက်ရသောအခါ စိုင်းရန်အောင်သည် အားရပါးတရ ရယ်မောပြီးလျှင် . . . .

“ဟား . . . . ဟား . . . . . မကြောက်ပါနဲ့ကွာ၊ မင်းကို မင်းအမေဆီ ပြန်ပို့ပေးမယ်၊ ငါက ဓားပြတစ်ယောက်ပေမယ့် သူတို့လို ဓားပြမဟုတ်ပါဘူးကွာ”

“ကျေးဇူးပါပဲရှင်၊ ရှင့်ကျေးဇူးကို ကျွန်မတစ်သက် မမေ့ပါဘူး”

စိုင်းရန်အောင်တို့နှစ်ယောက် ကလောမြို့အတွင်းသို့ ရောက်သောအခါ ည (၂) နာရီပင် ထိုး၍နေလေပြီ။

“ဒီလမ်းအတိုင်း ဆက်လျှောက်သွားရင် ရှေ့နားမှာ ဂိတ်တဲတွေ့လိမ့်မယ်၊ အဲဒီမှာ မင်းအမေရောက်နေတယ်၊ အဲဒီအထိ ငါလိုက်ပို့လို့ မဖြစ်ဘူး၊ တော်ကြာ မင်းကိုကယ်လာတဲ့အတွက် ပုလိပ်တွေက ငါ့ကိုဆုချနေဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင်၊ ကျေးဇူးသိပ်တင်တာပဲ ကိုစိုင်းရန်အောင်"

"မလိုပါဘူးကွာ၊ ဒါက ဝတ္တရားပါ။ ဟား. . . ဟား. . . စားပြ ဝတ္တရားပေါ့ကွာ၊ ဒါပေမဲ့ မင်းနားလည်အောင် စကားတစ်ခွန်းလောက် ပြောသွားချင်တယ်"

"ပြောပါရှင် ပြောပါ"

"ငါ့လက်တွေက သွေးစွန်းနေပေမယ့် ငါ့အသည်းနှလုံးကတော့ ပုတ်ရဟန်းမင်းကြီးတစ်ပါး၏ အသည်းနှလုံးတွေလို ကြင်နာမှုတွေနဲ့ ပြည့်ဝနေပါတယ်"

ခင်ခင်ကြီးတစ်ယောက် မည်သို့ပြန်၍ ပြောရမည်ကို မတွေးတတ်အောင် ဖြစ်နေစဉ် စိုင်းရန်အောင်သည် မြင်းဖြူကြီးကို ဒုန်းစိုင်းလျက် သူမ၏အပါးမှ ထွက်ခွာ၍ သွားလေတော့သည်။

♦ ♦ ♦ ♦ ♦ ♦ ♦

## လာပြန်ပြီ နောက်တစ်ယောက်

စိုင်းရန်အောင်သည် တောင်ကြီးဈေးအတွင်း၌ လှည့်ပတ်ကာ ဈေးဝယ်လျက်ရှိသည်။ ဈေးနေ့ဖြစ်သောကြောင့် လူစည်ကားနေသည်က တစ်ကြောင်း၊ ရှမ်းဘောင်းဘီ၊ ရှမ်းခမောက်တို့ကို ဝတ်ဆင်ထားသောကြောင့် တစ်ကြောင်း သူ့အား စိုင်းရန်အောင်အဖြစ် မည်သူကမျှ မမှတ်မိကြပေ။ သူနှင့်အတူ တပည့်ကျော်ဖြစ်သူ ခွန်လုံလည်း ပါ၍လာလေသည်။





ဆရာတပည့်နှစ်ယောက်မှာ နံနက်စာအတွက် ဗိုက်ဖြည့်ရန် ချောင်ခပ်ကျကျ ထမင်းချဉ်ဆိုင်အတွင်းသို့ ဝင်၍လာခဲ့သည်။

ထိုအချိန်တွင် စောမင်းမောင်မှာ ဆိုင်းအတွင်း၌ ထမင်းချဉ်စားလျက်ရှိသည်။

"ဝက်သားချဉ်နှစ်ပွဲ"

တစ်ဖက်ခုံမှ ထမင်းချဉ်မှာသံကြောင့် စောမင်းမောင်မှာ မသိသော လှမ်းကြည့်လိုက်မိသောအခါ အံ့အားသင့်၍ သွားလေတော့သည်။ အကြောင်းမှာ သူ၏မိတ်ဆွေကြီး ကိုပြည်သိမ်းဖြစ်၍နေသောကြောင့်ပင်။ သို့သော် ရုတ်တရက် နှုတ်မဆက်သေးဘဲ မသိမသာ အကဲခတ်နေသည်။ အကယ်၍ ကျောက်ပွဲစား မိုးသီး ဒါမှမဟုတ် စားပြကြီးစိုင်းရန်အောင်ဖြစ်၍ နေဦးမည်လောဟူသော သံသယစိတ်ကြောင့်ပင် ဖြစ်လေသည်။

စိုင်းရန်အောင်လည်း တစ်ဖက်ခုံမှလူသည် သူ့အားအကဲခတ်နေမှန်း သတိထားမိလေသည်။ ထို့ပြင် ထိုသူ့အားလည်း တစ်နေရာရာတွင် မြင်ဖူးသလိုလို ဖြစ်မိနေလေသည်။

နှစ်ယောက်သားအကြည့်ချင်းဆုံသွားသောအခါ စိုင်းရန်အောင်က မနေနိုင်တော့ဘဲ ပြုံး၍နှုတ်ဆက်လိုက်လေသည်။ ထိုအခါ စောမင်းမောင်သည် စိုင်းရန်အောင်ဆီသို့ အားရဝမ်းသာဖြင့် လာပြီးလျှင်. . .

"ကိုပြည်သိမ်းရေ စိတ်မရှိပါနဲ့ဗျာ၊ ပထမတော့ ကျုပ်နှုတ်ဆက်မလို့ပါပဲ၊ဒါပေမဲ့ ကျောက်ကုန်သည် မိုးသီးနဲ့ လူမှားပြီးကတည်းက ကျုပ်လည်း ခင်ဗျားကို နှုတ်ဆက်ရမှာ တော်တော်ကြောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ဗျာ၊ လောကကြီးမှာ နာမည်တူမရှား လူတူမရှားပေါ့"

စိုင်းရန်အောင်က စောမင်းမောင်အား မရိပ်မိစေရန် အလိုက်သင့် ဖြေလိုက်သည်။

"နောက်ပြီး ပိုဆန်းနေတာကလေးတစ်ခုကို ခင်ဗျားကို ပြောမလို့"

"ဘာများလဲဗျ"

"စိုင်းရန်အောင်ဆိုတဲ့ နာမည်ကို ခင်ဗျားကြားဖူးသလား"

"ကြားဖူးသားပဲ၊ ဓားပြစိုင်းရန်အောင်ကို ပြောတာလား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါနဲ့ ကိုပြည်သိမ်း၊ ခင်ဗျား သူ့ကိုရော မြင်ဖူးသလား"

"ဟင့်အင်း မမြင်ဖူးပါဘူး"

"အေးဗျာ. . . . သူကလည်း ခင်ဗျားနဲ့ တထေရာတည်း တူတာပါ။ ပြီးတော့ ခင်ဗျားလိုပဲ သတ္တိလည်းကောင်းတယ်၊ မြင်းစီးလည်း ကျွမ်းကျင်တယ်၊ သူ့မြင်းကလည်း ခင်ဗျားရဲ့ မြင်းလိုပဲ မြင်းဖြူကြီး"

"ဟုတ်နိုင်ပါ့မလားဗျာ"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်ကိုယ်တိုင် သေသေချာချာ တွေ့လာခဲ့တာပဲ၊ ပထမတော့ ခင်ဗျားအထင်နဲ့ နှုတ်ဆက်မိတော့မလို့ဗျို့၊ ကံကောင်းလို့သာပေါ့"

"ဒါနဲ့ ခင်ဗျားက သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ"

"ပင်းတယဘုရားပွဲတုန်းကပေါ့ဗျာ၊ ဒီဟာတုန်းက ခင်ဗျားလည်း ရှမ်းပြည်နယ်မှာ ရှိမယ်မထင်ဘူး၊ မြန်မာပြည် ပြန်သွားတယ်ထင်ပါရဲ့"





"ဟုတ်တယ်၊ ပင်းတယဘုရားပွဲတုန်းက ကျုပ် ဒီရှမ်းပြည်နယ်မှာ မရှိဘူး၊ ဒါနဲ့ခင်ဗျားက ဘုရားပွဲမှာ ဘယ်လိုလုပ်ပြီး သူနဲ့ သွားတွေ့တာလဲ၊ ဆိုစမ်းပါဦး"

"ဟိုက်ဟုံ ဆိုတဲ့ တရုတ်ရဲ့ ဂျင်ဝိုင်းမှာပေါ့ဗျာ"

စောမင်းမောင်၏ စကားကို ကြားလိုက်ရတော့မှ စိုင်းရန်အောင်လည်း စောမင်းမောင်အား ဘယ်မှာမြင်ဖူးမိခဲ့သည်ကို သွား၍ အမှတ်ရမိလေတော့သည်။

"အဲဒီတုန်းက ဟိုက်တုံဆိုတဲ့ တရုတ်ကို စိုင်းရန်အောင် လုပ်သွားပုံကတော့ဖြင့်ဗျာ ကျုပ်မျက်စိထဲမှာ ခုတောင် မြင်နေတုန်းပါပဲ"

ထိုစဉ် ထမင်းချဉ်သုပ်ဆိုင်းအတွင်းသို့ လူတစ်ယောက်ဝင်လာပြီးလျှင် စောမင်းမောင်အား ကြက်သွန်ဖြူထုပ်များ အဆင်သင့် ဖြစ်နေကြောင်း ငွေလာချေပါရန် ပြောကြားလေရာ စောမင်းမောင်လည်း ထိုင်ရာမှထကာ စိုင်းရန်အောင်အား ပြည်သိမ်းအမှတ်နှင့် နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

စောမင်းမောင် ထွက်သွားသောအခါ စိုင်းရန်အောင်သည် သူ၏တပည့်ကျော်ဖြစ်သူ ခွန်လုံအား လေသံတိုးတိုးဖြင့် အောက်ပါအတိုင်း ပြောလေတော့၏။

"ဟော့တောင် ခွန်လုံ၊ ဒီလူ ပြောသွားတဲ့ စကားကို မင်းကြားတယ်မဟုတ်လား"

"ကြားပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ တို့မှာ အန္တရာယ်ရှိနေပြီ၊ သတိဝီရိယနဲ့နေကြဖြကြားလား"

"ဘယ်လို အန္တရာယ်လဲ ဆရာ၊ ကျွန်တော်တော့ ကောင်းကောင်း နားမလည်သေးဘူး"

"မင်းနှယ်ကွာ သိပ်အ,တာပဲ၊ ဒီလိုလေကွာ၊ သူက ငါ့ကို ပြည်သိမ်းဆိုတဲ့အကောင်နဲ့ လူမှားပြီး စကားပြောနေတယ် မဟုတ်လား။ပြီးတော့ သူ့စကားထဲမှာ ပြည်သိမ်းဆိုတဲ့အကောင်ဟာ ငါနဲ့ရုပ်ချင်းတူရုံမကဘူး၊ ငါ့လိုပဲ မြင်းဖြူတစ်ကောင် ရှိတယ်လို့လည်း သိရတယ်၊ နောက် ကျောက်ပွဲစားမိုးသီး ဆိုတာကလည်း ငါနဲ့ရုပ်တူတယ်လို့ ပါလာပြန်တယ်"

"တော်တော်တော့ ဆန်းတာပဲ"

"ပြီးတော့ ခင်ခင်ကြီးဆိုတဲ့ အမျိုးသမီးကလည်း ငါ့ကို ယာ္ဘသမား မိုးသီးဆိုတဲ့ အကောင်နဲ့ လူမှားဖူးတယ်"

"ရှုပ်ကုန်ပြီ ဆရာ၊ ကျွန်တော်ကတော့ ခေါင်းကို ရှုပ်နေတာပဲ"

"ရှင်းရှင်းလေးပါ ခွန်လုံရာ၊ ကျောက်ကုန်သည် မိုးသီးပဲဖြစ်ဖြစ်၊ ယာသမားမိုးသီပဲ ဖြစ်ဖြစ်၊ အဲဒီ ပြည်သိမ်းဆိုတဲ့အကောင် တစ်ယောက်တည်းပဲဖြစ်ရမယ်၊ မဟုတ်မှလွဲရော၊ ပြည်သိမ်းဟာ ငါ့ကိုယောက်လှမ်းဖို့ ရောက်နေတဲ့ စုံထောက် ဖြစ်လိမ့်မယ်"

"ဖြစ်နိုင်ကယ် ဆရာ"

"ဖြစ်နိုင်ကာ မဟုတ်ဘူး၊ ဖြစ်ကိုဖြစ်လိမ့်မယ်၊ ပုလိပ်အဖွဲ့က ငါနဲ့ ရုပ်ချင်းတူတဲ့ ဒီကောင့်ကို တမင်ရွေးပြီး လွှတ်လိုက်တာ ဖြစ်လိမ့်မယ်"





"ဟုတ်တယ် ဆရာ၊ ဓော်ဘွားတွေအုပ်စုကလည်း ကျွန်တော်တို့အဖွဲ့ကို တော်တော်ကြောက်နေကြပြီဆိုတော့ မြန်မာပြည်က ပုလိပ်အဖွဲ့ကို အကူအညီတောင်းကြတယ် ထင်တယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ဒါက ဘို့နဲ့မဆိုင်ပါဘူး၊ တို့နဲ့ဆိုင်တာက ပြည်သိမ်းဆိုကဲ့ အကောင်ကို တွေ့ဖို့ပဲ"

"ဟုတ်တယ်ဆရာ၊ ပြည်သိမ်းကို တွေ့လိုက်ရင် ကိစ္စအားလုံး ရှင်းလိမ့်မယ်"

"ဒီကော့ စခန်းကို မင်္တစ်ယောက်တည်း ပြန်သွားပြီး အကျိုးအကြောင်း ရှင်းပြ၊ ပြီးတော့ မင်းပြန်တက်ခဲ့၊ ငါတော့ စခန်းကို တော်တော်နဲ့မပြန်သေးဘူး၊ ဒီပြည်သိမ်းဆိုတဲ့ ငနဲကို မိမှပဲ ပြန်ခဲ့မယ်၊ ကြားလား"

ဟုဆိုကာ စိုင်းရန်အောင်တို့ ဆရာတပည့်နှစ်ယောက်သည် ထမင်းချဉ်ဆိုင်မှ ထွက်လာကြပြီးလျှင် ဈေးဝသို့ရောက်လျှင် အသီးသီး လမ်းခွဲ၍ ထွက်သွားကြလေသည်။

◆ ◆ ◆ ◆ ◆ ◆ ◆

## သေတင်းကုပ်မှာ ဆုံကြပြီ

အချိန်မှာ ညနေ(၆)နာရီခန့်သာ ရှိသေးသောကြောင့် ပြည်ကြီးရတနာထမင်းဆိုင်ကလေးမှာ အရက်သောက်သူများ၊ ထမင်းစားသူများဖြင့် စည်ကားလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမစောင်းမီကတည်းက ဆိုင်ထဲသို့ ရောက်နှင့်ပြီး ဖြစ်သော စောမင်းမောင်မှာ အတန်ငယ် ရေချိန်ကိုက်လျက် ရှိနေချေပြီ။

လှိုင်းတက်ဘူတာရုံကလေးမှ နာရီသံချောင်းခေါက်သံကို ကြား လိုက်ရတော့မှ စောမင်းမောင်သည် ပြန်ရန်အချိန်သင့်ပြီဟု တွက်ဆမိ လိုက်သည့်အလျောက် စွန်နားခေါ် စားပွဲထိုးကုလားကလေးအား ကျသင့်ငွေများ ပေးချေရန်လှမ်း၍ ခေါ်လိုက်လေသည်။

ထိုစဉ် အဝီစိတမျှ ပွက်ပွက်ညံအောင် အော်ဟစ်ဆူညံနေကြ သော အရက်သမားများ၏ အသံဗလံများမှာ မီးကိုရေနှင့် ငြိမ်းလိုက် သည့်အလား ရုတ်တရက် တိတ်ဆိတ်သွားလေရာ စောမင်းမောင်လည်း အဘယ်သို့သော အကြောင်းကြောင့်နည်းဟု တွေးဆလျက် တောင် မြောက် လေးပါးသို့ ကြည့်လိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော် ရှမ်းဘောင်းဘီ၊ ရှမ်းအကျီ၊ ရှမ်းခ မောက် တို့ကို ဝတ်ဆင်လျက် ဆိုင်ထဲသို့ ဝင်လာသော ကိုပြည်သိမ်းကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

ကိုပြည်သိမ်းမှာ စောမင်းမောင်ကို မြင်လိုက်သည်နှင့် အနီး ရောက်လာပြီးလျှင် မြေပြင်ပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်လိုက်လေသည်။ ပြည်ကြီးရတနာ ထမင်းဆိုင်မှာ ကုလားပိုင်ဖြစ်သောကြောင့် ကုလား ဆန်ဆန် ကုလားထိုင်၊ စားပွဲမခင်းပေးဘဲ မြေပြင်ပေါ်တွင် ဖျာခင်း၍ ထိုင်ကြရလေသည်။

"ကိုပြည်သိမ်းရေ၊ ဆိုင်ထဲက လူတွေကတော့ ခင်ဗျားကို ဓားပြ ကြီး စိုင်းရန်အောင်အထင်နဲ့ လန့်နေကြပြီ ထင်တယ်"





"စိုင်းရန်အောင်က ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ၊ စိုင်းရန်အောင်ဆိုတဲ့ လူဟာ ခင်ဗျား နဲ့ တထေရာတည်း ခွဲမရအောင် တူတယ်လို့ ကျုပ်က ပြောဖူး တာပဲ"

"ဒီအကြောင်းနဲ့ ပတ်သက်လို့ ကျုပ်ကို ခင်ဗျား မပြောဖူးသေး ပါဘူးဗျာ"

"တောင်ကြီးဈေးနေ့ကလည်း ခင်ဗျားနဲ့ကျုပ် ထမင်းချဉ်ဆိုင်မှာ တွေ့ကြသေးတယ်၊ ခင်ဗျားရဲ့ တပည့်လေးတစ်ယောက်တောင် မှ ပါလာသေးတယ်"

"တောင်ကြီးဈေးနေ့ကလား"

"ဟုတ်တယ်လေ၊ တောင်ကြီးဈေးနေ့ကပေါ့၊ တစ်နေ့ကလေဗျာ၊ ခင်ဗျား မမှတ်မိတော့ဘူးလား"

"ဟင့်အင်း၊ ကျုပ် အဲဒီနေ့က အင်းထဲမှာ ရှိတယ်"

"ဘာဗျ"

"ကျုပ် ခင်ဗျားကို မညာပါဘူးဗျာ၊ အဲဒီနေ့က အင်းထဲက မိတ်ဆွေတစ်ယောက်အိမ် ကျုပ်ရောက်နေတယ်"

ကိုပြည်သိမ်း၏ စကားကို ကြားလိုက်ရသောအခါ စောမင်း မောင်မှာ သရဲသဘက်ကို မြင်လိုက်ရသည့်အလား မျက်လုံးပြူး၍ သွား လေတော့သည်။

"ကံကောင်းလို့သာပေါ့ဗျာ၊ ကျုပ်တော့ လူမှားသွားပြီဗျို့၊ တော်ပါသေးရဲ့၊ မောင်မင်းကြီးသားက ချမ်းသာပေးသွားပေ လို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲဗျ၊ ကျုပ်တော့ဖြင့် ခင်ဗျားပြောတာ တစ်ခုမှ နားမလည်ဘူး"

"အဲဒီနေ့ကပေါ့ဗျာ၊ ကိုပြည်သိမ်းအထင်နဲ့ စိုင်းရန်အောင်ကို ကျုပ်က စကားသွားပြောမိခဲ့တယ်၊ သူကလည်း ချော်လဲ ရောထိုင်ပြီး နေလိုက်တယ် ထင်ပါရဲ့ဗျာ"

"ကျုပ်က သူနဲ့တော်တော်တူရဲ့လားဗျာ"

"တူတာပေါ့ဗျာ၊ သိပ်တူတာပေါ့၊ ခွဲမရအောင်တူတယ်"

ထိုစဉ် ထမင်းဆိုင်တစ်ခုလုံးမှာ ရုတ်တရက် ငြိမ်သွားသောကြောင့် စောမင်းမောင်မှာ ဆိုင်ပေါက်ဝသို့ လှမ်းကြည့်လိုက်ရာ မျက်လုံးပြူး၍သွားလေတော့သည်။ ကိုပြည်သိမ်းမှာမူ ဆိုင်ပေါက်ဝနှင့် ကျောခပေးလျက် ရှိနေသော်လည်း နောက်သို့လှည့်မကြည့်ချေ။ သောက်လက်စအရက်ခွက်ကိုသာ ဆက်၍ မော့နေလေတော့၏။

"ကိုပြည်သိမ်း၊ ဆိုင်ထဲကို စိုင်းရန်အောင် ဝင်လာပြီ၊ ခင်ဗျားပြေးပေတော့၊ တော်ကြာ ခင်ဗျားကို ရန်ရှာနေဦးမယ်"

"ခင်ဗျားကလဲဗျာ ကျုပ်ဘဝမှာ ကြောက်လို့ ပြေးရတယ်ဆိုတာ တစ်ခါဖူးမျှ မကြုံဖူးသေးပါဘူး"

သူတို့နှစ်ယောက် စကားပြောနေစဉ်မှာပင် ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ရှမ်းခမောက်တို့ကို ဝတ်ဆင်ထားသော စိုင်းရန်အောင်မှာ အနီးသို့ရောက်လာပြီးလျှင်. . . .

"ဟောဒီက မိတ်ဆွေကြီး စိုင်းရန်အောင်ကလည်းဗျာ၊ ကျုပ်ကိုတောင် အရက်သောက်ဖို့ ခေါ်ဖော်မရဘူး၊ နေနိုင်လိုက်တာ၊ ခင်ဗျားကသာ ကျုပ်ကို မသိပေမယ့် ကျုပ်ကတော့ ခင်ဗျားကို တွေ့ချင်လွန်းလို့ လိုက်ရှာနေရတာ"





"ကျုပ်ကလည်း ခင်ဗျားကို အရက်သောက်ဖို့ ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ ကိုပြည်သိမ်းလို စုံထောက်ကြီးတစ်ယောက်က ကျုပ်လိုခားပြတစ်ယောက်နဲ့အတူတွဲပြီး အရက်သောက်ပါ့မလားလို့ တွေးနေမိလို့ပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ၊ ခင်ဗျားတို့လို လူဆိုးတွေ ဓားပြတွေရှိနေလို့ ကျုပ်တို့လို စုံထောက်တွေ၊ ပုလိပ်တွေဟာ အလုပ်ရနေတာ မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့ဟာ ကျုပ်တို့ ကျေးဇူးရှင်တွေပဲ"

ဟုဆိုကာ ပြည်သိမ်းသည် စောမင်းမောင်ဘေးတွင် ဝင်ထိုင်လိုက်လေသည်။ စောမင်းမောင်မှာ လွန်စွာ အံ့အားသင့်၍ နေလေ၏။ ထို့ပြင် စောစောက သူနှင့် စကားပြောပြီး အရက်သောက်နေသောသူမှာ ကိုပြည်သိမ်းမဟုတ်ဘဲ စိုင်းရန်အောင်ဖြစ်နေသောကြောင့် တွေးပြီး ကြောက်လျက်ရှိလေသည်။

စိုင်းရန်အောင်သည် ပြည်သိမ်းအား အရက်ခွက်ကို လှမ်းပေးလိုက်ပြီးလျှင်. . . .

"ကိုပြည်သိမ်းက ကျုပ်ကိုတွေ့ချင်လို့ လိုက်ရှာနေတယ်ဆိုတာကို သိတာနဲ့ ခင်ဗျား ပင်ပန်းမှာစိုးလို့ ခင်ဗျားလာတတ်တဲ့ နေရာတွေကို ကျုပ်က လာပြီးစောင့်နေရတာပဲ"

"ကျေးဇူးပါပဲ စိုင်းရန်အောင်၊ ဒါနချုပ်ကလည်း မေးလှပြီ၊ ကျုပ်ကတော့ ခင်ဗျားကိုတွေ့မှ ဖြစ်တော့မှာ"

ဟုဆိုကာ ပြည်သိမ်းသည် အရက်ကို အားပါးတရ မော့၍ သောက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကလည်းဗျာ ကျုပ်လို လူမျိုးကို ဘာဖြစ်လို့ တစ်ယောက်တည်း မဖန်ဆင်းခဲ့တာလဲ မသိဘူး၊ ခုတော့ ခင်ဗျားဟာ ကျုပ်နဲ့ တော်တော်တူတာပဲ"

"ဒါကတော့ ဘုရားရဲ့ အတွင်းရေးဖြစ်မှာပေါ့ စိုင်းရန်အောင်"

"ဟုတ်ပါတယ်လေ၊ ဘုရားရဲ့ အတွင်းရေးဆိုတာ ကျုပ်တို့လို လူတွေ သိကောင်းတာမှ မဟုတ်တာပဲ၊ ဒါပေမဲ့ ကိုပြည်သိမ်းရဲ့ အတွင်းရေးကိုတော့ဖြင့် ကျုပ်တော်တော်လေး သိထားတယ်"

"ဆိုစမ်းပါဦးဗျာ၊ ဘာတွေများတုံး"

"ကျောက်ပွဲစား မိုးသီးနဲ့ ယားသမား မိုးသီး ဆိုတာလည်း ခင်ဗျားပဲလား ကိုပြည်သိမ်း"

"ဟုတ်ပါတယ် စိုင်းရန်အောင်၊ စုံထောက်ဆိုတာ ခင်ဗျားတို့ လူဆိုးတွေလိုပဲ တစ်နေရာရောက်ရင် နာမည်တစ်မျိုးနဲ့ လှုပ်ရှားရတာပဲ၊ ဟောဒီက စောမင်းမောင်ကိုတောင် ရွှေညောင်က စစ်ဖန်ဆိုတဲ့ ကျောက်ကုန်သည် တရုတ်အိမ်မှာ သွားတွေ့လို့ ခပ်တည်တည်နဲ့ တစ်ပတ်ရိုက်လိုက်ရသေး တယ်"

ဟုဆိုကာ ပြည်သိမ်းသည် စောမင်းမောင်ဘက်သို့ လှည့်ပြီးလျှင်. . . .

"ဒီ ထမင်းဆိုင်မှာ ခင်ဗျားနဲ့ ကျုပ်နဲ့ တွေ့ကြတုန်းကလေ၊ ကျုပ်က ထမင်းစားနေတုန်း လူဆိုးတွေက ကျုပ်ကိုသေနတ်နဲ့ ချိန်ပြီး ဖမ်းသွားကြတာကို ခင်ဗျားမှတ်မိမှာပေါ့"

"မှတ်မိပါတယ်၊ အဲဒီတုန်းက ကျုပ်ကတော့ဖြင့် ခင်ဗျားတော့ သေပြီလို့ ထင်နေမိသေးတယ်"





"ဘယ်သေပါ့မလဲ စောမင်းမောင်၊ ကျုပ်က စိုင်းရန်အောင်နဲ့ ရုပ်ချင်းတူသလို တိုက်ရေခိုက်ရေးမှာလည်း စိုင်းရန်အောင် အဆင့်တော့ မီရပေ့ါ မဟုတ်ဘူးလား စိုင်းရန်အောင်"

ဟုဆိုကာ စိုင်းရန်အောင်ဘက်သို့လှည့်ပြီး စကားခေါ်လိုက်လေသည်။ ထိုအခါ စိုင်းရန်အောင်သည် ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင်

"အေးဗျာ၊ ကျုပ်စိတ်မကောင်းပါဘူး၊ အဲဒီတုန်းက ခင်ဗျားကို ကျုပ်အထင်နဲ့ ယက္ခတို့အဖွဲ့က ဖမ်းသွားကြတာပါ၊ ကျုပ်သာ စောစောသိရရင် ဒီကောင်တွေတော့ သိပ်မလွယ်ဘူး၊ ခင်ဗျား အစား ကျုပ်က ကောင်းကောင်းဆုံးမပေးလိုက်မယ်"

"မလိုပါဘူးဗျာ၊ အဲဒီညက ဒီကောင်တွေလည်း တော်တော်လေး နာသွားကြတယ်၊ ဒါပေမဲ့ ကျုပ်သိချင်တာလေး တစ်ခုတော့ ရှိတယ်၊ ဒီကောင်တွေက ဘာဖြစ်လို့ ခင်ဗျားကို ဒီလောက်တောင် မုန်းရတာလဲ စိုင်းရန်အောင်"

"ဒါကတော့ ကျုပ်ရဲ့ အတွင်းရေးပါဗျာ၊ ခင်ဗျားသိလို့လည်း အကြောင်းမထူးပါဘူး၊ ဒါပေမဲ့ ခင်ဗျားနဲ့ ပတ်သက်နေတဲ့ ကျုပ်ရဲ့ အတွင်းရေးတစ်ခုကိုတော့ ပြောပြလိုက်ဦးမယ်"

"ဆိုးစမ်းပါဦးဗျာ"

"ဒီလိုလေဗျာ၊ ခင်ဗျားကို ကျုပ်လူတွေက ဝိုင်းထားတယ်၊ ဆိုင်အပြင်မှာ ကျုပ်လူတွေကို ကင်းပုန်းချထားခဲ့တယ်"

"ကျုပ်သိပါတယ် စိုင်းရန်အောင်၊စုံထောက်တစ်ယောက်ပြီး ဒီလောက်လည်း မညံ့သေးပါဘူးဗျာ၊ ဆိုင်ထဲကို ဝင်ခဲ့ကတည်းက ကျုပ်သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . . . . ဟား. . . . . ဟား. . . . . ခင်ဗျား သေရမှာ မကြောက်ဘူးနဲ့တူတယ်"

"ကျုပ်အဖေက သူသေခါနီးမှာ ကျုပ်ကို စကားတစ်ခွန်း ပြောသွားဘူးတယ်၊ အဲဒီစကားကို ကျုပ်ဘယ်တော့မှ မမေ့ဘူး စိုင်းရန်အောင်"

"ဘယ်လို စကားများလဲဗျ၊ ကျုပ်တို့လည်း မသိရဘူးလား"

"သိရပါတယ်ဗျာ သိရပါတယ်"

ဟုဆိုကာ ပြည်သိမ်းသည် အရက်ခွက်ကို အားပါးတရ မော့သောက်လိုက်ပြီးလျှင်. . . .

"ဒီလိုဗျ၊ ကျုပ်အဖေက သူသေခါနီးမှာ ကျုပ်ကို သူ့အနားခေါ်ပြီး ငါ့သား သေရမှာကို ဘယ်တော့မှ မကြောက်နဲ့၊ သေရတာ ညှိုးအူရသာရှိတယ်လို့ ပြောသွားဖူးတယ်"

"အေးဗျာ၊ တော်တော်မှတ်သားစရာကောင်းတဲ့ စကားပဲ၊ ကျုပ်ကလည်း ကျုပ်အဖေ မှာသွားတဲ့ စကားကို ပြောပြဦးမယ်"

"နားထောင်ရတာပေါ့ဗျာ"

"ကျားကို သတ်ရင်တောင် နောက်ဘက်ကနေပြီး ချောင်းမလုပ်ရဘူးတဲ့၊ တကယ်လို့ ကျားကမမြင်ရင်တောင် အမြီးဆွဲပြီး ရန်သူမှန်းသိအောင် သတိပေးရမယ်တဲ့"

"သိပ်မှန်တဲ့စကားပေါ့ စိုင်းရန်အောင်"

"ကဲဗျာ၊ ဒါတွေ ထားလိုက်ပါတော့၊ ကျုပ်တို့ နှစ်ယောက်ရဲ့ ကိစ္စကို ဆွေးနွေးကြရအောင်"





"ခင်ဗျား သဘောအတိုင်းပါပဲ စိုင်းရန်အောင်"

"ခင်ဗျား သေနတ်ပစ်ကျွမ်းကျင်တယ် မဟုတ်လား"

"သိပ်တော့ မဆိုးလှပါဘူး၊ သေနတ်သမားတစ်ထောင်တည်းက ကံအကောင်းဆုံးတစ်ယောက်ကို ရွေးမယ်ဆိုရင်တော့ ကျုပ်မပါလို့ ဖြစ်မှာ မဟုတ်ဘူး"

"ကြိုက်သွားပြီး ကိုပြည်သိမ်း၊ သိပ်ကြိုက်သွားပြီး၊ ကျုပ်ကလည်း သေနတ်နဲ့ ပတ်သက်လာရင် ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေတဲ့လူဆိုတော့ ခင်ဗျားနဲ့ကျမှပဲ လက်ရည်စမ်းကြည့်ရတော့မယ်၊ ဒီရှမ်းပြည်နယ်မှာတော့ သေနတ်နဲ့ ပတ်သက်လာရင် ကျုပ်ကိုမီတဲ့လူ မရှိသေးဘူး"

စောမင်းမောင်မှာမူ ပြည်သိမ်းနှင့် စိုင်းရန်အောင်တို့၏ စကားများကို နားထောင်ပြီးလျှင် ကြက်သီးထလျက် ရှိလေသည်။ မည်သို့ပင်ဖျန်ဖြေစေကာမူ ရနိုင်တော့မည့် အခြေအနေမဟုတ်သောကြောင့်သာ ငြိမ်၍နေရလေတော့သည်။

"ကျုပ်ကလည်း သေနတ်ပစ် ကျွမ်းကျင်တယ်၊ ခင်ဗျားကလည်း သေနတ်ပစ်ကျွမ်းကျင်တယ်ဆိုတော့ သိပ်ဟန်ကျသွား တာပေါ့ဗျာ၊ ဒီတော့ ကျုပ်တို့နှစ်ယောက်သေနတ်ချင်းယှဉ်ပစ်ကြမယ်၊ ကျေနပ်ရဲ့လား ကိုပြည်သိမ်း"

"ဒါပေါ့ဗျာ၊ ခင်ဗျားကို ကျုပ်ဘယ်လောက်ခင်ခင် ခင်ဗျားက လူဆိုး၊ ကျုပ်က စုံထောက်ဆိုတော့ ခင်ဗျားကို ကျုပ်က ဖမ်းရမယ့်တာဝန် ရှိနေတယ်၊ ခင်ဗျားလည်း ကျုပ်ကို သတ်ရမယ့်တာဝန်ရှိတယ်၊ ဒီတော့ ကျုပ်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက် သေမှ အေးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သေသွားရင် ကျန်တဲ့ ကျုပ်တပည့်တွေက ခင်ဗျားကို မနှောင့်ယှက်နိုင်အောင် ကျုပ်စီစဉ်ပေးမယ်၊ တကယ်လို့ ခင်ဗျားသေရင်တော့ ကျုပ် သင်္ဂြိုဟ်ပေးမယ်"

"ထွေထွေထူးထူးတော့ မမှာချင်ပါဘူးဗျာ၊ တကယ်လို့ ကျုပ်သေသွားရင်တော့ ကျုပ်နဲ့အတူ အရက်တစ်ပုလင်းလောက်ပါ ထည့်ပြီး မြှုပ်ပေးလိုက်ပါ၊ အဝီစိမှာ အရက်ရှားတယ်လို့ ကြားဖူးတယ်"

"ဟား. . . . . ဟား. . . . . ဟား. . . . . ဒီအတွက်တော့ မပူပါနဲ့ ကိုပြည်သိမ်းရာ၊ ကျုပ်တာဝန် ထားလိုက်ပါ၊ ကဲ. . . ကျုပ်တို့သွားကြရအောင်"

ဟုဆိုကာ နှစ်ဦးစလုံးသည် စောမင်းမောင်အား နှုတ်ဆက်လျက် ဆိုင်ပြင်သို့ ထွက်သွားကြလေတော့သည်။ စောမင်းမောင်မှာ လွန်စွာမှ အံ့ဩလွန်းသည် ဖြစ်သောကြောင့် မည်သို့မျှ ပြန်မပြောတော့ဘဲ ကြောက်လျက် ငေးကြည့်နေမိလေတော့သည်။

ထိုနေ့မှစ၍ ရှမ်းအမျိုးသား စောမင်းမောင်သည် စိုင်းရန်အောင် ကိုသော်လည်းကောင်း၊ ပြည်သိမ်းကိုသော်လည်းကောင်း မတွေ့ရတော့ပေ။

နောက် ငါးနှစ်ခန့်ကြာသောအခါ၌ စောမင်းမောင်သည် ကျောက်ပန်းတောင်းမြို့သို့ ထန်းလျက်များဝယ်ရန် ရောက်ရှိခဲ့ရာ ဈေးဝတွင် လူများဝိုင်းအုံ၍ကြည့်နေသော မျက်လှည့်ပွဲတစ်ခုကို တွေ့လိုက်ရသောကြောင့် ဝင်၍ရပ်ကြည့်နေမိလေသည်။





မျက်လှည့်ပွဲမှာ ကြည့်ကောင်းသည်ကတစ်ကြောင်း၊ မျက်လှည့်ဆရာဖြစ်သူအား တစ်နေရာရာ၌ မြင်ဖူးသလိုရှိသည်ဟု ထင်နေသည်က တစ်ကြောင်းကြောင့် စောမင်းမောင်မှာ မျက်လှည့်ပွဲမှ မခွာနိုင်အောင် ဖြစ်၍ နေလေတော့သည်။

ထို့ကြောင့် စောမင်းမောင်သည် မျက်လှည့်ပွဲ ပြီးသည်အထိ စောင့်၍ ကြည့်နေမိသည်။ မျက်လှည့်ပွဲ ပြီးသည့်အခါ၌ မျက်လှည့်ဆရာထံသို့ သွားပြီးလျှင်. . . .

"ကိုပြည်သိမ်း၊ ကျုပ်ကို မမှတ်မိတော့ဘူးလား၊ ကျုပ် စောမင်းမောင်လေ"

"ခင်ဗျား လူမှားနေပြီ မိတ်ဆွေ၊ ကျုပ်နာမည် ပြည်သိမ်း မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားဟာ စိုင်းရန်အောင်ပေါ့"

"စိုင်းရန်အောင်လည်း မဟုတ်ဘူး၊ ပြည်သိမ်းလည်း မဟုတ်ဘူး ကျုပ်နာမည်က ပတ်သံကွင်းလို့ခေါ်တယ်၊ ဟောဒီ ကျောက်ပန်းတောင်းနယ်မှာတော့ မျက်လှည့်ဆရာ ပတ်သံကွင်းဆိုရင် လူတိုင်းသိပါတယ်"

"ခင်ဗျားဟာ ပြည်သိမ်းမဟုတ်ရင် စိုင်းရန်အောင် ဖြစ်ရမယ်၊ စိုင်းရန်အောင်မဟုတ်ရင်လည်း ပြည်သိမ်းဖြစ်ရမယ်၊ ဒီတော့ စိုင်းရန်အောင်ပဲဖြစ်ဖြစ်၊ ပြည်သိမ်းပဲဖြစ်ဖြစ် ကျုပ်တို့တော့ အမှန်အတိုင်း ပြောပြဗျာ၊ ကျုပ်ဟာ ခင်ဗျားတို့ နှစ်ယောက်စလုံးရဲ့ မိတ်ဆွေပါ"



www.burmeseclassic.com

www.burmeseclassic.com



စောမင်းမောင်စကားကို ကြားရသောအခါ ပတ်သံကွင်းဆိုသည့် မျက်လှည့်ဆရာသည် ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင်. . .

"ခင်ဗျား စိတ်ကောင်းပါတယ်၊ မရှုးပါဘူး"

"ဒါဖြင့် ကျုပ်နာမည်ကို ကျုပ်က ပြောနေတာတောင် ခင်ဗျားက ဘာဖြစ်လို့ မယုံရတာလဲ"

ထိုအခါ စောမင်းမောင်သည် မည်သို့မျှ ဝေခွဲ၍ မရသည့်အဆုံး၌ "ခင်ဗျားနာမည် ပတ်သံကွင်းနော်"

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ပတ်သံကွင်းပါပဲ။ အဲ. . . တစ်ခုတော့ရှိတယ်၊ မြစ်ဝကျွန်းပေါ်မှာ ကျုပ် မျက်လှည့်လှော်ကပြတုန်းကလည်း အမျိုးသမီးတစ်ယောက်က ခင်ဗျားလိုပဲ ကျုပ်ကိုလာစွပ်စွဲဖူးတယ်၊ သူပြောတဲ့ နာမည်ကတော့ တစ်မျိုးပဲ၊ ယာသမား မိုးသီးဆိုတာလည်း ပါတယ်၊ စိုင်းရန်အောင်ဆိုတာလည်း ပါတယ်"

ဟုဆိုကာ စောမင်းမောင်အပါးမှ ထွက်ခွာ၍ သွားလေသည်။ စောမင်းမောင်သည် မျက်လှည့်ဆရာ ပတ်သံကွင်း၏ နောက်ကျောကို ငေးမော၍ ကြည့်ရှုကာ ပါးစပ်မှလည်း *'ပတ်သံကွင်း ပတ်သံကွင်း'* ဟု ရွတ်ဆိုလျက် ကျန်ခဲ့လေတော့သတည်း။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိင်္ခ

လာဘ်မိုးစွေစာပေ

လာဘ်မိုးစွေစာပေ

အမှတ် (၁၁၁)၊ ၃၃ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁- ၂၅၃၅၁၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မ်နောအိမ်မှ ပွင့်ချပ်တစ်ရာ ပဒုမ္မာ

ကျွန်ုပ်၏ မိန်းမသူငယ်ချင်းတစ်ဦးသည် ဖားကို လွန်စွာကြောက်၏။ တကယ့်ဖားကိုသာမဟုတ်။ အရုပ်ဖားကိုလည်း ကြောက်၏။ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးမှာမူ မြွေကို အလွန်ကြောက်၏။ တကယ့်မြွေကို ကြောက်သကဲ့သို့ အရုပ်မြွေကိုလည်း ကြောက်၏။ ကျွန်ုပ်၏ ညီအရင်းတစ်ယောက်မှာမူ အင်္ကျီကြယ်သီးကို ကြောက်၏။ သူ၏ကြောက်ခြင်းမှာမူ ခြွင်းချက်ရှိ၏။ အင်္ကျီတွင် တပ်ထားသည်ကို မကြောက်၊ အင်္ကျီမှ ပြုတ်ကျ၍ မြေကြီးပေါ် ကျနေသည်ကိုမူ ကြည့်လည်း မကြည့်ရဲ၊ ကောက်လည်း မကောက်ရဲပေ။

လာဘ်မိုးရွာစေပေ



မည်သည့်အတွက် ဤသို့ဖြစ်သနည်းဟု ၎င်းအား မေးမြန်းသောအခါ၌ 'မသိပါဘူး စိတ်ထဲက အလိုလိုဖြစ်လာတာပဲ' တဲ့၍သာ ဖြေလေ၏။

ဤသို့ မကြောက်ရသည့်အကြောင်းများကို ကြောက်နေခြင်းအတွက် အင်္ဂလိပ်စာတတ်မိတ်ဆွေများက 'ဖိုးဘီးယား' ဟု ခေါ်ဝေါ်သုံးနှုန်းသည်ကို ကြားဖူးပါ၏။

ကျွန်ုပ်အနေနှင့်မူ ကြောက်သည်ကို ကြောက်သည်ဟုပင်သိ၏။ ဖိုးဘီးယားကိုလည်း မသိ၊ ဖွားဘီးယားကိုလည်း မသိပါ။ သို့တစေ ကျွန်ုပ်၌လည်း ဖိုးဘီးယားရှိ၏။ ထိုဖိုးဘီးယားမှာ အခြားမဟုတ်၊ 'တစ်ရာ' ဂဏန်းကို တွေ့လျှင်၊ ကြားလျှင်၊ မြင်လျှင် တုန်လှုပ်၏။ ထိုသို့ တုန်လှုပ်ခြင်းအတွက် တစ်စုံတစ်ယောက်သောသူက. . . .

"ဘာဖြစ်လို့ ခင်ဗျားက တစ်ရာကိုကြောက်ရတာလဲ"

ဟု မေးလာလျှင် ကျွန်ုပ်အနေနှင့်. . . .

"မသိဘူးလေ၊ စိတ်ထဲက အလိုလိုကြောက်လာတာပဲ"

ဟု ဖြေရန်သာရှိပါသည်။

ကျွန်ုပ်သည် 'တစ်ရာ' ဆိုသော အသံထွက်ကိုပင် ကြောက်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်သနည်းဟု အချိန်အားရသောအခါ၌ စဉ်းစားကြည့်ရာ ထမင်းဆိုင်တွင် ထမင်းလခဖိုးငွေတစ်ရာကို ပေးရမည့်နေ့တွင် မပေးနိုင်ဘဲရှိ၏။ သို့ရာတွင် ထိုနေ့နံနက် ထမင်းစားချိန် ရောက်သောအခါ၌ ထမင်းဆိုင်ရှေ့တွင်ရှိသော ရေစည်ပိုင်းအတွင်းမှ ရေကိုခပ်သောက်ဆေး၍ ထမင်းစားပွဲတွင် ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆိုင်ရှင် အဒေါ်ကြီးသည် ထမင်းလာ၍ ချမပေးဘဲ. . . .

လာဘ်မိုးရွာစေပေ

www.burmeseclassic.com

www.burmeseclassic.com



"နင် ပြီးခဲ့တဲ့လက ထမင်းလခတစ်ရာကို မပေးနိုင်သေးဘဲနဲ့ ဆက်ပြီး မကျွေးနိုင်ဘူး"

ဟု ပြောသဖြင့် ဆိုင်အတွင်းမှ အခြားလူများသည် ကျွန်ုပ်အား ဝိုင်း၍ ကြည့်ကြ၏။ ကျွန်ုပ်မှာ ထမင်းမစားခဲ့ရသည့်အပြင် အရှက်ကွဲခဲ့ရ၏။ ထို့ကြောင့် လက်ဆေးပြီး ထမင်းမစားရသောအဖြစ်ကို ရှက်ရှက်နှင့် ယောင်ယမ်းပြီး လက်သုတ်ပဝါတစ်ထည်ကို ယူ၍ လက်ကိုသုတ်နေမိရာ ထိုအဒေါ်ကြီးက. . . .

"အဲဒါ လက်သုတ်ပဝါအသစ်ကြီးဟဲ့၊ နင်မသုတ်ပါနဲ့၊ ဟိုမှာ ပိုက်ဆံပေးစားတဲ့လူတွေသုတ်ဖို့ ငါခေါက်ထားတာ"

ဟူ၍ ထပ်မံ၍ အရှက်ခွဲပြန်လေ၏။

ထိုအချိန်က အသက်ငယ်ရွယ်သေးသည် ဖြစ်၏။ အရှက်အကြောက်အလွန်ကြီးသောအရွယ်ဖြစ်၏။ ဆိုင်ထဲတွင် ကျွန်ုပ်နှင့်ရွယ်တူ မိန်းမကလေးများလည်း ရှိသောကြောင့် ပို၍ရှက်ရသေး၏။

ကျွန်ုပ်သည် ဣန္ဒြေဆည်၍ ဆိုင်အတွင်းမှ တစ်လှမ်းချင်း လှမ်း၍ ထွက်လာခဲ့၏။ ထိုအချိန်၌ ကျွန်ုပ်နှင့်ရွယ်တူ မိန်းကလေးတစ်ဦးက သူ၏အဖော်အား. . . .

"ဟယ်. . . . သူ့ခမျာ ရှက်သွားမှာပဲ၊ စားမယ်ဆိုပြီးထိုင်မှ ဟို အဒေါ်ကြီးက အဲသလိုပြောလိုက်တော့ မစားရဘဲ ထွက်သွားရတယ်၊ သူ အခုစားမယ့် ထမင်းဖိုးကို ငါပေးလိုက်ချင်ပါရဲ့"

ဟု ပြောလိုက်ရာ သူ၏အဖော်က. . . .

"အဲဒီလို သွားပြီးပေးမှ သူ့ကိုစော်ကားသလိုဖြစ်ဦးမယ်၊ အသာနေစမ်းပါဟယ်"

ဟူ၍ ပြန်ဖြေသံကိုလည်း ကျွန်ုပ် ကြားခဲ့ရ၏။





ကျွန်ုပ်သည် ဆိုင်မှထွက်ကာ နေပူထဲ့တွင် လျှောက်လာခဲ့၏။ ကျွန်ုပ်၏ ရင်ထဲတွင်. . . .

"ငွေတစ်ရာ. . . . ငွေတစ်ရာ. . . . တစ်ရာ. . . . တစ်ရာ"

ဟူသော အသံများသည် ပဲ့တင်ထပ်၍ လာခဲ့လေတော့သတည်း။

တစ်ခါတွင်လည်း တစ်လလျှင် ငွေငါးဆယ် ပေးရသော အိမ်ခန်းကိုငှားနေပြီးနောက် ၂ လစာ မပေးနိုင်သောကြောင့် အိမ်ရှင်က

"ပစ္စည်းတွေ လမ်းမကို အရောက်ပဲ"

ဟု ဓအော်ကြီးဟစ်ကျယ် ပြောလေ၏။ အနီးအပါးမှလူများ ထွက်၍ကြည့်ကြ၏။ ကြည့်သောသူများတွင် ကျွန်ုပ်နှင့်ရွယ်တူ မိန်းမလေးများလည်း ပါ၏။ ထိုအချိန်ကလည်း ကျွန်ုပ်ရင်ထဲတွင်. . . .

"တစ်ရာ. . . . တစ်ရာ"

ဟူသော အသံများ မြည်ဟည်းရိုက်ခတ်ဖူးသေး၏။

ထို့ကြောင့် ကျွန်ုပ်သည် "တစ်ရာ" ဆိုသော ဂဏန်းကို ကြောက်လန့်ခဲ့ရလေတော့သတည်း။ တစ်ခါ၌လည်း ကျွန်ုပ်သည် အခက်အခဲ လွန်စွာရှိသောကြောင့် မိန်းမတစ်ဦးထံ ငွေတစ်ရာ ခေတ္တခဏချေးငှားရန် ပြောဖူးရာ ထိုမိန်းမက မချေးငှားရုံမျှမက. . . .

"ဒီလိုလူမျိုးနဲ့ ပတ်ပတ်သက်သက် မလုပ်ချင်ဘူး"

ဟု ရင့်ရင့်သီးသီးပြောသည်ကို ခံခဲ့ရဖူး၏။ ထိုပတ်ပတ်သက်သက် မလုပ်ချင်သော မိန်းမနှင့်ပင် ကျွန်ုပ်သည် အိမ်ထောင်ကျခဲ့၏။ ထို့ကြောင့် ကျွန်ုပ်၏ရင်တွင်း၌ 'တစ်ရာ'ဟူသော စာတန်းသည် ကျွန်ုပ်အား ခြောက်လှန့်ရန်အတွက် အစဉ်သဖြင့် ပုန်းအောင်းနေလေ့ ရှိတော့သတည်း။

◆ ◆ ◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် 'တစ်ရာ'ဟူသော အသံကြားလိုက်လျှင် ကျွန်ုပ်၏ ကျောရိုးထဲ၌ စိမ့်ခနဲ ဖြစ်သွားတတ်၏။ ဤနည်းဖြစ်ခြင်းကို ဖိုးဘီးယားဟု ခေါ်ချင်လည်း ခေါ်ပေရော့၊ မတတ်နိုင်တော့ပေ။

တစ်ခုသောညနေတွင် ရေကန်ပေါ်၌ထိုင်ကာ ကျွန်ုပ်သည် တိမ်တောက်သည်ကိုကြည့်၍ စိတ်တွင်ကြည်နူးနေမိ၏။ ထိုအချိန်၌ ကျွန်ုပ်ခြံအတွင်းသို့ လွန်စွာလှပသော ပုလဲငွေရောင်လော်ရယ် အမျိုးအစား မော်တော်ကားကြီးတစ်စီးသည် ငြိမ့်ငြိမ့်ကလေးဝင်လာ၏။ကျွန်ုပ်နှင့် မလှမ်းမကမ်းနေရာသို့အရောက်တွင် ကားသည်ရပ်သွား၏။ ကျွန်ုပ်သည် လှမ်းကြည့်လိုက်၏။ ကားပေါ်မှ ရောင်ပြန်အယ်ဒီတာချုပ် မောင်မောင်မြင့်အေးနှင့် ၎င်း၏ကတော် ဒေါ်စောယုနွယ်တို့ ဆင်းလာကြ၏။ စောယုနွယ်၏ လက်ထဲတွင်လည်း လေးဆင့်ချိုင့်ကြီး တစ်လုံးပါလာ၏။ ၎င်းတို့နှစ်ဦးသည် ကျွန်ုပ်၏အနီးသို့ ရောက်လာကြ၏။ ကျွန်ုပ်လည်း မောင်မောင်မြင့်အေးအား. . . .

"သို့မှန်းပါဦး. . . . မောင်မောင်မြင့်အေး၊ ဘာတွေများ အရေးကြီးလာသလဲ"

ဟု မေးလိုက်၏။ ထိုအခါ မောင်မောင်မြင့်အေးက. . . .

"တစ်ရာပြည့်ရောင်ပြန် အထူးထုတ်ထွက်တော့မယ်၊ ဆရာကြီး ဆောင်းပါးရေးပေးပါဦး"

ဟု ပြောလေ၏။ အမှန်စင်စစ် 'တစ်ရာဖိုးဘီးယား' ကျွန်ုပ်သည် လန့်၍ သွားရမည်ဖြစ်၏။ သို့သော် မလန့်တော့ပါ။

"ဟော့. . . . လတစ်ရာတောင် ပြည့်ပြီလား၊ ဒါဖြင့် ရောင်ပြန်မဂ္ဂဇင်းဟာ ရှစ်နှစ်ကျော်ခဲ့ပြီပေါ့၊ ရေးပါ့မယ်ကွာ၊ ရေးဆို





အဲဒီတစ်ရာအကြောင်းကိုပဲရေးမယ်၊ငါ့ဘဝမှာတစ်ရာအကြောင်း ရေးစရာတွေရှိတယ်ကွ"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက. . . .

"အဲဒီလိုဆိုလည်း ခုရေးပေးလေ"

ဟုပြောရာ ကျွန်ုပ်က. . . .

"ချက်ချင်းကြီးတော့ မလုပ်ပါနဲ့ကွာ၊ နာရီတစ်ရာလောက်တော့ စောင့်ပါဦး"

ဟု ပြောလိုက်လေ၏။

"နာရီတစ်ရာ စောင့်ပါ့မယ်ဆရာကြီး၊ အခေါက်တစ်ရာတော့ မလာနိုင်ဘူးနော်၊ အခေါက်တစ်ရာလာရရင် စာမူခမပေးဘူး ဆိုဖိုးနဲ့ နှိမ်လိုက်မှာ"

ဟု ပြောကာ ရယ်မောလေတော့၏။

ကျွန်ုပ်သည် အထက်ကဆိုခဲ့သည့်အတိုင်း 'တစ်ရာ' ဆိုသော ဂဏန်းကို ကြောက်ခဲ့၏။ထိုကြောက်စိတ်သည် ကျွန်ုပ်အား မည်မျှ ဒုက္ခပေးခဲ့သည်ကို ဖော်ပြရလျှင် လက်သုံးလုံးခန့် စာအုပ်ထူကြီးတစ်ခု ဖြစ်သွားဖွယ်ရာရှိ၏။ ထိုကြောက်စိတ်သည် ကျွန်ုပ်အား ကြီးစွာသော ဒုက္ခများကို ပေးခဲ့၏။ ထို့ကြောင့် ကျွန်ုပ်၏ အတွေ့အကြုံအရ 'ကြောက်စိတ်ထက် ကြောက်စရာကောင်းသော အရာသည် မရှိ' ဟူ၍ သဘောပေါက်လာ၏။

ထိုမကောင်းသောအရာသည် တစ်နေ့တွင် ကျွန်ုပ်နှင့် [illegible]ရန် အကြောင်းပေါ်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးနှင့်အတူ လူတစ်ယောက် ကျွန်ုပ်ထံလိုက်ပါလာ၏။ ထိုသူသည် စကားပြောရာ၌ လွန်စွာဖော်ရွေ၏။ လူချောလူလှတစ်ဦးမဟုတ်သော်လည်း ဥပဓိရုပ်သန့်ပြန့်၏။ စကားပြောရာ၌လည်း သူချည်း တစ်ဖက်သတ်ပြောသည်မဟုတ်။ သူတစ်ပါးကိုလည်း ပြောခွင့်ပေး၍ လေးစားစွာ နားထောင်တတ်၏။

ကျွန်ုပ်သည် စကားပြောစဉ်၌ဖြစ်စေ၊ အလွတ်ထိုင်နေစဉ်၌ဖြစ်စေ ကောင်းစွာ ဂနာမငြိမ်ပေ။ ထိုလူသည် ဂနာငြိမ်၏။ လက်ခြေတို့ကို အကြောင်းမဲ့ လှုပ်ရှားခြင်းမပြု။ သူ၏အသံမှာ ဩဇာတတ်အပြည့်ပါ၏။ ကျွန်ုပ်က ပြော၍ သူက နားထောင်ရသော အလှည့်တွင် ကျွန်ုပ်၏ ကိုယ်ခန္ဓာတစ်နေရာကိုကြည့်၍ နားထောင်၏။ သူက ပြောရသောအခါ၌ ကျွန်ုပ်၏ မျက်ခုံးမွေးနှစ်ခုအကြား နှာခေါင်းအရင်းသို့ တည့်တည့်ကြည့်၍ နောက်ဆုံးစေ့တိုင်အောင် ပေါက်သွားပြီးလျှင် အဝေးဆီသို့ ရောက်သွားသည်ဟုပင် ထင်မှတ် လိုက်ရ၏။

သူ၏ ပြောပုံဆိုပုံမှာ အမိန့်ပေးနေသည်နှင့် မတူပေ။ အကြံပေးနေသည်နှင့်သာ တူ၏။ ဥပမာအားဖြင့်. . . .

"ကိုအောင်ထွန်း အသားလျှော့စားဗျာ"

ဟု မည်သည့်အခါမျှ မပြောပေ။

"ကိုအောင်ထွန်းရေ အသားနည်းနည်းလျှော့ပြီး အသီးအရွက် လေး ပိုစားရင် ကောင်းမယ်ထင်တယ်ဗျ"

ဟူ၍သာ ပြောတတ်လေ၏။ ဂနာငြိမ်သည်ဆိုသော်လည်း လက်ဟန်ခြေဟန်ဖြင့် ပြောရသောကိစ္စများ၌ လက်များကိုမြှောက်၍ ယမ်း၍ပြော





တတ်၏။ သူ၏လက်ကို မြှောက်ယမ်းသောအခါ၌ ကျွန်ုပ်၏ မျက်စိထဲတွင် တစ်မျိုးတစ်ဖုံကြည့်၍ ကောင်းနေ၏။ သူ၏ လက်ဟန်ခြေဟန်သည် သူပြောသောစကားနှင့် ဆီလျော်ညီညွတ်နေ၏။ သူသည် တတ်သည် သိသည်ဟူ၍ မပြောဘဲ. . . .

"ဘဲဥအကြောင်းအရာကိုတော့ နည်းနည်းပါးပါး စိတ်ဝင်စားဖူးပါတယ်"

ဟူ၍သာ ပြော၏။ သူသည် ဗေဒင်ပညာကို ကောင်းစွာတတ်ကြောင်း နောင်တွင် ကျွန်ုပ်သိရ၏။ ကျွန်ုပ်က. . . .

"မိတ်ဆွေကြီး. . . . ဗေဒင်တတ်တယ် မဟုတ်လား"

ဟု မေးရာ သူက. . . .

"တတ်တဲ့အထဲတော့ မထည့်ပါနဲ့ဗျာ၊ နည်းနည်းပါးပါး စိတ်ဝင်စားဖူးပါတယ်"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"နည်းနည်းပါးပါးဆိုတာ ဘယ်လောက် နည်းနည်းပါးပါးလဲဗျာ၊ မလျှို့ပါနဲ့ဗျာ"

ဟု ရင့်ရင့်သီးသီး ပြန်၍မေးလိုက်လျှင် ၎င်းသည် နှစ်လိုဖွယ်ရာ ပြုံးလိုက်၏။

ထို့နောက်မှ. . . .

"ဗေဒင်သမုဒ္ဒရာကြီးထဲက ရေလေးတစ်ပေါက်လောက်လောက် သောက်ဖူးပါရဲ့ဗျာ"

ဟု ပြန်၍ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူနှင့်တွေ့သည့် တစ်ခဏလေး၌ပင် ကျွန်ုပ်၌ ဒုက္ခအပေါင်းကို သူ့အားပြောမိလျက်သား ဖြစ်နေ၏။ အမှန်စင်စစ်အား ဖြင့် သူ၌လည်း ဒုက္ခများ ရှိပေလိမ့်မည်။ ထိုဒုက္ခများကို ကျွန်ုပ်အား အရိပ်အမြွက်မျှပင် အသိမပေးခဲ့။

ကျွန်ုပ်သည် သူနှင့် စကားပြောနေရသည်မှာ စိတ်ချမ်းသာ သကဲ့သို့ ရှိနေ၏။ တစ်ကြိမ်တွေ့လိုက်သည်နှင့်ပင် ထိုသူအား ကျွန်ုပ် သည် ခင်မင်ရင်းနှီးသွားလေတော့၏။ ထိုမိတ်ဆွေ ကျွန်ုပ်အိမ်သို့လာ လျှင် ကျွန်ုပ်သည် ပျော်သကဲ့သို့ ဖြစ်သွား၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီလိုဗျ၊ ကျုပ်မှာက ရောဂါတစ်ခုရှိတယ်၊ အဲဒီရောဂါကလည်း ကြာတော့ အမြစ်တွယ်လာပြီပေါ့ဗျာ"

ဟု စကားစလိုက်လျှင် ထိုသူက ပြုံး၍. . . .

"ပြောပြပါဦး"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် 'တစ်ရာ'ဆိုသော ဂဏန်းကို ကြောက်လန့်နေကြောင်း အသေးစိတ် ပြောပြလိုက်ရာ ထိုသူက. . . .

"ဒီလိုထင်တယ် ကိုအောင်ထွန်းရဲ့၊ တစ်ရာဂဏန်းကို ခင်ဗျား က ကြောက်နေတာ မဟုတ်ပါဘူး၊ အဲဒီဂဏန်းနဲ့ ခင်ဗျားနဲ့ နည်းနည်းလေး စိမ်းနေတာပါ၊ သူနဲ့ ရင်းနှီးအောင် လုပ်ပစ် လိုက်ရင် ပြီးတာပါပဲ"

ဟု ပြောလေ၏။

"ဘယ်လိုများ ရင်းနှီးအောင် လုပ်ရမလဲဗျာ၊ နည်းလမ်းရှိရင် လည်း ညွှန်ပြပေးပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုမိတ်ဆွေက. . . .





"ဒီလိုလုပ်ရအောင်ဗျာ၊ ဒီနေ့ကစမယ်၊ ကိုအောင်ထွန်းအနေနဲ့ သက်သတ်လွတ် ရက်တစ်ရာပြည့်အောင် စားမယ်ဗျာ အမိဋ္ဌာန်နဲ့ စားမယ်ပေါ့၊ ဒီနေ့အဖို့ သက်သတ်လွတ်အဓိဋ္ဌာန်နဲ့ စားလို့ ပြီးပြီဆိုပါတော့၊ ညအိပ်ရာဝင်တဲ့အခါမှာ 'တစ်ရာ မရှိတော့ဘူး၊ ကိုးဆယ့်ကိုး ဖြစ်သွားပြီ' လို့ အခေါက်တစ်ရာ ဆိုမယ်ဗျာ၊ နောက်နေ့ကျတော့လည်း ဒီအတိုင်းပေါ့၊ 'တစ်ရာ မရှိတော့ဘူး၊ ကိုးဆယ့်ရှစ်ဖြစ်သွားပြီ'၊ နောက်ဆုံးရက်ကျရင် တော့ 'တစ်ရာဟာ လုံးဝမရှိတော့ဘူး၊ သုညရက်ဖြစ်သွားပြီ' လို့ ခင်ဗျားဆိုရတော့မှာပေါ့၊ အဲဒီလိုပဲ ဘာကိုပဲလုပ်လုပ် အမိဋ္ဌာန်ကလေးနဲ့လုပ်ပြီး တစ်ရာကို ခင်ဗျား နိုင်သွားတဲ့ အကြောင်း ခင်ဗျားပါးစပ်ထဲမှာ ချောအောင်စာစီပြီး အကြိမ် တစ်ရာပြည့်အောင် ဆိုပစ်လိုက်ပေါ့ဗျာ၊ နောက်ဆိုရင် တစ်ရာ ကို ခင်ဗျား မကြောက်တော့ဘူး၊ ခင်ဗျား ရင်းနှီးလာမှာ၊ နောက်ဆုံး ခင်ဗျား သူ့ကိုချစ်သွားမှာ၊ သူနဲ့တွေ့ရင် ပျော်လာ မှာ၊ ဆရာလုပ်တာမဟုတ်ဘူးနော် ကိုအောင်ထွန်း၊ အကြံပေး တာ"

ဟူ၍လည်း နှိမ့်ချလိုက်သေး၏။

ကျွန်ုပ်သည် ထိုမိတ်ဆွေပြောသည့်အတိုင်း ထိုနေ့ကစ၍ သက် သတ်လွတ် စားခဲ့၏။ ထိုနေ့ကစ၍ အကြောက်တရားကို ဖြေဖျောက်ခဲ့၏။ ထိုအတောအတွင်း၌လည်း ကျွန်ုပ်ရွတ်ဆိုရမည့် ဂါထာများကို အကြိမ် တစ်ရာ ရွတ်ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လူ၏ စိတ်သဘာဝသည် လွန်စွာထူးဆန်း၏။ ကြောက်သောအရာကို မချစ်ပေ။ ချစ်သောအရာကို မကြောက်ပေ။ ထို စကားအတိုင်းပင် ကြောက်သောအရာကို မုန်း၏။ မုန်းသောအရာကို ကြောက်၏။ ကြောက်သောအရာအတွက် ထိုအကြောက်ကို ခံစားရသောသူအတွက် 'ဒေါသစေတသိက်'များ အချိုးကျ ပါဝင်နေမည်ဟု ကျွန်ုပ်အနေနှင့် ထင်ပါသည်။ အကြောက်များ ပြေပျောက်၍ မကြောက်သောအခါ၌ 'အဒေါသစေတသိက်' ဖြစ်သွားဟန်ရှိ၏။

'အဒေါသ'၏ နောက်ဆက်တွဲတွင် ဒေါသအညစ်အကြေးကင်းစင်သော မေတ္တာပန်းကလေးသည် ပွင့်လန်းလာလေတော့၏။ ကျွန်ုပ်သည် တစ်ရာကြောက်သမား ဖိုးဘီးယားဖြစ်၏။ မိတ်ဆွေကောင်း၏ ကျေးဇူးကြောင့် ထိုတစ်ရာအကြောက်သည် ပျောက်လွင့်၍သွားပေပြီ။

ထို့ကြောင့် ထိုတစ်ရာကို ကျွန်ုပ်အနေနှင့် ချစ်လာ၏။ သက်သတ်လွတ် အမိဌာန်အောင်မြင်သောနေ့၌ ကျွန်ုပ်၏ မှတ်စုစာအုပ်ထဲ၌ 'ချစ်သောတစ်ရာ' ဟူ၍ပင် ရေးမှတ်ခဲ့မိလေ၏။

အကြောင်းဆိုက်၍ ဆိုရပါမူ မောင်မောင်မြင့်အေး ထုတ်ဝေနေသော မဂ္ဂဇင်းသည် သူနှင့် ကျွန်ုပ် အစပြုခဲ့သော မဂ္ဂဇင်းဖြစ်၏။ ၎င်းမောင်မောင်မြင့်အေးရော၊ သူ၏ဇနီး စောယုနွယ်ရော၊ ရောင်ပြန်မှ





ဦးသန့်ရောသည် ကျွန်ုပ်၏ သားသမီးများပင် ဖြစ်၏။ သူတို့ကို ကျွန်ုပ်သည် ချစ်၏။ ရောင်ပြန်ကိုလည်း ချစ်၏။

ထို့ကြောင့် ရောင်ပြန်မဂ္ဂဇင်း လတစ်ရာမြောက် အထူးထုတ်သည် ကျွန်ုပ်၏ ကြိုးပမ်းမှုဖြင့် 'ချစ်ခဲ့ရသော အချစ်တစ်ရာ'ဟု ဆိုနိုင်၏။ ထိုအချစ်တစ်ရာ၌ အလှတစ်ရာပါ၏။ ပွင့်ဖတ်တစ်ရာရှိသော ကြာပွင့်ကလေးဟုပင် ကျွန်ုပ် ထင်မှတ်မိခဲ့၏။

ထို့ကြောင့် ကျွန်ုပ်၏ အချစ်တစ်ရာ. . . . အလှတစ်ရာ . . . ပွင့်ချပ်တစ်ရာအဖြစ် ဝေဆာတင့်တယ်နေသော ရောင်ပြန် လတစ်ရာမြောက်သည် ကျွန်ုပ်၏ နှလုံးသည်ပွတ်ပင် ဖြစ်လေကော့သတည်း။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဘုရားပေါ်မှအဆင်းတွင် သင်ခဲ့ရသော

## အင်္ဂလိပ်စကားတစ်ခွန်း

ကျွန်ုပ်သည် ဗုဒ္ဓဟူးနေ့တစ်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ခဲ့လေ၏။ ရွှေတိဂုံဘုရားမဖူးရသည်မှာ ကြာပြီဖြစ်သောကြောင့် တောင်ဘက်မုခ်နားတွင် ကားပေါ်မှဆင်းကာ ရင်ပြင်ပေါ်သို့ တက်လေ၏။ တောင်ဘက်မုခ် အောက်ဆုံးလှေကားထစ်တွင် ကိုလှဖေ ဆိုသူနှင့် တွေ့၏။ ကိုလှဖေမှာ ယဉ်ယဉ်လေးရှုးနေသော စိတ်ရောဂါဝေဒနာရှင်တစ်ဦး ဖြစ်၏။ တွေ့လျှင် တွေ့ချင်း သူသည်. . . .

"အိုကေ(Ok). . ."

ဟု နှုတ်ဆက်၏။ အိုကေဆိုသော စကားဆုံးသည်နှင့် . . . .

"ဒီနေ့ ဆေးလိပ်ဖိုးလေး ပေးစမ်းပါဦး"

ဟု တောင်းတတ်၏။





အတောင်းခံရသူက ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သူ၏ ဒုတိယစကားမှာ. . . .

"ဒီနေ့ မနက်စာစားဖို့ ထမင်းဖိုးလေး ပေးခဲ့ပါဦး"

ဟု ပြောတတ်၏။ တတိယစကားမှာ. . . .

"ဒီနေ့ နေ့လယ် မွန်ဆိုင်မှာ လက်ဖက်ရည်သောက်ဖို့ လက်ဖက်ရည်ဖိုးလေး ပေးခဲ့စမ်းပါ"

ဟု ပြောလေ့ရှိ၏။ ထို့ပြင်လည်း. . . .

"ဒီနေ့ ညစာစားဖို့ ထမင်းဖိုးလေး ပေးခဲ့စမ်းပါဦး"

"ဒီနေ့စီးဖို့ ဖိနပ်မရှိလို့ ဖိနပ်ဖိုးလေး ပေးခဲ့စမ်းပါဦး"

"ဒီနေ့ပြန်ဖို့ လမ်းစရိတ်မရှိလို့ လမ်းစရိတ်လေး ပေးခဲ့စမ်းပါဦး"

စသည့် 'ဒီနေ့' ဟု ခေါင်းစဉ်တပ်ထားသော စကားများကို ကြားရတတ်၏။ ထို့ကြောင့် ကျွန်ုပ်က တစ်ခါတွင် ကိုလှဖေကြီးအား . .

"ကိုယ့်လူကလည်း ဘာပြောပြော ဒီနေ့ချည်းပဲ၊နက်ဖြန်အတွက် ထည့်ပြီး ပြောစမ်းပါဦး"

ဟု ပြောလိုက်ရာ ၎င်းက. . . .

"မဟုတ်တာ မပြောပါနဲ့ ကျေးဇူးရှင်ရယ်၊ မနက်ဖြန်အတွက် ပြောလည်း၊ နက်ဖြန်အတွက် တောင်းလည်း ရသော ဒီနေ့မှာပဲ ရမှာခင်ဗျားက မနက်ဖြန်ကျပေးမယ်ဆိုပါလောသော



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပေးတဲ့ အချိန်ဟာ မနက်ဖြန်မဟုတ်တော့ဘူး၊ ဒီနေ့ဖြစ်နေပြန်ရော၊အဲဒီတော့ ကျုပ် မနက်ဖြန်ဆိုတာကို မယုံဘူး၊သူဟာ ပျောက်ပျောက်သွားတယ်၊ မနက်ဖြန်တွေဟာ ဒီနေ့တွေ ဖြစ်ဖြစ်ကုန်တယ်၊ ဒါကြောင့် ဒီနေ့လို့ပဲ ပြောတာ"

ဟု ကျွန်ုပ်အား ပြန်၍ပြောလေ၏။

သူသည် ကျွန်ုပ်ကိုမြင်လျှင် အနီးသို့ ကပ်လာပြီးလျှင်. . .

"အိုအေ(Ok). . . "

ဟု နှုတ်ဆက်လေ၏။ ပြီးလျှင်ပြီးချင်း. . . .

"ဒီနေ့မနက် ဆေးလိပ်သောက်ဖို့ ဆေးလိပ်ဖိုးလေး ပေးခဲ့စမ်းပါဦး ကျေးဇူးရှင်"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . . .

"အန်. . . အို. . . နိုး(No). . . "

ဟု ပြန်ပြောလိုက်လေ၏။

သို့ရာတွင် ၎င်းက. . . .

"ဒီနေ့မနက်စာစားဖို့ ထမင်းဖိုးလေး ပေးခဲ့စမ်းပါဦး ကျေးဇူးရှင်"

ဟု ပြောပြန်လေ၏။ ကျွန်ုပ်က. . . .

"နိုး. . . (No)"

ဟု ပြန်၍ဖြေရ၏။ သူသည် ကျွန်ုပ်နှင့်အတူ လိုက်ပါလာ၏။ ကျွန်ုပ်သည် တန့်ခွန်ရှေ့ထောင့်သို့ ရောက်သွားကာ နောင်တော်ကြီးဘုရား၏ ခြေတော်





ရင်းရှိ စေတီကလေးတစ်ဆူ၏ နောက်တွင် ပုတီးစိပ်လေ၏။ ကိုလှဖေသည် မလှမ်းမကမ်းတွင်ထိုင်၍ ကျွန်ုပ်ကို စောင့်လေ၏။ နာရီဝက်ခန့်အကြာ၌ ကျွန်ုပ်၏ ပုတီးစိပ်ခြင်းအလုပ် ပြီးသွားသောကြောင့် နေရာမှထလိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာလိုက်လေ၏။

"ကျေးဇူးရှင်ကြီး. . . ၊ ဒီနေ့ဖွာဖို့ စီးကရက်ကလေး တစ်လိပ်လောက် ပေးစမ်းပါဦး"

"နိုး(No). . . "

"ဒီနေ့အိမ်ပြန်ဖို့ စရိတ်မရှိလို့ ကားခလေးပေးပါဦး"

"နိုး(No). . . "

ကျွန်ုပ်သည် ဘုရားပေါ်မှ ပြန်၍ ဆင်းလာပြီးဖြစ်၏။ ကိုလှဖေသည် ကျွန်ုပ်နှင့်ကပ်၍ပါလာပြီး 'ဒီနေ့' ဆိုသောစကားကို ရှေ့မှတပ်ကာ သူအလိုရှိသောအရာများကို တစ်ခုပြီးတစ်ခုတောင်းရင်း လိုက်ပါလာ၏။

ကျွန်ုပ်ကလည်း လုံးဝမပေးဘဲ 'နိုး(No)' ဆိုသည့် စကားတစ်လုံးဖြင့် ကာကွယ်၍ ပြောရလေ၏။ သူသည် စိတ်မပျက်ပေ။ လိုက်မြဲလိုက်ပါလာခဲ့၏။ တောင်းမြဲတောင်း၏။ စောင်းတန်း၏အလယ်လောက်သို့ ရောက်သောအခါ ကိုလှဖေက. . . .

"ကျေးဇူးရှင်က ဒီနေ့ပြောရမယ့် အင်္ဂလိပ်စကားကို မတတ်ဘဲနဲ့ လျှောက်ပြီးပြောနေတာကိုး. . . "

ဟု ပြောလေတော့သည်။ ထို့ကြောင့် ကျွန်ုပ်ကလည်း 'နိုး(No)' ဟု ပြန်၍ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောင်းတန်း အောက်ဆုံးလှေကားထစ်သို့ ရောက်သောအခါ၌ လမ်းခွဲကြရတော့မည် ဖြစ်၏။ ထိုအခါ ကိုလှဖေက. . .

"ဒီနေ့ ကမ္ဘာပေါ်မှာ ကျက်သရေမင်္ဂလာနဲ့ အပြည့်စုံဆုံး အင်္ဂလိပ်စကားတစ်ခွန်းကို ကျေးဇူးရှင်ကို သင်ပေးလိုက်မယ်၊ အခုတော့ ခင်ဗျားက အင်္ဂလိပ်စကားမပြောတတ်ဘဲ လျှောက်ပြီး ပြောနေတာကိုး. . ."

ဟု သူက ပြောလေ၏။

ကျွန်ုပ်က ဖိနပ်ကိုချစီးရင်း ပြောလိုက ပြောနိုင်ကြောင်း အဓိပ္ပာယ်ဖြင့် ခေါင်းကို အသာညိတ်ပြလိုက်၏။ ထိုအခါ ကိုလှဖေက

"ဒီနေ့ ပြောရမယ့် စကားက 'ဝိုင်. . အီး. . အက်စ်. . . ရက်စ်. . . (Yes)' လို့ ဖြစ်တယ်၊ နိုး(No) မဟုတ်ဘူး၊ နိုး(No)က ငြင်းဆိုတာ၊ ရက်စ်(Yes)က လက်ခံတာ၊ လက်ခံတတ်အောင် လေ့ကျင့်စမ်းပါ၊ (Yes)ဆိုရင် ဆန့်ကျင်ဘက်မရှိတော့အောင် အားလုံးနဲ့ သင့်မြတ်မယ်၊ အရာရာ ပြေလည်သွားမယ်၊ နိုး(No)ဆိုရင် ဆန့်ကျင်ဘက်ဖြစ်သွားပြီ၊ ရင်ထဲမှာ မလပ်တော့ဘူး၊ မကျေနပ်မှုတွေ၊ ပဋိပက္ခတွေကို ဖိတ်ခေါ်သလို ဖြစ်နေမယ်၊ ဒါကြောင့် ရက်စ်(Yes)လို့ လုပ်စမ်းပါ. . ."

ထို့ကြောင့် ကျွန်ုပ်လည်း. . . .





"ခင်ဗျားပြောတာ မှန်တယ်ဗျို့၊ အဲဒီတော့ ဒီနေ့လည်း ရက်စ် (Yes)၊ မနက်ဖြန်အတွက်လည်း (Yes)၊ ရော့. . . ငွေတစ်ရာ"

ဟုဆိုကာ ရာတန်တစ်ရွက်ကို ထုတ်၍ ၎င်း၏လက်ထဲသို့ ထည့်လိုက်လျှင် ၎င်းကိုလှဖေက သူ၏လက်ညှိုးနှင့် လက်မကိုထိကာ ဝိုင်းဝိုင်းကလေး လုပ်ပြပြီးနောက်. . .

"အိုကေ(Ok). . ."

ဟု ကျေနပ်ပြုံးရွှင်စွာဖြင့် ကျွန်ုပ်အား နှုတ်ဆက်လိုက်လေတော့သတည်း။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကိုပီတာတစ်ယောက်

ကျွန်ုပ်နှင့်အဖော် (၁၁) ဦးသည် မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်၊ ယူနန်နယ်စပ်ရှိ ရှန်ဂရီလာဟုခေါ်သော တိဗက်တို့၏ အရပ်ဒေသသို့ သွားရောက်ရန်အတွက် မူဆယ်မြို့သို့ ရောက်ရှိခဲ့ကြလေတော့၏။

ထိုသို့ ရောက်ရှိပြီးနောက် ပြည်ထောင်စုလမ်းရှိ ရွှေရာစုဟိုတယ်တွင် နှစ်ယောက်တစ်ခန်း၊ သုံးယောက်တစ်ခန်းဆိုသလို ငှားရမ်းကာ တည်းခိုခဲ့ကြလေတော့၏။ ထိုဟိုတယ်သို့ရောက်ပြီး နာရီဝက်အတွင်း၌ပင် ကျွန်ုပ်၏အဖော် (၁၁) ဦးသည် အနွေးထည်များ ဝယ်ယူရန်အတွက် ဈေးသို့ သွားကြလေ၏။





ကျွန်ုပ်နှင့်တစ်ခန်းတည်းတည်းခိုသော ဇင်ယော်နီမှာမူ ထဲရှေ့ထည့်ရန်အတွက် အလူမီနီယံဖြင့် ပြုလုပ်ထားသော သေတ္တာငယ်ကလေးတစ်လုံးဝယ်ရန် ထွက်သွားခြင်းဖြစ်၏။ ကျွန်ုပ်သည် ဟိုတယ်အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်နေခဲ့လေ၏။ စလောင်းမှလာသော တီဗွီကိုကြည့်လိုသော်လည်း တီဗွီမဖွင့်တတ်သောကြောင့် မကြည့်ရဘဲ နေရလေ၏။

ထိုအခါ၌ ရေနွေးဖြင့် ရေချိုးမည်ဟု ရေချိုးခန်းသို့ ဝင်ခဲ့သော်လည်း ရေနွေးပိုက်ကို မဖွင့်တတ်သောကြောင့် ရေမချိုးရဘဲ နေရပြန်လေ၏။ ထိုအခါ၌ ကျွန်ုပ်သည် အလကားထိုင်နေမည့်အတူတူ ပုတီးစိပ်နေရလျှင် တော်သေး၏ဟု ဆုံးဖြတ်ကာ အမြဲဒ္ဓာန်ဖြင့် စိပ်နေသော 'အရဟံသိဒ္ဓိ' (၆၄) ပတ်ကို စိပ်၍နေလေ၏။ ထိုအခါ၌ အခန်းတံခါးခေါက်သံကြားသဖြင့် တံခါးကို သွားရောက်ဖွင့်ပေးရာ အသက် (၃၀) အရွယ်ခန့် လူတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူသည် ကျွန်ုပ်တို့ပြုံးပြ၏။ ကျွန်ုပ်ကလည်း ဘုမသိ ဘမသိနှင့် ပြန်၍ပြုံးပြ၏။ ထိုသူက ကျွန်ုပ်အား. . . .

"ကိုအောင်ထွန်း မဟုတ်လား"

ဟု မေးလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် အောင်ထွန်းပါ"

ဟု ကျွန်ုပ်က သွက်လက်စွာ ဖြေလိုက်၏။ ထိုအခါ ထိုသူက. . . .

"ကိုအောင်ထွန်း ကျုပ်ကို မမှတ်မိဘူးလား၊ ယူနီတာစီတီတုန်းကခင်ဗျားနဲ့ ကျုပ်နဲ့ အတူတူလေ၊ ကျုပ်တို့နှစ်ယောက်စလုံး ဓါတ်ဆိုဖီ ယူကြတာလေ"

ဟု ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး မိတ်ဆွေရယ်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ခင်ဗျား လူမှားနေပြီနဲ့ တူတယ်၊ ဘာဖြစ်လို့လဲ သိလား. . .၊ ကျုပ်က ခင်ဗျားပြောတဲ့ ယူနီဗာစီတီကို မရောက်ဖူးဘူးလေဗျာ၊ ဆယ်တန်းမှမအောင်ဘဲ၊ မဖြစ်နိုင်ပါဘူး၊ အခြား အောင်ထွန်းတစ်ယောက် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ပြီးတော့ ခင်ဗျားနဲ့ ကျုပ်ဟာ ကျောင်းနေဘက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက အလွန်ဆုံးရှိလှမှ (၅၀) ပေါ့ဗျာ၊ ကျုပ်က (၆၅) နှစ်ရှိပြီဗျ၊ အသက် (၁၅) နှစ်တောင် ကွာတဲ့ ကျောင်းနေဘက်ရယ်လို့ ဖြစ်နိုင်ပါ့မလားဗျာ"

ဟု ကျွန်ုပ်က စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ရာ ထိုသူက. . . .

"အိုး. . . ဆောရီး မှားသွားပြီ၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားဟာ စာရေးဆရာမင်းသိမ် မဟုတ်လား၊ ကျွန်တော်နဲ့ ကျောင်းနေဘက် သူငယ်ချင်းမဟုတ်လည်း ဆရာနဲ့ မိတ်ဆွေဖြစ်ရတာ ပေါ့ဗျာ၊ မှားတော့ မှားတာပဲ၊ ဒါပေမဲ့ အမှားကောင်းပေါ့ဗျာ၊ ဆရာနဲ့ မိတ်ဆွေဖြစ်ခွင့်ရတာပေါ့၊ ကျွန်တော် ထိုင်မယ်နော်"

ဟုဆိုကာ ထိုသူသည် ဖွတ်အတင်း အခန်းတွင်းသို့ ဝင်၍ ကုလားထိုင်တွင် ထိုင်လေတော့၏။

"ဒီလို ဆရာရဲ့. . .၊ မပြောဘူးလို့ နေတာပဲ၊ ဒါပေမဲ့ ပြောရဦးမယ်၊ ကျွန်တော်လည်း စာရေးဆရာပါပဲ၊ တစ်ခုတော့ ရှိတယ်၊ စာရေးဆရာဆိုလို့ ဝတ္ထုတွေဘာတွေ ရေးတယ်လို့တော့ မထင်နဲ့နော်၊ ကျွန်တော်က စိတ်ကူးယဉ်တာဆို ဘာမှ မလုပ်ဘူးဗျ၊ စိတ်ကူးယဉ်ပြီးလုပ်ရတဲ့အလုပ်ကိုလည်း အထင်မကြီးဘူးဗျ၊ ဒါကြောင့် မရေးတာပါ၊ ဆေးလိပ်တစ်လိပ်သောက်မယ်နော်"





ဟုဆိုကာ ထိုသူသည် စားပွဲပေါ်တွင်ချထားသော ကျွန်ုပ်၏စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရှိုက်ဖွာပြီး မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်ဘက်သို့ လှည့်ကာ. . . .

"ကျွန်တော် ဒီကိုလာပြီး စကားပြောတာ ဆရာ့အတွက် အနှောင့်အယှက် ဖြစ်ပါသလား"

ဟု မေးလိုက်လေ၏။

"ဖြစ်တာပေါ့ ငါ့လူရာ. . .၊ အလွန့်ကို ဖြစ်တာပေါ့"

*(ကျွန်ုပ်က စိတ်တွင်းမှ ပြောလိုက်၏။)* ပါးစပ်မှမူ. . . .

"မဖြစ်ပါဘူး၊ မိတ်ဆွေမဖြစ်ပါဘူး၊ စာရေးဆရာ မိတ်ဆွေတစ်ယောက် တိုးတယ်ဆိုပြီး ကျုပ်က ဝမ်းသာပါတယ်"

ဟု ပြောလိုက်မိလေ၏။

"တစ်ခုပြောရအုံးမယ် ဆရာရဲ့၊ ဆရာရေးတဲ့ မနောမယထမင်းဝိုင်း ဆိုတဲ့ ဆောင်းပါးမှာ ပီတာဆိုတဲ့ကောင်ကြီးက ကြောင်ကြီးပဲဗျာ"

ဟု ထိုသူက ပြောလေ၏။

"ဟား. . . ကိုယ့်လူ ရိုင်းလှချည်လား" *(စိတ်တွင်းမှ)*

"ခင်ဗျားဝေဖန်တာ သဘာဝကျပါတယ်ဗျာ၊ အဲဒီလို အားနာပါးနာ ဝေဖန်တာမျိုးကို ကျုပ်အနေနဲ့ ကြိုဆိုပါတယ်" *(ပါးစပ်မှ)*

ထိုအခါ ထိုသူက. . . .



www.burmeseclassic.com

www.burmeseclassic.com



"အခုတစ်ခါ ဆရာသမားက လုပ်ပြန်ပြီ၊ ထမင်းဝိုင်းထဲမှာ ပေတလူဆိုတဲ့ ငတိလေးတစ်ကောင် ထည့်ပြန်ပြီ၊ ဒီကောင်လေးက ကလေးက ကလေးလိုမနေဘူး၊ ဘာတွေလျှောက်ပြီး ပြောမှန်းမသိဘူး၊ ဆရာ ဘာကြောင့် အဲဒီ မဟုဘ်က ဟုတ်က ဇာတ်ကောင်တွေကို ရေးရတာလဲ"

ဟု ပြောပြန်လေ၏။

"အဲဒါ မင်းအလုပ်လား၊ မင်းနဲ့ ဘာဆိုင်လဲ၊ ငါရေးချင်တဲ့ဇာတ်ကောင် ရေးမှာပေါ့၊ မင်းဟာ အတော်လူဝါးဝတဲ့ ကောင်ပဲ၊ ဒါမျိုးဟာ ဝေဖန်ကာမဟုတ်ဘူး၊ သက်သက်အပြစ်တင်ပြီး စော်ကားတာခေါ်တယ်၊ နားလည်လား" *(စိတ်တွင်းမှ)*

"မိစ္ဆာဆွေကြီးဝေဖန်တာ အတော့်ကို သဘာဝကျပါတယ်၊ ဘာကြောင့်များ အဲဒီဇာတ်ကောင်ကို ကျုပ်က ရေးမိနေမှန်း မသိပါဘူး" *(ပါးစပ်မှ)*

ထိုအခါ၌ ထိုသူသည် စီးကရက်တိုကို အနီးရှိအမှိုက်ပုံးတွင်းသို့ ပစ်ထည့်လိုက်ပြီးလျှင် နောက်ထပ် စီးကရက်တစ်လိပ် ထပ်ယူ၍ မီးညှိပြန်လေ၏။ ထို့နောက် ထိုသူက. . . .

"ရှေ့ဆက်စနဲ့ ပြောရအုံးမယ်ဗျာ၊ စာပေသမားချင်းတွေ့တော့ သိပ်ပြီး စကားပြောလို့ကောင်းတာပဲ၊ဆရာ့ထဲမှာပါတဲ့ ပေတလူရဲ့ အစ်ကို တဈေဖြူဆိုတာ ဆရာရေးထားတာကိုတော့ မကြိုက်ပါဘူး၊ ဒါပေမဲ့ အဲဒီနာမည်ကို ကြိုက်တယ်ဗျ၊ ဘာဖြစ်လို့ ကြိုက်သလဲဆိုတော့ တဈေဖြူဆိုတာ ကျုပ်ရဲ့ ကလောင်အမည်ဗျ၊ ပင်နိမ်းပေါ့ဗျာ၊ အဲဒီကလောင်အမည်နဲ့ ဆောင်းပါးတွေရေး





လာတာ ဆောင်းပါးပေါင်း (၂၀၀)ကျော်ပြီဗျ၊ပြီးတော့ 'ဘာသာဗေဒနှင့် လျှာ၏အခက်အခဲ' ဆိုတဲ့ ခေါင်းစဉ်နဲ့လည်း ကမ္ဘာပေါ်မှာရှိတဲ့ ရှေးကျတဲ့လူမျိုးကြီးတွေရဲ့ ဘာသာစကားအကြောင်းကို ကျမ်းစာအုပ် ရေးသားထုတ်ပြီးပြီဗျ၊ နောက်တစ်ခုပြောရအုံးမယ်၊ '**ရူပဗေဒဘာသာရပ်၏ အန္တိမသီအိုရီ**' ဆိုတဲ့ ကျမ်းစာအုပ်လည်း ရိုက်နှိပ်ထုတ်ဝေပြီးပြီဗျ၊ '**ကုန်စည်ငွေကြေးကမ္ဘာ့ဟမ္မပဋိပက္ခ**' ဆိုတဲ့ စီးပွားရေးကျမ်း တစ်စောင်လည်း ရေးသားထုတ်ဝေပြီးပြီဗျ၊ ဒီခေတ်ဟာ သိပ္ပံခေတ် ဆိုပေမယ့် ရူပဗေဒခေတ်လေ ဆရာရဲ့၊ ဓာတုဗေဒ ဘာမှလုပ်လို့မရတော့ဘူး၊ ဒါကြောင့် '**ဓာတုဗေဒပို့ချင်း**' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဓာတုဗေဒကျမ်းတစ်စောင် ရေးပြီးပြီဗျ၊ ပြီးတော့ '**အာကာသမှာ မရှိသေးတဲ့ ကြယ်တာရာ**' ဆိုတဲ့ ခေါင်းစဉ်နဲ့ **နက္ခတ္တ**ဗေဒကျမ်းတစ်စောင်လည်း ရေးပြီးပြီဗျ"

ဟု ပြောလေ၏။

"ဟား. . . ဘယ်လိုလူလဲ မသိဘူး၊ ဘာတွေ ပြောမှန်းလဲ မသိဘူး၊ ဒုက္ခပါပဲ၊ ဇင်ယော်နီဆိုတဲ့ကောင်ကလည်း သွားတာ ကြာလိုက်တာ၊ မြန်မြန်ပြန်လာပါတော့၊ ဟိုတယ်ကောင်တာကိုတယ်လီဖုန်းဆက်ပြီး တိုင်ရအောင်ကလည်း ငါက တယ်လီဖုန်း မဆက်တတ်၊ ဒုက္ခပါပဲ၊ အရူးနဲ့တူပါတယ်၊ အရူးဆိုရင်လည်း အတော့်ကို ထူးဆန်းတဲ့အရူးပဲ၊ စနစ်တကျရူးနေတဲ့ အရူးပဲ" *(စိတ်တွင်းမှ)*



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မိတ်ဆွေကြီးက စာပေတာဝန် အတော့်ကို ကျေပွန်ပြီးပြီပဲ၊ အခုလိုကြားရတာ အားရလိုက်တာဗျာ၊ နေပါဦး. . . ဒီမှာက စာရေးဆရာရွှေလီမောင်မောင်တို့ ဘာတို့ ရှိတယ်၊ သူတို့နဲ့ကော ရင်းနှီးပါသလား" *(ပါးစပ်မှ)*

ထိုသူက. . .

"စိတ်ကြီးဝင်တာတော့ မဟုတ်ပါဘူးဗျာ၊ ဒီက စာပေသမားတွေ ဘာတွေနဲ့ မရင်းနှီးပါဘူး၊ ရင်းလည်း မရင်းနှီးချင်ပါဘူး၊ ကျုပ်က ကမ္ဘာ့စာပေသမားတွေနဲ့ပဲ ရင်းနှီးတယ်ဗျ၊ ညတိုင်း အင်တာနက်ကနေတစ်ဆင့် သူတို့နဲ့ စာကြောင်းပေကြောင်း ပြောဖြစ်ပါတယ်ဗျာ၊ ဟိုတစ်ညကတောင် တိုင်းမ်မဂ္ဂဇင်းက အယ်ဒီတာအဖွဲ့က ကျွန်တော့်ဆီက ဆောင်းပါးတောင်းနေတယ်၊ ကျွန်တော်ကလည်း နယူးဝိ(ခ်)ကို ရေးပေးပါမယ်လို့ ပြောထားတော့ အင်တင်တင်လုပ်နေလိုက်တယ်ဗျာ၊ အဲဒီမှာ ပလီကင်စာအုပ်တိုက်နဲ့ အိန္ဒိယက ဒိုင်းမွန်းပါဘလစ်ရှင်က ကျမ်းတစ်စောင်ကို ထုတ်ချင်လို့ ဖွတ်အတင်းကြီး ကမ်းလှမ်းတယ်ဗျာ၊ ကျွန်တော်က အင်္ဂလိပ်လို ရေးထားတာ. . .၊ မြန်မာလို ဆရာနားလည်အောင် ပြန်ပြီးပြောရရင်တော့ '*လူနှင့် သူ၏ အတ္တအကြားတွင် ဖြစ်ပွားနေသော ပဋိပက္ခသဘောတရား၊ ထိုမှတစ်ဖန် ပဋိပက္ခနှင့် ငြိမ်းချမ်းမှုအကြားတွင် လွန်ဆွဲနေသော မသင့်မြတ်မှုများ၊ မသင့်မြတ်မှုနှင့် သင့်မြတ်မှုကြားတွင် အငြင်းပွားနေသော ပြဿနာများ*' ဆိုတဲ့ခေါင်းစဉ်နဲ့ ရေးထားတာခင်ဗျ"

ဟု ပြောကာ စီးကရက်တိုကို အမှိုက်ပုံးအတွင်းသို့ ပစ်ပြန်လေ၏။





"ဘာတွေမှန်းလဲ မသိဘူး၊ အတော့်ကို ရှုးတဲ့လူပဲ၊ ဒီလောက် ရှည်တဲ့ စာအုပ်ခေါင်းစဉ်လည်း တစ်ခါမှမကြားဖူးဘူး၊ အရှူး ဆိုပေမယ့် အတော့်ကို စိတ်ကူးကောင်းကောင်းနဲ့ ရှူးနေတဲ့ အရူးပဲ" *(စိတ်တွင်းမှ)*

"ဟာ. . . . ခင်ဗျားရဲ့အတွေးအခေါ်တွေက အတော့်ကို မြင့်တာပဲ၊ အမှန်အတိုင်းပြောရရင် ကျွန်တော်တော့ မမီပါဘူးဗျာ၊ အဲဒီတော့ ဒီမြို့မှာရှိတဲ့ စာရေးဆရာတွေ ခင်ဗျားသိမှာပါ၊ ရွှေလီမောင်မောင်တို့၊ ရွှေညာသား မြတ်မင်းတို့ သူတို့နဲ့တွေ့ပြီး ပြောပါဗျာ၊ ကျွန်တော့်အဖို့တော့ ဒီလောက်ဆိုရင် တော်လောက်ပါပြီ၊ မိတ်ဆွေကြီးပြောနေတာတွေက မြင့်လွန်းတော့ ကျွန်တော် လိုက်မမီဘူး၊ ခေါင်းလည်း ကိုက်လှပါပြီ၊ စိတ်မဆိုးနဲ့နော်၊ ပြန်ပါတော့. . ." *(ပါးစပ်မှ)*

ထိုသူသည် ထိုင်ရာမှ ထလိုက်လေ၏။ ထို့နောက်. . .

"သိတယ် သိတယ်၊ ကျုပ်ပြောတာတွေကို ဆရာ့ခေါင်းက လက်မခံနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါကြောင့် နည်းနည်းလျှော့ပြောထားတာ၊ ရန်ကုန်ကိုလည်း နောက်လကျရင် လာဖို့ရှိသေးတယ်၊ သွားမယ်နော်"

ဟု ပြောဆိုကာ ထွက်သွားလေ၏။

"ရန်ကုန်လာချင် လာပါဗျာ၊ ကျုပ်ဆီကိုတော့ ဝင်မလာပါနဲ့၊ အခု ပြန်သွားတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ဘယ်တော့မှ မလာပါနဲ့၊ နှစ်တစ်ရာအတွင်း မလာပါနဲ့ဗျာ" *(စိတ်တွင်းမှ)*



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကြီး ရန်ကုန်ရောက်ရင် ကျွန်တော်နေတဲ့ မော်ဘီ၊ မရမ်းတလင်းတောကို ရောက်အောင်လာခဲ့နော်၊ မျှော်နေမယ်"

(ပါးစပ်မှ)

ကျွန်ုပ်သည် အထက်ပါအတိုင်း ပြောလိုက်၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်ဆီသို့ မူဆယ်မြို့မှ စာနယ်ဇင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ဖြစ်ကြကုန်သော စာရေးဆရာ ရွှေညာသား မြတ်မင်းနှင့် ရွှေလီမောင်မောင်တို့ ရောက်ရှိလာကြလေ၏။ ထို့နောက် ရွှေလီမောင်မောင်က. . . .

"ခုနလူက ဆရာ့အခန်းထဲက ထွက်သွားတာလား"

ဟု မေးလေတော့၏။

"မှတ်မိတယ်၊ စာရေးဆရာ တစ္ဆေဖြူတဲ့၊ အဲဒါ ခင်ဗျားတို့ဆီကို သွားဖို့ ကျုပ်က လမ်းညွှန်လိုက်တယ်၊ သူက ဆောင်းပါးချည်းပဲ အပုဒ် (၂၀၀) ကျော်ပြီ၊ ကျမ်းစာအုပ်တွေလည်း မနည်းဘူးတဲ့၊ ရေးပြီးပြီတဲ့၊ ခင်ဗျားတို့ရဲ့ စာပေစာနယ်ဇင်းအဖွဲ့ထဲ ဝင်ချင်ဝင်လို့ရအောင် ကျုပ်ကလမ်းညွှန်လိုက်တာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ရွှေလီမောင်မောင်က. . . .

"ဒီလူ့ကို လက်ဖက်ရည်ဆိုင်မှာ တစ်ခါနှစ်ခါတွေ့ဖူးတယ်ဗျ၊ သူက စိန်ပွဲစားလို့ ပြောတယ်၊နာမည်ကတော့ တစ္ဆေဖြူ မဟုတ်





ဘူးဗျ၊ သူ့ကို လူတစ်ယောက်က ကိုပီတာ လို့ ခေါ်ဆိုကြသည် တယ်၊ အဲဒါကြောင့် ကျွန်တော်က မှတ်မိနေတာ၊ ဆရာနေတဲ့ မနောမယကိုပီတာကြီးနဲ့တွဲပြီး မှတ်မိနေတာပါ၊ ကျွန်တော်တို့ ဆီ မလွှတ်စမ်းပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့အဖွဲ့ကလေးက အေးအေးချမ်းချမ်းနဲ့ တက်ညီလက်ညီ စာပေတာဝန် ထမ်းဆောင်နေကြတာ ဆရာရဲ့၊ ဒီလို ခပ်ကြောင်ကြောင် လူတစ်ယောက်ရောက်လာရင် အကုန်ဦးနှောက်ခြောက်ကုန်လိမ့်မယ်"

ဟု ပြောဆိုကာ တဟားဟားနှင့် ရယ်မောလိုက်လေတော့သတည်း။

**သဗ္ဗေသတ္တာကမ္မဿကာ**





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပေတလူ

အဖေက ဘယ်လိုကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော့်ကို မွေးပြီး (၈) ရက်မြောက်တဲ့နေ့မှာ ကျွန်တော့်ကို 'ပေတလူ' လို့ပဲ ခေါ်တယ်။ အဲဒါကြောင့် ကျွန်တော်ဟာ လူ့လောကမှာ ပေတလူ ဆိုတဲ့ နာမည်တစ်လုံးကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ကျောင်းထားတဲ့ အရွယ် ရောက်တော့ မြူနီစီပယ်ဌာနကဖွင့်တဲ့ မြူနီစီပယ်ကျောင်းမှာ တက်ရပါ တယ်။ အတန်းထဲရောက်လို့ ဆရာမက အမည်စာရင်း ခေါ်တဲ့အခါမှာ တော့ ကျွန်တော့်ကိုရော ကျန်တဲ့ကျောင်းသားများကပါ ဘယ်သူကမှ မောင်ပေတလူလို့ မခေါ်တော့ပါဘူး။ ပေတလူလို့ပဲ ခေါ်ပါတယ်။ ကျောင်းသားချင်းကလည်း ပေတလူပဲ။ ဆရာ၊ ဆရာမနဲ့ ကျောင်းအုပ် ကြီးကလည်း ပေတလူလို့ပဲ ခေါ်ပါတယ်။ အဲဒီကျောင်းက လေးတန်း အောင်ပြီး အထက်တန်းကျောင်းရောက်တော့လည်း ကျွန်တော့်နာမည် ဟာ ပေတလူပါပဲ။

လာဘ်မိုးရွာစာပေ



ကြားထဲမှာ တစ်ခုပြောဖို့ကျန်ခဲ့ပါတယ်။ ရှစ်တန်းရောက်တဲ့ အခါမှာ ကျွန်တော်တို့ကို သင်္ချာပြရတဲ့ ဆရာတစ်ယောက် ရှိပါတယ်။ အဲဒီဆရာက အင်္ဂလိုအင်ဒီယန်းပါ။ သင်္ချာပြလည်း သိပ်တော်ပါတယ်။ သူ့ကျောင်းသားတွေဟာ စာမေးပွဲမှာကျရှုံးတယ်လို့ မရှိပါဘူး။ အဲဒီ ဆရာရဲ့နာမည်က မစ္စတာဆော်လမွန်ပါ။ ဒါပေမဲ့ ကျောင်းသူ၊ ကျောင်း သားမဟူက သူ့နာမည်ကို မစ္စတာဆော်လမွန်လို့ မသိကြပါဘူး။ သူက ကျောင်းနေစဉ်ကတည်းက သူ့နာမည်ကို ရှောလမွန်လို့ ပေးထားပါ တယ်။ ဆရာဖြစ်လာတော့ ဆရာ ရှောလမွန်လို့ ဖြစ်သွားပါတယ်။

သူ့အိမ်ကို ကျွန်တော် စပြီးရောက်ဖူးတဲ့အချိန်မှာ အထူးသတိ ထားမိတာကတော့ သူ့အိမ်မှာ ဘုရားစင်မရှိဘူး။ ဒါကြောင့် ကျွန်တော် က. . . .

"ဆရာ ဘာ ဘာသာဝင်လဲ"

လို့ မေးမိပါတယ်။ အဲဒီအခါမှာ ဆရာရှောလမွန်က. . . .

"မင်းက တစ်ခုမေးတယ်၊ ငါက လေးခု တစ်ခါတည်းဖြေမယ်။ ငါဟာ မရှိလေးမျိုးကွ၊ ဘာသာမရှိဘူး၊ အိမ်ထောင်မရှိဘူး၊ ဆွေမျိုးဆိုလို့ တစ်ယောက်မှ မရှိဘူး၊ ပြီးတော့ ကြွေးလည်း မရှိဘူး၊ ကဲ. . . မင်း ဘာသိချင်သေးလဲ ပေတလူ"

ဟု ဖြေလိုက်ပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း. . . .

"မမေးတော့ပါဘူး ဆရာရယ်၊ ဘာသာမရှိတာလည်း သိရ တယ်၊ အိမ်ထောင်မရှိတာလည်း သိရတယ်၊ ဆွေမျိုးဆိုလို့ တစ်ယောက်မှ မရှိတာလည်း သိရတယ်၊ ကြွေးမရှိတာလည်း သိရပါတယ်"

လို့ ပြန်ပြောလိုက်တဲ့အခါမှာ. . . .

လာဘ်မိုးရွာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာရှောလမွန်က. . . .

"မေးစရာမရှိရင် မမေးရုံပေါ့ကွာ၊ ဒါပေမဲ့ မင်းစိတ်ထဲမှာ မေးချင်နေတာ တစ်ခုရှိတယ်ဆိုတာ ငါသိတယ်၊ အဲဒါ ဘာလဲဆိုတော့ ဆရာရှောလမွန် ဘယ်လိုထမင်းစားလဲဆိုတာ သိချင်နေပုံ ရတယ်၊ အဲဒီဟာ မဟုတ်ဘူးလား"

လို့ မေးလိုက်တယ်။

အဲဒီတော့ ကျွန်တော်ကလည်း ရှက်ရှက်နဲ့. . . .

"အဲဒါ အမှန်ပဲ ဆရာရေ့. . . "

လို့ ဝန်ခံလိုက်တယ်။ အဲဒီနောက် ဆရာရှောလမွန်က. . . .

"ငါ့ဟာငါ ချက်စားတယ်၊ အဝတ်လည်း ငါ့ဟာငါ လျှော်တယ်ကွာ၊ ဈေးလည်း ငါ့ဟာငါ သွားတယ်ကွာ၊ မင်း ဘာပြောဦးမလဲ"

လို့ ပြန်ပြောတယ်။ အဲဒီတော့ ကျွန်တော်က ရယ်လိုက်တယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော်ဟာ ဆရာရှောလမွန်နဲ့ စတင်ရင်းနှီးခဲ့ရပါတယ်။ နောက်ဆိုရင် ကျွန်တော်ဟာ အိပ်ရာအစောကြီးထပြီး ဆရာ့အိမ်ကို သွားတယ်။ စက်ဘီးကလေးနင်းပြီး ဆရာ့အတွက် ဈေးဝယ်ပေးတယ်။ ဆရာက အသားနည်းနည်းပဲစားပြီး အသီးအရွက်များများစားပါတယ်။ ဆရာရဲ့ ဟင်းတချို့မှာ ပျားရည်ထည့်ပြီး ချက်တာလည်း တွေ့ရပါတယ်။ ဆရာဟာ ထမင်းစားပြီးရင် ပျားရည်ကို ရေနဲ့တစ်ခွက်ဖျော်ပြီး သောက်ပါသေးတယ်။ ဆရာဟာ ကျွန်တော်နဲ့သိတဲ့အချိန်မှာ အသက်ငါးဆယ်ရှိပါပြီ။ ဒါပေမဲ့ အလွန်နုပျိုတဲ့အတွက် သုံးဆယ်ကျော်အရွယ်လောက်ပဲ ထင်ရပါတယ်။ တစ်နေ့ ဆရာ့အိမ်ရှေ့မှာ စိုက်ထားတဲ့ သရက်ပင်က





သရက်သီးတွေကို ကျွန်တော် တက်ပြီးခူးတယ်။ အဲဒီတော့ ဆရာက ဘာပြောသလဲ ဆိုတော့. . . .

"အဲဒီသရက်ပင်ဟာ မင်းအသက်ထက် ကြီးတယ်ကွ၊ ငါ့ရဲ့ အသက်အစိတ်တုန်းကစပြီး စိုက်ထားတာ၊ အမှတ်တရဖြစ်အောင် စိုက်ထားတာပေါ့ကွာ"

လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်က. . . .

"ဘာကိုအကြောင်းပြုပြီး အမှတ်တရဖြစ်ချင်လို့လဲ၊ မဟုတ်မှ လွဲရော ဆရာ ဒီအိမ်ကို စဝယ်တဲ့နေ့ကို အမှတ်တရအဖြစ် စိုက်ထားတာဖြစ်မယ်"

လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ဆရာရှောလမွန်က. . . .

"မင်း သိပ်တော်တဲ့အကောင်ပဲ၊ လုံးဝ မဟုတ်ဘူး"

လို့ ပြောတယ်။

"ဆရာရယ် လုံးဝလည်း မဟုတ်ဘူး၊ ဘာကြောင့် ကျွန်တော့်ကို တော်တယ်လို့ ပြောရတာလဲ"

လို့ ပြန်ပြီးမေးလိုက်တော့ ဆရာရှောလမွန်က ရယ်တယ်။

"မင်းပေးတဲ့ အဖြေကတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ စဉ်းစားတာကတော့ နီးစပ်တာပေါ့၊ ငါဟာ ကျင့်စဉ်တစ်ခုကို စပြီးကျင့်တာ၊ အဲဒီဟာကို အမှတ်တရအဖြစ် သရက်ပင်စိုက်ခဲ့တာ၊ အဲဒီကျင့်စဉ်စတဲ့နေ့ဟာ ဟောဒီအိမ်ကိုဝယ်တဲ့ နေ့လည်း ဖြစ်တယ်၊ အဲဒီတော့ အိမ်ဝယ်တဲ့နေ့ရယ်၊ ကျင့်စဉ်စတဲ့နေ့ရယ်၊ ဟောဒီသရက်ပင်စိုက်တဲ့ နေ့ရယ်ဟာ အတူတူပဲ [illegible] ဒါပေမဲ့ ဒီသရက်ပင်စိုက်တာကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရစိုက်တာ မဟုတ်ဘူး၊ ကျင့်စဉ်ကျင့်တာကို အမှတ်တရ အဖြစ် စိုက်တာ"

လို့ ဆရာရှောလမွန်က ပြောပြန်တယ်။ အဲဒီနောက်ပိုင်းမှာတော့ ဆရာဟာ အိမ်ထဲမှာရှိတဲ့ သူ့ရဲ့သီးသန့်အခန်းလေးထဲကို ကျွန်တော့်ကို ဝင်ခွင့်ပြုခဲ့တယ်။ သူ့အခန်းကလေးဟာ ရှင်းပြီးပြောင်နေတယ်။ ပြတင်းပေါက်တွေက လေဝင်လေထွက်လည်း ကောင်းတယ်။ နံရံနားမှာ ဖယောင်းတိုင်ထွန်းတဲ့ စင်ကလေးတစ်ခုကို တွေ့ရတယ်။ ဓာတ်ပုံလေးတစ်ပုံ ချိတ်ထားတာ တွေ့ရတယ်။ အဲဒီဓာတ်ပုံက မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံပါ။ ကျွန်တော် အဲဒီဓာတ်ပုံနားကိုကပ်ပြီး သေသေချာချာ ကြည့်ပါကယ်။ မိန်းမရဲ့ မျက်နှာကတော့ ဟာနကြီးမယ့်မျက်နှာမျိုးပဲ။ ရုပ်ကလည်း ကပြားရုပ်ပဲ။

"သူ ဘယ်သူလဲ"

လို့ ကျွန်တော်က မေးပါတယ်။ အဲဒီတော့ ဆရာက. . . .

"မေရီ"

လို့ ဖြေပါတယ်။

"ဆရာနဲ့ ဘယ်လို ပတ်သက်တာလဲ"

လို့ ကျွန်တော်က အားမနာ ပါးမနာ စပ်စုပါတယ်။ အဲဒီတော့ ဆရာက

"မင်းတို့ခေတ် ကလေးတွေစကားနဲ့ပြောရရင် ငါ့အသည်းကို ခွဲသွားတဲ့ မိန်းမပေါ့၊ ငါ့ဘာသာစကားနဲ့ ပြောရရင်တော့ **'ဟဒယချာကရာ'** လို့ ခေါ်တယ်၊ နှလုံးသားစက်ကို ဖွင့်ပေးသွားတဲ့ ကျေးဇူးရှင်ပေါ့၊ အသည်းကွဲဖူးတဲ့လူမှ နှလုံးသားစက်တန်ခိုး မြန်မြန်နိုးတာကွ၊ အဲဒီနှလုံးသားစက်ဟာ ကိုယ့်ဟာ





ကိုယ်နိုးရရင် တော်တော်ခက်တယ်၊ အသည်းကွဲပြီးသား လူဆိုရင်သိပ်ပြီးလွယ်တယ်ကွဲ့၊ အသည်းကွဲလို့ ရူးသွားတယ်ဆိုတာ ချာကရာက နိုးရုံနိုးတာ မဟုတ်ဘူး၊ ပေါက်သွားတာ၊ အဲဒါကြောင့် ရူးသွားတာ၊ အသည်းကွဲလို့ ရူးတဲ့အရူးဟာ သိပ်ပြီးကြမ်းကြမ်းတမ်းတမ်း မရှိလှဘူး၊ ယဉ်ယဉ်ကလေးရူးတာ၊ ဒီအချက်ကိုကြည့်ရင် ချာကရာပေါက်သွားကြောင်း ထင်ရှားပါတယ်"

လို့ ဆရာရှောလမွန်က ပြောပြတယ်။ အဲဒီတော့ ကျွန်တော်က . . . .

"ဆရာပြောတဲ့ ချာကရာ ဆိုတာတွေကို ကျွန်တော် နားမလည်ဘူး၊ ချာဆိုတဲ့ စကားလုံးနဲ့ နီးနီးစပ်စပ်ဟာ ချာပါတ်ပဲ ကျွန်တော် နားလည်တယ်၊ ဂျုံနဲ့လုပ်ထားတဲ့မုန့်ပဲ"

လို့ ကျွန်တော်က ပြောလိုက်တဲ့အခါမှာ ဆရာရှောလမွန်က ပြုံးလိုက်တယ်။

"ဒီလို ပေတလူရဲ့၊ ချာကရာဆိုတဲ့စကားဟာ မြန်မာစကား စက္ကရနဲ့ အတူတူပဲ၊ စက္ကရဟာ စက်ပဲပေါ့၊ စက်ဆိုတာ အဝန်းအဝိုင်း နေရာပဲပေါ့ကွာ၊ ဩောင်းတစ်ရာ့ရှစ်ကွက် ဝုဒ္ဓစက်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

လို့ ဆရာက မေးပြန်တယ်။ ကျွန်တော်ကလည်း ကြားဖူးကြောင်း ပြောလိုက်ပါတယ်။ အဲဒီအခါမှာ ဆရာက. . . .

"လူမှာက စက်ပေါင်းခြောက်ခု ရှိတယ်၊ ဆီးစပ်နဲ့ စအိုကြား စက်တစ်ခု၊ ချက်နေရာမှာ စက်တစ်ခု၊ နှလုံးနေရာမှာ စက်တစ်ခု၊ လယ်ချောင်းမှာ စက်တစ်ခု၊နဖူးမှာ စက်တစ်ခု[illegible]



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မှာ စက်တစ်ခုရယ်လို့ စက်ပေါင်းခြောက်ခု ရှိတယ်၊
အဲဒါ ချက်ကရာခြောက်ခုပေါ့ကွာ”

လို့ ဆရာက ကျွန်တော့်အား ရှင်းပြလိုက်ပါတယ်။

အဲဒီနောက်တော့ ဆရာက ကျွန်တော့်ကို ချာကရာဖွင့်ပုံဖွင့်နည်း၊ နှိုးပုံနှိုးနည်းတွေကို ပြောပြပါတယ်။ ကိုယ်တိုင်လည်း လေ့ကျင့်ပေးခဲ့ပါတယ်။ ကျွန်တော် ဆယ်တန်းရောက်တဲ့အခါမှာ ဆရာဟာ ကျွန်တော့်ကို မူလာဓာကချာရရာနဲ့ မဏိပူရချာကရာလို့ ခေါ်တဲ့ စက်နှစ်ခု ဖွင့်ပေးခဲ့ပါတယ်။ မဏိပူရချာကရာဆိုတာ ချက်နေရာမှာ ရှိပါတယ်။ အရေးကြီးတဲ့ စက်တစ်ခုပါပဲ။ ဒီနောက်မှာတော့ ဆရာနဲ့ ကျွန်တော် ကွဲကွာသွားတော့တာပါပဲ။ ဆရာ့အကြောင်းကို ကျွန်တော်ဟာ စုံစမ်းပါသေးတယ်။ သူ မူလကနေခဲ့တဲ့ အိမ်ကိုလည်း သွားပါတယ်။ အိမ်မှာ သူမရှိတော့ဘူး။ အိမ်နံရံမှာတော့. . . .

“ရှိတာတွေ အကုန်လုံးယူ”

ဆိုတဲ့ စာတန်းလေး ရေးသွားပါတယ်။ သူဟာ အိမ်ထဲမှာရှိတဲ့ ပစ္စည်းတွေကို ဘာတစ်ခုမှ ယူမသွားပါဘူး။ ဒီအတိုင်းထွက်သွားတာဖြစ်ပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အိမ်ထဲကို ဝင်ပြီးကြည့်တော့ သူကျင့်စဉ်ကျင့်တဲ့အခန်းထဲက စားပွဲတင်နာရီလေးတစ်လုံး၊ သူခြုံတဲ့ ပိတ်ဖြူပဝါလေးတစ်ခုကို ကျွန်တော်လည်း အမွေအဖြစ် ယူထားလိုက်ပါတယ်။ ဆရာရှောလမွန်တစ်ယောက် ဘယ်ကိုရောက်သွားတယ်ဆိုတာ ကျွန်တော် အဲတိအကျ မပြောနိုင်ပါဘူး။ ဒီနောက်မှာတော့ ကျွန်တော်လည်း ကျောင်းကထွက်ပြီး ဘဝခရီးကြမ်းမှာ ကျင်လည်ခဲ့ရတယ်။ ဆရာဖွင့်ပေးခဲ့တဲ့ ချာကရာနှစ်ခုကြောင့် ကျွန်တော်ဟာ ဆရာတစ်ဆူ ဖြစ်





လာပါတယ်။ အဲဒီတော့လည်း ကျွန်တော့်နာမည် ပေတလူ မဟုတ်တော့ဘူးပေါ့။ ဆရာပေတလူ ဖြစ်လာတယ်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အရွယ်ရောက်သွားတော့လည်း ဆရာကနေ ဆရာကြီး ပေတလူ ဖြစ်လာတော့တာပေါ့။ အဲဒီတော့ ကျွန်တော်ဆိုတဲ့ ဆရာ ပေတလူအကြောင်းကို ဆက်ပြီး ပြောပြရတော့မှာပေါ့။

တစ်နေ့မှာ ကျွန်တော်ဟာ တစ်ယောက်တည်း စိတ်အေးလက်အေး ကျိုက်ထီးရိုးဘုရားဖူးမယ်ဆိုပြီး ထွက်လာခဲ့တယ်။ ကျွန်တော်ဟာ လူအသိများတဲ့ ဆရာကြီးပေတလူဖြစ်နေပြီဆိုတော့ ကျိုက်ထီးရိုး စတက်တဲ့ ကင်ပွန်းစခန်းမှာ လူတွေဟာ. . . .

“ဟိုမှာ. . . ဟိုမှာ. . . ဆရာကြီး ပေတလူ”

ဆိုပြီး တစ်ယောက်ကိုတစ်ယောက် လက်တို့ ပြောကြတယ်။ တချို့လည်း လာပြီးနှုတ်ဆက်ကြတယ်။ တချို့လည်း အသက်အရွယ်တိုထောက်ပြီး၊ ဂုဏ်သရေကိုထောက်ပြီး ကျွန်တော့်ကို လာကန်တော့ကြပါတယ်။ ကျွန်တော်ဟာ ဝါးခုံတန်းကလေးတစ်ခုပေါ်မှာ ကျွန်တော့်ရဲ့ လွယ်အိတ်ကိုချပြီး အမောဖြေနေပါတယ်။ တောင်ဝှေးကလေးကိုလည်း ဘေးမှာချထားပါတယ်။ တောင်ဝှေးကတော့ ကျိုက်ထီးရိုးတောင်ဝှေး မဟုတ်ပါဘူး၊ ဂန္ဓာရီတောင်ဝှေးပါ။ အဲဒီဂန္ဓာရီတောင်ဝှေး ဆိုတာကို အသေးစိတ် ပြောချင်ပါတယ်။ ဒါပေမဲ့ အချိန်မရလို့ တိုတိုပဲ ပြောပြမယ်။ ဂန္ဓာရီတောင်ဝှေးဆိုဟာ အဆစ်သုံးဆယ်ပါတဲ့ တောင်ဝှေး [illegible] ကျွန်တော်ဟာ အဲဒီမှာ အမောအပန်းဖြေရင်း ထိုင်နေခဲ့ပါတယ်။ [illegible] တော့ ကျွန်တော့်ဆရာဆီကရတဲ့ ပိတ်ဖြူခြုံထည်ကြီးကိုလည်း [illegible] လိုက်ပါတယ်။ တစ်အောင့်လောက် အမောဖြေရင်း ကျွန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် ဆက်လုပ်ပါတယ်။ ကျွန်တော့်အလုပ်က ကျွန်တော့်ရဲ့ ကျောင့်စဉ်ပါ။ ကျွန်တော့်ရဲ့ ကျောင့်စဉ်က တခြားမဟုတ်ပါဘူး။ အဲဒါကို ကျွန်တော့်ဘာသာ ကျွန်တော် နာမည်ပေးထားတာပါ။ အဲဒါကို ငြိမ်ဖိမ် ကျောင့်စဉ်လို့ ခေါ်ပါတယ်။ ထူးထူးထွေထွေ မဟုတ်ပါဘူး။ ငြိမ်ငြိမ်လေး ဖိမ်ကျကျ ထိုင်နေတဲ့ကျောင့်စဉ်ပါ။ တင်ပျဉ်ခွေထိုင်ပြီး ကျွန်တော့်မျက်စိကို မှိတ်ထားလိုက်တာပါပဲ။ ကျွန်တော့်ရဲ့အတွေးတွေဟာ ပျံ့လွင့်နေပါတယ်။ ကျွန်တော်ဟာ အဲဒီအတွေးတွေကို လုံးဝထိန်းချုပ်မထားပါဘူး။ ရောက်ချင်ရာရောက်စမ်း၊ တွေးချင်ရာ တွေးစမ်းဆိုပြီး လုံးဝလွှတ်ထားပါတယ်။ မိနစ်နှစ်ဆယ်လောက်ကြာတဲ့အခါမှာ အတွေးအာရုံဟာ ပထမ အစကလောက် ယောက်ယက်မခတ်တော့ဘူး။ သူတို့လည်း အနည်ထိုင်စပြုလာတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ မန္တန်တစ်ခုကို စိတ်ထဲက တစ်လုံးချင်းရွတ်ဆိုနေပါတယ်။ အဲဒီလို ရွတ်ဆိုနေလိုက်တာ အချိန် အတော်ကြာသွားတဲ့အခါမှာ ကျွန်တော့်မှာရှိတဲ့ မောပန်းမှုတွေ၊ နွမ်းလျမှုတွေ ပျောက်လွင့်သွားပါတယ်။ ကျွန်တော်ဟာ မျက်စိဖွင့်လိုက်ပါတယ်။ ပြီးတော့ တောင်ဝှေးကိုဆွဲယူပြီး ကျိုက်ထီးရိုးဘုရားဆီကို တဖြည်းဖြည်းတက်လာပါတယ်။ မောပန်းတဲ့နေရာတိုင်းမှာ ကျွန်တော် ထိုင်ပြီး အပန်းဖြေပါတယ်။ အမောဖြေတိုင်းလည်း စောစောက ပြောတဲ့အတိုင်း ကျွန်တော် ပြုလုပ်ပါတယ်။ အဲဒီလို ပြုလုပ်တိုင်းလည်း အမောပြေသွားလေ့ ရှိပါတယ်။ ဒီလိုနဲ့ပဲ ရင်ပြင်တော်ပေါ်ကို အေးချမ်းစွာ ရောက်သွားပါတယ်။ ရင်ပြင်တော်ပေါ်ရောက်တော့ တစ်ခါထပ်ပြီး ထိုင်ပြန်ပါတယ်။ အဲဒီကျတော့ ရာသီဥတုကလည်းအေး၊ ထိုင်ရတာကလည်း ကောင်းတော့ တစ်နာရီခွဲလောက် ထိုင်လိုက်ပါတယ်။ ပြီးတော့





ကျွန်တော့်မျက်လုံး ဖွင့်ကြည့်လိုက်တယ်။ အဲဒီလို မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်ဘေးမှာ လူတော်တော်များများက ဝိုင်းအုံနေကြတယ်။

"ဆရာကြီး ပေတလူ၊ ဆရာကြီး ပေတလူ. . ."

နဲ့ ဝိုင်းဝန်းပြီး သိဒ္ဓိတင်ခိုင်းပါတယ်။ သူတို့စိတ်ထဲမှာသည် ကျွန်တော့်ကို တကယ့်ပုဂ္ဂိုလ်ထူးကြီးလို့ ထင်နေကြပါတယ်။ အမှန်စင်စစ်က ကျွန်တော်ဟာ ဘာမှ မဟုတ်သေးပါဘူး။ လူတွေဟာ လိုအပ်တာ ထက်ပိုပြီး ကျွန်တော့်ကို အထင်ကြီးနေကြတာပါ။ ကျွန်တော်က ဘာမှ မဟုတ်သေးလို့ ဘာမှမဟုတ်ကြောင်း ပြောပြခဲ့ပါတယ်။ အခုမှ မဟုတ်ပါဘူး အရင်တုန်းကတည်းက ပြောပြခဲ့တာပါ။ ဒါပေမဲ့ လူတွေက အဲဒီလို ပြောတာကို တကယ်ဟုတ်နေပြီ၊ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေဟာ နှိမ့်ချတတ်တယ်၊ ဒါကိုက ဟုတ်နေပြီဆိုပြီး ထပ်ပြီး ကြည်ညိုကြပါတယ်။ ကျွန်တော် လူတွေနဲ့ ပတ်သက်လို့ မပြောတတ်အောင်ပဲ။ ဆရာကြီး ပေတလူ၊ ပေတလူဆရာကြီးနဲ့ ကျွန်တော့်ဘဝဟာ လုံးလည်ချာလည် နေတာပါပဲ။ ဆရာရှော်လမွှန် ဖွင့်ပေးလို့ မူလမာရောဂါနဲ့ မဏိပူရစက်၊ စက်နှစ်စက်ဟာ နိုးခဲ့ပါတယ်။ အဲဒီစက်နှစ်စက်ကြောင့် လူချစ်လူခင် များခြင်း၊ လူအကြည်ညိုခံရခြင်း စတဲ့ကျေးဇူးတွေတော့ ရခဲ့တာ အမှန်ပါပဲ။ ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်း မသိတော့ပါဘူး။ တချို့လည်း အားကိုးတကြီးနဲ့ ပြဿနာတွေ ယူလာပါတယ်။ ကျွန်တော်က ဘုရား အာရုံပြုပြီး ဆောင်ရွက်ပေးလိုက်ပါတယ်။ အဆင်ပြေသွားရင် သူတို့က ဒုက္ခဖြစ်ရင် ဆရာပေတလူဆီသွားလိုက်၊ ဆရာပေတလူ ကယ်နိုင်တယ် ဆိုပြီး ကြော်ငြာကြပါတယ်။ အဲဒါကြောင့် ကျွန်တော့် အိမ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



လူပြည့်နေတာပဲ။ သွားလေရာ နေရာတိုင်းမှာလည်း နောက်က တကောက်ကောက်လိုက်ကုန်ကြတော့တာပဲ။ သာမန် ကြည့်ရင်တော့ ပေတလူကြီးတစ်ယောက် တော်တော်စားသာနေပြီ ထင်ရမှာပေါ့။ အမှန်ကတော့ အဲဒီလိုမဟုတ်ပါဘူး။ ပေတလူကြီးအဖြစ်ဟာ မလွယ်ပါလားဆိုတဲ့ အဖြစ်ကို ရောက်နေပါပြီ။ ကျိုက်ထီးရိုးတောင်ပေါ်ကို ရောက်တဲ့ညမှာပဲ ကျွန်တော်ဟာ ဆရာ့ဆီကယူထားတဲ့ ပိတ်ဖြူကြီးကို ခြုံပြီး ကျွန်တော့်ရဲ့ဇိမ်ငြိမ်ကျင့်စဉ်ကို ကျင့်နေပါတယ်။ ည နက်တဲ့အခါမှာ ကျွန်တော်ဟာ လေကွယ်တဲ့နေရာကို ရှာပြီး ဖျင်ကြမ်းကလေးခင်းပြီး အိပ်စက်ရပါတယ်။ ချမ်းအေးလိုက်တာ မပြောပါနဲ့တော့။ အိပ်တယ်လို့သာ ဆိုတယ်။ ချမ်းလွန်းလို့ ကျွန်တော်ဟာ မအိပ်နိုင်ပါဘူး။ အဲဒီအချိန်မှာ သူငယ်ဇေးတစ်ယောက်ဟာ ကျွန်တော့်အနားကို ရောက်လာပါတယ်။ ပြီးတော့. . .

"အဘ သိပ်ချမ်းနေပြီလား"

လို့ မေးပါတယ်။ ကျွန်တော်ကလည်း. . . .

"ချမ်းတဲ့လူ မိန်းမချောချောရမယ်ဆိုရင် ငါတော့ မိန်းမချောချောရပြီပေါ့ကွာ"

လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာ ကောင်ကလေးက သိပ်သဘောကျသွားတယ်။

"အဘ အိပ်၊ ကျွန်တော် မီးဖိုပေးမယ်"

ဆိုပြီး ကောင်လေးက ကျွန်တော့်ရဲ့ နောက်ကျောမှာ မီးဖိုပေးပါတယ်။ အဲဒီတော့ နွေးသွားတာပေါ့။ နေလို့ကောင်းလိုက်တာ မပြောပါနဲ့။ ကောင်လေး မီးဖိုပြီးတာနဲ့. . . .





"အဘ နွေးသွားပြီကွ၊ သိပ်ပြီး ကျေးဇူးတင်တာပဲ ငါ့လူရာ"

လို့ ပြန်ပြောလိုက်တဲ့အခါမှာ ကောင်လေးက. . . .

"ကျေးဇူးတင်ရင် ကျွန်တော်မေးတာ ဖြေမလား"

လို့ ပြောပါတယ်။

"ငါသိတာဆိုရင် ဖြေရမှာပေါ့ကွာ"

လို့ ပြန်ပြောလိုက်တဲ့အခါ ကောင်လေးက. . . .

"ဒီလို အဘရဲ့. . .၊ သိဒ္ဓိဆယ်ပါးရဲ့အနက်မှာ အဘ ဘယ်နှစ်ပါး အောင်ပြီးပြီလဲ"

လို့ မေးတယ်။ အဲဒီတော့ ကျွန်တော်ကလည်း မှန်မှန်ကန်ကန်ပဲ ဖြေလိုက်တယ်။

"တစ်ပါးမှ မအောင်သေးဘူး ငါ့လူရေ. . ."

လို့ ဖြေလိုက်တဲ့အခါမှာ ကောင်လေးက ရယ်တယ်။

"ဘာဖြစ်လို့ မရတာလဲ"

လို့ ကောင်လေးက ထပ်မေးလိုက်တယ်။

"ငါ့ဆရာက ပျောက်သွားပြီကွ၊ ငါနဲ့ မတွေ့တော့ဘူး၊ ငါ့ကိုလည်း ထပ်ပြီး ညွှန်ပြမယ့်သူ မရှိတော့ဘူး၊ အဲဒါကြောင့် မရတာ"

လို့ ပြောလိုက်တယ်။ အဲဒီတော့ ကောင်လေးက. . . .

"အဘ ထိုင်ပြီး မျက်စိမှိတ်ထားတာ ဘာလုပ်တာလဲ"

လို့ မေးတယ်။ အဲဒီတော့ ကျွန်တော်က. . . .

"ငါ့ကျင့်စဉ်က ငြိမ်ဇိမ်ကျင့်စဉ်လို့ ခေါ်တယ်ကွ၊ ငြိမ်ငြိမ်ကလေး ဇိမ်နဲ့ထိုင်ပြီး အာရုံလွှင့်ထားတာ၊ အဲဒါ ငါလုပ်နေတာပဲ"

လို့ ပြောလိုက်တယ်။ အဲဒီတော့ ကောင်လေးက. . . .



www.burmeseclassic.com

www.burmeseclassic.com



"အဘ အခုလို ငြိမ်ငြိမ်ကလေးထိုင်ပြီး ပေါ်လာတဲ့အာရုံတွေကို မလွှင့်ဘဲ သေသေချာချာစူးစိုက်ကြည့်စမ်း၊ အဲဒီအခါမှာ အဘနဲ့ မသိတဲ့လူတစ်ယောက် အဘတွေ့လိမ့်မယ်၊ အဲဒီလို တွေ့တဲ့အခါမှာ အဲဒီမျက်နှာကို အာရုံမှာ ပျောက်မသွားအောင် မှတ်ထားပြီးတော့ ခင်ဗျား ကျုပ်ရဲ့ ဆရာလားလို့မေးရင် သူခေါင်းညိတ်ပြလိမ့်မယ်၊ အဲဒီအခါမှာ အဘက လိုအပ်တာတွေ ဆက်ပြီး ညွှန်ပြပေးပါလို့ သူ့ကိုပြော၊ သူက ခေါင်းညိတ်ပြလိမ့်မယ်၊ အပြင်မှာ ဆရာ မရှာနဲ့၊ အာရုံထဲမှာပဲ ရှာ၊ ကျွန်တော် သွားမယ် အဘ"

လို့ဆိုပြီး ကောင်လေးဟာ ကျွန်တော့် အနားကနေ ထွက်သွားပါတယ်။ အဲဒါကြောင့် ကျွန်တော်က ကပျာကယာလှမ်းပြီး. . . .

"ဟေ့. . .သူငယ်၊ မင်းနာမည် ဘယ်နှယ့်ခေါ်သလဲ"

လို့ မေးလိုက်ပါတယ်။ အဲဒီတော့ ကောင်လေးက ကျွန်တော့်နာမည်

"ပေတလူ"

လို့ပြောပြီး ဇရပ်ကြီးတစ်လုံးရဲ့နောက်ဘက်ကို ခပ်သွက်သွက်လျှောက်ဝင်သွားပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မအိပ်တော့ဘဲ တင်ပျဉ်ခွေ ထိုင်လိုက်ပါတယ်။ ပြီးတော့ မျက်စိကိုမှိတ်လိုက်ပါတယ်။ အဲဒီလို မှိတ်လိုက်တယ်ဆိုရင်ပဲ အာရုံထဲမှာ သူငယ်ကလေးတစ်ယောက် ပေါ်လာပါတယ်။ ကျွန်တော်ကလည်း အာရုံထဲမှာပဲ စိတ်နဲ့ မေးလိုက်ပါတယ်။

"သင်ဟာ ကျုပ်ဆရာလား"

လို့၊ ထိုသူငယ်ကလေးက ခေါင်းညိတ်ပြသပါတယ်။





"ကျုပ်ကို သိဒ္ဓိတွေ ရတဲ့အထိ သင်ပြပေးမှာလားဟင်"

ကျွန်တော်က မေးလိုက်ပါတယ်။ အာရုံထဲက သူငယ်ကလေးက ခေါင်းညိတ်ပြသပါတယ်။

"သင် ဘယ်သူလဲ"

လို့ ကျွန်တော်က မေးလိုက်တော့ ကောင်လေးက ပြုံးပြီး. . .

"ပေတလူ"

လို့ ပြောပါတယ်။ ကျွန်တော်ဟာ အတော်ပဲ ဝမ်းသာသွားပါတယ်။

ကျွန်တော် ပေတလူဟာ ကျွန်တော့်အာရုံထဲမှာရှိတဲ့ ပေတလူဆီမှာ သင်ခန်းစာတွေ စတင်သင်ယူနေပါပြီ။ ကျွန်တော့်အာရုံထဲက ပေတလူ ဆိုတဲ့ သူငယ်ကလေးကလည်း ကျွန်တော့်ကို ကောင်းစွာ သင်ကြားပေးနေပါတယ်။ ဒီလိုနဲ့ပဲ မိုးထိန်ထိန်လင်းသွားတော့တာပါပဲ။

ဒါဟာ ဘာဆန်းလို့လဲ. . .။

ဒါဟာ ဘာဆန်းလို့လဲ. . .။

ဒါဟာ ဘာဆန်းလို့လဲ. . .။

## ပေတလူနှင့် ကျွန်ုပ်

တစ်နေ့သည် ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် ရေကန်တလင်း တောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ အသက်ဆယ်နှစ်ဆယ့်တစ်နှစ်အရွယ် ကလေးတစ်ဦး ရောက်ရှိလာလေ၏။ သူသည် ခြံတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ တဲသို့အား. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိခ် ဘယ်မလဲ၊ တွေ့ချင်လို့ပါ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်၏တပည့်က. . . .

"ဟဲ့. . . ကောင်လေး၊ မိုက်ရိုင်းလှချေလား၊ မင်းအဖေထက် ကြီးတယ်ကွ၊ ဒါကို မင်းကများ မင်းသိခ် တဲ့၊ ရိုင်းလှချေလား"

ဟု ပြောလိုက်လျှင် ထိုကလေးက သူ၏လွယ်အိတ်အတွင်းမှ ကျွန်ုပ်ရေးသားသော မနုစာရီဝတ္ထုစာအုပ် နှင့် ပုဏ္ဏားဘကွန်းစာအုပ် နှစ်အုပ်ကိုလည်းကောင်း၊ မနောမယဂျာနယ်တစ်စောင်ကိုလည်းကောင်း ထုတ်၍ ပြပြီးလျှင်. . . .

"ဒီမှာလေဗျာ. . .၊ သူရေးတဲ့စာအုပ်တွေ. . .၊ အဲဒီမှာလည်း မင်းသိခ် လို့ပဲ ရေးထားတာပဲ၊ ဦးမင်းသိခ် လို့ ရေးထားတာမှ မဟုတ်ဘဲ၊ ကျုပ်က ဦးထည့်ပြီး ခေါ်လိုက်ရင် လွဲသွားမှာပေါ့၊ ကလောင်နာမည်ဆိုတာ လူနာမည် မဟုတ်ဘူးဗျ၊ ဦးတွေကိုတွေ ခေါ်တွေ၊ မတွေ့မပါဘူးဗျ၊ ကလောင်နာမည်က ကလောင်နာမည်ပဲ၊ လူနဲ့ ဘာမှမဆိုင်ဘူး၊ လူကို ခေါ်သလို ခေါ်ရင် မှားတယ်ဗျ၊ လူနဲ့ သီးသန့်ဖြစ်ချင်လို့ ကလောင်နာမည်ပေးထားတာပေါ့ဗျာ"

ဟု ထိုကလေးက ပြန်၍ဖြေလျှင် ကျွန်ုပ်၏ တပည့်သည် ခွေးအကြီးကို လည်းနင်းထားသကဲ့သို့ ဘာမျှပြန်၍ မပြောတတ်ဘဲ ရှိနေလေတော့၏။ နောက်ဆုံးတွင် ကျွန်ုပ်၏တပည့်က. . . .

"အေးလေ ကောင်းပြီ၊ အဘိုးကြီးနဲ့တွေ့တဲ့အခါမှာ ဒီအတိုင်း သွားခေါ်ရင်တော့ ဟိုက နားရင်းအုပ်ပစ်လိမ့်မယ်"

ဟု ပြောလေတော့၏။ ထိုအခါ ထိုကလေးက. . . .





"နားရင်းအုပ်တယ် ဆိုရင်တော့ အဲဒီအဘိုးကြီး [illegible] တာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်က သဘောကျပါတယ်၊ [illegible] ရိုးတာရဲ့ သင်္ကေတပဲဗျ၊ ခင်ဗျားတို့အဘိုးကြီး တော်[illegible] ပေါ့"

ဟု ပြောလေ၏။ ကျွန်ုပ်၏တပည့်သည် ထိုကလေးအပေါ်၌ စိတ်ဆိုး ရမလို၊ ရယ်ရမလို ဖြစ်နေ၏။ ထို့နောက်မှ ၎င်းက. . . .

"နေစမ်းပါအုံးကွာ၊ မင်းက ဘယ်သူတုံး. . ."

ဟု မေးလိုက်လေ၏။

"ကျုပ်နာမည်က ပေတလူ၊ ပေတလူဆိုတာက ကလောင် နာမည် မဟုတ်ဘူး၊ လူနာမည်နော်. . ."

ဟု ထိုကလေးက ပြန်၍ ဖြေလေ၏။

"မင်းအဖေ ဘယ်သူတုံး. . ."

ဟု ကျွန်ုပ်၏ တပည့်က မေးပြန်၏။

"အမေကို မေးစမ်းပါဗျ၊ ဘာပြုလို့ အဖေကို မေးရတာတုံး ကျုပ်အမေက ခေါ်မြရင်တဲ့၊ ကုန်စိမ်းရောင်းတယ်ဗျာ၊ အမေ ပြောတဲ့ ကျုပ်အဖေကတော့ ကိုပွေလီတဲ့၊ ဆိုက်ကားနင်းတယ် ဗျာ၊ ကျုပ်မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ သူ့နာမည်က တစ္ဆေဖြူတဲ့၊ ညီမလေးတစ်ယောက်လည်း ရှိသေးတယ်၊ [illegible] ဂူတဲ့၊ တစ်ကိုယ်လုံး ဝဲနှင်းခူတွေပေါက်နေလို့ အဲဒီလိုခေါ် [illegible] မှတ်ပုံတင်တွေ ဘာတွေတော့ မမေးနဲ့၊ မှတ်ပုံတင်က [illegible] နှစ်ပြည့်မှ လုပ်ရမှာ၊ နေရပ်လိပ်စာလည်း [illegible] အိမ်က နှစ်လတစ်ကြိမ်လောက် ပြောင်းနေရ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အချင်းကိုလည်း မမေးနဲ့၊ လေးတန်းအထိပဲ သင်ဖူးတာ၊ စာတော့ မတတ်ပါဘူး၊ ဒါပေမဲ့ လက်ရေးကတော့ လှတယ်ဗျ"

ဟု ထိုကလေးက ပြန်၍ဖြေလျှင် ကျွန်ုပ်၏တပည့်သည် ခေါင်းကိုကုတ်ရင်း. . . .

"မင်းကြည့်ရတာ ကလေးအရွယ်လေးနဲ့ တူပါတယ်ကွာ"

ဟု ပြောလိုက်ရာ ထိုကလေးက ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ဒီတစ်ချက်တည်းနဲ့ ခင်ဗျားကို အမှတ်ပြည့်ပေးရမှာပဲ၊ ကျုပ်ကို တခြားလူတွေကလည်း ကလေးအရွယ်လို့ ပြောကြတယ်ဗျ၊ ဟောဒီမှာ အရွယ်လက်မှတ်. . ."

ဟုဆိုကာ စိတ်ရောဂါကုဆေးရုံမှ စာရွက်တစ်ရွက်ကို ကျွန်ုပ်၏တပည့်အား ထုတ်၍ပြလေ၏။

"ကဲပါကွာ၊ တို့အဘိုးကြီးကလည်း ကောင်းကောင်းနေကောင်းလှာမှ မဟုတ်ဘူး၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတွေ နှိပ်စက်ရတဲ့အထဲ မင်းနဲ့တွေ့လိုက်ရင် စိတ်တိုပြီး သွေးတွေ တိုးသွားလိမ့်မယ်"

ဟု ကျွန်ုပ်၏တပည့်က ပြောလျှင်. . . .

"ကျုပ်က စာရေးဆရာနဲ့ လာတွေ့တာဗျ၊ ခင်ဗျားက ကြားထဲက မဆုံးဖြတ်စမ်းပါနဲ့ဗျာ၊ သူက တွေ့မယ်၊ မတွေ့ဘူးဆိုတာ ခင်ဗျားက ဘယ်လိုလုပ်သိလဲ၊ ခင်ဗျားက မင်းသိခ်မှမဟုတ်ဘဲ၊ တွေ့ပေးစမ်းပါဗျ၊ လာရတာက အဝေးကြီး. . ."

ဟု ထိုကလေးက ပြောလေ၏။





ထိုအခါ၌ ကျွန်ုပ်၏တပည့်ကလေးသည် ကြံရာမရဖြစ်ကာ ထိုကလေးအား ကျွန်ုပ်ထံသို့ ခေါ်လာပြီးလျှင် အဖြစ်အပျက် အကြောင်းစုံကို ပြောပြလေတော့၏။ ထိုအခါ၌ ထိုကလေးသည် ကျွန်ုပ်၏တပည့်အား ယက်ကုတ်လိုက်လေ၏။ ကျွန်ုပ်၏တပည့်က ငုံ့၍ကြည့်လိုက်လျှင်. . . .

"အသက်တော်တော်ကြီးပြီပဲ၊ ဒီအရွယ်က အဘလို့ခေါ်မှ တော်မယ်ဗျ၊ လူကိုခေါ်တာဆိုတော့လည်း သူ့အရွယ်နဲ့သူ ခေါ်ရပေမပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်၏တပည့်သည် ပြုံးလေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်နှင့်ပေတလူသည် စကားပြော ဖြစ်ကြလေတော့၏။ ကျွန်ုပ်၏တပည့်ကလေးသည် ပေတလူကို ထားခဲ့ပြီးလျှင် ကျွန်ုပ်၏ အနီးမှ ထွက်သွားလေတော့၏။

"နေစမ်းပါဦးကွ၊ မင်းနာမည်က ပေတလူတဲ့လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ. . . .

"ကျွန်တော့်အနေနဲ့ အဘနဲ့စကားအများကြီးပြောချင်ပါတယ်၊ ပြောလည်း ပြောဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီတော့ ဒီလိုလုပ်ရအောင်ပါ အဘ၊ ကျွန်တော် တွေ ခင်ဗျား တွေဆိုတဲ့ စကားလုံးတွေဟာ မှားနိုင်ပါတယ်၊ မှားတဲ့အခါမှာ ကျွန်တော့်အတွက် ကိစ္စမရှိပေမယ့် အဘအတွက် စိတ်အနှောင့်အယှက်ဖြစ်နိုင်ပါတယ်၊ အဲဒီတော့ နာမ်စားတွေကို *အိုင်* နဲ့ *ယူ* နဲ့ သုံးရင် တော်လိမ့်မယ် ထင်တယ်၊ ရှိုင်းရာလည်း မရောက်ဘူး ယဉ်ရာလည်း မကျဘူး၊ အဲဒါကို လက်ခံသင့်ပါတယ်"

ဟု ပေတလူက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အတော်လာတဲ့ကောင်ပဲ. . ."

ဟု ကျွန်ုပ်က ရေရွတ်လိုက်ရာ ပေတလူက. . . .

"မှန်ပါတယ်ခင်ဗျာ၊ အတော့်ကို လာရပါတယ်၊ အိုင်က လှိုင်သာယာ ဟိုးဘက်အစွန်မှာနေတာ. . ."

ဟု ပြန်၍ဖြေလေ၏။

"ငါ့တပည့်အောင်အောင်က မင်းကို ကလေးအရူးတစ်ယောက်လို့ မိတ်ဆက်ပေးသွားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်. . . .

"ဒီလိုပါဗျာ၊ ရှေးဗေဒသတ်ကျမ်းထဲမှာ အရူးကို (၈) မျိုးပဲ ထားပါတယ်။ *(တစ်) တဏှာရာဂကြောင့်ရူးတဲ့အရူးကို ရာဂုမ္မတ္တက အရူးလို့ ခေါ်ပါတယ်၊ (နှစ်) ဒေါသကြီးလို့ ရူးတဲ့အရူးကို ကောဓုမ္မတ္တကအရူးလို့ ခေါ်ပါတယ်၊ (သုံး) အကြံအစည်တွေ ဟိုဟိုဒီဒီများပြီး အယူဖောက်ပြန်တဲ့ အရူးကို ဒိဋ္ဌုမ္မတ္တက အရူးလို့ ခေါ်ပါတယ်၊* အိုင်က တတိယအမျိုးအစားမှာပါတဲ့ အရူးဖြစ်ပါလိမ့်မယ်"

ဟု ပေတလူက ပြောလေ၏။

"အလို. . . ပေတလူက စာသံပေသံနဲ့ ပြောတာကိုး. . ."

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းက. . . .

"ယူက စာရေးဆရာဆိုတော့ ဒီလို့ပြောမှ ဖြစ်မယ် ထင်လို့ပါ၊ စာကတော့ မတတ်ပါဘူး၊ လက်ရေးကတော့ လှတယ်"

ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ ကျွန်ုပ်က. . . .





"ပေတလူ. . . မင်းနဲ့တော့ ဆက်ပြီး စကားပြောမယ်၊ ဒါပေမဲ့ ငါ့ကို အိုင်တွေ၊ ယူတွေနဲ့ စကားပြောတာတော့ ငါခွင့်မပြုနိုင်ဘူး၊ ငါ့ကို ရိုရိုသေသေပြောမှပဲ ငါစကားဆက်ပြီး ပြောမယ်"

ဟု အဆံမာမာဖြင့် ပြန်ပြောလိုက်ရလေ၏။ ထိုအခါ ပေတလူက. . .

"ရပါတယ်ခင်ဗျာ၊ အဲဒီအတိုင်းပဲ ပြောပါ့မယ်၊ သဘောပေါက်တဲ့အထိတော့ စောင့်ရဦးမှာ ပေါ့ဗျာ"

ဟု ပြောလိုက်သောကြောင့်. . . .

"ဘာကွ. . ."

ဟု ကျွန်ုပ်က ငေါက်လိုက်ရလေ၏။

"ဒီလိုပါခင်ဗျာ၊ တစ်ဦးကိုတစ်ဦး ရိုသေလေးစားတယ်ဆိုတာ ဘယ်ဟာကို ဆိုတာလဲဆိုတာ အဘ သဘောပေါက်တဲ့အထိ ကျွန်တော် စောင့်ရဦးမယ်လို့ ပြောတာပါ"

ဟု ပေတလူက ပြန်၍ ပြောလေ၏။

"မင်းကတော့ ရိုက်လွှတ်ဖို့ကောင်းတဲ့ကောင်ပဲ"

ဟု ကျွန်ုပ်က ပြောပြန်ရာ ပေတလူက. . . .

"နောက်ကျတော့လည်း ပေတလူ မရှိရင် မနေတတ်လို့ ခေါ်ပေးပါလို့ ဖြစ်လာမှာပါ၊ ပေတလူဆိုတဲ့ ကလေးအရူးတစ်ယောက်ဟာ အဘအဖို့တော့ အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါ ဖြစ်လာမယ့်အချိန်ကို စောင့်ရဦးမယ်ပေါ့"

ဟု ပေတလူက ပြန်၍ ပြောလေ၏။

"မင်း အတော်ရိုင်းတဲ့ကောင်ပဲ၊ မင်းအမေက မင်းကို မဆုံးမဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com

"ကုန်စိမ်းကြိုရ၊ ကုန်စိမ်းရောင်းရ၊ ထမင်းဟင်း ချက်ရနဲ့ ကျွန်တော့်ကို ဆုံးမဖို့ အချိန်မရှိပါဘူး"

ဟု ပေတလူက ပြန်၍ ပြောလေ၏။

"မင်းအဖေကရော မင်းကို မဆုံးမဘူးလား"

ဟု ကျွန်ုပ်က မေးပြန်ရာ. . . .

"ကျွန်တော့်အဖေ ကိုပွေလီက ဆိုက်ကား နင်းရတာနဲ့၊ ဆိုက်ကား ပြင်ရတာနဲ့ ကျွန်တော့်ကို ဆုံးမဖို့အချိန် မရှိပါဘူး၊ ကျွန်တော့်ထက်ဆိုးတဲ့ ကျွန်တော့်အစ်ကို တစ္ဆေဖြူရယ်၊ ကျွန်တော့် ညီမ ရွှေနှင်းဂူရယ်ကို ဆုံးမနေရလို့ ကျွန်တော့် အလှည့်ကို မရောက်ပါဘူး"

ဟု ပေတလူက ပြန်၍ဖြေလေ၏။

"ဒီလိုဆိုတော့ မင်းဟာ မိမဆုံးမ၊ ဖမဆုံးမပေါ့ကွာ၊ ဒီလို ကောင်မျိုးနဲ့ စကားပြောမိတာ ငါညံ့တာပေါ့၊ ငါ မှားတာ ပေါ့ [illegible]"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်. . . .

"အမှားနဲ့ အမှန်ဆိုတာ တစ်ခုတည်းသော ဒင်္ဂါးပြားရဲ့ ဟို ဘက်မျက်နှာစာနဲ့ ဒီဘက်မျက်နှာစာလိုပါပဲ၊ သီးခြားမဟုတ်ပါ ဘူး ခင်ဗျာ"

ဟု ပေတလူက ပြန်၍ပြောလေ၏။ ကျွန်ုပ်သည် ပေတလူအား ဆက်၍ စကားမပြောဘဲ ဆေးလိပ်ဖွာနေလေ၏။ ထိုအခါ ပေတလူက. . . .

"အဘက ဧည့်သည်ကို ထမင်းချက်ကျွေးတယ်လို့ ကြားတယ်၊ ကျွန်တော့်ကိုရော ကျွေးမှာလား၊ ကျွန်တော် ဟင်းကောင်း





ကောင်းနဲ့ ထမင်းမစားရတာ ကြာပြီ၊ ပြီးခဲ့တဲ့ [illegible] ဘုန်းကြီးကျောင်းကအလှူမှာ စားပြီးကတည်းက [illegible] နဲ့ တစ်ခါမှ မစားရပါဘူး"

ဟု ဝန်ခံလေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ဘာဟင်းနဲ့ စားချင်သလဲ ပြောကွာ"

ဟု မေးလိုက်ရာ ပေတလူက. . . .

"ဆင်းရဲသား တောသားကလေးပဲ အဘရယ်၊ ဖွယ်ဖွယ်ရာရာ မပြောတတ်ပါဘူး၊ ငါးမြင်းဗိုက်သားဆီပြန်လေးတစ်ခွက်ရယ်၊ ပုဇွန်ခြောက်များများနဲ့ကြော်ထားတဲ့ ဘာလချောင်ကြော်ရယ်၊ ကြောင်လျှာသီးချဉ်ဖတ် တို့စရာရယ်၊ ငါးကျည်းကြပ်တိုက်နဲ့ ချက်တဲ့ ဘူးသီးဟင်းခါးရယ်လောက်ပဲ ပြောတတ်ပါတယ်ဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း ကျွန်ုပ်၏တပည့်လေး အောင်အောင်တို့ ဈေးသို့ လွှတ်၍ ဈေးဝယ်ခိုင်းရလေ၏။ အောင်အောင်သည် ကျွန်ုပ်ထံ၌ ပိုက်ဆံယူရင်း. . . .

"အဘ ဒီကောင့်ကို ဧည့်ကောင်းဆောင်ကောင်းလို မဆက်ဆံ နဲ့နော်၊ နားရင်းတီးပြီး မြန်မြန်ပြန်လွှတ်လိုက်ရင် ကောင်းမယ်"

ဟု ပြောကာ ထွက်သွားလေ၏။ ထိုအခါ ပေတလူက. . . .

"အဘဆီမှာလည်း ဒီလိုချွန်စက်တွေ ရှိလား၊ အတော်ခိုင်း[illegible] ပဲ၊ သူများက သဒ္ဓါထက်လို့ ကျွေးမယ်၊ မွေးမယ်လုပ်[illegible] သူက ရိုက်လွှတ်မယ် လုပ်နေတယ်၊ ပြိတ္တာပဲ၊ အဲဒီ[illegible] ရယ် ပြိတ္တာကို အိပ်စရာလည်း မပေးနဲ့၊ ရိုး[illegible] မထားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေတော့၏။ ကျွန်ုပ်သည် စီးကရက်ကိုဖွာလိုက်၊ လက်ဖက်ရည်ကို သောက်လိုက်လုပ်နေ၏။ ထိုအခါ၌ ပေတလူက. . .

"မသိလို့ မေးပါရစေ အဘရယ်၊ ပေဒင်က ဘာပြုလို့ မှန်တာလဲ၊ ကျွန်တော့်ကို ရှင်းပြစမ်းပါ"

ဟု မေးသောကြောင့်. . .

"မင်းနဲ့မဆိုင်တာတွေ မမေးစမ်းပါနဲ့ကွာ၊ ထမင်းစားပြီးရင် ပြန်တော့. . ."

ဟု ကျွန်ုပ်က ပြောရလေ၏။

"လူတွေက သူ့နည်းသူ့ဟန်နဲ့ အခက်အခဲဒုက္ခတွေ ဖြစ်ကြတယ်၊ အဘက ယတြာပေးတယ်၊ တကယ့်ဒုက္ခတွေကိုကော အဘ ယတြာချေပေးလို့ ရသလားခင်ဗျာ"

ဟု ၎င်းက မေးပြန်၏။

"ပြောပြီ. . . ပေတလူ၊ မင်းနဲ့မဆိုင်တာတွေ မပြောနဲ့လေကွာ၊ အောင်အောင်ပြန်လာရင် ထမင်းချက်ပြီး မင်းကိုကျွေးမယ်၊ စားပြီးရင်တော့ ခြံထဲက အမြန်ဆုံးထွက်သွားပေတော့"

ဟု ကျွန်ုပ်က ပြောရလေ၏။

"အမှန်ပြောရရင် အဘရယ်၊ ကျွန်တော်က အဘဆီမှာ ထမင်းစားဖို့လာတာ မဟုတ်ပါဘူး၊ **ဂမ္ဘီရ** ဆိုတဲ့စာလုံးကို ကျွန်တော် မကြာခဏ တွေ့ရတယ်၊ အဲဒါ ဘာအဓိပ္ပာယ်လဲလို့ အဘကို လာမေးတာပါ၊ အဘအနေနဲ့သိရင် သိတယ်လို့ ဖြေပါ၊ မသိရင် မသိဘူးလို့ ဖြေပါ"





ဟု ပေတလူက ပြောလိုက်သောကြောင့် ကျွန်ုပ်လည်း ခေါင်းကို တဗျင်းဗျင်း ကုတ်ရလေတော့၏။

"ဒီလိုလုပ်ရအောင် ပေတလူရယ်၊ မင်းက ငါ့ကို မသိတဲ့အထဲလည်း မထည့်နဲ့၊ သိတဲ့အထဲလည်း မထည့်နဲ့ကွာ၊ အခု ငါဖြေမယ့် အဖြေက အဘိဓာန်စာအုပ်က ဖြေမယ့်အဖြေပဲကွ၊ **ဂမ္ဘီရ** ဆိုတဲ့စာလုံးကို ဦးဟုတ်စိန်ပြုစုတဲ့ မြန်မာ-အင်္ဂလိပ်-ပါဠိ အဘိဓာန်၊ စာမျက်နှာ(၁၆၀)မှာ ပြထားတာက Deep Profound ၊ အဲဒီတော့ကွာ Deep ဆိုတာက နက်ရှိုင်းတာကို ပြောတာ၊ Profound ဆိုတဲ့စာလုံးကို အဘိဓာန်မှာ ရှာကြည့်ပြန်တော့ အလွန့်အလွန်ကို ထိုးထွင်းသိနိုင်သော၊ နက်ရှိုင်းသော၊ အရှိန်ကြီးသောလို့ ပြန်ထားပြန်တယ်ကွယ့်၊ တစ်ခါ ဂမ္ဘီရကိစ္စနဲ့ပတ်သက်လာတဲ့ကိစ္စတွေမှာ အင်္ဂလိပ်လို Mystery တို့၊ Mysteries တို့၊ Mystic တို့ဆိုတဲ့ အင်္ဂလိပ်စာလုံးတွေ သုံးကြပြန်တော့ လျှို့ဝှက်ချက်၊ သိနားလည်ရန် ခက်ခဲသောအရာ၊ နက်နဲသိမ်မွေ့သော၊ နားလည်ရန် ခက်သောဆိုတဲ့ အဓိပ္ပာယ်တွေ ထွက်နေပြန်တယ်ကွ၊ တစ်ခါ ဆရာတော်အရှင်သြဘာသာဘိဝံသပြုစုတဲ့ သုတေသနသရုပ်ပြ အဘိဓာန် စာမျက်နှာ (၁၆၇) မှာ ဂမ္ဘီရတရားကြီးလေးပါးရဲ့ အကြောင်း ပိဋကတ်တော်လာ နက်နဲသိမ်မွေ့သောတရားကြီးလေးပါးလို့ ဆိုထားပြန်တယ်၊ အဲဒီတော့ ဂမ္ဘီရကို နက်နဲ သိမ်မွေ့သောလို့ပဲ နားလည်သင့်တာပေါ့၊ တစ်ခါ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတစ်အဘိဓာန်ရဲ့ စာမျက်နှာ (၅၈၇) မှာ *Mystries* အဲဒီမှာပြထားတာက *Hidden or Inexplicable Matter* လို့ ပြထားပြန်တယ်၊ အဲဒါကြောင့် ဝှက်ကွယ်ထားသော၊ ရှင်းလင်းသိသာရန်ခက်သော၊ နက်ရှိုင်းသော လို့ပဲ အဓိပ္ပာယ်ထွက်လိမ့်မယ် ထင်တယ်"

တု ကျွန်ုပ်က တလေးတစား ဖြေလိုက်ရာ ပေတလူက....

"ဟိုး...တော်ပြီ အဘ၊ လွယ်လွယ်ပဲ မှတ်ထားမယ်၊ ဂမ္ဘီရ ဆိုတာ နက်ရှိုင်းတယ်၊ အသိရခက်တယ်၊ ဒါပဲ...၊ ငါးမြင်းဆီပြန် ဆိုတာ စားလို့ကောင်းမယ်၊ စားပြီးရင် ပြန်မယ်၊ ဒါပဲ"

ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်လေတော့သတည်း။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ



လာဘ်မိုးရွှေစာပေ

အမှတ် (၁၁၁)၊ ၃၃ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၃၃၁၉

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပတ္တမြားမင်းမောင်

## စကားပြောသော မောင်တောင်ကျော်

ကျွန်ုပ်သည် မြန်မာပြည်အရပ်ရပ်ရှိ အကျဉ်းထောင်များသို့ လှည့်လည်ကာ ထောင်မှူးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည်ဖြစ်ရာ ဆိုးပေ မိုက်မေ ရမ်းကားပေဆိုသည့် ဗွေဆိုးပါသော သူများနှင့် မလွဲမရှောင်သာ ရေစက်ဆုံခဲ့ ရပေသည်။

ထိုသို့ ရေစက်ဆုံခဲ့ရသောသူများအနက် ကျွန်ုပ်အနေနှင့် မေ့၍ မရနိုင်အောင် စွဲစွဲမြဲမြဲ မှတ်သားမိသော ထောင်သားများ၊ ဘာရာ နှစ်ကြီးသမားများ၊ ကျွန်းကျများ၊ ကြိုးသမားများ အတော်အတန် ရှိခဲ့ဖူး ပါသည်။ ဥပမာအားဖြင့် ဘာရာနှစ်ကြီးသမား ဗိုလ်တထောင်ငမိုး၊ ဘာရာဆိတ်ဖွား၊ ခြောက်ထောင်ပြန်အုံးဖေ(ဘုံဘေအုံးဖေ)၊ ဗိုလ်နန်းဝေ၊ ကျွန်းကျမိုးသီး၊ ကြိုးကျမောင်သံဟိတ်ခေါ် မြိုင်ရာဇာတာတေ၊ ကြိုးကျမိုး ကောင်း၊ ကြိုးကျနတ်ခဆေး၊ လက်ကောက်ညိုသစ်(မောင်သေတ္တာ) မှ အစပြု၍၊ နောက်ဆုံး ကျွန်ုပ် ပင်စင်ယူမည့်နှစ်တွင် ကြုံခဲ့ရသော စား မြှောင် ဘသိန်းခေါ် ဆရာသိန်း စသည်တို့ ဖြစ်ပါသည်။

လာဘ်မိုးရွာစေ



အကယ်၍များ ကျွန်ုပ်သည် စာရေးဆရာ တစ်ယောက်သာ ဖြစ်ခဲ့ပါမူ အထက်ဖော်ပြပါ သူတို့တစ်ဦးစီ၏ ဖြစ်ကြောင်းကုန်စင်များ ကို ဝတ္ထုရေးသားလျှင်ပင် ဝတ္ထုစာအုပ်ကောင်းများ အမြောက်အမြား ပေါ်ထွက်လာစရာအကြောင်း ရှိပေသည်။ သို့ရာတွင် စာရေးခြင်း (အထူးသဖြင့်) ဝတ္ထုရေးခြင်းအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ် သည့်အားလျော်စွာ စာရေးရန် မကြိုးပမ်းတော့ဘဲ ပင်စင်ယူပြီးသည့် နောက်၌ ဗဟန်းဘက်တွင် ထမင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ကာ ထမင်း သည်ကြီး လုပ်၍နေလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်၏ ထမင်းဆိုင်သို့ လူတစ်ယောက် ရောက်ရှိ လာပြီးလျှင် ထမင်းတစ်ပွဲ မှာ၍ စားလေတော့၏။

"ထမင်းတစ်ပွဲ စားလိုပါသည် ခင်ဗျာ"

ဟု ဆိုသူက ထမင်းတစ်ပွဲ မှာလိုက်၍ စားပွဲထိုးလုပ်သော ကောင်ကလေး က ပြုံးစေ့စေ့နှင့် ကျွန်ုပ်၏ မျက်နှာသို့ လှမ်းကြည့်လေ၏။

ကျွန်ုပ်၏ ဆိုင်မှ စားပွဲထိုးကလေးက မည်သည့်ဟင်းနှင့် စား သောက်လိုကြောင်း မေးမြန်းပြန်၍ ထိုသူက. . . .

"ဝက်သားဟင်းနှင့် စားလိုပါသည်"

ဟု ပြန်၍ ဖြေလိုက်လျှင် ကျွန်ုပ်၏ စားပွဲထိုးကလေးသည် ကျွန်ုပ်၏ အနီးသို့ လာရောက်၍. . . .

"ဆရာ ဆရာ၊ ဒီလူက တစ်မျိုးပဲ၊ စကားပြောတာ စာအရေးအ အတိုင်း ပြောနေတယ်"

ဟု ပြောဆို၍ ထမင်းဟင်းများကို ပြင်ဆင်ပေး၏။

လာဘ်မိုးရွာစေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် စားပွဲထိုးကလေးချပေးသော ထမင်းကို အနည်းငယ် စားသောက်ကြည့်၍. . . .

"ဟော့ သူငယ်၊ သင်၏ ထမင်းသည် လွန်စွာမာနေသည်"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်၏ စားပွဲထိုးကလေးမှာလည်း နောက်ပြောင်ခြင်းအလုပ်၌ ဝါသနာပါလှသည် ဖြစ်ရာ ထိုသူအား. . . .

"ထမင်း မာနေသည်မှာ မှန်ပါ၏။ ဤကဲ့သို့ မာရခြင်းမှာ ကျွန်ုပ်၏အပြစ် မဟုတ်ပါ၊ ဆန်၏ အပြစ်သာလျှင် ဖြစ်ပါသည်၊ ထို့ကြောင့် သင်သည် သည်းခံ၍သာ စားပါလော့"

ဟု ပြောလိုက်ရာ အနီးအပါးတွင် စားသောက်နေကြသောသူများပင် 'ဝါး‌ခနဲ' ရယ်မောကြလေ၏။ ကျွန်ုပ်လည်း မရယ်ဘဲ မနေနိုင်သဖြင့် ရယ်ရလေတော့၏။

ထိုသူလည်း စားပွဲထိုးကလေးက နောက်ပြောင်သည်ကို စိတ်မဆိုးဘဲ အောက်ပါအတိုင်း ပြောလေ၏။

လူတို့သည် စကားပြောသည့်အခါ၌ တစ်မျိုးပြော၍ စာရေးသည့်အခါ၌ တစ်မျိုးရေးကြလေသည်၊ ဤသို့ ပြုလုပ်ခြင်းကြောင့် သတ်ပုံမှားခြင်း၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ် စသည်တို့ အထားအသို မမှန်ဘဲ စာကိုရေးသားကြရခြင်း ဖြစ်လေတော့၏၊ ထို့ကြောင့် ကျွန်ုပ်မောင်တောင်ကျော်သည် မြို့ပိုင်မင်း၏ ရုံးတော်၌ ပြာတာအလုပ်ကို ရသည့်နေ့မှစ၍ စကားပြောလျှင် စာရေးသည့်အတိုင်း ပြောလေတော့သတည်း။





ကျွန်ုပ်လည်း ထိုသူ၏စကားကိုကြားရလျှင် ရယ်မောမိလေ၏။ ကျွန်ုပ်၏ ဆိုင်တွင်း၌ စားသောက်နေကြသူအပေါင်းလည်း ကျွန်ုပ်ကဲ့သို့ပင် ရယ်မောလေ၏။ တစ်ယောက်သောသူဆိုလျှင် ရယ်လွန်း၍ ထမင်းများပင် သီး၍သွားသဖြင့် ၎င်း၏ မိန်းမက ကျောကိုထု၍ ပျောက်စေရန် ပြုစုပေးရလေ၏။

စာစကားပြောသော မောင်တောင်ကျော်လည်း ၎င်းအား လှောင်ပြောင် ရယ်မောကြောင်းသိလျှင် လွန်စွာစိတ်ဆိုး၍ အောက်ပါအတိုင်း ကြိမ်းမောင်းလေ၏။

"သင်တို့သည် ကျွန်ုပ်အား လှောင်ပြောင်ရယ်မောကြ၏၊ ကျွန်ုပ် လွန်စွာစိတ်ဆိုးသည်၊ ယနေ့ နံနက်၌ ကြိုးပေးခံရသော လူဆိုးကြီး ပတ္တမြားမင်းမောင် ကဲ့သို့သာ ကျွန်ုပ်၌ အစွမ်းသတ္တိရှိခဲ့ပါမူ ကျွန်ုပ်သည် သင်တို့အား မုချမသွေ ဝိဝိန်ချေပါအံ့"

"ဟား. . . . ဟား. . . . ဟား. . . . စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်ုပ်က ဒီထမင်းဆိုင်ရဲ့ ဆိုင်ရှင်ပါ၊ အသက်လည်း ခြောက်ဆယ်ကျော်ပါပြီ၊ ခင်ဗျားလို စကားပြောတဲ့ လူမျိုးကိုတော့ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ဟု ကျွန်ုပ်က ရယ်မော ပြောဆိုလိုက်လေ၏။

"ကျွန်ုပ်၏ စာစကားပြောခြင်းကို မှားမည်ဟု သင်ဆိုလိုချင်သလော"

ဟု စာစကားပြောသော မောင်တောင်ကျော်က ပြန်၍မေးလိုက်လေ၏။

"မမှားပါဘူး၊ ကျုပ်က ရယ်ချင်တာပါ၊ မိတ်ဆွေကို လေးစားပါတယ်"

ဟု ကျွန်ုပ်သည် အနူးအညွတ် တောင်းပန်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်အား သင်တို့ တောင်းပန်လျှင် ရ၏၊ ယနေ့ နံနက်တွင် ကြိုးပေးခံရသော ပတ္တမြားမင်းမောင်နှင့်သာ တွေ့ရပါမူ သင်တို့၏ တောင်းပန်ခြင်းကို လက်ခံလိမ့်မည် မဟုတ်ပေ"

ဟု မောင်တောင်ကျော်က ဆိုပြန်၏။

"နေစမ်းပါဦး၊ ခင်ဗျားပြောတဲ့ ပတ္တမြားမင်းမောင်က ဘယ်မှာလဲ၊ သူက ဘာလုပ်တာလဲ"

"ပတ္တမြားမင်းမောင်ဆိုသည်မှာ လွန်စွာ ဆိုးသွမ်းသော လူဆိုးကြီး ဖြစ်၏၊ ယနေ့ နံနက်၌ ထိုသူအား အင်္ဂလိပ်အစိုးရက ကြိုးစင်တင်၍ သတ်လိုက်လေပြီ ဖြစ်၏"

"ခင်ဗျားနဲ့ အဲဒီလူဆိုး ပတ္တမြားမင်းမောင်က ဘယ်လို ပတ်သက်တာလဲဗျ"

ဟု ကျွန်ုပ်[illegible] မေးစစ်စုလိုက်လေ၏။

"ထိုလူကြီးသည် ကျွန်ုပ်၏ အသက်ကို တစ်ခါက ကယ်ဆယ်ခဲ့ဖူးလေသည်၊ ထို့ကြောင့် ကျွန်ုပ် ကျေးဇူးရှင် ဖြစ်၏။ ထိုသူအား ကောင်းသောဘုံဌာနသို့ ရောက်ရှိစေရန်အတွက် ကျွန်ုပ်သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်သို့ လာရောက်၍ ပန်း၊ ဆီမီး၊ ရေချမ်း စသည်ကို လှူဒါန်း၍ ဆုတောင်းရခြင်း ဖြစ်၏"

"အဲဒီ ပတ္တမြားမင်းမောင်အကြောင်း မသိရဘူးလားဗျာ"

ဟု ကျွန်ုပ်က တောင်းပန်လိုက်လျှင် စာစကားပြောသော မောင်တောင်ကျော်သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် ပတ္တမြားမင်းမောင်၏ အတ္ထုပ္ပတ္တိက ပြောပြလေ၏။





မောင်တောင်ကျော် ပြောသမျှကို နားထောင်မိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ဆေးတံဆေးအိုး၌ ဆေးကုန်နေသည်ကို မဖြည့်နိုင်တော့ဘဲ မောင်တောင်ကျော်၏ စကား၌ နစ်မျောနေမိလေ၏။ ထို့နောက် ကျွန်ုပ်နှင့်အတူ မောင်တောင်ကျော်၏ စကားကို နားထောင်လျက် ရှိကြသူများအား တစေ့စောင်းကြည့်လိုက်ရာ အားလုံးလိုလိုပင် မောင်တောင်ကျော်၏ စကား၌ နစ်မျောနေကြောင်း တွေ့ရသဖြင့် မောင်တောင်ကျော်၏ အပြောကောင်းခြင်းကို စိတ်တွင်းမှ ကျိတ်၍ ချီးကျူးရပါလေ၏။

ထိုအထဲတွင် အင်းစိန် စီအိုင်ဒီ၌ သင်တန်းတက်နေသော ကျွန်ုပ်၏တူတစ်ယောက်ကမူ နားထောင်ရုံသက်သက် နားထောင်နေသည် မဟုတ်ဘဲ လက်ရေးတိုဖြင့် လိုက်လံရေးမှတ်သည်ကို တွေ့ရလေတော့၏။ မောင်တောင်ကျော်သည် ပတ္တမြားမင်းမောင်၏ အတ္ထုပ္ပတ္တိကို ထိုနေ့၌ တစ်ထိုင်တည်း ပြောပြခြင်းငှာ မစွမ်းနိုင်ရကား နေ့စဉ်ရက်ဆက် ဆိုသလို ကျွန်ုပ်တို့ထံသို့ လာရောက်၍ ပြောပြခဲ့လေ၏။

အလုံးစုံပြီးဆုံးသွားသည့်အခါ၌ ကျွန်ုပ်၏ တူတော်မောင်လက်ရေးတိုသမားထံ၌ ဖူးစကက်စာရွက်များနှင့် ရေးထားသော လက်ရေးတိုစာမူအမြောက်အမြား ရရှိလေ၏။ ထိုလက်ရေးတိုစာမူကို ကျွန်ုပ်က တောင်းယူ၍ မြန်မာဘာသာသို့ ပြန်၍ရေးလိုက်သည်နှင့်ပင် ပတ္တမြားမင်းမောင်၏ အတ္ထုပ္ပတ္တိ အသေးစိတ်ကို ကောင်းစွာ ရရှိလေတော့၏။

ပတ္တမြားမင်းမောင်အကြောင်းကို ပြောပြသော မောင်တောင်ကျော်သည် မူလပြောစဉ်ကပင် စာစကားဖြင့် ပြောသောကြောင့် [illegible] အနေနှင့် ပြင်ဆင်ရန်ပင်မလိုတော့ဘဲ လွန်စွာထူးဆန်း၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း ရဲရင့်ပြီးလျှင် လွန်စွာအနစ်နာခံတတ်သော်လည်း လူဆိုးလူမိုက်ကြီး တစ်ဦးအဖြစ်ဖြင့် ဇာတ်သိမ်းသွားရရှာသော ပတ္တမြားမင်းမောင်၏ စိတ်ဝင်စားဖွယ် အဖြစ်အပျက်တို့ကို ရရှိလေတော့သတည်း။

ထို့ကြောင့် ကျွန်ုပ်နှင့် အင်းစိန်ထောင်တွင် သိကျွမ်းခဲ့သောသူ တစ်ဦးသည် ယခုအခါ၌ **မင်းသိခ်** ဟူသော အမည်ဖြင့် ကျော်ကြားသော စာရေးဆရာတစ်ဦး ဖြစ်နေကြောင်း သိရသဖြင့် ၎င်းထံသို့ သွားရောက်ကာ ပတ္တမြားမင်းမောင်၏ အတ္ထုပ္ပတ္တိကို ပေးလိုက်လေတော့သတည်း။

*ဗဟန်းဘက်မှခ်*
*လူ့ဝကြီးထမင်းဆိုင်ပိုင်ရှင်*
*ဦးဖေမောင်*

## ပတ္တမြားမွှားမြင်ခြင်း

တစ်နေ့သ၌ ကုန်စိမ်းရောင်းသော မိန်းမသုံးယောက်တို့သည် ကုန်စိမ်းကြိုရန်အတွက် ကုန်စိမ်းတောင်းကြီးများကို ခေါင်း၌ရွက်သူက ရွက်၍၊ ခါး၌ ခါးစောင်းတင်သူကတင်ကာ ညနာရီပြန် တစ်ချက်ထိုးလောက်တွင် တာမွေလေးဘူတာအနီး ရထားလမ်းနှင့် ကားလမ်းဆုံရာတွင် ကမ်းနားဈေးသို့ထွက်မည့် ဈေးကြို ဘတ်စ်ကားကို စောင့်မျှော်နေကြလေ၏။ ထိုသို့ စောင့်မျှော်နေကြစဉ်အတွင်း၌ လက်ညှိုးထိုး တံဆိပ် မအေးမေ ဆေးပေါ့လိပ်တစ်လိပ်အား မီးညှိကာ တစ်ယောက် တစ်လှည့် ဖွာရှိုက်ကြလေ၏။





"သိန်းရှင်ရေ ဟိုမှာ စက်ဘီး၊ ပတ္တရောင်ပုလိပ်တော့ ကျုပ်တို့ဆီကို လာနေပြီ"

မိန်းမတစ်ယောက်က ခပ်လှမ်းလှမ်းတွင် စက်ဘီးဖြင့်လာလျှက်ရှိသော ပတ္တရောင်ပုလိပ်ကို မေးငေါ့ပြရင်း သိန်းရှင်ဆိုသူ မိန်းမအား ပြောလိုက်လေ၏။ ပတ္တရောင်ပုလိပ်လည်း စက်ဘီးနင်း၍ လာရာမှ ဓာတ်မီးတိုင်အောက်သို့ရောက်လျှင် စက်ဘီးပေါ်မှ ဆင်းကာ ချိန်းကြိုးကို ပြင်၍ တင်နေရလေ၏။

"ကျုပ်တို့ဆီကို လာတာမဟုတ်ဘူး၊ အဲဒီပုလိပ်က ညည်းဆီကို လာတာ၊ ညည်းကို ရိသဲ့သဲ့စကားပြောဖို့ လာတာ မိကြည်"

ဟု သိန်းရှင်ဆိုသူ မိန်းမပြန်၍ ပြောလိုက်လေ၏။

"ငါ့ဆီကို လာလို့ အလကားပဲ၊ ငါဗိုက်ကို မြင်ရင် ပုလိပ်တတစ်ခါတည်း ထွက်ပြေးမယ်၊ ဟီ. . . . ဟီ"

ဟု ရယ်မောလိုက်၏။

"ဗိုက်အကြောင်းတော့ မပြောနဲ့ ကောင်မရေ၊ ညည်းမှညည်း ဗိုက်ရှိတာ မဟုတ်ဘူး၊ ဟောဒီမှာ"

ဟု ဆိုကာ မကလေးမဆိုသည့် မိန်းမက ကိုးလခန့် ရှိပြီဖြစ်သော သူ့ဗိုက်ကြီးအား ကော့၍ပြလိုက်ရာ မသိန်းရှင်နှင့် မကြည်တို့က ရယ်မောကြလေ၏။ အမှန်အားဖြင့် ထိုကုန်စိမ်းသည် သုံးဦးစလုံးသည် ကိုယ်ဝန်ဆောင်များ ဖြစ်ကြလေ၏။ ထိုအထဲတွင် **မကလေးမ ဆိုသည့် မိန်းမ**သည် သနားစရာကောင်းလှပေသည်။ ကိုယ်ဝန်သုံးလရှိသည့်အခါ သူ၏ လင်ယောက်ျားသည် သူ့အားပစ်သွားတာဆိုတော့ . . . ဟု ဆိုသော မိန်းမက ပြောလိုက်ရာ. . . .



www.burmeseclassic.com

www.burmeseclassic.com



"မကလေးမက မသနားနဲ့ ကောင်မရေ ကလေး မွေးတယ်ဆိုတာ ငါတို့ မိန်းမတွေ အလုပ်ပဲ၊ ယောကျ်ားက ပစ်သွားလည်း မမွေးချင်လို့ မရတော့ဘူး၊ မွေးရမှာပဲ၊ တစ်ခုပဲဆုတောင်းတယ်၊ ငါမွေးမယ့်ကလေးဟာ ယောကျ်ားလေး ဖြစ်ပါစေလို့ပြီးတော့ လူဆိုး လူမိုက်ကလေးလည်း ဖြစ်စေချင်တယ်၊ သူ့အဖေလို ပျော့စိ ပျော့ညံ့ မဖြစ်စေချင်ဘူး၊ လူကြည့်တော့ ရိုးပုံရိုးပန်းနဲ့ မခုတ်တတ်တဲ့ကြောင်လိုကောင်မျိုးတွေက လူရှုပ်တွေ ဖြစ်တာများတယ်၊ ကျားကျားလျားလျား ဆိုးမိုက်မိုက်ကောင်မျိုးတွေက တည်တည်ကြည်ကြည် လူတွေဖြစ်တတ်သေးတယ် တော်ရေ"

ဟု ပြောကာ ဆေးပေါ့လိပ်ကြီးကို ပါးစပ်၌တေ့လျက် အားရပါးရ ရှိုက်ဖွာလိုက်လေတော့၏။

ထိုအခါ၌ ပတ္တရောင်ပုလိပ်လည်း ၎င်းတို့အနီးသို့ ရောက်ရှိလာလျှင်. . . .

"ခင်ဗျားတို့ သုံးယောက် ဘာလုပ်နေတာလဲ"

ဟု မေးလိုက်ရာ မကလေးမက. . . .

"ဘာလုပ်နေတာ ရှင်မြင်သလဲ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"မဟုတ်ပါဘူး၊ ကျုပ်က အကူအညီလိုရင် အကူအညီပေးမလို့ မေးတာပါ"

"မလိုပါဘူး သွားစမ်းပါ"

ဟု မကလေးမက အော်ငေါက်လွှတ်လိုက်ရာ၊ အကူအညီပေးလိုသော ပတ္တရောင်ပုလိပ်လည်း ၎င်းတို့အနီးမှ ထွက်ခွာ၍ သွားလေတော့၏။





"ကလေးမကလည်းအေ အကြောင်းပြောတာကို ဒီလိုပဲ ငေါက်လွှတ်သလား"

ဟု မသိန်းရှင်ဆိုသော မိန်းမက ပြောလေ၏။

"ဘယ်လိုမှန်း မသိပါဘူးတော်၊ ဟောဒီကလေး ကိုယ်ဝန်ရကတည်းက စကားပြောရင်ဘုကလန့်ချည်းပြောချင်နေတယ်"

ဟု မကလေးမက ပြန်၍ပြောလိုက်လျှင် မသိန်းရှင်နှင့် မကြည်တို့သည် ရယ်မောကြပြန်၏။

ထို့နောက် သူတို့သုံးဦးသည် ကုန်စိမ်းကြိုသည့် ဘတ်စ်ကား လာသည့်က ၁းနှင့်လိုက်ပါသွားကြပြီးလျှင် ကမ်းနားဈေး၌ ကုန်စိမ်းများကို ဝယ်ယူကြလေ၏။ ဝယ်ယူပြီးသည့်အခါ၌ မသိန်းရှင်က အချိန်စောသေးသည်ဟု ဆိုကာ ဆူးလေပန်းခြံတွင် ကပြလျက်ရှိသော ဇာတ်ပွဲကို သွားရောက်ကြည့်ရှုရန် ဆွယ်သဖြင့် ဗိုက်ကြီးသည်သုံးယောက်တို့သည် ကုန်စိမ်းတောင်းကြီးများကိုရွက်၍ ဆူးလေပန်းခြံဆီသို့ လျှောက်လာကြလေတော့၏။

ဆူးလေပန်းခြံ၌ကား ခပ်ညံ့ညံ့ဇာတ်အဖွဲ့တစ်ဖွဲ့သည် ဝတ္ထုများ ငမောက် ဟူသောထိုးဇာတ်တစ်ဇာတ်ကိုကပြလျက်ရှိလေ၏၊ ထိုဇာတ် မှာ ငမောက်ဆိုသော သူဆင်းရဲတစ်ယောက်သည် ကြက်ဥလုံး [illegible] ရှိသော ပတ္တမြားကြီးတစ်လုံးကို တူးဖော်ရရှိခဲ့ရာ ထိုဝတ္ထု [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထက်ခြမ်း ခြမ်း၍ တရုတ်ပြည်ဘက်သို့ တစ်ခြမ်းကို ရောင်း၍ ကျန်သော တစ်ခြမ်းကို ဘုရင်အား ဆက်သခဲ့လေသည်။ ဘုရင်လည်း လွန်စွာ အားရတော်မူ၍ ထိုပတ္တမြားအား 'ပတ္တမြားငမောက်' ဟူ၍ အမည် ပေးပြီးလျှင် ငမောက်ကိုလည်း ဆုလဒ်များ ချီးမြှင့်ခဲ့လေသည်။ သို့ရာတွင် နောက်နှစ်၌ ငမောက်၏ ပတ္တမြားတစ်ခြမ်းကို ရရှိထားသော တရုတ်ကုန်သည်တို့သည် မြန်မာဘုရင်ထံသို့ လာရောက်၍ ရောင်းချကြလေရာ မြန်မာဘုရင်လည်း ငမောက်ထံမှ ရရှိထားသော ပတ္တမြားနှင့် ဆက်စပ်ကြည့်ရာ ပတ္တမြားကြီးတစ်လုံး၏ ပုံသဏ္ဌာန်ကို ရရှိလေ၏။ ထို့ကြောင့် ငမောက်သည် မိမိအား ပတ္တမြားကြီးတစ်လုံးလုံးကို မဆက်သဘဲ တစ်ခြမ်းသာလျှင် ဆက်သခဲ့ကြောင်း သိရှိသွားသဖြင့် ငမောက်အား မီးရှို့သတ်ဖြတ်သော ဇာတ်ဖြစ်လေသည်။ ဗိုက်ကြီးသည် သုံးယောက်သည် ပွဲခင်း၏အလယ်သို့ တိုးကပ်နိုင်သမျှ တိုးကပ်၍ ပွဲကိုကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုနေစဉ်အတွင်း မကမလေးမက. . . .

"ထိုင်ကြပါ ထိုင်ကြပါ"

"ဘာမှဖြစ်တာမဟုတ်ပါဘူး၊ ဗိုက်ကြီးသည်တစ်ယောက် ပွဲခင်းထဲမှာ ပတ္တမြားမွေးတာပါ၊ အဲ. . . အဲ ယောင်လို့ ကလေးမွေးတာပါ"

ဟု ကြေညာလိုက်ရာ. . . .





ပွဲကြည့်ပရိသတ်များသည် ပတ်တုတ်၍မရအောင် ပွဲထ[illegible] သွားလေတော့၏။ ပွဲခင်းအလယ်မှစ၍ ကုန်စိမ်းသည် မကလေးမ မွေးဖွားခဲ့သော သားကလေးသည် 'ပတ္တမြား' ဟူ၍ အနွတ္တအမည် တွင်လေတော့သတည်း။

(ပတ္တမြားမင်းမောင်၏ သုသာန်ကျောင်းဆရာတော်ထံ၌ ပညာသင်ယူပုံ၊ ထူးဆန်းမှုခင်းများ ကျူးလွန်ခဲ့ပုံမှအစ၊ ဗြိတိသျှအစိုးရအား အနှောင့်အယှက်ပေးခဲ့ပုံ စသော ဝတ္ထုဇာတ်လမ်းတို့ကို ဆက်လက်၍ ရေးသားဖော်ပြသွားပါမည်။)

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မြေလှျောက်ဝိဇ္ဇာ ရွှေမြသာ

## (သို့မဟုတ်)

## ဘုရားပေါ်မှာ တွေ့ခဲ့ရသော လူတစ်ယောက်

တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံဘုရားသို့ သွားရောက်၍ ပုတီးစိပ်ခဲ့၏။ ခေါင်းလောင်းကြီးအနီးရှိ စေတီကလေး၏ နောက်တွင် ထိုင်ကာ ပုတီး (၂၇) ပတ်တိတိ စိပ်လေ၏။ ပုတီးစိပ်ပြီးသောအခါ ကျွန်ုပ်သည် ထိုစေတီနောက်မှ ထွက်လာပြီးလျှင် ညောင်ပင်ကြီးနောက်၌ ခြေပစ်လက်ပစ် ထိုင်ချကာ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာလေ၏။ ထိုအခါ ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင် နဂိုကပင် ထိုင်နေလျက်ရှိသော အသက် (၄၀) အရွယ် လူတစ်ယောက်က စပ်စပ်စုစု မေးမြန်းလေ၏။

ထိုသူ ။ ။ ဆရာမင်းသိင်္ခ မှတ်တယ်။

ကျွန်ုပ် ။ ။ ဟုတ်ပါတယ်ဗျာ။

ထိုသူ ။ ။ ဟိုစေတီကြားထဲဝင်ပြီး ဘာလုပ်တာလဲ။

ကျွန်ုပ် ။ ။ ဘာလုပ်တယ်လို့ ကိုယ့်လူက ထင်လို့တုံး။





ထိုသူ ။ ။ ဝင်ပြီး ပုတီးစိပ်တာ။

ကျွန်ုပ် ။ ။ ဟုတ်သားပဲ။ ဝင်ပြီး ပုတီးစိပ်တာပါ။

ထိုသူ ။ ။ ကြာလှချည်လား။

ကျွန်ုပ် ။ ။ (၁၀၈) လုံး ပုတီးနဲ့ ၂၇ ပတ်တောင် စိပ်ရတာ ကြာတာပေါ့။

ကျွန်ုပ်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း ထိုသူ၏ မျက်နှာအား အကဲခတ်သလို ကြည့်လိုက်၏။ ထိုသူကလည်း ကျွန်ုပ်အား အကဲခတ်သလို ကြည့်၏။ ထို့နောက်မှ . . . .

ထိုသူ ။ ။ မနေ့မယ ပုတီးစိပ်နည်းစာအုပ် ရေးသွားတာ ဆရာနော်။

ကျွန်ုပ် ။ ။ ဟုတ်ပါတယ်။အဖုံးမှာလည်း မင်းသိင်္ခ လို့ ဖော်ပြထားသားပဲ။ ကိုယ့်လူ ဘာဖြစ်လို့ မေးနေတာတုံး။

ထိုသူ ။ ။ ပုတီးစိပ်နည်းရေးတဲ့သူက ပုတီးမှ မစိပ်တတ်သေးပဲ။

ကျွန်ုပ် ။ ။ ဟင် ဘာပြောတယ် ကိုယ့်လူ၊ မင်းသိင်္ခ ဆိုတဲ့ လူကို တွေ့ရင်စော်ကားမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူကြီးက ဘယ်ကိစ္စမဆို ခေါင်းငုံ့ပြီး ခံသွားတယ်လို့ ကြားဖူးလို့ စော်ကားတာလား။ အဲဒီလိုသဘောနဲ့ စော်ကားတယ်ဆိုရင်တော့ ဘုရားရင်ပြင်တော်ပေါ်မှာမို့ မြတ်စွာဘုရားရဲ့ ရွှေမျက်နှာတော်ကိုရော၊ ပထမ ဘုရားဒကာဖြစ်တဲ့ ဥက္ကလာပမင်းကြီးကိုရော၊ ပြင်ဆင်မွမ်းမံတဲ့ ဘုရင်မကြီး ရှင်စော်ပုကိုရော



www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ ရှိသေကိုင်းရှိုင်းတဲ့အတွက် ကိုယ့်လူကို ချမ်းသာပေးလိုက်မယ်။ ဘုရားကုန်းတော်ပေါ်က ဆင်းပြီး အောက်ကိုရောက်ရင်တော့ ကျုပ်နဲ့ မတွေ့စေနဲ့။ ဒီလိုစော်ကားတာကို ခံမယ့်လူများ မှတ်နေလို့လား။ တစ်ခါတည်းပြောထားမယ်။ ကုန်းတော်ပေါ်က ဆင်းရင် ကျုပ်နဲ့ မတွေ့အောင် ရှောင်ပြီး (ကက) တက္ကစီကားကို ငှားစီးပြီး ပြေးပေကော့။

(မျက်လုံးပြူး၍ ဒေါနှင့် မောနှင့် ပြောလိုက်ခြင်းဖြစ်သည်။)

ထိုသူ ။ ။ ပုတီးသမားကလည်း စိတ်တိုလှချည်လား။ ကျွန်တော်က အလွန်ရိုးတဲ့လူဗျ။ ရိုးတဲ့လူဆိုတော့ စကားကို တွေ့ပတ်ပြီး မပြောတတ်ဘူး။ စိတ်ထဲရှိတဲ့အတိုင်း တဲ့တိုးကြီးပြောလိုက်တာပါ။ ဆရာ့ကို စော်ကားသလို ဖြစ်သွားရင်လည်း တောင်းပန်ပါတယ်။ ဒီတိုင်း ပါးစပ်နဲ့ တောင်းပန်တာ မကျေနပ်ရင် ဘယ်လိုနည်းလမ်းနဲ့ တောင်းပန်ရမယ်ဆိုတာ ပြောပါ ဆရာ။ ဆရာ ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်။

ကျွန်ုပ် ။ ။ စော်ကားတာ မဟုတ်ဘူးဆိုရင်တော့ ကျေနပ်ရမှာပေါ့လေ။ စော်ကားတာဆိုရင်တော့ ကျုပ်ရဲ့လက်သီး၊ ကျုပ်ရဲ့ ဒူး၊ ကျုပ်ရဲ့ တံတောင်ကိုလည်း နည်းနည်း ကိုင်ကြည့်လိုက်ဦး။





ထိုသူ ။ ။ ကိုင်မကြည့်တော့ပါဘူး။ ကျွန်တော့်တို့ထည်း အဲဒါတွေနဲ့ ရန်ပြုဖို့ စိတ်မကူးပါနဲ့တော့ ကျွန်တော် တောင်းပန်ပါတယ်။

ထိုအခါ ကျွန်ုပ်သည် စိတ်အနည်းငယ် ပြေပြီးသွားပြီ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်က ၎င်းအား စစ်ဆေးသကဲ့သို့ စတင်မေးမြန်း လေတော့၏။

ကျွန်ုပ် ။ ။ ကိုယ့်လူက ဘယ်သူတုံး။

ထိုသူ ။ ။ ရွှေမြသာ။

ကျွန်ုပ် ။ ။ အလုပ်က ဘာလုပ်သတုံး။

ရွှေမြသာ။ ။ *ဆရာ့ စာအုပ်ထဲမှာပါတဲ့ စကားအတိုင်းသုံးရရင် ဂန္ဓာရီလှည့်တယ်ပေါ့ ဆရာရယ်။ အမြို့မြို့ အနယ် နယ်က ဘုရားတွေ လှည့်ပြီး ဘုရားဖူးတယ်။ ပုတီး စိပ်တယ်ပေါ့ ဆရာရယ်။ တစ်ခုတော့ ရှိတယ်။ ဘယ် က ပိုက်ဆံရသလဲလို့တော့ မမေးပါနဲ့။ ကျွန်တော် အလှူလည်း မခံဘူး။ အရင်က စုဆောင်းထားတဲ့ ငွေလေးကိုသုံးပြီး ဂန္ဓာရီလှည့်တာ၊ အလှူမခံဘူး ထမင်းလည်း ဝယ်ပြီးစားတယ်။*

ကျွန်ုပ် ။ ။ ဆိုစမ်းပါဦး။ ကိုယ့်လူက ကျုပ်ကို ဘာဖြစ်လို့ ပုတီး မစိပ်တတ်ဘူးလို့ ပြောရတာတုံး။

ရွှေမြသာ။ ။ *ပုတီးကို အကြာကြီးစိပ်တာကို ထောက်ဆပြီး ပြော တာပါ။(ကျွန်ုပ်သည် စိတ်ဆိုးသွားသည်ဖြစ်၍ အသံ ကျယ် လောင်စွာဖြင့်. . . . .)*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ ပုတီးကိုအကြာကြီး စိပ်တာနဲ့ပဲ ပုတီးမစိပ်တတ်ဘူးလို့ စွပ်စွဲရသလား။ တကယ့်ပုဂ္ဂိုလ်ကျော်ကြီးတွေလည်း ပုတီးပတ်တွေ အများကြီးစိပ်တာကို ကြားလည်း ကြားဖူးတယ်။ တွေ့လည်း တွေ့ဖူးတယ်။ သူတို့တွေကို ရော ကိုယ့်လူက ပုတီးမစိပ်တတ်ဘူးလို့ စွပ်စွဲချင် သေးလား။

ရွှေမြသာ။ ။ သူတို့ကို မပြောလိုပါဘူး။ ဆရာ့ကို ပြောတာပါ။

ကျွန်ုပ် ။ ။ ကိုယ့်လူက ကျုပ်ကိုရော ဘာလို့ပြောရတာတုံး။

ကျွန်ုပ်သည် ဒေါနှင့် မောနှင့် ပြန်၍မေးလိုက်၏။ ရွှေမြသာသည် ၎င်း၏အိတ်အတွင်းမှ စီးကရက်တစ်ဘူးကို ထုတ်လိုက်လေ၏။ ကျွန်ုပ်သည် ဘူး၏ စီးကရက်ဘူးကို လှမ်း၍ကြည့်လိုက်၏။

စီးကရက်ဘူးမှာ ဂလေဇီယာခေါ် ရေခဲတောင်တံဆိပ် စီးကရက်ဘူးဖြစ်၏။ ထိုစီးကရက်မျိုးမှာ လွန်ခဲ့သောနှစ် (၇၀) ကျော်ခန့်က စီးကရက်မျိုး ဖြစ်၏။ ကျွန်ုပ် ရေးသားသော ဆားပုလင်းနှင်းမောင် ဝတ္ထုများတွင် ကျွန်ုပ်၏ဇာတ်လိုက် ဆားပုလင်းနှင်းမောင် သောက်သော စီးကရက်မျိုး ဖြစ်၏။ ယခုခေတ်၌ ထိုစီးကရက်ဘူးကို တွေ့ဖူးသူ ပင် ရှားပေလိမ့်မည်။ ရွှေမြသာဆိုသူသည် ရှေးဟောင်းစီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျားတွင် တေ့လိုက်လေ၏။ ထို့နောက် မီးညှိရန်အတွက် မီးခြစ်ကို ထုတ်လိုက်ပြန်၏။

ထိုမီးခြစ်ကိုလည်း ကျွန်ုပ်ကောင်းစွာ သိ၏။ မီးခြစ်မှာ 'ရွှန်ဆွန်' မီးခြစ် ဖြစ်၏။ ထိုရွှန်ဆွန်မီးခြစ်မှာလည်း လွန်ခဲ့သော နှစ် (၆၀) ကျော်က လွန်စွာလူကြိုက်များခဲ့သော မီးခြစ်ဖြစ်၏။ ယခုခေတ်၌ သုံးသူနည်းပါးနေပြီ ဖြစ်၏။





ထိုသူသည် ရွှန်ဆွန်မီးခြစ်ကို ထောက်ခနဲ ခြစ်လိုက်ပြီးလျှင် မီးတောက်ကို စီးကရက်ထိပ်ဖျားသို့ကပ်ကာ မီးမတို့သေးဘဲ မှုတ်ထုတ်၏ စွေစောင်း၍ မီးတောက်ကို သုံးစက္ကန့်မျှ ငေးစိုက်ကြည့်နေသေး၏ ထို့နောက်မှ မီးကိုညှိလိုက်ပြီး မီးခြစ်ကို စီးကရက်မှခွာကာ လေထဲတွင် ဝှေ့ယမ်း၍ ငြိမ်းလိုက်လေ၏။

ကျွန်ုပ်သည် ၎င်း၏ အပြုအမူကို ကြည့်ကာ. . . .

"တော်တော် ဂိုက်များတဲ့ ငတိပဲ"

ဟု စိတ်တွင်းမှ ရေရွတ်မိလေ၏။

ထို့နောက် ရွှေမြသာက ကျွန်ုပ်အား စကားပြောပြန်လေ၏။

ရွှေမြသာ။ ။ အခု ကျွန်တော်ပြောမယ့်စကားကို ဆရာငြင်းမလို့ လား။မငြင်းပါနဲ့ ဆရာရယ်။ ငြင်းရင်လည်း ငြင်းသာ ပဲ ရှိမှာ။ ကျွန်တော်ပြောတာပဲ အမှန်ဖြစ်မှာ။ နောက် ပြီးတော့ ဒီကိစ္စက ရှက်စရာမဟုတ်ပါဘူး။ ပုတီးစိပ် တာ အကြာကြီး ရှိပြီ။ ဘာမှမထူးတဲ့လူတွေ ပြောရင် ရင် အများကြီးပြလို့ ရပါတယ်။ တချို့ကလည်း ဘာမှ မထူးဘဲနဲ့ ထူးပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် လှည့်စား တတ်တယ်။အဲဒီလိုမှ မလှည့်စားရင်လည်း သူတစ်ပါး အထင်ကြီးအောင် လျှောက်ပြီး ပြောတော့တာပေါ့။ ကျုပ် ပုတီးစိပ်နေတာ ဘယ်နှနှစ်ရှိပြီ ဘာတွေ ထူးနေ ပြီပေါ့ ဆရာရယ်။ အခု ကျုပ်စိပ်နေတဲ့ ပုတီးဟာ ရိုးရိုးပုတီး မဟုတ်ဘူး။ ဘယ်တောင်က ဘယ်ဆရာ ပုတီးစိပ်တုန်းက အဲဒီတောင်တလည်း



www.burmeseclassic.com

www.burmeseclassic.com



တာ မပြောပါနဲ့တော့။ ပုတီးစိပ်တဲ့ လူတိုင်းကို တောင် အောက်ကို ဆွဲချတယ်။ အဲဒီလို ဆွဲချတဲ့ မကောင်းဆိုးဝါးကြီးဟာ နောက်ဆုံးမှာ ကျုပ်ရဲ့ သီလ၊ သမာဓိနဲ့ ကျင့်စဉ်ကို အရှုံးပေးပြီး ဟောဒီ ပုတီးလာပေးသွားတယ်။ မမြင်ဘူးရင် ကြည့်ထားဆိုပြီး ဘုရားစောင်းတန်းက ဝယ်ထားတဲ့ ပုတီးကြီးကို ထုတ်ပြတော့တာပဲ။ ပုတီးစိပ်တဲ့ လူတွေထဲမှာ အဲဒီလို 'ပုတီးဖြိုး' တွေ အများကြီးပဲ ဆရာရေ့။ ဆရာကတော့ အဲဒီ ပုတီးဖြိုးထဲ ပါမယ် မထင်ပါဘူး။

ကျွန်ုပ် ။ ။ ကျုပ်က အဲဒီလို လူစားမျိုးမဟုတ်ဘူး။

ရွှေမြသာ။ ။ တချို့ကလည်း သူ့ရဲ့ပုတီးကို သူများကိုင်ကြည့်ရင်တောင် မကြိုက်ဘူး။ သူများရဲ့ ဓာတ်တွေ ကူးသွားမှာစိုးလို့တဲ့။ ပြီးတော့ အဲဒီလူဟာ သူ့ပုတီးကို ကိုင်ကြည့်မှာလည်း စိုးတယ်။ ထုတ်မပြဘဲလည်း မနေနိုင်ဘူး။ ဒီတော့ ပုတီးကို အိတ်ထဲကထုတ်ပြီး အဝေးကနေပြတာ။ ကိုင်မကြည့်ဖို့လည်း အတန်တန် မေတ္တာရပ်ခံတယ်။ ဓာတ်တွေကူးပြီး သိဒ္ဓိတွေ ပြယ်သွားမှာ စိုးလို့တဲ့။ ပြတဲ့သဘောကတော့ သူဟာ ပုတီး ဘယ်လောက်စိပ်ထားတယ်။ ဒါကြောင့် သူ့ပုတီးကြီးဟာ ဘယ်လောက်ပြောင်နေတယ်ဆိုတာ သိစေချင်လို့ပဲ။ ကြွားတဲ့သဘောပေါ့ ဆရာရယ်။တော်တော် ကြောင်တဲ့ ဝေါ်တွေ။ အဲဒီလူတွေကို 'ပုတီးကြောင်' လို့





ခေါ်တယ်။ အဲဒီထဲမှာ ဆရာတစ်ယောက်တော့ ပါမယ် မထင်ပါဘူး။

ကျွန်ုပ် ။ ။ ကျုပ်က အဲဒီထဲမှာ မပါဘူး။

ရွှေမြသာ။ ။ တချို့ကလည်း ပုတီးသမားချင်းတူရင် လာခဲ့၊ ကျုပ်က ပိုပြီးထိုင်နိုင်တယ်။ မထိုင်နိုင်လို့ ထသွားတဲ့သူ အရှုံးဆိုပြီး အကြာကြီးထိုင်နိုင်တာကို ဂုဏ်ယူတတ်တဲ့ ပုတီးသမားလည်း ရှိတယ်။ အကြာကြီး ထိုင်နိုင်တာကို ဂုဏ်ယူမယ်ဆိုရင် ဖဲသမားက ရယ်တာပေါ့။ တစ်ခါက အဲဒီလို အကြာပြိုင်ချင်တဲ့ ကျွန်တော့် မိတ်ဆွေ ပုတီးသမားတစ်ယောက်ဟာ လောင်းကြေးစားကြေး လူတစ်ယောက်နဲ့ ပုတီးစိပ်တယ်။ ည တစ်ချက်ထိုးလောက်လည်းကျရော ကျွန်တော့် မိတ်ဆွေ ပုတီးသမားဟာ မထိုင်နိုင်တော့ဘဲ အရှုံးပေးပြီး ထလိုက်ရတယ်။ ဟိုလူကတော့ မိုးလင်းအထိ ဆက်ထိုင်သွားတယ်။ ဟိုလူနိုင်သွားတယ်။ အဲဒါကြောင့် ဟိုလူကို ပိတ်ဖြူတစ်စုံ၊ တင်တင်အေး မုန့်ဟင်းခါးအသင်ခြောက်ကောင် ဖိနပ်တစ်ရန် ပူဇော်လိုက်ရတယ်။ နောက်တော့ စုံစမ်းကြည့်တယ်။ အဲဒီလူဟာ မိုးလင်းပေါက် ပိုကာဒေါင်းတဲ့လူတဲ့။ ထိုင်နိုင်တဲ့ ဒွန်းကာတော့ ကျွန်တော့် မိတ်ဆွေက သူ့ကို ဘယ်မီမလဲ။ အဲဒီလို ပုတီးမှာပြိုင်တဲ့ လူစားမျိုးဟာ 'ပုတီးပြိုင်' ပေါ့ ဆရာရယ်။ အဲဒီလိုလူစားမျိုးထဲမှာ ဆရာတော့ ပါမယ် မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ မပါ,ပါဘူး။ မပါ,ပါဘူး။

ရွှေမြသာ။ ။ ပြီးတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက် ရှိသေးတယ်။ သူက ပုတီးကို တစ်ကုံးတည်း မစိပ်ဘူး။ ပုတီး (၁၀) ကုံးကို တစ်ခါတည်း သီထားတယ်။ ပြီးတော့ ဘုရားစင်ရှေ့မှာ ရစ်လုံးနဲ့ရစ်ပြီး မျက်နှာကြက်မှာ ချိတ်ထားတယ်။ ပုတီးစိပ်တဲ့အခါမှာ သူက ထိုင်ပြီး အဲဒီပုတီးကို ဆွဲချတယ်။ ရစ်လုံးက မျက်နှာကြက်မှာ အဝေးကကြည့်ရင် ပုတီးစိပ်တာနဲ့ မတူဘူး။ စွန်လွှတ်နေတာနဲ့တူတယ်။ ဆိုလိုတာကတော့ သူများစိပ်သလို မစိပ်ဘူး။ ထွင်မယ်ဆိုတဲ့ လူစားမျိုးပေါ့။ 'ပုတီးငထွင်' ပေါ့ ဆရာရယ်။အဲဒီထဲမှာ ဆရာတစ်ယောက်တော့ ပါမယ် မထင်ပါဘူး။

ကျွန်ုပ် ။ ။ မပါ,ပါဘူး။ မပါ,ပါဘူး။

ရွှေမြသာ။ ။ ကျွန်တော့်မိတ်ဆွေထဲမှာ တစ်ယောက်ရှိသေးတယ်။ ပုတီးကို ရိုးရိုးမစိပ်ဘူး။ ကျိုက်ထီးရိုးမှာ သွားပြီး စိပ်မလို့။ ရွှေစက်တော်မှာ သွားပြီးစိပ်မလို့ဆိုပြီး အလှူလိုက်ခံတယ်။ ပြီးတော့ ဘယ်မှလည်း မသွားဘဲ သူ့အိမ်ထဲမှာ နှစ်ပတ်လောက်အောင်းပြီး နေလိုက်တယ်။ပြီးမှ ကျိုက်ထီးရိုးက ပြန်လာသလိုလို၊ ရွှေစက်တော်က ပြန်လာသလို လို လုပ်တော့တာပဲ။ ပုတီးကို အကြောင်းပြုပြီး ပတ်တဲ့လူတွေ ဆရာရယ်။ အဲဒီလူမျိုးကတော့ 'ပုတီးပေတ်' လို့ ခေါ်တယ်။ အဲဒီလို





လူမျိုးတွေထဲမှာ ဆရာတစ်ယောက်တော့ ပါမယ် မထင်ပါဘူး။ ပြီးတော့ ကျွန်တော့်မိတ်ဆွေ ပုတီးသမား တစ်ယောက် ရှိတယ်။ သူက ပုတီးစိပ်တာတော့ နည်းနည်းရယ်။ မျက်လုံးက ကျီးကန်းတောင်းမှောက် ဟိုကြည့် သည်ကြည့် ကြည့်နေတယ်။ မလှမ်းမကမ်းမှာ ပုတီးကိုင်ထားတဲ့ မိန်းမ တစ်ယောက်ယောက် ရောက်လာရင် ညီမလေးက ပုတီးစိပ်တာ ဘယ်လောက်ကြာပြီလဲ။ ဘာကို စွဲစွဲမြဲမြဲ စိပ်သလဲ။ ဘာညာနဲ့ ဝင်ပြီး ပြောတော့တာပဲ။ ပြီးတော့ ပုတီးစိပ်နည်း အမျိုးမျိုးဆိုတဲ့ စာအုပ်ထဲက တစ်ခုတို့ သူက ပြောလိုက်တာပဲ။ ဟိုလူကလည်း ကူးယူတယ်။ အဲဒီလိုနဲ့ပဲ မိန်းမတွေနဲ့ ရှုပ်ကုန်တာပဲ။ တစ်ယောက်ယောက်နဲ့ ရှုပ်ပြီးရင်လည်း မပြီးသေးဘူး။ နောက်ထပ် ထပ်ပြီး ရှုပ်တော့တာပဲ။ အဲဒီလိုမျိုးကိုတော့ 'ပုတီးငရှုပ်' လို့ခေါ်တယ်။အဲဒီလိုလူစားထဲမှာတော့ ဆရာတစ်ယောက် ပါမယ် မထင်ပါဘူး။

ကျွန်ုပ် ။ ။ မပါ,ပါဘူးဗျာ။ မပါ,ပါဘူး။ အဲဒီလိုလည်း မရှုပ်တတ်ပါဘူး။

ရွှေမြသာ။ ။ နောက်ပြီးတော့ ကျွန်တော့်မိတ်ဆွေ ပုတီးသမား တစ်ယောက် ရှိတယ်ဗျ။ပုတီးစိပ်တာ အနှစ်[illegible] လောက် ကြာပြီး သူ့မှာ ဘာအတွေ့အခေါ် [illegible] မရှိဘူး။ ဘာဗဟုသုတမှလည်း မရှိဘူး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ရမယ်။ သိဒ္ဓိရမယ်ဆိုတာပဲ သိတယ်။ ကိုယ့်ဟာကိုယ် ထူးမှန်းလည်း မသိ။ မထူးမှန်းလည်း မသိ စိပ်နေတာပဲ။ သူများက ဘိုးဘိုးအောင်ရဲ့ ပုတီးစိပ်နည်းလို့ ပြောရင်လည်း သူက လိုက်ပြီး စိပ်တာပဲ။ သူများက ယက္ကန်းစင်တောင် ဆရာတော်ကြီးရဲ့ ပုတီးစိပ်နည်းလို့ ပြောရင်လည်း သူက ယုံတာပဲ။ စိပ်ဆိုရင် လိုက်ပြီးစိပ်တာပဲ။ကိုယ်လုပ်လာတဲ့ အလုပ်က နှစ်ဘယ်လောက်ကြာပြီး ဘာမှမထူးသေးဘူး။ ဘာလို့ မထူးသေးဘူးဆိုတာလဲ မစဉ်းစားဘူး။ တော်တော့်ကို တုံးတဲ့လူပဲ။ သူလိုလူစားမျိုးကို ကျွန်တော်က 'ပုတီးတုံး' လို့ ခေါ်တယ်။ ဆရာကတော့ အဲဒီထဲမှာ ပါမယ် မထင်ပါဘူး။

ကျွန်ုပ် ။ ပါ,ပါတယ်ဗျာ။ ပါ,ပါတယ်။ ကျုပ်ဟာ အဲဒီလို လူစားမျိုးထဲကပါပဲ။ ဒါပေမဲ့ တုံးဆိုတဲ့ စကားလုံးကြီးကတော့ ရင့်သီးလွန်းလှပါတယ်။ဘယ်လိုလူစားမျိုးမှလည်း အခေါ်ခံနိုင်မှာ မဟုတ်ပါဘူး။ ကျုပ်ဟာ မထွန်းပေါက်တဲ့အလုပ်မှာ နှစ်ရှည်လများ အချိန်ဖြုန်းခဲ့တဲ့အတွက် ကိုဖြုန်းလို့ ခေါ်ရင်တော့ ခံနိုင်ပါတယ်။

ကျွန်ုပ်သည် ပုံမှန်လေသံထက် အသံကို တစ်ပေါက် နှစ်ပေါက် လျှော့ပြီး ပြောလိုက်လေ၏။





ရွှေမြသာ။ ။ ဒီလိုပါဆရာရယ်။ ကုသိုလ်ရဖို့ ပုတီးစိပ်တယ်ဆိုတဲ့လူကိုတော့ ဘယ်လိုလူစားမျိုးမှ အပြစ်မတင်သင့်ပါဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်က မှန်နေတာကိုး။ တစ်ပတ်ပဲ စိပ်စိပ်၊ နှစ်ပတ်ပဲစိပ်စိပ်၊ အပတ်တစ်ရာပဲ စိပ်စိပ်၊ ဘာမှ ထူးဖို့ မလိုဘူး။ ပုတီးစိပ်တာကိုက ကုသိုလ်ရနေပြီပဲ။ ကောင်းတဲ့အလုပ်ပဲ ဝမ်းမြောက်ဝမ်းသာ လက်ခံရမှာပဲ။ ဒီလို မဟုတ်ဘဲနဲ့ ပုတီးနဲ့ သိဒ္ဓိလမ်းကို တက်မယ့်လူဆိုရင်တော့ လုပ်ပုံလုပ်နည်း မဟုတ်ရင် ဝေဖန်ရမှာပဲ ဆရာရေ။ အဲဒီတော့ ဆရာ့ကို တစ်ခုမေးမယ်။ ကုသိုလ်ရဖို့ စိပ်တာလား ထူးဖို့ ဒါမှမဟုတ် သိဒ္ဓိရဖို့ စိပ်တာလား။

ကျွန်ုပ် ။ ။ အမှန်အတိုင်း ဝန်ခံရရင် ကျုပ်က သိဒ္ဓိကို သိပ်ပြီး လိုချင်တဲ့ သိဒ္ဓိရူးတစ်ယောက်ဗျ။ အရပ်စကားနဲ့ ပြောရင်တော့ သိပ်ပြီးထူးချင်တဲ့ လူတစ်ယောက်ပေါ့။ ဒါပေမဲ့ ပုတီးစိပ်လာတာ နှစ်အစိတ်လောက် ရှိပြီ ဘာမှမထူးသေးဘူး။

ရွှေမြသာ။ ။ ဒါဖြင့်ရင် ဆရာဟာ ထူးအောင်ပုတီးမစိပ်တတ်သေးဘူးပေါ့။

ကျွန်ုပ် ။ ။ မှန်ပါတယ် ရွှေမြသာရေ။ ပုတီးမစိပ်တတ်သေးလို့ပဲ ဝန်ခံရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြသာ။ ။ ဒါနဲ့များ ဆရာရယ် ကျွန်တော်က ဆရာ့ကို ပုတီး မစိပ်တတ်သေးဘူးလို့ ပြောမိတော့ ဆရာက ကျွန်တော့်ကို ဒူးနဲ့ တိုက်မယ်၊ လက်သီးနဲ့ ထိုးမယ်၊ တံတောင်နဲ့ထောင်းမယ်နဲ့ ကြိမ်းလိုက် မောင်းလိုက်တာ ဆရာရယ်။

ကျွန်ုပ် ။ ။ ဒါကတော့ ဒီလိုရှိပါတယ် ရွှေမြသာရယ်။ လူဆိုတာ ကိုယ့်အပြစ် ကိုယ်မြင်ခဲသားပဲ။ ကိုယ်လုပ်တာ ဟုတ်တာချည်း ထင်နေတတ်ကြတာ။ ကိုယ့်လူကပဲ လူချင်းတွေ့မှ တွေ့မယ် မကြုံသေးဘူး မြင်မြင်ချင်း ဆောက်နဲ့ထွင်း ဆိုသလို တဲ့တိုးကြီး ပြောလိုက်တော့ ကျုပ်က ဒေါပွသွားတာပါ။ အခုလို အေးအေးဆေးဆေး ဆွေးနွေးလိုက်တော့လည်း ရွှေမြသာရဲ့ စကားကို ဝန်ခံရမှာပေါ့။

ကျွန်ုပ်သည် ပြုံးရယ်၍ ဝန်ခံလိုက်မိ၏။ ထိုအခါ ရွှေမြသာက

ရွှေမြသာ။ ။ ဒီလိုဆိုရင် ဆရာ့ကို ပုတီးကောင်းကောင်း စိပ်တတ်အောင် သင်ပေးမယ်။ ဆရာလက်ခံမလား။ တစ်ခုတော့ ရှိတယ် ကျွန်တော့်ကို ဆရာ့အနေနဲ့ မင်းကငါ့ကို ပုတီးစိပ်နည်း သင်ပေးရအောင် မင်းက ဘယ်လောက်ထူးနေ ပြီလဲ ဆိုတဲ့ မေးခွန်းကို မမေးနဲ့။ ကျွန်တော့်အပေါ်မှာ ယုံကြည်မှု မရှိရင်လည်း ကျွန်တော့်စကားကို နားမထောင်နဲ့။ ကျွန်တော့်ကို ယုံတယ်ဆိုရင်တော့ ကျွန်တော် ပြောတဲ့အတိုင်း





လုပ်ကြည့်ပါ။ အဲဒီလို လုပ်မယ်ဆိုရင် ကျွန်တော် ပြောပြမယ်။ ဒီနေ့ မနက်စာကိုလည်း အထယ် ပစ္စယံမှာရှိတဲ့ မွန်ဆိုင်မှာ ဆရာ့ကို ထမင်းကျွေးမယ်၊ လက်ဖက်ရည်တိုက်မယ်။ အပြန်မှာ ဆရာ့ကို ကားနဲ့ လိုက်ပို့မယ်။ ဆရာစိပ်ဖို့ ပုတီးတစ်ကုံးလည်း လက်ဆောင်ပေးမယ်။

ကျွန်ုပ် ။ ။ ကျုပ်က ရွှေမြသာကို ယုံကြည်ပါတယ်။ အမှန်တိုပြောတာလို့ပဲ စိတ်ထဲမှာ ထင်ပါတယ်။ ဒီကြားထဲ ထမင်းလည်းကျွေးမယ်၊ လက်ဖက်ရည်လည်း တိုက်မယ်၊ ပုတီးတစ်ကုံးလည်း ပေးမယ်၊ အပြန်လည်း ကားနဲ့လိုက်ပို့မယ်ဆိုတော့ ကျုပ်ဘက်က ငြင်းဖို့မရှိပါဘူး။ တစ်ခုတော့ရှိတယ်။ အဲဒီနည်းကို ဘယ်လောက်ကြာကြာ သင်ရမှာလဲလို့တော့ မေးပါရစေ။

ရွှေမြသာ။ ။ ဘာသာရပ်က (၁၃) မျိုး ရှိတယ်။ တစ်နေ့တစ်မျိုး သင်ပေးရမှာဆိုတော့ (၁၃) ရက် ကြာမယ်။

ကျွန်ုပ် ။ ။ အဲဒီလောက်ဆိုရင်တော့ အချိန်ပေးနိုင်ပါတယ်။ အဲဒီတော့ အခုပဲ စလိုက်ကြရအောင်။

ရွှေမြသာ။ ။ စဆိုရင် ဘုရားကိုသွားပြီး ရှိခိုးလိုက်။ ရွှေမြသာ ပြောတဲ့ နည်း (၁၃) နည်းကို သင်ယူပါတယ်။ သင်ယူပြီးရင်လည်း အဲဒီနည်းအတိုင်း လုပ်ပါ့မယ်ဆိုတာလည်း ကတိသစ္စာပြုလိုက်ပေါ့။ ပိုပြီး နတ်ရှိုးရှိုးရှိုင်း ဖြစ်သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ အလယ်ပစ္စယံက မွန်ဆိုင်မှာ လက်ဖက်ရည် အရင် သောက်ရင် မကောင်းဘူးလား။ လက်ဖက်ရည်လေး ဘာလေး သောက်ပြီးမှ လုပ်ကြတာပေါ့။

ရွှေမြသာ။ ။ အချိန်ကို မရွှေ့ပစ်ပါနဲ့တော့။ အဲဒီအကျင့်ဆိုးက အခုကတည်းကစပြီးဖျောက်ပစ်ပါ။နေ့စဉ် သတ်မှတ်ထားတဲ့ ပုတီးစိပ်လေ့ကျင့်ခန်းကို လုပ်တဲ့အခါမှာလည်း ပြောတဲ့အတိုင်း မလုပ်ဘဲ ချန်ခဲ့တာတို့၊ အချိန်ရွှေ့တာတို့ မလုပ်နဲ့။ နေ့စဉ်လုပ်ရမှာကို တစ်ခုမကျန် မှန်မှန်လုပ်ပါ။ 'အချိန်ရွှေ့ရင်တော့ ဇိမ်မတွေ့ဘဲ ဖြစ်လိမ့်မယ်'

ရင်းစကားကို အောက်ပါအင်္ဂလိပ်စကားဖြင့် ပြောလိုက်ခြင်း ဖြစ်၏။

If you Omit the daily exercise,
you are postponing
your future happiness.

ကျွန်ုပ်သည် ရွှေမြသာ၏စကားကို လွန်စွာသဘောကျသွား၏။ ထို့ကြောင့် . . . . . .

ကျွန်ုပ် ။ ။ ရွှေမြသာက အင်္ဂလိပ်စကားပြောကောင်းသားပဲ။ ပညာတတ်တစ်ယောက်နဲ့ တူပါရဲ့။

ရွှေမြသာ။ ။ စစ်မဖြစ်ခင်က ဆယ်တန်းအောင်ခဲ့ပါတယ်။

ကျွန်ုပ် ။ ။ မဖြစ်နိုင်တာ မပြောပါနဲ့ ရွှေမြသာရယ်။ မင်းအသက်က အခုမှ လေးဆယ်လောက်ပဲ ရှိသေးတယ်။ ဘယ်





လိုလုပ်ပြီး စစ်မဖြစ်ခင်က ဆယ်တန်းအောင်[illegible] စစ်မဖြစ်ခင်က ကိုယ့်လူ မွေးကို မွေးသေးမှာ မဟုတ်ဘူး။

ထိုအခါ ရွှေမြသာသည် စကားမှားသွားကြောင်း ရိပ်စားမိသဖြင့် ရယ်ကျဲကျဲ မျက်နှာဖြင့် . . . .

ရွှေမြသာ။ ။ ဟဲ . . . ဟဲ . . . စကားကို ဆုံးအောင်နားထောင်ပါဦး။စစ်မဖြစ်ခင်က ဆယ်တန်းအောင်တာ ကျွန်တော် မဟုတ်ပါဘူး။ ကျွန်တော့်ဘကြီးကို ပြောတာပါ။ ကျွန်တော်က သူ့ဆီက အင်္ဂလိပ်စကားနည်းနည်း သင်ထားလိုက်တယ်။ ကျွန်တော့်ဘကြီးက အင်္ဂလိပ် ကပြား။သူ့နာမည်က ဆင်မြူရယ်မောရစ်စ်သောတော် တဲ့။

ကျွန်ုပ်သည် ရွှေမြသာ၏စကားကို နားထောင်ရင်း သူ၏ တွင် အကျီအိတ်တွင် ထိုးထားသည့် စိန်စီထားသော ရင်ထိုးကလေးသို့ မျက်လုံးရောက်သွား၏။ ထိုရင်ထိုးကလေးပေါ်မှာ S.M.T ဟူသော အင်္ဂလိပ်စာလုံးသုံးလုံး ဖြစ်၏။

ကျွန်ုပ်လည်း ထို S.M.T ဆိုသော စာလုံးသုံးလုံးကို စိတ်ထဲတွင် အဓိပ္ပာယ်ဖော်ကြည့်သည်။ S သည် ရွှေဆိုသော စာလုံး၏ အစ ဖြစ်သည်။ M သည် မြ ဟူသော စာလုံး၏ အစ ဖြစ်သည်။ T ဆိုသော စာလုံးသည် သာဆိုသော စာလုံး၏ အစဖြစ်၏။ ထို့ကြောင့် S.M.T ဆိုသော စာလုံးသုံးလုံးသည် ရွှေမြသာဆိုသော အမည်၏ အတိုကောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏၊ ထိုသို့ စဉ်းစားရင်း ကျွန်ုပ်၏ စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာ၏။ ရွှေမြသာ၏ ဘကြီးဆင်မြူရယ်မောရစ်စ်သောမတ် ဆိုသည့် အမည်ကိုလည်း စဉ်းစားမိပြန်၏။

ဆင်မြူရယ်ဆိုသော စာလုံး၏ အစမှာလည်း S ပင် ဖြစ်၏။ မောရစ်ဆိုသော စာလုံး၏ အစမှာ M ဖြစ်၏။ သောမတ်ဆိုသော စာလုံး၏ အစမှာ T ဖြစ်၏။ ထို့ကြောင့် ရွှေမြသာ၏ ဘကြီးဆင်မြူရယ် မောရစ်စ်သောမတ်၏ အတိုကောက်မှာလည်း S.M.T ပင် ဖြစ်နေကြောင်း တွေးမိလေတော့၏။

ကျွန်ုပ်သည် ရွှေမြသာဆိုသော ထိုသူသည် တစ်စုံတစ်ခုသော အကြောင်းအရာကို ဖုံးကွယ်၍ ပြောဆိုနေကြောင်း ရိပ်မိလေ၏။ သို့ရာတွင် မည်သည့်အကြောင်းအရာကို ဖုံးကွယ်နေခြင်း ဆိုသည်ကိုမူ ကျွန်ုပ် အတတ်မပြောနိုင်ပါ။ ကျွန်ုပ်သည် တနင်္ဂနွေဂြိုဟ်တိုင်တွင်သွား၍ ဘုရားရှိခိုး၏။ ရွှေမြသာ၏ နည်းစနစ်များကို သင်ယူပြီးနောက် အမှန်တကယ် လုပ်ကိုင်မည်ဖြစ်ကြောင်းကိုလည်း သစ္စာပြုလိုက်လေ၏။ ထို့နောက် ရွှေမြသာသည် အလယ်ပစ္စယံရှိ ထမင်းနှင့် လက်ဖက်ရည်ရောင်းသော ဆိုင်တစ်ဆိုင်သို့ ခေါ်သွားကာ လက်ဖက်ရည် တစ်ခွက်နှင့် နံပြား ထောပတ်သုတ်တစ်ချပ် တိုက်ကျွေးလေ၏။

ထိုသို့ တိုက်ကျွေးပြီးလျှင် ရင်ပြင်တော်ပေါ်သို့ ပြန်၍တက်လာကြလေ၏။ ထိုသို့ တက်လာရင်း ရွှေမြသာက ကျွန်ုပ်အား စကားပြောလေ၏။

ရွှေမြသာ။ ။ ပထမဆုံးနေ့ဆိုတော့ တနင်္ဂနွေထောင့်မှာရှိတဲ့ ညောင်ပင် အောက်မှာပဲ ထိုင်ပြီး ပြောကြတာပေါ့။





ကျွန်ုပ်။ ။ ကောင်းသားပဲ။ အဲဒီနေရာက အေးလည်း အေးတယ်။ လူလည်း ရှင်းတယ်။

ကျွန်ုပ်တို့နှစ်ဦးသည် ဤသို့လျှင် စကားတပြောပြောနှင့် ရင်ပြင်တော်ပေါ်သို့ တက်ခဲ့၏။ ထို့နောက် တနင်္ဂနွေထောင့်ရှိ ကျွန်ုပ်တို့ ထိုင်ခဲ့သော ညောင်ပင်ကြီးဆီသို့ သွားကြ၏။ ထိုနေရာသို့ အရောက်တွင် ရွှေမြသာသည် ၎င်း၏ အိတ်အတွင်းမှ ရေခဲတောင်တံဆိပ် စီးကရက်ဘူးနှင့် ရွန်ဆွန်မီးခြစ်ကိုထပ်၍ ရှေ့တွင်ချထားလိုက်၏။ ကျွန်ုပ်ကလည်း ငါးသုံးလုံး စီးကရက်ဘူးနှင့် (၁၈) ကျပ်တန် ဂက်စ်မီးခြစ်ကို ထပ်၍ ရှေ့တွင် ချလိုက်၏။ ရွှေမြသာသည် သူ၏ အကောင်းစားလက်ဆွဲသားရေအိတ်ကို ရှေ့တွင်ချလိုက်၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ လွယ်အိတ်ကို ပခုံးမှဖြုတ်၍ ရှေ့တွင်ချလိုက်၏။ ရွှေမြသာသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိသေးဘဲ ချွေးတိတ်သည်အထိ အမောဖြေရင်း ထိုင်နေလေ၏။ ကျွန်ုပ်သည်လည်း လက်တစ်ဝါးခန့်ရှိသော ယိုးဒယားလက်ကိုင်ပဝါလေးကို ထုတ်၍ ချွေးများကို သုတ်ပစ်နေ၏။

ထိုအချိန်၌ လေနုအေးကလေးသည် မြောက်ဘက်မှ တောင်ဘက်သို့ တဖြူးဖြူး တိုက်ခတ်လာ၏။ ထို့ကြောင့် ပူလောင်အိုက်စပ်ခြင်းများ ပျောက်လွင့်သွား၏။ လေတိုက်သောကြောင့် နောင်တော်ကြီးဘုရားပေါ်မှ ဆည်းလည်းကလေးများသည် တချွင်ချွင် မြည်လျက် ရှိ၏။ ကျွန်ုပ်သည် လွယ်အိတ်အတွင်းမှ နံ့သာဖြူအမွှေးတိုင်ထုပ်မှ အမွှေးတိုင်ထွန်းသော ခွက်ကို ထုတ်ကာ အမွှေးတိုင်တစ်တိုင် ထွန်း၍ စိုက်ထူထားလိုက်လေ၏။ နံ့သာဖြူနံ့ကို ရှူရှိုက်ရသောကြောင့် [illegible] တွင် အေး၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွှေမြသာသည် စကားပြောရန် ဟန်ပြင်လိုက်လေ၏။ ကျွန်ုပ်က ခဏနေဦးဟူသည့် အဓိပ္ပာယ်ဖြင့် လက်ကိုကာလိုက်ပြီးလျှင် လွယ်အိတ်အတွင်းမှ လွန်စွာ ဟောင်းနွမ်းနေပြီ ဖြစ်သော ဆိုနီ ကက်ဆက်ကလေးကို ထုတ်၍. . . .

ကျွန်ုပ် ။ ။ ရွှေမြသာ။ ကိုယ့်လူပြောမယ်ဆိုရင် ကက်ဆက်ဖမ်းထားမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က မေ့တတ်လို့။ (ရွှေမြသာက ပြုံးလျက်)

ရွှေမြသာ။ ။ ဆရာမေ့တတ်တယ်ဆိုတာ ကျွန်တော် မယုံပါဘူး။ ဒါပေမဲ့ ကက်ဆက်ဖမ်းချင်လည်း ဖမ်းပေါ့။ ဘာကြောင့် ကက်ဆက်ဖမ်းသလဲဆိုတော့ ကျွန်တော် ထင် ကြည့်တယ်။ ကျွန်တော်နဲ့ ဆရာနဲ့ တွေ့တဲ့ အကြောင်းအရာတွေကို မဂ္ဂဇင်းတစ်ခုခုမှာ ဆရာ ပြန်ပြီး ရေးမလို့ မဟုတ်လား။

ကျွန်ုပ် ။ ။ ကိုရင်ပြောသလို မဂ္ဂဇင်းတစ်ခုခုမှာ စာမရေးပါဘူးလို့ ကျုပ်က ကတိမပေးပါဘူး။ ရေးသင့်ရင်လည်း ရေးရမှာပေါ့။

ရွှေမြသာ။ ။ အဲဒါ ခက်တာပေါ့ ဆရာရယ်။ ဆရာဟာ သူများတွေအတွက်ပဲ ရေးနေတယ်။ ကိုယ့်ဟာကိုယ်တော့ ဘာမှ အကျိုးအနေ မလုပ်သေးဘူး။ အခု ကျွန်တော် ပေးမယ့် နည်းကိုတော့ အကျိုးအနေလိုက်ပြီး လုပ်ပါ့မယ်လို့ ဘုရားမှာ သစ္စာဆိုပါ ဆရာရယ်။ ဒါမှ ဆရာ အနေနဲ့ လုပ်ဖြစ်မှာ။





ကျွန်ုပ် ။ ။ သစ္စာက ဆိုပြီးပြီလေ။ အဲဒီလို ဆိုပြီးမှ ကိုယ့်ကျွန် ကျုပ် လက်ဖက်ရည်ဆိုင်သောက်ကြတယ် ပြော လား။ ပြောမှာ ပြောပါ။

ထိုအခါ ရွှေမြသာသည် နှစ်လိုဖွယ်ရာ ပြုံးပြပြီးလျှင် သူ၏ ပုတီးစိပ်နည်းကို ကျွန်ုပ်အား ပြောပြခဲ့၏။ မရှင်းလင်း၍ မေးသည်များကိုလည်း ဖြေကြားခဲ့၏။ ကျွန်ုပ်အား မေးခွန်းထုတ်သင့်သော နေရာများတွင် မေးခွန်းထုတ်၏။ ထိုမေးခွန်းကို သူက ပြန်၍ဖြေပြ၏။

ထို့ကြောင့် ရွှေမြသာသည် သူ၏ပုတီးစိပ်နည်းကို ကျွန်ုပ်အား သင်ကြားပေးခဲ့သည်ဆိုရာ၌ ကျောင်းဆရာက ကျောင်းသားအား သင်သကဲ့သို့ သင်သည်မဟုတ်။ သူနှင့် ကျွန်ုပ် အပြန်အလှန် ဆွေးနွေးသော နည်းဖြင့် သင်ကြားပေးခဲ့ခြင်း ဖြစ်၏။ ဤသည်ပင် ကျွန်ုပ်ရေးသားထားသော ဘုရားပေါ်မှာ တွေ့ခဲ့သော လူတစ်ယောက် (သို့မဟုတ်) မြေလျှောက်ဝိဇ္ဇာ ရွှေမြသာ ဆိုသော ပုတီးစိပ်နည်းဆောင်းပါးရှည်ကြီး ဖြစ်ပေတော့သတည်း။

◆ ◆ ◆ ◆ ◆ ◆ ◆

ရွှေမြသာ။ ။ အခု ကျုပ်ပြောမယ့်နည်းဟာ အတွေးတွေကို ထိန်းချုပ်တဲ့နည်းပဲ။

ကျွန်ုပ် ။ ။ အတွေးဆိုတာ ပျံ့လွင့်နေတာပဲ၊ ဘယ်လိုလုပ် ထိန်းချုပ်မှာတုံး။

ရွှေမြသာ။ ။ အတွေးဆိုတာ ဘယ်နားက ဖြစ်ပေါ်လာတယ်လို့ ခင်ဗျားက ထင်လို့တုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဦးခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်လေ၏။ ထိုသို့ ကုတ်ပြီးနောက်. . . .

ကျွန်ုပ် ။ ။ အဲဒါတော့ မပြောတတ်ဘူး။

ရွှေမြသာ။ ။ ဒီလိုဗျ အတွေးဆိုတဲ့ အရာဟာ ဦးနှောက်နဲ့ ဆက်စပ်နေတယ်။ အဲဒီ ဦးနှောက်ဆိုတာကို ရိုးရိုးကလေး စဉ်းစားကြည့်ရင် သူဟာ ဘာနဲ့တူသလဲဆိုရင် ဒိုင်နမို နဲ့ တူတယ်၊ ဒိုင်နမိုဟာ လျှပ်စစ်ဓာတ်ကို ထုတ်ပေးတဲ့ စက်ကလေး ဆိုပါစို့ဗျာ။ အဲဒီလိုပဲ ဦးနှောက်ဆိုတာ အတွေးတွေကို ထုတ်ပေးတဲ့ ဒိုင်နမိုကလေးတစ်ခု ပါပဲ။ ဒါမှမဟုတ် စက်ကလေးတစ်မျိုးပါပဲ။ ဦးနှောက် ဆိုတာဟာ မျက်စိထဲ မှန်းကြည့်ဖို့က လုံးဝန်းတဲ့ ပုံသဏ္ဌာန်ကို ထက်ပိုင်းဖြတ်ထားတဲ့ ထုလုံးခြမ်းပုံစံလို ရှိပါတယ်။အဲဒီမှာ အပိုင်းနှစ်ပိုင်း ရှိပြန်ရော။ တစ်ပိုင်း က 'ဆီရီဘရံ' တဲ့၊ကျန်တဲ့တစ်ပိုင်းက 'ဆီရီဘယ်လမ်' တဲ့။ တစ်ခုနဲ့တစ်ခု အင်မတန် နက်ရှိုင်းတဲ့ အက်ကြောင်းကြီးတွေနဲ့ ပိုင်းခြားထားတယ်။ 'ဆီရီဘရံ'က 'ဦးနှောက်ကြီး'၊ 'ဆီရီဘယ်လမ်' က 'ဦးနှောက်ငယ်' ပေါ့ဗျာ။ စိတ်လှုပ်ရှားမှုဖြစ်တာတို့၊ အာရုံခံစားတာတို့က ရှေ့ပိုင်းဦးနှောက်လို့ခေါ်တဲ့ ဆီရီဘရံက လုပ်တာဗျ။ ဦးနှောက်ငယ်ကတော့ ထိန်းချုပ်မှုမဲ့ ကြွက်သားငယ်တွေနဲ့ တည်ဆောက်ထားတာ၊ အကြောမျှင်တွေနဲ့ တည်ဆောက်ထားတာ၊ စိတ်နဲ့ ခန္ဓာကိုယ် လှုပ်ရှားမှုကို ဆီလျော်အောင် သူက လုပ်ပေးရတယ်။





ကျုပ်ကတော့ မသိစိတ်ဆိုတဲ့အရာကို အဲဒီအနားမှာ နေရာပေးထားတယ်။ မသိစိတ်ဆိုတာလည်း ထိန်းချုပ်လို့မှ မရဘဲဗျာ။ စိတ်ပညာကျမ်းတွေမှာတော့ ဒီလိုဖော်ပြထားတာ မတွေ့ဖူးပါဘူး။ ပြီးတော့ ဦးနှောက်မှာက 'ပွန်းဘာရိုဘီ' ဆိုတဲ့ အပိုင်းရယ်၊ 'မီဒူလာအိုဘလော်ဂေဒါ' ဆိုတဲ့ အပိုင်းရယ် ပါသေးတယ်။ ဒါပေမဲ့ ကျုပ် အခုပြောမယ်ဆိုတဲ့ အကြောင်းအရာနဲ့ သိပ်ပြီး မပတ်သက်လို့ ချန်ထားလိုက်မယ်။

ပြီးတော့ ခင်ဗျားသိထားဖို့က ဦးနှောက်မျက်နှာပြင်ရဲ့အောက်မှာ အကြောပေါင်း တစ်ဒါဇင်လောက် ရှိတယ်ဗျ။ အဲဒါကို 'ကရာနီယယ်နားဗပ်စ်' လို့ ခေါ်တယ်။ အလွယ်မှတ်ထားဖို့ကတော့ ဦးခေါင်းဆိုင်ရာ အာရုံကြောလို့ပဲ မှတ်ထားပေါ့ဗျာ။ အဲဒီအကြော တစ်ဒါဇင်လောက်ဟာ အာရုံခံစားမှုတွေကို ခန္ဓာကိုယ်အတွက် ထုတ်လုပ်ပေးတယ်။ ဘာနဲ့တူသလဲ ဆိုတော့ မီးစက်ဒိုင်နမိုလည်တဲ့အခါမှာ လျှပ်စစ်ဓာတ်တွေ ဖြစ်ပေါ်လာတယ်။ အဲဒီအခါမှာ ဒိုင်နမိုနဲ့ သွယ်တန်းထားတဲ့ ဝိုင်ယာကြိုး ၁၂ ကြိုးဟာ လျှပ်စစ်ဓာတ်တွေဝင်ပြီး အဲဒီကြိုးတွေမှာ တပ်ဆင်ထားတဲ့ မီးသီးတွေ လင်းကုန်တာမျိုးနဲ့ တူတယ်။ တစ်ခုသော အကြောဟာ အနံ့ကို သိစေတယ်။ဒုတိယအကြောက မျက်စိကို မြင်စေတယ်။ တတိယအကြောက 'အိုင်းဘောလ်' လို့ ခေါ်တဲ့ မျက်စိလုံးကြီးကို ဟိုရွှေ့ဒီလှည့် လုပ်နိုင်အောင် ဆောင်ရွက်ပေးရတယ်။ နံပါတ်လေးအကြောက အရေပြားနဲ့ ဆက်သွယ်ထားတယ်။ မျက်နှာရှုံ့တာ တွန့်တာကို သူက လုပ်ပေးရတာ။ ငါးခုမြောက်အကြောက အောက်မေးရိုးကြီးအပေါ် တင်သိုက် အောက်ချလိုက် လုပ်နိုင်အောင်သူက ဆောင်ရွက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခုမြောက်အကြောက မျက်လုံးကြီးပြူးပြီး အပြင်ထွက်အောင် လုပ်နိုင်ဖို့ သူက ရှိနေရတာ။

ခုနစ်ခုမြောက်အကြောက မျက်နှာမှာရှိတဲ့ ဖိုင်ဘာလို အသားမျှင်စတွေနဲ့ ဆက်သွယ်ထားတယ်။ ရှစ်ခုမြောက်အကြောစုံက နားနဲ့ ဆက်သွယ်ထားတယ်။ကိုးခုမြောက်အကြောစုံက ရောထွေးနေတဲ့ အလုပ်တာဝန်တွေကို ဆောင်ရွက်ရတယ်။ အထူးသဖြင့်တော့ အရသာခံဖို့ပေါ့။ အဲဒီအကြောဟာ အာခေါင်ပေါက်ကြီးနဲ့ ဆက်သွယ်ထားတယ်။ ဒါမှလည်း အစားအသောက်တွေ မျိုလိုက်တဲ့အခါ အာခေါင်ပေါက်ကြီး ကျယ်လာအောင် သူက လုပ်ပေးရမှာလေ။ ဆယ်ခုမြောက် အကြောကတော့ သိပ်ပြီး အရေးကြီးတယ်။ သူကတော့ လည်မျိုရော၊ အဆုတ်ရော၊ အူရော၊ အသည်းရောကို အကြောမျှင်တွေမှာပြီး ဆက်ထားရတယ်။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားအောင် လုပ်ပေးရတယ်။

ဆယ့်တစ်ခုမြောက် အကြောကတော့ လည်ပင်းကြီးနဲ့ ဆက်ထားတယ်။ ဒါမှလည်း လည်ပင်းကြီး ဟိုလှည့်ဒီလှည့် လှည့်လို့ရမယ်၊ အောက်ငုံ့လို့ရမယ်၊ အပေါ်မော့လို့ ရမယ်ပေါ့။ ဆယ့်နှစ်ခုမြောက် အကြောကတော့ လျှာအပါအဝင် ကျန်တဲ့ နေရာတွေနဲ့ ဆက်သွယ်ထားတယ်လို့ ဆိုကြပါစို့ရဲ့။ အခု ကျုပ်ပြောတာတွေဟာ ဆေးပညာရှုထောင့်က ပြောတာ မဟုတ်ဘူးနော်။ ဆေးပညာမတတ်တဲ့ ပုတီးသမားတစ်ယောက်ကို နားလည်လွယ်အောင် ဥပမာဆောင်ပြီး ရှင်းပြတာ။ ဒါကြောင့် ဒီစကားကို 'ဆိုကြပါစို့ရဲ့' ဆိုတဲ့ စာလုံးလေးငါးလုံးနဲ့ ပဏာမပျိုးထားတာ။





ကျွန်ုပ် ။ ။ တယ်လည်း ရှုပ်ပါလား ကိုရွှေမြသာရယ်။

ရွှေမြသာ။ ။ လက်နဲ့ဆုပ်ကိုင်ပြီး ပြလို့မရတဲ့ အတွေးဆိုတဲ့ အရာကို ရှင်းပြဖို့ ဆိုတာက လွယ်တာမဟုတ်ဘူး။ အဲဒီလို ခပ်ရှုပ်ရှုပ်ကစပြီး ရှင်းရမှာပဲ။ ကဲပါလေ အတွေးကို ထုတ်လုပ်တဲ့ ဒိုင်နမိုစက်ကလေးအကြောင်းကို ပြောပြီး စကြရအောင်၊ ဒီလောက်ရှုပ်တဲ့ စက်ကို တီထွင်ဖို့ အင်ဂျင်နီယာဟာ ဒီကမ္ဘာမှာ မမွေးသေးဘူးဗျ။

ကျွန်ုပ် ။ ။ ဘယ်စက်ကို ပြောတာလဲ။

ရွှေမြသာ။ ။ ဦးနှောက်ဆိုတဲ့ စက်ကလေး ဒါမှမဟုတ် ဒိုင်နမိုကလေးကို ပြောတာပါ။ ဘာမှ မဟုတ်ပါဘူး။ စကားနဲ့ တင်စားပြီး ပြောတာပါ။ ဦးနှောက်လောက် ရှုပ်ထွေးတဲ့စက်ကို တီထွင်ဖို့ အင်ဂျင်နီယာ မမွေးသေးဘူးလို့ ပြောတာ။

ကျွန်ုပ် ။ ။ ဟား. . . ဟား. . . ၊ ဩော်. . . ဒီလိုလား၊ ဆက်ပြီး ပြောပါဦး ကိုရွှေမြသာ။

ရွှေမြသာ။ ။ အဲဒီတော့ ဦးနှောက်ဆိုတဲ့ စက်ကလေးဟာ ခန္ဓာကိုယ်ကြီး တစ်ခုလုံးရဲ့ ဌာနချုပ်ပဲ၊ သူကနေ လုပ်ခိုင်းတာကို စောစောက ကျုပ်ပြောတဲ့ အကြောကြီး တစ်ဒါဇင်အနက်က အကြောတစ်ခုက လှုပ်ရှားပြီး အလုပ် လုပ်ပေးရတယ်။ အဲဒီတော့ ကျုပ်တို့ တစ်ခါတစ်ရံ စီမှာ အလွန်အဖိုးတန်တဲ့ စက်ကလေးတစ်မျိုး ရှိနေကြပြီ ဆိုတာတော့ သေချာတယ်။ အဲဒီစက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ဘယ်လိုအသုံးချမလဲ။ အဲဒီစက်ကလေး
ဟာ 'အတွေး'တွေ ထုတ်လုပ်ပေးတယ် ဆိုတာလည်း
သေချာတယ်။ အဲဒီအချက်ကို ကျုပ်တို့ သိထားရပြီ။

အဲဒီအတွေးတွေထဲမှာ ထူးဆန်းတဲ့ အကြောင်းအရာကလေး တစ်ခု ပါလာတယ်။ အဲဒီအကြောင်းအရာဟာ အရေးကြီးဆုံးပဲ။ သူက ဘာလဲဆိုတော့ 'ချင်' ဆိုတဲ့ အရာပဲ။ အဲဒီ 'ချင်' ဟာ အတွေးဆိုတဲ့ အရာထက်တောင် သူက စောတယ်။ ကုန်ကုန်ပြောရရင် အဲဒီအခုန ဦးနှောက်ဆိုတဲ့ စက်ကလေးကို သူကခိုင်းတာ။ သူက ဆရာကြီးပဲ။ သူ့ကို စိတ်လို့တောင် တချို့က မပြောတော့ဘူး။တချို့ဆရာတွေက အဲဒါကို 'အိုဗာဆိုးလ်' (Oversoul) တဲ့၊ တချို့ကလည်းပဲ သွားချင်တယ်၊ စားချင်တယ်၊ ပြောချင်တယ် ဆိုတဲ့ 'ချင်' ပါတဲ့ စကားလုံးတွေကြောင့် 'ဆန္ဒစိတ်' တဲ့၊ အင်္ဂလိပ်လို (will) 'ဝီလ်' တဲ့။ အဲဒီအရာကလေးကို တချို့ကလည်း ဘဝပေါင်းများစွာ သယ်ဆောင်တယ်လို့ ယူဆပြီး 'ပါရမီစိတ်' လို့တောင် ခေါ်ကြတယ်။ အဲဒီစိတ်ကလေးဟာ စောစောက ဦးနှောက်စက်ကလေးကို ထိန်းချုပ်ပြီး ကိုင်တွယ်တော့တာပဲ၊ 'အတွေး' ဆိုတဲ့အရာကိုတောင် သူက ဖန်တီးပေးတာ။ အဲဒီဟာလေးက မသေဘူး ဗျ။ တစ်ဘဝပြီး တစ်ဘဝ ကူးပြောင်းသယ်ဆောင်သွားတယ်။ ဦးနှောက်ကို လှုပ်ရှားအောင်လုပ်တာ သူကလုပ်နေတာ။ သူဟာ စွမ်းအားပဲ၊ အဲဒီတော့ 'အိုဗာဆိုးလ်'ပဲ ပြောပြော၊'ဝီလ်'ပဲ ပြောပြော၊'ပါရမီစတ်ခံ' စိတ်ပဲပြောပြော သူဟာ စွမ်းရည်သတ္တိထူး ရှိတယ်ဆိုတာကိုတော့ လက်ခံရမယ်။





ဒီဘဝမှာ လူတစ်ယောက်ဟာ ရာစုနှစ်ပေါင်းများစွာ မှတ်တိုင် စမှတ်ပြုလောက်အောင် အလုပ်တစ်ခုကို လုပ်ပြနိုင်တယ် ဆိုပါစို့၊ အဲဒီ စွမ်းရည်ဟာ သေးသေးစွမ်းရည်တော့ မဟုတ်ဘူး။ စောစောက ကျုပ် ပြောတဲ့ ဦးနှောက်ကို ခိုင်းစေနိုင်တဲ့ 'ပါရမီစိတ်'၊ ဒါမှမဟုတ် 'အိုဗာ ဆိုးလ်'၊ ဒါမှမဟုတ် 'ဝီလ်' ပေါ့ဗျာ၊ သူက လုပ်ပေးလိုက်တာ။ အဲဒီတော့ အခု ကျုပ်ပြောပြနေတဲ့ အကြောင်းအရာတွေဟာ ပုတီးစိပ်ခြင်းနဲ့ ဘာမှ မပတ်သက်သေးဘူး။ ဦးနှောက်နဲ့ အတွေး ဘယ်လိုဆက်စပ်နေသလဲ ဆိုတာကို ရှင်းပြတဲ့ သဘောပဲ ရှိသေးတယ်။

ကျွန့်ပ် ။ ။ ခုလောက်ထိတော့ နည်းနည်း နားရှုပ်ပါပြီဗျာ။ နောက်ထပ် ဆက်ပြောရင်တော့ ရှုပ်ကုန်လိမ့်မယ်။ အလယ်ပစ္စယံက မောင်မြင့်သန်းတို့ လက်ဖက်ရည် ဆိုင်မှာ လက်ဖက်ရည်တစ်ခွက်စီနဲ့ နံပြားထောပတ် သုတ် တစ်ချပ်စီ သွားပြီးလွေးလိုက်ကြရအောင်များ

ရွှေမြသာ။ ။ ကောင်းပါတယ်လေ၊ ခင်ဗျားကို ကျုပ်က တိုက်ပါ့ မယ်။နံပြားထောပတ်သုတ်လည်း ကျွေးပါ့မယ်။ တစ်ခု တော့ရှိတယ်။ ကျုပ်ကတော့ ဘာမှ မစားချင်ဘူး၊ အဖော်လိုက်ခဲ့ပါ့မယ်။

ကျွန့်ပ် ။ ။ မနေ့ကလည်း လက်ဖက်ရည် သွားသောက်တော့ ခင်ဗျား လက်ဖက်ရည် မှာတော့မှာတယ်၊ ခင်ဗျား မသောက်ဘူး။ မုန့်လည်း မစားဘူး။ ဒီအတိုင်း ထား ပစ်ခဲ့တယ်။ ဘယ်လိုဖြစ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြသာ ။ ။ ဘာမှ မဟုတ်ပါဘူးဗျာ။ ဆိုင်က အစားအသောက်တွေ စားတတ်တဲ့ အကျင့်မရှိလို့ပါ။ ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားနဲ့ အဖော်လိုက်ခဲ့ပါမယ်။

အထက်ပါအတိုင်း ပြောဆိုကြပြီးနောက် ကျွန်ုပ်တို့ နှစ်ဦးသည် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြလေတော့သတည်း။

**အတွေး၏ ခရီး**

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ၌ ကျွန်ုပ်နှင့် ရွှေမြသာတို့သည် စားပွဲတစ်လုံးတွင် အတူထိုင်ကြ၏။ လက်ဖက်ရည် နှစ်ခွက်နှင့် နံပြားထောပတ်သုတ် နှစ်ချပ်မှာ၏။

ရွှေမြသာ။ ။ လက်ဖက်ရည်လည်း ကြိုက်သလောက်မှာပါ။ မုန့်လည်း ကြိုက်သလောက်မှာပါ။ ဒါပေမဲ့ ခင်ဗျားတစ်ယောက်တည်းသောက်ရမယ်နော်။ကျုပ်ကတော့ ယုံးဝမသောက်ဘူး၊ စားလည်း မစားဘူး။

ကျွန်ုပ် ။ ။ ကိုယ့်လူ မသောက်ဘူး ဆိုတော့လည်း ကျုပ်ပဲ သောက်ရတော့မှာပေါ့။ နံပြားထောပတ်သုတ် တစ်ချပ်လုံးလည်း ကျုပ်ပဲ စားလိုက်ပါ့မယ်။ စားနေသောက်နေတုန်းမှာပဲ ခင်ဗျားပြောရမယ့် အကြောင်းအရာတွေကို ဆက်ပြီးပြောပါ။ ကျုပ်က စားရင်းသောက်ရင်းနဲ့ နားထောင်ပါ့မယ်။

ထိုအချိန်မှာပင် ကျွန်ုပ်နှင့် မျက်မှန်းတန်းမိသည် ဆိုရုံကလေးရှိသည့် လူတစ်ယောက်သည် ကျွန်ုပ်ကို ပြုံးပြပြီးလျှင်. . . .





ထိုသူ ။ ။ တွေ့ချင်နေတာနဲ့ အတော်ပဲ။

ထိုသူသည် အထက်ပါအတိုင်း ပြောပြီးနောက် ကျွန်ုပ်တို့၏ စားပွဲသို့ဝင်၍ ထိုင်လေတော့၏။ ကျွန်ုပ်လည်း အားနာပါးနာနှင့် ရွှေမြသာ မသောက်ဘဲ ချန်ထားသော လက်ဖက်ရည်ခွက်ကို ထိုသူ၏ရှေ့သို့ ထိုးပေးလိုက်လေ၏။ ထိုသူသည် လက်ဖက်ရည်ခွက်ကို နှုတ်ခမ်းဖျားတွင် တေ့ကာ မြည်းသည်ဆိုရုံကလေး မြည်းကြည့်လိုက်ပြီးနောက် ထွီခနဲ ထွေးထုတ်လိုက်လေ၏။

ထိုသူ ။ ။ လက်ဖက်ရည်ကလည်း ခါးလိုက်တာ၊ ဆရာကလည်း ဒီအခါးကြီးကို မြိန်ပြီး သောက်နေတယ်။

ထိုသူသည် လက်ဖက်ရည်ဆိုင်မှ သူငယ်ကလေးအား လှမ်း၍ ခေါ်လိုက်ပြီးလျှင် သူ၏ လက်ဖက်ရည်ပန်းကန်ကို ထိုး၍ပေးရင်း

ထိုသူ ။ ။ မင်းတို့ လက်ဖက်ရည်ကလည်းကွာ လက်ဖက်ရည်မှ မဟုတ်ဘဲကွ၊ ဆားခါးတွေ ဖျော်ထားတာကျနေတာပဲ။ နို့ဆီရယ်၊ နို့စိမ်းရယ်၊ သကြားရယ် ထပ်ပြီးထည့် စမ်းပါဦး။

လက်ဖက်ရည်ဆိုင်မှ သူငယ်ကလေးသည် လက်ဖက်ရည်တို ပြင်ပေးမည်ဖြစ်ကြောင်း ယဉ်ယဉ်ကျေးကျေး ပြောဆို၍ လက်ဖက်ရည် ပန်းကန်ကို ယူသွားလေ၏။ တစ်အောင့်မျှကြာလျှင် ပြန်၍လာပေး၏။ ထိုသူလည်း ထိုကလေး လာပေးသော လက်ဖက်ရည်ကို မြည်းသည် ဆိုရုံကလေး မြည်းပြီးနောက် ထွီခနဲ ထွေးထုတ်ပြန်၏။ ထို့နောက်. .



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ ။ ။ ဟင်း. . . . . အခုတော့လည်း ချိုသွားလိုက်တာကွာ၊ ကျောက်ပန်းတောင်း ထန်းလျက်ပွဲရုံက ထန်းလျက်တွေ အကုန်လုံးထည့်ပြီး ဖျော်ထားတဲ့ အတိုင်းပဲ။ သွား. . . သွား နို့ဆီနည်းနည်း ထပ်ထည့်လိုက်။

လက်ဖက်ရည်ဆိုင်မှ သူငယ်ကလေးကလည်း နို့ဆီထပ်၍ ထည့်ပေးမည်ဖြစ်ကြောင်း ယဉ်ကျေးစွာပြောပြီးလျှင် လက်ဖက်ရည်ခွက်ကို ပြန်၍ယူသွားလေ၏။

တစ်အောင့်မျှကြာလျှင် ထိုသူငယ်လေး ရောက်လာပြီး လက်ဖက်ရည် ပန်းကန်ကို ပေးလေ၏။ ထိုသူသည် မြည်းသည် ဆိုရုံကလေး မြည်းကြည့်လိုက်ပြီးနောက်. . . .

ထိုသူ ။ ။ အေး. . . ခုမှ အဆင်ပြေသွားတော့တယ်။

တစ်ပွဲထိုးသူငယ်ကလေးသည် ပြုံး၍ကြည့်နေ၏။ ထိုသူသည် လက်ဖက်ရည်ကို အရသာခံ၍ မော့ချလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်၏ ရှေ့တွင် ချထားသော စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို မပြောမဆို နှိုက်ယူ၍ နှုတ်ခမ်းဖျားတွင် ဟန်ပါပါ တေ့လိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်အမြတ်တနိုးရှိလှသော မီးခြစ်ကလေးကို မပြောမဆို ကောက်ယူပြီးလျှင် အဖုံးကို လက်မနှင့် အတင်းတွန်းလှန်လေ၏။ အသာအယာဖွင့်လျှင်ရသော မီးခြစ်အဖုံးကို သူ၏လက်မကြီးနှင့် တအားတွန်း၍ ဖွင့်လိုက်သောကြောင့် အဖုံးပတ္တာသည်လည်း 'ထောက်' ခနဲ ကျိုးသွားလေတော့၏။ ထိုအခါ၌. . . .





ထိုသူ ။ ။ ဆရာ. . . မီးခြစ်အဖုံးတယည်း ဆိုင်ခါ[illegible] ပိုတော့ ဇစ်ပိုပဲ၊ အစစ်မတုတ်သူ[illegible] မိတ်နဲ့ တူတယ်။

ကျွန်ုပ်သည် စိတ်ဆိုးသွား၏။ သို့သော်လည်း ဘုရား[illegible] ဖြစ်သောကြောင့် အောင့်အည်း သည်းခံလိုက်ရလေ၏။ ထိုသူသည် စီးကရက်ကို ဟန်ပါပါ ဖွာနေပြီဖြစ်၏။ လက်ဖက်ရည်ဆိုင်မှ သူငယ်ကလေးသည် ထိုသူ၏ မျက်နှာကို ပြုံးစေ့စေ့နှင့် ကြည့်နေ၏။ ထို့နောက်မှ

သူငယ်လေး။ ။ လက်ဖက်ရည်သောက်ရတာ အဆင်ပြေပါရဲ့လား ခင်ဗျာ။

ထိုသူ ။ ။ ပထမက ခါးလို့ အချို အဆိမ့် ထည့်ခိုင်းတယ်ကွာ၊အဲဒီတော့လည်း အချိုများသွားလို့ နို့ဆီထပ်ပြီး ထည့်ခိုင်းရတယ်။ အဲဒီကျတော့မှ ခါးတာရယ်၊ ချိုတာရယ်၊ ဆိမ့်တာရယ် အဆင်ပြေ သွားတော့တယ်။

သူငယ်လေး။ ။ အဆင်ပြေချင်လို့ ပြေသွားတာပါ။ အမှန်ကတော့ ကျွန်တော်တို့ ဘာမှမပြင်ဘူး။ ဦးလေးရဲ့ လက်ဖက်ရည်ကို ဒီအတိုင်း ယူသွားပြီး ဒီအတိုင်း ပြန်ထုတ်လာတာပါ။ ခါးလိုက်တာဆိုတဲ့ လက်ဖက်ရည်တယည်း ဒါပါပဲ၊ သိပ်ပြီးချိုတာပဲ၊ ကျောက်ပန်းတောင်း ထန်းလျက် ပွဲရုံက ထန်းလျက်တွေ အကုန်ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သလားဆိုတဲ့ လက်ဖက်ရည်ကလည်း ဒါပါပဲ၊ အဆင်
ပြေသွားပြီ ဆိုတာလည်း ဒါပါပဲ။

ထိုသူသည် မျက်နှာကြီး နီမြန်းသွားပြီးလျှင် . . . .

ထိုသူ ။ ။ မင်းတို့ သက်သက်ငါ့ကို အရှုးလုပ်တာပေါ့။

သူငယ်လေး။ ။ ကျွန်တော်တို့က အန်ကယ့်ကို အရှုးမလုပ်ပါဘူး။
အန်ကယ့်ဟာ အန်ကယ် အရှုးဖြစ်နေတာပါ။

ထိုသူငယ်ကလေးသည် ထိုသို့ ပြောဆိုပြီးနောက် ထိုနားမှ ထွက်သွားလေ၏။ ခွတီးခွကျနိုင်လှသော ထိုလူလည်း အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်သည် ရွှေမြသာအား ပြောလက်စ စကားကို ဆက်၍ ပြောရန် မျက်နှာအမူအရာဖြင့် ပြလိုက်လေ၏။ ရွှေမြသာကလည်း အနားတွင် လူစိမ်းရှိသောကြောင့် မပြောလိုကြောင်း မျက်နှာအမူအရာနှင့် ပြလေ၏။ ထို့ကြောင့် ကျွန်ုပ်က ထိုသူအား. . . .

ကျွန်ုပ် ။ ။ ကျုပ်တို့နှစ်ယောက်က ဒီမှာ ကြာဦးမှာ၊ ဘုရားဖူးစရာ
ရှိရင် မိတ်ဆွေကြီး တက်နှင့်လေ။

ကျွန်ုပ်သည် ထိုသူအား သွယ်ဝိုက်သောနည်းဖြင့် နှင်လိုက်လေ၏။ သို့သော် ထိုသူက မီးခိုးများကို မှုတ်ထုတ်ရင်း. . . .

ထိုသူ ။ ။ ကျုပ်ကလည်း အေးအေးဆေးဆေးပါပဲ။

ကျွန်ုပ်သည် ကသိကအောက်ဖြစ်သွား၏။ ထိုအခါ၌ ရွှေမြသာက လက်ဖက်ရည်ဆိုင်မှ သူငယ်ကလေးကို ခေါ်ယူ၍ လက်ဖက်ရည်ဖိုး





ရှင်းပေးပြီးလျှင် ထရန်ဟန်ပြင်လိုက်လေ၏။ ကျွန်ုပ်လည်း လိုက်၍ထလေ၏။ ထိုအခါ ထိုသူက စီးကရက်ကို လက်ဖြင့် တောက်ပစ်လိုက်ပြီး. . . .

ထိုသူ ။ ။ ကြွာမယ်ဆိုပြီး ထတော့လည်းချက်ချင်းပါပဲလား။

ကျွန်ုပ် ။ ။ ကျုပ်တို့ နှစ်ယောက်မှာက အလုပ်တွေ ရှိသေးတယ်
ဗျ။ အေးအေးဆေးဆေး အချိန်ပေးနိုင်တဲ့ မိတ်ဆွေ
ကြီးကို လက်ဖက်ရည်ဆိုင်မှာ ထားခဲ့ပြီး ကျုပ်တို့
နှစ်ယောက်ကတော့ ဘုရားပေါ် တက်တော့မယ်။

ထိုသူ ။ ။ ဒီလို ဘယ်ရမလဲဗျာ၊ ကျုပ်တစ်ယောက်တည်း
ဒီမှာ ဘာထိုင်ပြီး လုပ်နေရမှာတုံး။ ကျုပ်လည်း
လိုက်မှာပေါ့။

ထိုသူသည် ကျွန်ုပ်တို့နှစ်ယောက်နှင့်အတူ လိုက်ခဲ့ပြန်၏။ ထို့ကြောင့် ပြတ်ပြတ်သားသားပြောရန် ဆုံးဖြတ်လိုက်ရလေ၏။

ကျွန်ုပ် ။ ။ လက်ဖက်ရည်တစ်ခွက်၊ နံပြားထောပတ်သုတ်
တစ်ချပ်၊ စီးကရက်သုံးလိပ်လည်း သောက်ပြီးပြီ၊ ကျုပ်
တို့နောက်ကို မလိုက်နဲ့တော့။ ကျုပ်တို့ နှစ်ယောက်
တည်း လုပ်ရမယ့်အလုပ်တွေ ရှိသေးတယ်။

ထိုသူ ။ ။ ဩော် . . . . . . ဒီလိုလား၊ သွားကြဗျာ၊

ထိုအချိန်မှာပင် လူတစ်ယောက်သည် ကျွန်ုပ်တို့အနီးရှိ ဆိုင်သို့ ဝင်၍ ထိုင်လေ၏။ ထိုသူသည် ထိုသူအား ပြုံးပြပြီးလျှင် ထိုဆိုင်သို့ ကူးသွားကာ. . . .



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ ။ ။ အလို့ အလို ဘုရားပေါ်မှာ မတွေ့တာ အတော်ကြာနေပြီပဲ။

ထိုသူသည် စကားရောဖောရောနှင့် ထိုစားပွဲ၌ ထိုင်လိုက်ပြီးလျှင် 'လက်ဖက်ရည်နှစ်ခွက်' ဟု မှာလိုက်လေတော့၏။ ကျွန်ုပ်နှင့် ရွှေမြသာလည်း ဘုရားပေါ်သို့ ပြန်၍တက်ခဲ့ကြလေတော့၏။

ကျွန်ုပ် ။ ။ တော်တော့်ကို အလိုက်မသိတဲ့လူပဲ၊ ကျုပ်နဲ့ သူနဲ့က ရင်းရင်းနှီးနှီး မဟုတ်ပါဘူး။ မျက်မှန်းတန်းမိရုံပဲ ရှိပါတယ်။ တော်တော်နှောင့်ယှက်တဲ့လူ. . . ။

ရွှေမြသာ။ ။ နှောင့်တယ်ဆိုတာကတော့ ကြည်နေတာကို နောက်သွားအောင် ဒုက္ခပေးတဲ့လူကို ပြောတာ။ ယှက်ဆိုတာကတော့ ကိုယ်ကရောယှက်ခြင်း မလုပ်ချင်ပါဘဲလျက် သူက အတင်းလာပြီး ရောယှက်ချင်တာကို ပြောတာ၊ အဲဒီတော့ ဒီလူဟာ အနှောင့်တော့ မဟုတ်ဘူး၊ အယှက်ပဲ၊ ဒါပေမဲ့လည်း အဲဒီအယှက် အမျိုးအစားကနေ တစ်ဆင့်တက်ပြီး အနှောင့်ဖြစ်သွား နိုင်သေးတယ်။ အဲဒီတော့ စောစောစီးစီး ဖြတ်ချထားပစ်ခဲ့တာပဲ သင့်တော်ပါတယ်။ အဲလိုမဟုတ်ရင် သူဟာ အနှောင့်အယှက် ဖြစ်လာနိုင်တယ်။ ပြီးတော့ ကိုယ့်ကိစ္စကို ဖျက်လာနိုင်တဲ့ အဖျက်လည်းပဲ ဖြစ်လာနိုင်တယ်။ ကိုယ့်ကိစ္စကို ရှေ့ဆက်လို့ မရအောင် ဆီးလာ



ဆားပုလင်းနှင်းမောင်နှင့် မိန်းမလှကျွန်းအပါအဝင် ဝတ္ထုတိုများ ၁၁၇

နိုင်တဲ့ အဆီးလည်းပဲ ဖြစ်လာနိုင်တယ်၊ အဲဒီအချိန်ကျရင်တော့ အနှောင့်၊ အယှက်၊ အဖျက်၊ အဆီးလို့ လေးလုံးပြောမှ ဖြစ်တော့မှာ။

ရွှေမြသာ။ ။ ခင်ဗျားကို ကျုပ် တစ်ခုပြောမယ်။ ဟိုးအဝေးက နေရောင်ကို ခင်ဗျား တွေ့မှာပေါ့။ အဲဒီ နေကလာတဲ့ အလင်းရောင်ဟာ ခင်ဗျားဆီကို ဘယ်လို ခရီးဆန့်ခဲ့သလဲဆိုတာ ခင်ဗျား သိရဲ့လား။

ကျွန်ုပ် ။ ။ ကျုပ်က သိပ္ပံပညာ မတတ်ပါဘူးဗျာ။ အဲဒီတော့ ကိုယ့်လူမေးတဲ့ မေးခွန်းကို မဖြေနိုင်ပါဘူး ရွှေမြသာ။

ရွှေမြသာ။ ။ ဩော် . . ခင်ဗျားနဲ့ ကျုပ်နဲ့ကြားမှာ ဗလာဟင်းလင်းလို့ မထင်နဲ့နော်။ ကြားခံပစ္စည်းတွေ အပြည့်ရှိနေတယ်။ ဒါပေမဲ့ မျက်စိနဲ့ဝဲတော့ မမြင်ရဘူး။ သူ့ကို ဘာနဲ့ ပုံဖော်ပြရမလဲဆိုတော့ အီသာဓာတ်နဲ့ ပုံဖော်ပြရမယ်။ အာကာသ ဗလာဟင်းလင်းဆိုတဲ့ အထဲမှာ အီသာဓာတ်တွေ အပြည့်ရှိနေတယ်ပေါ့ဗျာ၊ အဲဒီ အီသာဓာတ် ဆိုတာလည်းပဲ တစ်ခုနဲ့တစ်ခု အကြား အလပ်မရှိအောင် ဆက်စပ်နေတဲ့ အကျိုးလေးတွေလို့ နားလည်ထားရမယ်။ အဲဒီတော့ ခင်ဗျားနဲ့ ကျုပ် ကြားမှာလည်း ခင်ဗျားမမြင်နိုင်တဲ့ အဲဒီလို အလုံးကလေးတွေ တစ်ဆက်တည်း တစ်စပ်တည်း ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နေကနေ အလင်းရောင်ဟာ ခင်ဗျားဆီကို ရောက်လာတာဟာ ဒီအတိုင်း ရောက်လာတာ မဟုတ်ဘူး။ အဲဒီအဏုမြူကလေးတွေကို 'ဝေ့ဖ်' ဆိုတဲ့ လှိုင်းသဘောနဲ့ ဖြတ်သန်းရောက်ရှိလာတာ ဖြစ်တယ်။ ရှေ့ဆက်ပြီး ပြောမယ့်အကြောင်းအရာက တော့ လေးလေးနက်နက် နားလည်ထားဖို့လိုတယ်။

ကျွန်ုပ် ॥ ॥ ကျုပ် မရှင်းတဲ့ နေရာကို မရှင်းဘူးလို့ ပြောမယ်။ အဲဒီအခါမျိုးမှာ ကျုပ်ရဲ့မိတ်ဆွေ ရွှေမြသာက စိတ်ရှည် လက်ရှည်နဲ့ တစ်ခေါက်ထပ်ပြီး ရှင်းပြပေးပါလို့ ကျုပ်က တောင်းပန်ပါတယ်။

ရွှေမြသာ။ ॥ အဲဒီအလင်းရောင် ခရီးသွားတာကို ဥပမာဆောင်ပြီး အတွေးခရီးသွားတာကို ပြောပြရမှာ၊ အတွေးဆိုတာ. . . ။

ရွှေမြသာ စကားစလိုက်သည့် အချိန်၌မှာပင် လက်ဖက်ရည်ဆိုင်၌ တွေ့ခဲ့ရသည့် 'အယှက်' သည် ကျွန်ုပ်တို့အနီးသို့ ရောက်လာလေ၏။ ထိုသို့ ရောက်လာပြီးလျှင်. . . .

အယှက် ॥ ॥ ဘယ်လိုပြေးပြေး လွတ်နိုင်ပါဘူးကွယ်။ (သီချင်းဆိုသံနှင့် ပြောလိုက်ခြင်း ဖြစ်၏။)

ထိုအခါ ကျွန်ုပ်က ရွှေမြသာအား. . . .





ကျွန်ုပ် ॥ ॥ ရွှေမြသာရေ. . . အယှက်တော့ ရောက်လာပြီ

ရွှေမြသာ။ ॥ ဒီတစ်ခါတော့ အယှက်တင် မဟုတ်ဘူးဗျ၊ အနှောင့်ရော၊ အယှက်ရော၊အဖျက်ရော၊အဆီးရော လိုက်လာသဘောပါနေတယ်။ အဲဒီတော့ နက်ဖြန်မှပဲ တွေ့တာပေါ့ဗျာ။ ကျုပ် ပြန်ဦးမယ်။

ရွှေမြသာသည် ပြောပြောဆိုဆို ကျွန်ုပ်အား နှုတ်ဆက်၍ အတွေးဆိုသောအရာ မည်သို့မည်ပုံ ခရီးသွားသည်ကို ဆက်၍ ပြောမပြတော့ဘဲ ထသွားလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့်. . . .

"အနှောင့်. . . အယှက်. . . အဖျက်. . . အဆီးဘေးမှ ကင်းလွတ်ရပါလို၏"

ဟု ရေရွတ်လိုက်မိလေတော့သတည်း။ ॥

✠ ✠ ✠ ✠ ✠ ✠ ✠


သဗ္ဗေသတ္တာကမ္မသကာ



www.burmeseclassic.com

www.burmeseclassic.com

# မွေးနေ့လက်ဆောင်မှ သေမင်း၏ သင်္ကေတ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# မွေးနေ့လက်ဆောင်မှ သေမင်း၏ သင်္ကေတ

ကျွန်ုပ်သည် ဘဝစာမျက်နှာပေါင်းများစွာကို ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံး၌ လက္ခဏာဆရာတစ်ဦး၏ ဘဝစာမျက်နှာသို့ ရောက်ရှိသွားလေတော့၏။ နှစ်ပေါင်းများစွာ ကွဲကွာခဲ့သော ရန်ကုန်မြို့သို့ အကြောင်းကြောင်းနှင့် ပြန်လည်ရောက်ရှိလာခဲ့လေ၏။ လက္ခဏာကြည့်သော မှန်ဘီလူးအဟောင်းကလေးမှလွဲ၍ ကျွန်ုပ်၌ ကိုယ်ပိုင်ပစ္စည်းဟူ၍ ဘာတစ်ခုမျှမရှိချေ။

ရန်ကုန်မြို့၏ လမ်းများပေါ်တွင် မှန်ဘီလူးတစ်လက်ကိုင်၍ လျှောက်သွားနေ၏။ လက္ခဏာဟောမည့်နေရာကို ရှာဖွေလေ၏။ နောက်ဆုံးတွင် ငယ်သူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် ဗိုလ်ချုပ်လမ်းနှင့် ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)ထောင့် ဒုတိယထပ်၏ ဝရန်တာ၌ လက္ခဏာဟောရန် နေရာကို ရရှိလေတော့၏။

ထိုအချိန်က ကျွန်ုပ်သည် မနုစာရီ၊ ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်၊ ခေါင်းမြီးခြုံလုံပါပေ့ဟူသော ဝတ္ထုစာအုပ်သုံးအုပ်ကို ရေးသားခဲ့ပြီဖြစ်သည်။ထို့ကြောင့် ကျွန်ုပ်အား စာရေးဆရာတစ်ဦးအဖြစ်ဖြင့် လူအတော်သိနေပြီဖြစ်၏။ လက္ခဏာဆရာတစ်ဦး ဖြစ်သည်ကိုမူ သိရှိသူနည်းပါးသေး၏။





ကျွန်ုပ်သည် အထက်ကဆိုခဲ့သော ဝရန်တာကလေး၌ စားပွဲ ထိုင်ခင်း ပြင်ဆင်ပြီးလျှင် လက္ခဏာဆရာဆိုင်းဘုတ်ကို တင်လေတော့၏။ ထိုလက္ခဏာဆရာဆိုင်းဘုတ်တင်သည့်နေ့၌ လူသုံးဦး လက္ခဏာလာကြည့်၏။အမှန်စင်စစ် လေးဦးလာခြင်းဖြစ်၏။ ပထမဧည့်ဦးကောက်သူမှာ နှစ်ပေါင်းနှစ်ဆယ်ကျော်က ကွဲကွာခဲ့သော ကျွန်ုပ်၏ ဇနီးဟောင်းဖြစ်၍လူတစ်ယောက်နှင့် တွဲလာ၏။ သူမေးသော မေးခွန်းမှာ . . . .

"ဆရာရယ် . . . . ကျွန်မကတော့ ကျန်းမာရေး၊ စီးပွားရေး မသိချင်ပါဘူး၊ ကျွန်မနဲ့သူနဲ့ လက်ထပ်မယ်၊ အဲဒါ . . . . သင့်မသင့် လက္ခဏာစစ်ပေးဖို့ပါပဲ"

ဟူ၍ ဖြစ်လေ၏။ ကျွန်ုပ်၌ အပြစ်တစ်စုံတစ်ရာမရှိပါဘဲလျက် ကျွန်ုပ်အား စွန့်ခွာသွားသူဖြစ်၏။ ကျွန်ုပ်ထံသို့ အခြားတစ်ပါးသော ယောက်ျားကိုယူရန်အတွက် လက္ခဏာပညာဖြင့် ဆုံးဖြတ်ရန် ခိုင်းနေပြန်၏။

ထိုနောက် ထိုမိန်းမနှင့် ပါလာသောသူအား ကျွန်ုပ်က . . . .

"ဒီမှာမိတ်ဆွေ မွေးသက္ကရာဇ်ကို ပြောပါ"

ဟု ဆိုလိုက်ရာ ထိုသူက . . . .

"ကျုပ်က ခေတ်ပညာတတ်ဗျ၊ ဒါမျိုးတွေ မယုံဘူး"

"မယုံရင် ခင်ဗျား ဒီကိုဘာဖြစ်လို့ လာရတာတုံး"

ဟု ကျွန်ုပ်က ပြောလိုက်ပြီးနောက် မယားဟောင်းကိုပင် လက္ခဏာဖတ်ပေးလိုက်လေ၏။ ယခု တွေ့သောသူနှင့် အမြန်ဆုံး လက်ထပ်သင့်ကြောင်း၊ အိုအောင်မင်းအောင် ပေါင်းရမည်ဖြစ်ကြောင်း၊ စီးပွားသည်းဘတ်မည်ဖြစ်ကြောင်း ဟောပြောလိုက်ရာ ကျွန်ုပ်၏ ဇနီးဟောင်းသည် ကျွန်ုပ်အား လက္ခဏာကြည့်ခ ငွေတစ်ဆယ်နှင့် တစ်မတ်ပေးကာ ပြုံးရွှင်စွာနှင့် လက်ချင်းချိတ်၍ ပြန်သွားလေတော့၏။

www.burmeseclassic.com



ဒုတိယမြောက် ရောက်လာသူမှာ နှစ်ပေါင်းများစွာက ကျွန်ုပ်နှင့် ငြိုးသူရန်ဘက် ဖြစ်ခဲ့ဖူးသော ရန်သူတစ်ဦး ဖြစ်၏။

"ဆရာမင်းသိခ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ လက်စသတ်တော့ ခင်ဗျားကို"

"လက္ခဏာကြည့်မယ်ဆိုရင်လည်း လက္ခဏာဟောဖို့ အဆင်သင့် ဖြစ်နေပါပြီ၊ အခြားကိစ္စဆိုရင်လည်း အဆင်သင့်ပါပဲ"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုသူက. . . .

"ခင်ဗျား ကျုပ်ကို မကျေသေးဘူးထင်တယ်"

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . . .

"ကျုပ်က ခင်ဗျားကိုကျေရအောင် လက်စားချေခွင့်မှ မရသေးဘဲဗျာ ဒီမှာကိုယ့်လူ လက်စားချေခြင်းဟာ ချိုမြိန်တယ်လို့ ယူဆထားတဲ့ လူဗျ"

ဟု ပြောလိုက်ရာ ထိုသူက မခိုးမခန့် ပြုံးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်ထံ၌ ငွေတစ်ဆယ်တစ်မတ်ပေး၍ လက္ခဏာကြည့်သွားလေ၏။ ကျွန်ုပ်လည်း လက္ခဏာပြောဟောပေးလိုက်လေ၏။ ဟောပြောစဉ်ခဏ၌ ထိုသူအား ရန်သူတစ်ဦးဖြစ်သည်ကို မေ့လျော့၍ ဟောပြောခဲ့ခြင်းဖြစ်သည်။ ကောင်းကျိုး၊ ဆိုးပြစ်များကို ထောက်ပြခဲ့၏။ လက္ခဏာ ကြည့်ပြီးသောအခါ ထိုသူက. . . .

"ကိုအောင်ထွန်း၊ ကျုပ်ခင်ဗျားကို အရှုံးပေးပါတယ်၊ လက်စားချေဖို့လည်း အချိန်ကို စောင့်မနေပါနဲ့၊ ခင်ဗျားဟာ ကျုပ်ထက် စိတ်ဓာတ်ကြံ့ခိုင်ပါတယ်"

ဟုဆိုကာ အမျိုးမျိုးအဖုံဖုံတောင်းပန်၍ ပြန်သွားလေတော့၏။ ထို့နောက် လူငယ်တစ်ဦးရောက်လာ၏။ တရုတ်ကပြားတစ်ဦးဟု ယူဆရ၏။





မွေးသက္ကရာဇ်ကိုမေးမြန်းရာ (၁၉၅၂ခု၊ နိုဝင်ဘာလ ၁၆ရက်) တနင်္ဂနွေနေ့ ဖြစ်ကြောင်း သိရလေ၏။ ထို့နောက် ကျွန်ုပ်က. . . .

"နာမည် ဘယ်လိုခေါ်သတုံး"

ဟု မေးလိုက်လေ၏။

"ကျွန်တော့်နာမည် မောင်ဉာဏ်ဝင်းပါ"

ဟု ထိုလူငယ်က ပြန်၍ဖြေ၏။

"နာမည် မှည့်ထားတာ နေ့သင့်နံသင့် မဟုတ်ပါလား"

ဟု ကျွန်ုပ်ကပြောရာ ၎င်းက. . . .

"နေ့သင့်နံသင့်ပေါ့ ဆရာရဲ့၊ ကျွန်တော်က တနင်္ဂနွေသားလေ"

ဟု ပြန်၍ ပြောလေ၏။

"အေးလေကွာ၊ တနင်္ဂနွေသားကို ဉာဏ်ဝင်းမှည့်ထားလို့ ပြောတာပေါ့"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

"မဟုတ်သေးဘူး ဆရာရယ်၊ အက္ခရာ 'ဥ'ကို ရေးချပြီး 'ဏ'ကြီးနဲ့ သတ်ထားတာမဟုတ်လား"

ဟု ၎င်းက ပြောလေ၏။

"ဟော့ကောင် မင်းဘယ်နှစ်တန်းလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်းက. . . .

"ကျွန်တော် မဟာသိပ္ပံ တက်နေတယ်ဆရာ"

ဟု ပြန်၍ ဖြေလေ၏။

"မင်းလည်း တော်တော်ခွကျတဲ့ အကောင်ပဲ၊ အဲဒါ အက္ခရာ 'ဥ' မဟုတ်ဘူးဟ၊ ညကလေးလို့ ခေါ်တယ်၊ အဲဒါကြောင့် 'ဉာဏ်' ဆိုတဲ့ အသံထွက်ကို ရတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ပြီး သူ၏လက္ခဏာကိုဟော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မောင်ဉာဏ်ဝင်း၊ ဘာမေးစရာရှိသေးသလဲ"

ဆိုလိုက်ရာ မောင်ဉာဏ်ဝင်းက. . . .

"မေးစရာတော့ တခြားမရှိပါဘူး ဆရာရယ်၊ ဆရာ့ဝတ္ထု ကျွန်တော်ထုတ်ချင်တယ်၊ အဲဒါရမလားဆိုတာပဲ သိချင်တယ်"

ဟု ပြောလေတော့၏။

"နေစမ်းပါဦး၊ မင်းက ကျောင်းတက်နေတယ်ဆို"

ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်းက. . . .

"ကျောင်းတက်ရင်းနဲ့ တစ်ဖက်ကလည်း စာအုပ်ထုတ်တဲ့ လုပ်ငန်းလုပ်နေတယ်"

ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်နှင့် မောင်ဉာဏ်ဝင်း ခင်မင်ရင်းနှီးသွားကြလေတော့၏။ ဆယ်ရက်ခန့်ကြာသောအခါ၌ ကျွန်ုပ်ထံသို့ တစ်ခေါက်ပြန်၍ လာပြန်၏။ ရောက်လျှင် ရောက်ချင်း ၎င်းက. . . .

"ဆရာရယ်. . . ကျွန်တော့်ကိုပေးမယ့် ဝတ္ထုရဲ့ နာမည်ကလေး မသိရဘူးလား"

ဟု မေးသဖြင့် ကျွန်ုပ်က ဝတ္ထုအမည်ကို. . . .

**ပုဏ္ဏားဘကွန်း**

ဤသို့နှင့်ပင် မောင်ဉာဏ်ဝင်းနှင့် ကျွန်ုပ်သည် စာအုပ်ထုတ်ဝေသူနှင့် စာရေးဆရာအဖြစ် လည်းကောင်း၊ ဆရာနှင့် တပည့်အဖြစ် လည်းကောင်း၊ဦးလေးနှင့်တူအဖြစ်လည်းကောင်း၊ စာပေခရီးကို တက်ညီလက်ညီ လှော်ခတ်လာခဲ့ကြ၏။ ထိုသို့ စတင်ခဲ့သောနှစ်မှာ (၁၉၇၈)ခုနှစ် ဖြစ်၏။





ကျွန်ုပ်သည် ဂဏန်းဗေဒင်ကို ကျွမ်းကျင်စွာ တတ်ကျွမ်းသူ တစ်ဦးဖြစ်သောကြောင့် ထိုသက္ကရာဇ်ကို ပေါင်းကြည့်မိ၏။ ထိုသက္ကရာဇ်၏ ပေါင်းခြင်းမှာ (၇) ဂဏန်းဖြစ်၏။ မောင်ဉာဏ်ဝင်း၏ မွေးရက်မှာ (၁၆) ဆိုသောကြောင့် (၇) ဂဏန်းပင်ဖြစ်၏။ ကျွန်ုပ်၏ ရက်မှာလည်း (၂၅) ဖြစ်သောကြောင့် (၇) ဂဏန်းပင် ဖြစ်သည်။ (၇) ဂဏန်းသားနှစ်ဦး (၇) ဂဏန်းကျသော သက္ကရာဇ်၌ စတင်လုပ်ကိုင်မိကြသည်မှာ တစ်မျိုးတစ်ဖုံအားဖြင့် ထူးခြားသည်ဟု ယူဆရန်လည်း ရှိပေသည်။

ကျွန်ုပ်သည် 'ပုဏ္ဏားဘကွန်း' ဟူသော ဝတ္ထုခေါင်းစဉ်ကို ပေးပြီးနောက် ဝတ္ထုကိုမရေးနိုင်ပါ၊ ကျွန်ုပ်၌ အသည်းရောဂါ ဖြစ်လာသဖြင့် ဆရာဝန်ကြီးဦးခင်မောင်တင်နှင့် ပြသပေးရာ ဆရာဝန်က စိုးရိမ်ရကြောင်း၊ ဆေးရုံအမြန်တက်ရန်လိုကြောင်း ညွှန်ကြားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ မောင်ဉာဏ်ဝင်းကပင် ကျွန်ုပ်အား ပို့ခဲ့လေ၏။

နေ့စဉ် မောင်ဉာဏ်ဝင်း လာကြည့်၏။ ကျွန်ုပ်တက်သော အဆောင်မှာ အသည်းရောဂါရှင်များ မျက်စိရှေ့မှောက်တွင် လေပြင်းတိုက်၍ ကြွေသောသစ်ရွက်များကဲ့သို့ နေ့စဉ်အတွဲလိုက် သေဆုံးကုန်ကြ၏။ မောင်ဉာဏ်ဝင်းသည် နေ့စဉ် ကျွန်ုပ်ထံသို့လာ၍ အားပေး၏။

"မကြောက်နဲ့ ဆရာရယ်၊ သေတဲ့လူတွေက အသားတွေ သိပ်ဝါနေကြပြီ မဟုတ်လား၊ ဆရာက ဘာမှကြောက်ဖို့ မရှိပါဘူး"

ဟု မောင်ဉာဏ်ဝင်းက ပြောလေ၏။

"ငါ့အသားတွေလည်း အတော်ဝါနေပြီလေကွာ"

ဟု ကျွန်ုပ်ကပြန်၍ ပြောလိုက်ရာ ၎င်းက. . . .

"သူတို့က မျက်လုံးတွေပါ ဝါနေတာ ဆရာရဲ့"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်လုံးတွေလည်း ဝါနေပြီလေကွာ"

ဟု ကျွန်ုပ်က ပြန်ပြောရာ ၎င်းက. . . .

"သူတို့က (၇) ဂဏန်းသမားတွေ မဟုတ်ဘူး ဆရာရဲ့"

ဟု တစ်ခါက ကျွန်ုပ်ပြောဖူးသော (၇) ဂဏန်းသမား၏ သေဘောမှ သီသီကလေး လွတ်မြောက်တတ်ပုံအကြောင်းကို ၎င်းက ပြန်၍ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်ုပ်အား ကုသသောဆေးမှာ အဓိကအားဖြင့် 'ရေ' သာလျှင် ဖြစ်၏။ တစ်နေ့ ရေ (၆) ပုလင်း သောက်ရ၏။ ဒေါ်နီလဲ့ဝင်းဆိုသည့် ဆရာဝန်မကြီး လှည့်လည်ကြည့်ရှု စစ်ဆေးသော အခါတိုင်း၌. . . .

"လူနာ ရေ (၆) ပုလင်း သောက်ရမယ်"

ဟု သတိပေးသွားလေ့ရှိ၏။ အတော်လည်း သက်သာလာတော့၏။

မောင်ဉာဏ်ဝင်းကို ပေးထားသည့်ကတိအတိုင်း ပုဏ္ဏားဘကွန်း ဝတ္ထုကို ဆေးရုံပေါ်မှာပင် စတင်၍ ရေးလေတော့၏။ ထိုဝတ္ထု၏ ပထမပိုင်းသည် ဆေးရုံပေါ်၌ပင် ပြီးသွားလေတော့၏။

ကျွန်ုပ်မှာ ဆေးရုံမှ ဆင်းခဲ့သော်လည်း ထိုင်၍မနေရသေးဘဲ အိပ်ရာထဲ၌ပင် ပက်လက်လှန်နေရသေး၏။ ထိုပက်လက် အနေအထားနှင့်ပင် ရင်ဘတ်ပေါ်တွင် ပျဉ်ပြားတစ်ချပ်ကိုတင်ကာ ပုဏ္ဏားဘကွန်း ဒုတိယပိုင်းကို ရေးရလေ၏။ ဝတ္ထုပြီးသွားသောအခါ၌ ကျွန်ုပ်လည်း ကောင်းစွာ ကျန်းမာလာပြီ ဖြစ်၏။

ထိုဝတ္ထုသည် မောင်ဉာဏ်ဝင်းနှင့် ကျွန်ုပ် ပေါင်းဆုံသော ဝတ္ထု ဖြစ်၏။ ဉာဏ်ဝင်းစာပေတိုက်ရော၊ ကျွန်ုပ်ကိုပါ အကျိုးရှိစေခဲ့၏။ ထိုဝတ္ထု မှစ၍ ကျွန်ုပ်တို့နှစ်ဦးသည် ဆွေမျိုးရင်းချာပမာ လက်တွဲ လာခဲ့ကြ၏။ မည်သည့်စာချုပ်မျှ ချုပ်ဆိုခြင်းမရှိဘဲ ခိုင်မြဲခဲ့ကြ၏။





ဤသို့နှင့်ပင် မင်းသိမ်နှင့် ဉာဏ်ဝင်းစာပေ၊ ဉာဏ်ဝင်းစာပေ နှင့် မင်းသိမ်သည် ခွဲမရသောအရာများ ဖြစ်လာ၏။ တစ်နေ့ထက် တစ်နေ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ခိုင်မြဲသည်ထက် ခိုင်မြဲလာကြ၏။ မည်သည့် အခက်အခဲ အဖုအထစ်မျှ မရှိခဲ့ပေ။

ကျွန်ုပ် လုပ်သမျှကို ၎င်းက ကျေနပ်နေ၏။ ၎င်းတစ်ဦး တည်း ကျေနပ်သည် မဟုတ်။ ၎င်း၏ဇနီး ဌေးဌေးမော်၊ ၎င်း မိခင် ဒေါ်စန်းတင်၊ ၎င်းဖခင် ဦးရန်ကင်း၊ ၎င်း၏ ညီ၊ညီမများပါ မကျန် ကျေနပ်၏။ ကျွန်ုပ်၏မိသားစု၊ ကျွန်ုပ် ဗေဒင်တပည့်များကပါ. . . .

"ဉာဏ်ဝင်းဟာ ဘယ်လိုပဲလုပ်လုပ် ဆရာ မနစ်နာအောင် လုပ်တာပါပဲ"

ဟူ၍ ပြောလေ့ရှိ၏။

ဤသို့ နေလာခဲ့ရာ ဆယ်နှစ်ခန့်ကြာခဲ့ပြီ ဖြစ်၏။ ပြီးခဲ့သော ဇွန်လ ၂၅ ရက်နေ့တွင် ကျွန်ုပ်၏မွေးနေ့နှင့် ကြုံ၏။ ထိုအခါ မောင်ဉာဏ်ဝင်း ရောက်လာပြီးလျှင် ကျွန်ုပ်အား. . . .

"ဆရာကို မွေးနေ့လက်ဆောင်ပေးမလို့ ဆရာရယ်၊ ရှာလိုက်ရ တာ မပြောနဲ့တော့၊ ရန်ကုန်တစ်မြို့လုံးမှာ တစ်လုံးပဲရှိတယ်"

ဟုဆိုကာ ဇစ်ပိုမီးခြစ်ကလေးတစ်လုံးကို မွေးနေ့လက်ဆောင်ပေးလေ၏။

ထိုမီးခြစ်ကလေးမှာ ထုတ်လုပ်သော ကုမ္ပဏီက ဗေဒင်သဘော ပါအောင် ထုတ်လုပ်ခြင်းဖြစ်၏။ ဇွန်လ ၂၀ ရက်မှ ဇူလိုင်လ ၂၁ ရက် နေ့အတွင်း မွေးဖွားသောသူများ ကိုင်ဆောင်ရန် ရည်ညွှန်းထား၏။

ဗေဒင်သဘောအရ ကရကဋ်ရာသီကို ရည်ညွှန်းထားခြင်း ဖြစ်၏။ ဂဏန်းကောင်အမှတ်တံဆိပ်လည်း ပါ၏။ ထိုရာသီ၏ အခေါ် အဝေါ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com



## CANCER

ကျွန်ုပ်သည် ကင်ဆာဆိုသော စာလုံးကို ဖတ်ကြည့်ပြီးနောက် ရင်ထဲတွင်ထိတ်သွား၏။ ထိုအချိန်၌မှာပင် မောင်ညာဏ်ဝင်းက. . . .

"ဒီနှစ်မှာ ဘာထူးခြားသလဲ ဆရာ"

ဟု ကျွန်ုပ်အား မေးလေ၏။

"ငါဖြင့် သတိမထားမိပါဘူးကွာ၊ ဘာဖြစ်လို့လဲ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ၎င်းက. . . .

"ဒီနှစ်က ၁၉၈၇ ခုနှစ်လေ၊ ကျွန်တော်နဲ့ ဆရာ စပြီး လက်တွဲလာတဲ့နှစ်က ၁၉၇၈ ခု၊ ဒီနှစ်လည်း (၇) ဂဏန်းကျတယ်လေ"

ဟု ပြောလေ၏။

"အေး. . . . ဟုတ်သားပဲကွာ၊ (၇) ဂဏန်း လွှမ်းမိုးမှု တစ်ပတ်လည်လာတဲ့ အချိန်ပဲ ထူးလိမ့်မယ်ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ကျွန်တော် ဒီလို စိတ်ကူးထားတယ် ဆရာ၊ ဟိုတုန်းက မဂ္ဂဇင်း၊ စာစောင်အမျိုးမျိုးမှာ ဆရာရေးထားတဲ့ ဆားပုလင်းနှင်းမောင် ဝတ္ထုအတိုတွေကို တစ်ပေါင်းတစ်စည်းတည်း ပြန်ပြီးထုတ်ချင်တယ်၊ နောင်ကျရင် ပို့ပြီး အခက်အခဲ ရှိလိမ့်မယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း. . . .

"အေး. . . . ထုတ်ဝေရေးတော့ ငါက သိပ်မကျွမ်းဘူးကွ၊ မင်းသဘောပဲ၊ ငါ ရာဇဝင်ဝတ္ထုတစ်ပုဒ် ရေးနေတယ်"

ဟု ပြန်ပြောလိုက်ရာ ၎င်းက. . . .

"ဝတ္ထုနာမည်က ဘာလဲဆရာ"

ဟု မေးလေ၏။





"ဝတ္ထုနာမည်က ပြောထုံးဖြစ်အောင် နေက်ခေါင်"

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။

"ကောင်းတယ်ဆရာ၊ ပြောထုံးဖြစ်အောင်ဆိုတာ ပြောစမှတ်ဖြစ်အောင်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား"

ဟု ပြောလေ၏။

"အဲဒီစာအုပ်က ဘာလောက်တွေ အများကြီးသုံးရမယ်ကွ၊ ငါလည်း ရှားရှားပါးပါး ပုံတွေရှာပြီး ထည့်ထားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ကျွန်ုပ်သည် ပြောထုံးဖြစ်အောင် နေက်ခေါင် ဝတ္ထုကို ရေးသား၍ စာမူနှင့်ပုံများကို မောင်ညာဏ်ဝင်းထံ ပို့ခဲ့လေ၏။ မောင်ညာဏ်ဝင်းသည် ကျွန်ုပ်၏ စာမူအား လက်နှိပ်စက်သမားထံသို့ပို့၏။ လက်နှိပ်စက်မှ ပြန်လာလျှင် အမှားမှားပြင်ဆင်၏။

တစ်လခန့်ကြာသောအခါ ၎င်း၏အိမ်သို့ နံနက် (၅) နာရီခန့်တွင် ရောက်ရှိသွား၏။ ၎င်းကိုကြည့်ရသည်မှာ ရွှင်ရွှင်လန်းလန်း မရှိ၊

"မင်းဘယ်လိုဖြစ်နေတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကျွန်တော် အသည်းမှာ ရောဂါရနေတယ် ဆရာ၊ ဓာတ်မှန်ရိုက်ကြည့်တော့ ကင်ဆာလို့ တွေ့ရတယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က ၎င်း၏ စကားကို မယုံသဖြင့် ၎င်း၏ဇနီး ဌေးဌေးမော်ကိုခေါ်၍ မေးကြည့်ရာ ဌေးဌေးမော်ကလည်း

"ဟုတ်တယ်ဆရာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း ကင်ဆာဟုစာတန်းပါသော [illegible] ကလေးပေးခဲ့သည့်အကြောင်းကို ပြန်လည် သတိရမိလေတော့ [illegible]




www.burmeseclassic.com

www.burmeseclassic.com



သည် ၎င်းအား နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ ကျွန်ုပ် လက္ခဏာဟောသည့် အယူတော်မင်္ဂလာ လက္ခဏာဟောခန်းသို့ ရောက်သည့်အခါ၌လည်း ၎င်းအသက်ကို တွက်လိုသော ခုနှစ်ဂဏန်း စုစုပေါင်းခြင်းဖြင့်ပေါင်း၏။ ထို့ကြောင့် (၄၂) ရ၏။ တစ်ဖန် အသက်ကို မွေးရက်ဂဏန်း စုစုပေါင်းခြင်းဖြင့်ပေါင်းပြီး လုံးချင်းဂဏန်း ဖြစ်အောင်လုပ်၍ အထက်က ရထားသော (၄၂) ဂဏန်းဖြင့် ပေါင်း၏။ ထို့ကြောင့် အဖြေမှာ (၄၈) ရ၏။ ၄၈ ဂဏန်း၏ ဖွင့်ဆိုချက်မှာ . .




အလွန်ညံ့သည်။ အခြေအနေများ ရုတ်ခြည်း လျော့ကျသွားတတ်သည်။ အနစ်နာခံရခြင်း၊ ဓားစာခံရခြင်း၊ ချောက်တွန်းခြင်း၊ ဘေးဥပဒ် အန္တရာယ် ကျရောက်ခြင်း ကြုံတွေ့တတ်သည်။





ဤအဖြေကို ကြည့်လျှင် မောင်ညဏ်ဝင်း၏ [illegible] လွန်စွာ နိမ့်ပါးနေကြောင်း တွေ့ရ၏။ ထို့ကြောင့် ယတြာ[illegible] ကျွန်ုပ်တစ်ဦးတည်း ချေသည်မဟုတ်၊ ရန်ကုန်မြို့မှ မောင်သ[illegible] ကိုကျော်ညွန့်(ပန်းချီ) တို့ အပါအဝင်၊ စာပေအသိုက်အဝန်း [illegible] များများက မိမိတို့ ပတ်သက်ရာ ဆရာများထံ ချဉ်းကပ်၍ချေ၏။

မန္တလေးမြို့ နဂါးစာပေမှ မောင်ထွန်းဦး အပါအဝင် စာအုပ်သမား အတော်များများက ယတြာများ ချေပေး၏။ မိုးကုတ်မြို့မှ မောင်မောင်လေးတို့ကလည်း ချေ၏။ ဤသို့နှင့်ပင် ၎င်း၏ရောဂါသည် တစ်စတစ်စ အဆိုးဘက်သို့ ရောက်လာသဖြင့် ဟောင်ကောင်သို့ ဆေးကုသွားရန် သက်ဆိုင်ရာသို့ လျှောက်ထားရလေ၏။

စက်တင်ဘာလ (၁၂) ရက်နေ့တွင် ဟောင်ကောင်သို့ ထွက်ခွာခွင့်ရလေ၏။ ဤကဲ့သို့ အရေးကြီးသောအခါ၌ (၁၂) ဂဏန်းသည် ဒုက္ခပေးတတ်လှ၏။ (၁၂) ဂဏန်းအား ရှေးဟောင်း ချေလဒီယန် (Chandean) လူမျိုးတို့က ဇောက်ထိုး ဆွဲခံထားရသော လူသားတစ်ဦးဟု ဖော်ပြထား၏။ အထူးပင်စိုးရိမ်၍ မရနိုင်တော့ပါ။

ထို့ကြောင့် လေယာဉ်ကွင်းသို့ လိုက်ပို့သည့်အခါ၌ နောက်ချန်၍ ပို့ခဲ့၏။ ဝင်၍နှုတ်ဆက်ရန်ကိုလည်း မကြိုးပမ်းတော့ဘဲ အပြင်ဘက်၌ပင် နေခဲ့၏။ လေယာဉ်ပျံထွက်သွား၍ အများပြန်သောအခါ၌ ကျွန်ုပ်လည်း ရော၍ပြန်လာလေ၏။ ထိုနေ့စ၍ ကျွန်ုပ်သည် တစ်နေ့လျှင် တစ်နာရီကျ တရားထိုင်၍ မောင်ညဏ်ဝင်းအား မေတ္တာပို့ခဲ့၏။

စက်တင်ဘာလ(၂၁)ရက်နေ့ ရောက်သောအခါ၌ မောင်ညဏ်ဝင်းထံမှ ၎င်း၏ အိမ်သို့ တယ်လီဖုန်းဆက်ကြောင်းသိရ၏။ [illegible] မိန်းမ ဌေးဌေးမော်မှာ ကျွန်ုပ်ရောက်သွားချိန်၌ ငို၍နေ[illegible]

www.burmeseclassic.com



ထိုသို့ငိုနေရင်းက ကျွန်ုပ်အား. . . .

"ဆရာရေ့ယ်၊ ကိုညာဏ်ဝင်း ဒီကိုပြန်လာနိုင်ပါဦးမလား"

ဟု မေးလေ၏။ ဌေးဌေးမော်၏အသံသည် ကြေကွဲဖွယ်ရာကောင်းလှ၏။

ထိုကြောင့် ကျွန်ုပ်သည် လွယ်အိတ်အတွင်း၌ ပါလာသော တဲရော့ဖဲချပ်ကလေးကိုထုတ်၍ ဌေးဌေးမော်အား အဓိဋ္ဌာန်ကတ်တစ်ခုကို ဆွဲထုတ်ရန်ပြောရာ ဌေးဌေးမော်သည် ဘုရားရှိခိုး အဓိဋ္ဌာန်၍ ကတ်တစ်ခုကို ဆွဲထုတ်လိုက်၏။ ဌေးဌေးမော် ဆွဲထုတ်လိုက်သော ကတ်မှာ မက်ဂျစ်ရှင်း (Magician) ခေါ် မှော်ဆရာပါသောကတ်ဖြစ်၏။

ထိုကတ်၏ အဓိပ္ပာယ်ကို စနေမောင်မောင် ရုပ်ရှင်ကားကို ကြည့်ဖူးသူတိုင်း သိကြပါလိမ့်မည်။ စနေမောင်မောင်အဖြစ် သရုပ်ဆောင်သော ကိုညွန့်ဝင်းသည် ရုပ်ရှင်ကားထဲတွင် ထိုကတ်ကို ဆွဲထုတ်ပြီးနောက် သူ၏ အဖော်ဖြစ်သူ ကိုအောင်ထွန်းအား. . . .

"ကိုအောင်ထွန်းရေ၊ ဟောဒီ မက်ဂျစ်ရှင်းဆိုတဲ့ ကတ်ရဲ့ အဓိပ္ပာယ်ဟာ ရန်သူတွေဝိုင်းနေပြီး အန္တရာယ်နီးကပ်နေပြီလို့ ဖော်ပြနေတာပဲ"

ဟူ၍ ဇာတ်ကားထဲတွင် ပြောခဲ့လေသည်။

ကျွန်ုပ်သည် ဌေးဌေးမော်အား. . . .

"ပြန်လာပါမယ်"

ဟုသာ နှစ်သိမ့်စကားပြောရ၏။ ကျွန်ုပ်အနေနှင့်က သိနေပြီဖြစ်၏။ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ကျွန်ုပ်သည် ထိုအိမ်သို့ တစ်ခေါက် ရောက်ပြန်၏။ ဟောင်ကောင်မှ တယ်လီဖုန်းလာကြောင်း၊ မနေ့ကထက်

…တ်သည သည်ဟု သိရကြောင်း ဌေးဌေးမော်က ဆီး၍ ပြောလေ၏။

…ဒ် အန္တရာယ





စက်တင်ဘာလ (၂၃) ရက်၊ နံနက် (၅) နာရီခန့်တွင် ကျွန်ုပ်သည် ကျွန်ုပ်၏ တပည့်ကလေး သုံးဦးကိုခေါ်၍ ဗိုလ်တထောင်ဘုရားသို့ သွားကာ ယတြာချေပြန်၏။ တရားထိုင်၍ မေတ္တာပို့ပြန်၏။ နံနက် ၁၀ နာရီကျော်ခန့်တွင် ဘုရားမှ အိမ်သို့ ပြန်လာခဲ့၏။

အိမ်သို့ ပြန်ရောက်သောအခါ၌ ဟောင်ကောင်၌ မောင်ညာဏ်ဝင်း ဆုံးသွားပြီဖြစ်ကြောင်း ဝမ်းနည်းဖွယ်ရာ ကြားသိရလေ၏။ ကြားလျှင် ကြားချင်း ကျွန်ုပ်သည် ၎င်းအိမ်သို့ သွားခဲ့လေ၏။

စာအုပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ပုံနှိပ်တိုက်များမှ မိတ်ဆွေအပေါင်းအသင်းများ အုံယားဖားယား ရောက်လာကြ၏။ မန္တလေးမှ မောင်ထွန်းဦးနှင့် မိုးကုတ်မြို့မှ မောင်မောင်လေးတို့လည်း ရောက်လာကြလေ၏။

လူအားလုံး၏ မျက်နှာကို ကျွန်ုပ်ကြည့်လိုက်၏။ အားလုံးသည် မျက်ရည်မကျဘဲ ငိုကြွေးနေကြကြောင်း ကျွန်ုပ် တွေ့ရ၏။ ကျွန်ုပ်သည် စိတ်မကောင်းစွာဖြင့် အိမ်သို့တစ်ခေါက် ပြန်လာခဲ့လေ၏။

ကျွန်ုပ်၏ အိမ်၌မူ ကျွန်ုပ်၏ ဆရာမုတ်ဆိတ်ဖြူကြီး ရောက်နေတယ်။ ကျွန်ုပ်သည် မုတ်ဆိတ်ဖြူကြီးအား. . . .

"ကျွန်တော့်ကောင်ကလေး မောင်ညာဏ်ဝင်း သေပြီ"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. . . .

"မသေပါဘူး ကိုယ့်လူရာ၊ နေရာပြောင်းသွားတာပါ၊ သေတယ်လို့ ဘယ်ရှိမတုံး၊ ဖြစ်ပျက်အသစ်ဆက်တွေချည်းပဲ၊ ဒီဘက်က တော့ သေတယ်၊ ဟိုဘက်ကကြည့်တော့ မွေးဖွားတယ်ပေါ့။"

ဟု ကျွန်ုပ်အား ၎င်းက အားပေးစကား ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုဈ်ဆိတ်ဖြူကြီး ပြောသကဲ့သို့ သေခြင်းသည် သေခြင်းမဟုတ်၊ နေရာရွှေ့သွားခြင်းကို မှန်၏၊ မမှန်၏ ကျွန်ုပ် မဆုံးဖြတ်တတ်ပါ။

သို့ရာတွင် ဉာဏ်ဝင်း၌ မသေသောအရာသည် ရှိ၏။ ထိုအရာကား ဉာဏ်ဝင်းလုပ်ခဲ့သော ဉာဏ်ဝင်းစာပေဖြစ်၏။ မောင်ဉာဏ်ဝင်း၏ အသုဘ ရက်မလည်ခင်အတွင်း၌ပင် ဉာဏ်ဝင်းစာပေ၏ အောင်လံကို ဆက်လက် လွှင့်ထူမည့် ဒွေးဒွေးမော်အား မည်သို့ မည်ပုံ ဉာဏ်ဝင်း၏ စာပေကို ဆက်လက် လုပ်ကိုင်ကြမည်ကို ပြောဆို အားပေးကြ၏။

ဉာဏ်ဝင်းသည် လွန်ခဲ့သော (၁၀) နှစ်ခန့်ကပင် ကျွန်ုပ်အား

"ဆရာနဲ့ကျွန်တော်နဲ့ကတော့ သေမှပဲ ခွဲကြတာပေါ့"

ဟု ရှပြောဖူး၏။

ယခုမူ ၎င်းသေပြီဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် ဉာဏ်ဝင်းနှင့်ကား ရှသကဲ့ကွဲရလေပြီ။ သို့သော် ဉာဏ်ဝင်းစာပေနှင့်ကား အတူရှိနေ၏။ ဉာဏ်ဝင်းစာပေနှင့် မင်းသိခ်သည် ဒင်္ဂါးတစ်ခုတည်း၏ ခေါင်းနှင့် ပန်းကဲ့သို့ ခွဲခွာ၍ရသောအရာများ မဟုတ်ကြောင်းကို ကျွန်ုပ်၏ ချစ်လှစွာသော မောင်ဉာဏ်ဝင်းကလေး မသိသွားရှာပေသည်တကား။

✠ ✠ ✠ ✠ ✠ ✠ ✠

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိခ်



BURMESE CLASSIC .com

www.burmeseclassic.com